မနံ အာပေတိ ဝဍ္ဎေတီတိ မနာပေါ။ (ယော သုဒ္ဓိန္နော၊အကြင်သုဒိန်သည်။မာတာပိတူနံ၊အမိ အဖတို့၏။မနံ၊စိတ်နှလုံးကို။အာပေတိ ဝဍ္ဎေတိ၊တိုးပွားစေတတ်၏။ဣတိ၊ သော သုဒ္ဓိန္နော၊သည်။မနာပေါ။) ဟေတုကတ္တုသာဓန၊ မနသဒ္ဒူပပဒ အပဓာတ်+ဏ။

အပဓာတ်အရ သုဒ္ဓကတ္တုရုကြိယာအရကား မိခင် ဖခင်တို့၏ ပီတိ သောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ဟေတုကတ္တုရုကြိယာအရကား ထိုပီတိ သောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အားတပ်သော သုဒိန်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဏ-ပစ္စည်းအရကား ထို--သော ရှင်သုဒိန်ဖြစ် ရ၏။ [မန-ဟူသော ဝိသေသနပုဒ်အရ စိတ်သည် မုချ။ထို၏ တိုးပွားစေတတ်သော သုဒိန်နှင့် အကြောင်း-အကျိုး၊ အာရုံ-အာရမ္မဏိက စပ် ဋ္ဌာန။ ပုဒ်လုံးအရ ထို--သော သုဒိန်ရ၏။] (သမာသ်ကောက်)

သုခေန ဧဓိတော **သုခေဓိတော**။ သုခေန၊ချမ်းသာသဖြင့်။ဧဓိတော၊ကြီးပွားစေအပ်၏။ ဣတိ၊သုခေဓိတော။ တတိယာ တပ္ပုရိသ်သမာသ်၊ သုခပုဒ်+ဧဓိတပုဒ်။ သုခ-ဟူသော ဝိသေသနပုဒ်အရကား ချမ်းသာခြင်းသည် မုချ။ ယင်း၏ သုဒိန်ဖြစ်နှင့် ဂုဏ်-ဂုဏီ၊ ဝိသေသန-သျ စပ် ဋ္ဌာန။ ပုဒ်လုံးအရ ထို--သော ချမ်းသာသဖြင့် (ဝါ) ချမ်းချမ်းသာသာ ကြီးပွားစေအပ်သော သုဒိန်ရ၏။

သုခေန ပရိဟတော **သုခပရိဟတော**။ သုခ-အရ ချမ်းသာခြင်းသည် မုချ။ ယင်း၏ သုဒိန်ဖြစ်နှင့် ဂုဏ်-ဂုဏီ စပ် ဋ္ဌာန။ ပုဒ်လုံးအရ ထို--သော ချမ်းသာသဖြင့် (ဝါ) ချမ်းချမ်း သာသာ ဆောင်အပ်သော သုဒိန်ရ၏။

ဇာယန္တိ ဧတ္ထာတိ ဇာတော။ ကလျတေ သင်္ချာယတေတိ ကာလော။ ဇာတောစ သော ကာလောစာတိ **ဇာတကာလော**။ ဇာတ-ဟူသော ဝိသေသနပုဒ်အရ မွေးဖွားရာ၏ အဖြစ်ဟူသော ဂုဏ်သည် မုချ။ ထို၏ မွေးဖွားချိန်နှင့် (ဝါ) ကာလနှင့် ကာလ-ကာလဝန္တ စပ် ဋ္ဌာန။ ပုဒ်လုံးအရ ထို--သော မွေးဖွားရာ ကာလ ရ၏။

အသတိ ဘက္ခတီတိ အသ္သာ။ အသ္သာ ဝိယာတိ **အဿတာ**။ အဿ-အရ မြင်းသည် မုချ။ ထို၏ မြင်းရုပ်နှင့် သဒိသီ-သဒိသ စပ် ဋ္ဌာန။ ကပစ္စည်းအရ ထို--သော မြင်း

http://www.dhammadownload.com



နှင့် တူသော မြင်းအရုပ် ရှ၏။ * ရမန္တိ ဧတ္ထာတိ ရထော။ ခုဒ္ဒကော ရထော ရထကော။ အဿကာစ ရထကာစ အဿကရထကာ။ * အဿကရထကာအာဒိ ယေသန္တိ အဿကရထကာနိ။

သာဒိယတိ အဿာဒိယတီတိ သာဒု။ သဒ္ဒါတ်အရ ကတ္တုရုကား ရသတဏှာ ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မရုကား အရသာ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဏုပစ္စည်းအရကား ထို--သော ချိုဆိမ့်သော အရသာ ရှ၏။

ရသီယတိ အဿာဒီယတီတိ ရသော။ ဘုဥ္ဇိတဗ္ဗန္တိ ဘောဇနံ။ သာဒုရသော ဧတ္ထာတိ သာဒုရသံ။ သာဒုရသဉ္စ တံ ဘောဇနဉ္စာတိ သာဒုရသဘောဇနံ။ သုဒုရသ-ဟူသော ဝိသေသနပုဒ်အရ ချိုမြိန်သော အရသာရှိသည်၏အဖြစ်ဟူသော ဂုဏ်သည် မုချ။ ထို၏ ဘောဇဉ်နှင့် ဂုဏ်-ဂုဏီ စပ် ဥာနူ။ ပုဒ်လုံးအရကား ထို--သော ချိုမြိန်သော အရသာရှိသော ဘောဇဉ် ရှ၏။

➤ ၆။ (က) ၌ ပီတိဇနနကော-ဖြင့် ပိယော-၌ ပီဓာတ်၏ နှစ်သက်ခြင်း (ပီတိ) အနက်ကို ဟော--ရင်း (ဒု-ဓာတွတ္ထ) ပိယာယိတဗ္ဗောတိ ပိယော-ဟု ကမ္မသာဓနဝိဂ္ဂဟ ပြု--ရင်း (အဘိဓာနတ္ထ) ဏျပစ္စည်း၏ ကမ္မသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေ။

(ခ) ၌ မနဝဍ္ဎနကော-ဖြင့် မနာပေါ်ပုဒ်ကို မနံ အာပေတိ ဝဍ္ဎေတီတိ မနာပေါ-ဟု ဟေတုကတ္တုသာဓန ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြု--ရင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) ဏပစ္စည်း၏ ယင်း ဟေတုကတ္တုသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) အပဓာတ်သည် ဤ၌ ရောက်ခြင်း (ပါပုဏန)အနက်ကို မဟော၊ ကြီးပွားခြင်း (ဝဍ္ဎန)အနက် ကို ဟော--ရင်း (ဒု-ဓာတွတ္ထ) သိစေပါသည်။

(ဂ) ၌ သုခေန ဓမိတော-ဖြင့် သုခေမိတောပုဒ်ကို သုခေန ဓမိတော-ဟု တတိယာ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂပဒတ္ထ)

(ဃ) ဖြင့် ဓမိတော-၌ ဓမဓာတ်သည် ရှခြင်း (လာဘ)အနက်ကို မဟော၊ ကြီးပွားခြင်း (ဝုဍ္ဎိ)အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဒု-ဓာတွတ္ထ)

(င) ၌ သုခေန ပရိဟတော-ဖြင့် သုခပရိဟတောပုဒ်ကို သုခေန ပရိဟတော သုခပရိဟတော-ဟု တတိယာတပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြု-- သိ။ (သမာသလိင်္ဂပဒတ္ထ)

➤ ၇။ သုခေမိတော/သုခေဓိတော ။ ။ ဓေ ဝုဍ္ဎိယံ လာဘေစ၊ ဓေတိ၊ ဓော သုခေမိတော-ဟု သဒ္ဒနီတိ ဓာတုမာလာ၌ ဆိုသောကြောင့်ရင်း၊ အဋ္ဌကထာ၌ သုခ သံ ဝမိတော-ဟု ဓေဓာတ်၏ ဝုဍ္ဎိအနက်ကိုပင် ဖွင့်ပြသောကြောင့်ရင်း သုခေမိတော-သင့်။

ကီဋိယမာနော/ကီဋ္ဋမာနော ။ ။ ဓာတီဟိ၊နို့ထိမ်းတို့သည်။ဓာရိယမာနော၊ဆောင်ချီ အပ်သည်။(သုဒိန်) ကီဠိယမာနော၊ကစားစေအပ်သည်။ (သုဒိန်) ဘောဇိယမာနော၊စား စေအပ်သည်။ (သုဒိန်) ဟု အနက်စပ်ကြည့်လျှင် နို့ထိမ်းတို့သည် ချီအပ်သော သုဒိန်၊ နို့

http://www.dhammadownload.com



ထိမ်းတို့သည် ကစားစေအပ်သော သုဒိန်၊ နို့ထိမ်းတို့သည် စားစေအပ်သော သုဒိန်-ဟု အဓိပ္ပါယ်ရသောကြောင့် ကီဠိယမာနေ့ပါဌ်သာ သင့်ပါသည်။ ခါတီဟိ-ဟူသော အဝုတ္တ ကတ္တားနှင့် မလျော်သောကြောင့် ကီဠမာနေ့ပါဌ် မသင့်ပါ။

➤ ၈။ **မနာပ**-ကား ပြစ်ာန်းသော စိတ်ကိုဆိုသဖြင့် မပြဓာန်းသော စေတသိက် ကိုလည်း ရသောကြောင့် ပဓာနနည်း။ အစိတ်ဖြစ်သော စိတ်၏ "မနာပ"ဟူသောအမည် ကို အပေါင်းဖြစ်သော စိတ်နှင့်တကွ သမ္ပယုတ္တတရားတို့၌တင်--ဧကဒေသူပစာ။

**အဿကရထကာဒိဟိ**-ကား အတူဖြစ်သော မြင်းငယ် ရထားငယ်တို့၏ "အဿက ရထက"ဟူသောအမည်ကို အတူရှိသော ကလေး ကစားစရာ မြင်းရုပ် ရထားရုပ် စသည်တို့ ၌တင်-- သဒိသူပစာ၊ ရုဠ်ီနည်း။

**အင်္ကိတော အင်္ကိ**-ကား ရင်ခွင်တည်းဟူသော အများကိုဆိုသဖြင့် ကျောက်ကုန်း ခါး ဟူသော အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်း။

➤ ၁၀။ [**ဣန္ဒြိယာတရကထာရ**] ဗာလကီဠနကေဟိ ကီဠမာနော-၌ ဓာတ်အရ ပီတိ သောမနဿ (ဝါ) ဝိရိယပြဓာန်းသော လောဘမူစိတ္တုပ္ပါဒ်ကိုယူ၍ လောဘမူစိတ်သည် မနိန္ဒြေမည်၏။ ဝေဂ္ဂတာသည် သမာဓိန္ဒြေမည်၏။ သောမနဿဝေဒနာသည် သောမန သိန္ဒြေမည်၏။ ဇီဝိတိန္ဒြေစေတသိက်သည် ဇီဝိတိန္ဒြေမည်၏။ ဝိရိယစေတသိက်သည် ဝိရိယိန္ဒြေမည်၏။ ဤသို့ ဣန္ဒြေ၌ သွင်းချခြင်းသည် ဣန္ဒြိယောတရဏဟာရ မည်၏ဟူလို

**ပါဠိကျ [၁၈]**

(က) န တွံ တာတ သုဒိန္န ကိဉ္စိ ဒုက္ခဿ ဇာနာသိတိ တွံ တာတ သုဒိန္န ကိဉ္စိ အပ္ပ မတ္တကမ္ပိ ကလဘာဂံ ဒုက္ခဿ န ဇာနာသိ။ (ခ) အထဝါ ကိဉ္စိ ဒုက္ခေန နာနုဘောသိတိ အတ္ထော။ (ဂ) ကရဏတ္ထေ သာမိဝစနံ၊ အနုဘဝနတ္ထေစ ဇာနနာ။

(ဃ) အထဝါ ကိဉ္စိ ဒုက္ခံ နဿရသိတိ အတ္ထော။ (င-၁) ဥပယောဂတ္ထေ သာမိဝစနံ၊ (င-၂) သရဏတ္ထေစ ဇာနနာ။ (စ) ဝိကပ္ပဒ္ဝယေပိ ပုရိမပဒဿ ဥတ္တရပဒေန သမာနဝိဘတ္တိ လောပေါ ဒဋ္ဌဗ္ဗော။ (ဆ) တံ သဗ္ဗံ သဒ္ဒသတ္ထာနုသာရေန ဉာတဗ္ဗံ။

(ဋ၁၇၁။ မအူ၊တ၊၁၃။ ဘာသာဋီ၊ဒု၊၁၉၆)

➤ ၁။ (ခ) အထဝါ၊ထိုနည်းမှတစ်ပါးလည်း။ကိဉ္စိ၊တစုံတခုသော။(ဝါ) အနည်းငယ်မျှ သော။ဒုက္ခေန၊ဆင်းရဲသဖြင့်။ဝိသယ်၊အာရုံကို။(ကံ) နာနုဘောသိ၊မခံစားရဘူး။ဣတိ- အယံ၊ဤသည်ကား။အတ္ထော၊အနက်တည်း။

**န တွံ တာတ သုဒိန္န ကိဉ္စိ ဒုက္ခဿ ဇာနာသိ** [က-၅] တာတ သုဒိန္န၊ချစ်သားသုဒိန်။တွံ၊သင်သည်။ ဒုက္ခဿ၊ဆင်းရဲ၏။ကိဉ္စိ၊စိုးစဉ်း အနည်းငယ်မျှကိုလည်း။န ဇာနာသိ၊မသိ။

[စ-၅] တာတ သုဒိန္န၊ချစ်သားသုဒိန်။တွံ၊သင်သည်။ကိဉ္စိ၊တစ်စုံတစ်ခုသော။ဒုက္ခဿ၊

http://www.dhammadownload.com



ဆင်းရဲဖြင့်။ဝိသယံ၊အာရုံကို။န ဇာနာသိ၊မခံစားရ။ [ဃ—၅] တာတ သုဒိန္န၊ချစ်သားသုဒိန်။ တွံ၊သင်သည်။ကိဉ္စိ၊သော။ဒုက္ခဿ၊ကို။န ဇာနာသိ၊အမှတ်မရ။

(ဆ) သဗ္ဗံ၊အလုံးစုံသော။တံဝစနံ၊ထိုစကားကို။သဒ္ဒသတ္ထာနုသာရေန၊သဒ္ဒါကျမ်းကို အစဉ်အားဖြင့် မှီသဖြင့်။ဝိညူဟိ၊ပညာရှိတို့သည်။(ကတ္တား) ဉာတဗ္ဗံ၊သိအပ်၏။

➤ ၂။ (စ) သို့/ **ဝိဘေဿာနုယောဇနာ** ။ ။ ဤသို့ (က) ဖြင့် န တွံ တာတ သုဒိန္န ကိဉ္စိ ဒုက္ခဿ ဇာနာသိ-၌ ဒုက္ခဿ-ဝယ် ဆဋ္ဌီဝိဘတ်သည် သမ္ဗန်အနက်၌ဖြစ်၏၊ ဇာနာသိ-၌ ဉာဓာတ်သည် ဗောဓနအနက်ကို ဟော၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ဒုက္ခဿ-ဝယ် ဆဋ္ဌီဝိဘတ်သည် ကရိုဏ်းအနက်၌ဖြစ်၏၊ ဉာဓာတ်သည် အနုဘဝနအနက်၌ ဖြစ်၏ဟု ပြလိုသော ဆရာသည် (ခ) မိန့်။

(ဂ) သို့/ ဆရာသည် (ခ) ဖြင့် ဒုက္ခဿ-ကို ဒုက္ခေန-ဟုရင်း၊ ဇာနာသိ-ကို အနုဘောသိ-ဟုရင်း ဖွင့်ဆိုတော်မူ၏။ အဘယ့်ကြောင့် ဒုက္ခဿ-ကို ဒုက္ခေန၊ ဇာနာသိ-ကို အနုဘောသိ-ဟု ဖွင့်ဆိုနိုင်ပါသနည်း။ ယင်းသို့ ဖွင့်နိုင်ခြင်း၏အကြောင်း ယုတ္တိကို မပြ ပြီလော။ စုဒ်ကြောင့် (ဂ) မိန့်။

**အား--** (ဂ) ဖြင့် ကရိုဏ်းအနက်၌ ဆဋ္ဌီဝိဘတ်သက်သည်ကိုရင်း၊ ဇာနာသိ-သဒ္ဒါ၏ အနုဘဝနအနက်ကို ဟောနိုင်သည်ကိုရင်း ငါပြဆိုသောကြောင့် (ခ) ဝါကျ သံဝဏ္ဏနာ သင့်တန်၏ဟူလိုသော်။

(ဃ) သို့/ **စောဒနာ** ။ ။ ဆရာသည် (ခ) ဖြင့် ကိဉ္စိ ဒုက္ခဿ ဇာနာသိ-ကို ကိဉ္စိ ဒုက္ခေန နာနုဘောသိ-ဟု ဖွင့်ပြတော်မူ၏။ သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ဒုက္ခဿ-ဟု ဆဋ္ဌီ ဝိဘတ်ဖြင့် ရှိသည် မဟုတ်ပါလော။ န ဇာနာသိ-ကို သိခြင်းအနက်ဟောနိုင်သော နာဝ ဗုဇ္ဈတိ စသည်ဖြင့် ဖွင့်ဆိုသင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် ဒုက္ခဿ-ကို ဒုက္ခေန၊ န ဇာနာသိ-ကို နာနုဘောသိ-ဟု ဖွင့်ဆိုသော ဆရာ့စကား အသို့သင့်နိုင်အံ့နည်း၊ ဆရာ အား သဒ္ဒါနှင့်ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

**အား--** သာမိဝိဘတ်သည် ကရိုဏ်းအနက်၌ဖြစ်၍ ဇာနနကြိယာသည် အနုဘဝန အနက်၌ဖြစ်ရကား ဒုက္ခေန နာနုဘောသိ-ဟု ငါဖွင့်ဆိုသော စကား သင့်၏၊ ထို့ကြောင့် သင်တင်သော ဝိရောဓိဒေါသ ငါ့၌ မရောက် ကင်းပျောက်၏ဟူလို။

(ဃ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ)ဖြင့် ဒုက္ခဿ-၌ သဝိဘတ်သည် ကရဏတ္ထ၊ ဇာနာသိ-သဒ္ဒါသည် အနုဘဝနတ္ထကို ဟော၏ဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ သဝိဘတ် အနက်တစ်မျိုးနှင့် ဇာနာသိ-သဒ္ဒါ၏ အနက်တစ်မျိုးကို ပြလိုရကား (င) မိန့်။

(ဃ) သို့/ **အာဓောဿယျဏ္ဏာ** ။ ။ ဆရာသည် (ခ-ဂ) တို့ဖြင့် ဒုက္ခဿ-၌ ဆဋ္ဌီဝိဘတ်၏ ကရိုဏ်းအနက်၌ဖြစ်ခြင်း၊ ဇာနာသိ-၌ ဉာဓာတ်၏ အနုဘဝနအနက်၌ ဖြစ်ခြင်းကို ပြဆို တော်မူ၏။ ထို ဒုက္ခဿ ဇာနာသိ-ဝယ် ဆိုအပ်ပြီးသော ကရိုဏ်းအနက် အနုဘဝနအနက်

http://www.dhammadownload.com



တို့ကိုသာ မှတ်သားအပ်ပါသလော။ အဘယ်အနက်တို့ကိုလည်း သိမှတ်အပ်ပါသေးသနည်း။ စုဒ်ကြောင့် (ယ) မိန့်။

(စ) သို့/ ဆရာသည် (ခ) ဖြင့် ဒုက္ခဿ-ကို ဒုက္ခေန၊ ဇာနာသိ-ကို အနုဘောသိ-ဟုရင်း၊ (ယ) ဖြင့် ဒုက္ခဿ-ကို ဒုက္ခံ၊ ဇာနာသိ-ကို သရသိ-ဟုရင်း နှစ်ဝိကပ် ဖွင့်ဆို၏။ ယင်းနှစ်ဝိကပ်၌ ကိဉ္စိသဒ္ဒါကို အဘယ်ဝိဘတ်ပုဒ်ဟု မှတ်ရမည်နည်း။ ပထမဝိကပ်၌ကဲ့သို့ပင် ဒုတိယာဝိဘတ်ပုဒ်ဟု မှတ်ရမည်လော။ စုဒ်ကြောင့် (စ) မိန့်။ (တစ်နည်း)

(စ) သို့/ ဆရာသည် (ခ) စသော ဝါကျတို့ဖြင့် န ကိဉ္စိ ဒုက္ခဿ ဇာနာသိ-၌ ဒုက္ခဿ-ဝယ် ဆဋ္ဌီဝိဘတ်၏ ကရိုဏ်းအနက်, ကံအနက်၌ဖြစ်သည်ကိုရင်း၊ ဉာဓာတ်၏ အနုဘဝနအနက်, သရဏအနက်၌ ဖြစ်သည်ကိုရင်း ဖွင့်ပြတော်မူ၏။ ယင်း အထဝါ-စသည်ဖြင့် ဆိုခဲ့ပြီးသော ဒုတိယ တတိယ ဝိကပ်နှစ်ခုအပေါင်း၌ ကိဉ္စိဟူသော ရှေ့ပုဒ်ဝယ် အဘယ်သို့သော ဝိဘတ်ကျေသည်ကို မှတ်အပ်ပါသနည်း။ ပဌမဝိကပ်၌ကဲ့သို့ ဒုတိယာ ဝိဘတ်ကျေခြင်းကိုသာ မှတ်အပ်ပါသလော။ စုဒ်ကြောင့် (စ) မိန့်။

ကား-- ဒုတိယာဝိဘတ် ကျေခြင်းကို မမှတ်သားအပ်၊ ဒုတိယ တတိယဝိကပ်နှစ်ပါးအပေါင်း၌ ကိဉ္စိ-ဟူသော ရှေ့ပုဒ်၏ ဒုက္ခဿ-ဟူသော နောက်ပုဒ်နှင့် တူသော ဆဋ္ဌီဝိဘတ်ကျေခြင်းကို မှတ်သားအပ်၏ဟူလို။

(ဆ) သို့/ ဆရာသည် အထဝါ ကိဉ္စိ ဒုက္ခေန-စသော ဝါကျတို့ဖြင့် ကရိုဏ်းအနက်၌ သာမိဝိဘတ်၊ အနုဘဝနအနက်၌ ဇာနာသိ-သဒ္ဒါ ဖြစ်သောဟုရင်း၊ ဥပယောဂအနက်၌ သာမိဝိဘတ်၊ သရဏအနက်၌ ဇာနာသိ-သဒ္ဒါ ဖြစ်သောဟုရင်း ဆိုတော်မူ၏။ ယင်း ဆိုအပ်ပြီးသော အလုံးစုံသော စကားကို အဘယ်သို့ သိအပ်ပါသနည်း။ ထိုအလုံးစုံသော အစီအရင်ကို ပြသည့် သဒ္ဒါကျမ်း မရှိပြီလော။ စုဒ်ကြောင့် (ဆ) မိန့်။

ကား-- (ဆ) ဖြင့် ဒုတိယဝိကပ် တတိယဝိကပ်၌ ဆိုအပ်ပြီးသော အလုံးစုံကို ဆဋ္ဌီစ၊ ဒုတိယာ ပဉ္စမိနဉ္စ၊ အနေကတ္ထာ ဟိ ဓာတဝေါ-စသော သဒ္ဒါကျမ်းသို့ အစဉ်လျှောက်သောအားဖြင့် သိအပ်၏ဟု ငါပြဆို၏ဟူလို။

(ဆ) သို့/ ဆရာသည် (ခ) စသော ဝါကျတို့ဖြင့် ဆဋ္ဌီဝိဘတ်၏ ကရိုဏ်းအနက် ကံအနက်တို့၌ဖြစ်ခြင်း, ဉာဓာတ်၏ အနုဘဝနအနက် သရဏအနက်၌ဖြစ်ခြင်းနှင့် ဒုတိယ တတိယ ဝိကပ်နှစ်ပါးအပေါင်း၌ ကိဉ္စိ-ဟူသော ရှေ့ပုဒ်၏ ဒုက္ခဿ-ဟူသော နောက်ပုဒ်နှင့် တူသော ဝိဘတ်ကျေခြင်း ရှိသည်၏အဖြစ်ကို ဖွင့်ပြတော်မူ၏။ ထိုအလုံးစုံကို အဘယ်သို့ သိအပ်ပါသနည်း။ သဒ္ဒါကျမ်းမှတစ်ပါး အခြားသော ကျမ်းတို့၌ သိအပ်ပါသလော။ စုဒ်ကြောင့် (ဆ) မိန့်။

➤ ၃။ (က) စသည် ပက္ကန္တရ။ ထိုတွင် (ခ-ဂ) တို့သည် ဆဋ္ဌီဝိဘတ်၏ သမ္ဗန်အနက် ဉာဓာတ်၏ ဗောဓနအနက်၌ ဖြစ်ခြင်းမှတစ်ပါး ဆဋ္ဌီဝိဘတ်၏ ကရိုဏ်းအနက်၊ ဉာဓာတ်၏

http://www.dhammadownload.com



အနုဘာဝနအနက်၌ဖြစ်ခြင်းဟူသော နည်းတစ်ပါးကိုပြသောကြောင့် ပက္ခန္တရ။ ထိုတွင်-- (ဂ) သည် ဒုက္ခသကို ဒုက္ခေန၊ ဇာနာသိ-ကို အနုဘောသိ-ဟု ဖွင့်ဆိုရာ၌ အကြောင်း ယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ယုတ္တိဒဋ္ဌီကရဏဝါကျ။ (ဃ-င) တို့ကား ပက္ခန္တရ။ ထို တွင် (င) ကား ယုတ္တိဒဋ္ဌီကရဏဝါကျ။ (စ) သည် ဒုတိယ တတိယ ဝိကပ်တို့၌ ကိဥ္စိ-ဟူ သော ရှေ့ပုဒ်ဝယ် ဒုတိယာဝိဘတ် ကျေခြင်းကိုသာ မှတ်အပ်ပါသလော-ဟူသော စောဒနာ ကို ပယ်လို၍ ဆက်လက်အားထုတ်သောကြောင့် ဝါကျာရမ္ဘ။ (ဆ) ဝါကျာရမ္ဘ။ (တစ်နည်း) အထက်ပါ မိမိဖွင့်ဆိုချက်များကို သဒ္ဒါကျမ်းဖြင့် ထောက်ခံပြသောကြောင့် ယုတ္တိဒဋ္ဌီဝါကျ။

➤ ၄။ ကပ္ပိယန္တေ တက္ကိယန္တေ ဝိတက္ကိယန္တေတိ **ကပ္ပါ**။ ဝိသေသတော ကပ္ပါ ဝိကပ္ပါ။ ဒွိန္နံ သမူဟော ဒွယံ။ ဝိကပ္ပါနံ ဒွယံ **ဝိကပ္ပဒွယံ**။ (ဝိကပ္ပါနံ၊အထူးအားဖြင့် ကြံဆအပ်ကုန်သော ဒုတိယဝိကပ် တတိယဝိကပ်တို့၏။ဒွယံ၊နှစ်ခုတို့၏အပေါင်း။ (ဝါ) နှစ်ခုတည်း။ ဝိကပ္ပပုဒ် ဒွယပုဒ်၊ ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ဝိကပ္ပ-ဟူသော ဝိသေသနပုဒ် အရကား အထူးသဖြင့် ကြံဆအပ်ကုန်သော ဒုတိယဝိကပ် တတိယဝိကပ်တို့ဒြဗ်သည် မုချ။ ယင်းတို့၏ နှစ်ခုတို့၏ အပေါင်းနှင့် အဘေဒ-ဘေဒ စပ် ဌာန။ ပုဒ်လုံးအရကား ထို--သော ဒုတိယဝိကပ် တတိယဝိကပ် နှစ်ခုတို့၏အပေါင်း (ဝါ) နှစ်ခု ရ၏။

သပ္ပတိ သောတဝိညာဏာလမ္ဗဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ။ သဒ္ဒီယတီတိ ဝါ သဒ္ဒေါ။ သဒ္ဒီယတိ အတ္တော အနေနာတိ ဝါ သဒ္ဒေါ။ သာသတိ အာစိက္ခတိ ဧတေနာတိ သတ္ထံ။ အနုသရဏံ အနုဂမနံ အနုသာရော။ သဒ္ဒဿ ကထနံ သတ္ထံ သဒ္ဒသတ္ထံ။ သဒ္ဒသတ္ထဿ အနုသာရော **သဒ္ဒသတ္ထာနုသာရော**။ သဒ္ဒသတ္ထ-ဟူသော ဝိသေသနပုဒ်အရကား သဒ္ဒါ ကျမ်းသည် မုချ။ ထို-၏ အစဉ်အားဖြင့်မှီခြင်း (ဝါ) အစဉ်လျှောက်ခြင်းနှင့် ကမ္မ-ကမ္မီ စပ် ဌာန။ ပုဒ်လုံးအရကား ထို--သော သဒ္ဒါကျမ်းသို့ အစဉ်လျှောက်ခြင်း ရ၏။

အရီယတိ ဉာယတီတိ **အတ္ထော**။ အရဓာတ်အရ ကတ္တုရုဌကား အနက်ကို အာရုံပြု၍ သိတတ်သော ဉာဏ်သည် မုချ။ ကမ္မရုဌကား ထိုအားတပ်သော အနက်၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရကား ထို--သော အနက်ရ၏။

ကရဏမေဝ အတ္ထော **ကရဏတ္ထော**။ ကရဏ-ဟူသော ဝိသေသနပုဒ်အရ ကရိုဏ်း ၏ အဖြစ်ဟူသော အဝဓာရဏာဘောဂုဏ်သည် မုချ။ ထို၏ အနက်နှင့် ဂုဏ်-ဂုဏေး စပ် ဌာန။ ပုဒ်လုံးအရ ထို--သော ကရိုဏ်းအနက်ရ၏။

ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ **ပဒံ**။ ပဒဓာတ်အရ ကတ္တုရုဌကား အနက်ကို အာရုံပြု၍ သိတတ်သော ဉာဏ်သည် မုချ။ ကရဏရုဌကား ထိုအားတပ်သော ပုဒ်၏ ပကာတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရ ထို--သော ပုဒ်ရ၏။

**သံ ဧတဿ အတ္ထီတိ သာမီ**။ ဝုစ္စတိ ဧတေနာတိ ဝစနံ။ သာမိနော ပရိဒီပကံ ဝစနံ

http://www.dhammadownload.com



သာမိဝစနံ။ ✱ ပုရေ ဘဝံ ပုရိမံ။ ပုရိမဥ္စ တံ ပဒဥ္စာတိ ပုရိမပဒံ။ ✱ သမာနာစ သာ ဝိဘတ္တိစာတိ သမာနဝိဘတ္တိ။ သမာနဝိဘတ္တိယာ လောပေါ သမာနဝိဘတ္တိလောပေါ။

➤ ၅။ ဏီနီ-ကား ပဌမဝိကပ်အလို- ဒုတိယာဝိဘတ်၊ ကမ္မတ္ထ။ ဒုတိယဝိကပ် အလို- ဆဋ္ဌီ ဝိဘတ်၊ ကရဏတ္ထ။ တတိယဝိကပ်အလို-ဆဋ္ဌီဝိဘတ်၊ ဥပယောဂတ္ထ။

➤ ၆။ (က) ၌ အပ္ပမတ္တကမ္ပိ-ဖြင့် ကိဥ္စိနိပါတ်ပုဒ်သည် အနည်းငယ်သာဟူသော (အပ္ပမတ္တက) အနက်ကို ဟောသတည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

(တနည်း) အပ္ပမတ္တကမ္ပိ-ဖြင့် ကိဥ္စိ-၌ ကိံသဒ္ဒနာမ်ပုဒ်သည် စိနိပါတ်ပုဒ်နှင့် ယှဉ်သဖြင့် အနည်းငယ် (အပ္ပက) အနက်ကို ဟောသည်ဟု သိစေပါသည်။ (သဒ္ဒနာမလိင်္ဂတ္ထ)

ကလဘာဂံ-ဖြင့် ကိဥ္စိ-အရ အစိတ်၏အဖို့ (ကလဘာဂ) ကို ယူရမည်ဟု သိစေပါ သည်။ (အဘိဓေယျတ္ထ) တစ်နည်း- ကလဘာဂံ-ဖြင့် ကလဘာဂံပုဒ်၏ ပါဌသေသ၏-- ၎င်း (ဘာဝတ္ထ) ဒုက္ခသပုဒ်ကို ကလဘာဂံ-ဟူသော ပါဌသေသ၌ စပ်ရမည်၏--၎င်း (သမ္ဗန္ဓ) သိစေပါသည်။

(ခ) ၌ အထ ဝါ-ဖြင့် အတ္ထန္တရဝိကပ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ကိဥ္စိ ဒုက္ခေန-ဖြင့် ပါဠိတော်၌ ကိဥ္စိပုဒ်ကို ဒုက္ခဿ-၌ စပ်ရမည်၏--၎င်း (သမ္ဗန္ဓ) ဒုက္ခဿ-၌ သဝိဘတ်၏ ကရိုဏ်းအနက်၌ သက်--၎င်း (ဝိဘတျတ္ထ) သိစေပါသည်။

နာနုဘောသိ-ဖြင့် န-ပုဒ်ကို ဇာနာသိကြိယာနှင့်စပ်၍ အနက်ယောဇနာရမည်၏-- ၎င်း (သမ္ဗန္ဓ) ဇာနာသိ-၌ ဉာဓာတ်၏ အနုဘဝနအနက်ဟော--၎င်း (ဓာတွတ္ထ) သိစေ။

(ဂ) ဖြင့် ဒုက္ခဿ-၌ သဝိဘတ်သည် စတုတ္ထီဝိဘတ် မဟုတ်၊ သာမိဝိဘတ်၏--၎င်း (ဝိဘတ္တိပဒ) ယင်း စတုတ္ထီဝိဘတ်သည် သာမိအနက်ကို မဟော၊ ကရိုဏ်းအနက်ကိုဟော သည်၏--၎င်း (ဝိဘတျတ္ထ) သိစေပါသည်။

အနုဘဝနတ္ထေ-ဖြင့် ဇာနာသိ-၌ ဉာဓာတ်သည် သိခြင်း (ဉာဏ) အနက်ကို မဟော၊ ခံစားခြင်း (အနုဘဝန) အနက်ကို ဟောသတည်း ဟု သိစေပါသည်။ (ဓာတွတ္ထ)

(ဃ) ၌ အထ ဝါ-ဖြင့် အတ္ထန္တရဝိကပ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ကိဥ္စိ ဒုက္ခံ-ဖြင့် ပါဠိတော်၌ ကိဥ္စိပုဒ်ကို ဒုက္ခဿ-၌ စပ်ရမည်၏--၎င်း (သမ္ဗန္ဓ) ဒုက္ခဿ-၌ သဝိဘတ်၏ ဒုတိယာအနက်၌ သက်--၎င်း (ဝိဘတျတ္ထ) သိစေပါသည်။

နသရသိ-ဖြင့် န-ပုဒ်ကို ဇာနာသိကြိယာ၌ စပ်၍ အနက်ယောဇနာရမည်၏--၎င်း (သမ္ဗန္ဓ)ဇာနာသိ-၌ ဉာဓာတ်၏ အောက်မေ့ခြင်း=သရဏအနက်ကို ဟော--၎င်း (ဓာတွတ္ထ) သိစေပါသည်။ (ဃ--၁) ဖြင့် ဒုက္ခဿ-၌ သဝိဘတ်သည် စတုတ္ထီဝိဘတ်မဟုတ်၊ ဆဋ္ဌီဝိဘတ် ၏--၎င်း (ဝိဘတ္တိပဒ) ယင်း သဝိဘတ်သည် သာမိအနက်ကို မဟော၊ ကံအနက်ကို ဟော--၎င်း (ဝိဘတျတ္ထ) သိစေပါသည်။ (ဃ--၂) ဖြင့် ဇာနာသိ-၌ ဉာဓာတ်သည် သိခြင်း (ဉာဏ) အနက်ကို မဟော၊ အောက်မေ့ခြင်း (သရဏ)အနက်ကို ဟောသတည်ဟု သိ

http://www.dhammadownload.com



စေပါသည်။ (ဓာတွတ္ထ)

(စ) ဖြင့် ဒုတိယဝိကပ် တတိယဝိကပ်အလို ကိဋ္ဌိပုဒ်နောက်၌ သဝိဘတ်ကျေသည်၏--ၛင်း (ဝိဘတ္တိပဒ) ယင်း သဝိဘတ်ကျေသည်ကိုထောက်၍ ကိဋ္ဌိပုဒ်၏ နိပါတ်ပုဒ်၏ အဖြစ်ကိုၛင်း (နိပါတလိင်္ဂပဒ) သိစေပါသည်။

➤ ၉။ **နသာရသီ/ နသာရသီ** ။ ။ သရဓာတ်၏ အာဒိဗျည်းသည် ဒွေဘော်ဌာန ဖြစ်သောကြောင့် နဿရသိ-ပါဠိ၌သာ သင့်ပါသည်။

➤ ၈။ **ဥတ္တရပဒေနေ**-ကား ဌာနဖြစ်သော နောက်ပုဒ်၏ "ဥတ္တရပဒေန"ဟူသော အမည်ကို ဌာနီဖြစ်သော နောက်ပုဒ်၌ရှိသော သဝိဘတ်၌တင်-- ဌာနူပစာ။နာနန္တရိက နည်း။ (တစ်နည်း) အပေါင်းဖြစ်သော ဒုက္ခသ-ဟူသော တစ်ပုဒ်လုံး၏ "ဥတ္တရပဒေန" ဟူသောအမည်ကို အစိတ်ဖြစ်သော ဆဋ္ဌီဝိဘတ်၌တင်-- ဧကဒေသျူပစာ၊ ရှဋ္ဌိနည်း။

(က) ၌ **ဒုက္ခသ**-ကား ဒုက္ခေန-ဟု ဆိုအပ်သော တတိယာဝိဘတ်ကို (ဝါ) ဒုက္ခံ-ဟု ဆိုအပ်သော ဒုတိယာဝိဘတ်ကို ဆဋ္ဌီဝိဘတ်အားဖြင့် ပြန်သောကြောင့် "ဝိဘတ္တိ ဝိပလ္လာသနည်း" မည်၏။

**(ခ-ဂ)ဝါကျနည်း/ဒုက္ခသ** ။ ။ ဒုက္ခသ-ဟူသော ဆဋ္ဌီဝိဘတ်သည် ဒုက္ခေန, ဒုက္ခံ-ဟု တတိယာဝိဘတ် ဒုတိယာဝိဘတ် ဖောက်ပြန်သောကြောင့် ဝိဘတ္တိဝိပလ္လာသနည်း။

**အနာဂသီ**-ကား အနုဘဝနအနက် သရဏအနက်ဟူသော လွန်သောအနက်နှင့် ယှဉ်သောကြောင့် အတ္တာတိသယနည်း။ **အနာဂသီ**-၌ ဉာဓာတ်သည် အဝဗောဓန-တည်းဟူသော ဟောမြဲအနက်မှတစ်ပါး အနုဘဝန, သရဏ-တည်းဟူသော လွန်သောအနက်နှင့် ယှဉ်သောကြောင့် အတိသယနည်း။

**ကရဏတ္ထေ**-ကား အကြောင်းဖြစ်သော ကရိုဏ်း အနက်၏ "ကရဏတ္ထေ" ဟူသော အမည်ကို အကျိုးဖြစ်သော ဒုက္ခသ-သဒ္ဒါ၌တင်-- ကာရဏူပစာ။ အကြောင်းအနက်ကို ဆိုသဖြင့် အကျိုးသဒ္ဒါကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

**သဒ္ဒသတ္ထ**-ကား သဒ္ဒါတည်းဟူသော အကြောင်းကိုဆိုသဖြင့် အနက်တည်းဟူသော အကျိုးကိုလည်း ရသောကြောင့် နာနန္တရိကနည်း။ (တစ်နည်း) သဒ္ဒါတည်းဟူသော အများကိုဆိုသဖြင့် အနက်တည်းဟူသော အနည်းကိုလည်းရသောကြောင့် ယေဘုယျ။

➤ ၁၀။ **ဉာဏမ္ဗ**-၌ ဓာတ်အရ ဉာဏ်ပြဓာန်းသော ကုသိုလ် ကြိယာစိတ္တုပ္ပါဒ် ရ၏။

**ပခံ**-၌ ဓာတ်အရ အနက်ကို အာရုံပြု၍ သိတတ်သော ဉာဏ်ပြဓာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၊ ထိုစိတ္တုပ္ပါဒ်နှင့်အတူ ဥပါဒ်သော ရုပ်တရားများကို ယူ၍။ ထိုတွင် ရုပ်သည် ရူပက္ခန္ဓာမည်၏။ စေ-၃၈ တို့တွင် ဝေ-သည် ဝေ။ သဉ်-သည် သဉ်။ ကျန် ၃၆-သည် သင်။ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ဤသို့အားဖြင့် သွင်းခြင်းသည် **အနုဓာရဏာ**ရမည်၏။

http://www.dhammadownload.com



**ပါဠိ [၁၁]**

(က) **မရဏေနပိ မယံ တေ အကာမကာ ဝိနာ ဘဝိဿာမာတိ** သစေပိ တာဝ အမှေသု ဇီဝမာနေသု မရဏံ ဘဝေယျ၊ တေန တေ မရဏေနပိ မယံ အကာမကာ အနိစ္ဆကာ န အတ္တနော ရုစိယာ ဝိနာ ဘဝိဿာမ။

(ခ) တယာ ဝိယောဂံ ဝါ ပါပုဏိဿာမာတိ အတ္ထော။ (ဂ) **ကိံ ပန မယံ တံ့ ဇီဝံ** သန္တံ ကိံ ပန ကိံနာမ တံ ကာရဏံ၊ ယေန မယံ တံ ဇီဝန္တံ အနုဇာနိဿာမ။

(ဃ) **အထ ဝါ ကိံ ဝန မယံ တံ့** ကေန ပန ကာရဏေန မယံ တံ ဇီဝန္တံ အနု ဇာနိဿာမာတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ (င) **တစ္ဆ** ဝါတိ ယတ္ထ နံ ဋ္ဌိတံ မာတာ ပိတရော နာနုဇာနိံသု၊ တတ္ထေဝ ဌာနေ။ (စ) **အနုဇ္ဈယိတ္ဓာယာတိ** ကေနစိ အတ္ထရဏေန အနတ္ထတာယ။ (၄၊၁၇၁။ မအ္ဋ-တ၊၁၅၊ ဘာသာဋီ၊ဒု၊၁၉၈။)

➢ ၁။ **မရဏေနပိ မယံ တေ အကာမကာ ဝိနာ ဘဝိဿာမ** အနက်

(က-၅) တေ၊သင်၏။မရဏေနပိ၊သေခြင်းကြောင့်လည်း။မယံ၊ငါတို့သည်။အကာမကာ၊ ခွဲခွါခြင်းငှာ အလိုမရှိကုန်သည်။[သဒ္ဒတ္ထ] (ဝါ) မိမိ၏ အလိုကျ မဟုတ်ပါဘဲ ခွဲခွါ၍ ဖြစ် ကြရကုန်သည်။ [အဓိပ္ပါယတ္ထ] (ဝါ) သေကွဲ ကွဲကြရကုန်သည်။ [ဝေါဟာရတ္ထ] ဟုတ္ဝာ၊ ဖြစ်ကုန်၍။ဝိနာ၊ကွေကွင်းကုန်သည်။ဘဝိဿာမ၊ဖြစ်ကုန်လအံ့။

(ခ-၅) တေ၊သင်၏။မရဏေနပိ၊သေခြင်းကြောင့်လည်း။မယံ၊ငါတို့သည်။တေ၊သင်နှင့်။ အကာမကာ၊ခွဲခွါခြင်းငှာ အလိုမရှိကုန်သည်။ဟုတွာ၊ဖြစ်ကုန်၍။ဝိနာ၊ကွေကွင်းခြင်းသို့။ ဘဝိဿာမ၊ဖြစ်ကြရပါကုန်၏။[သဒ္ဒတ္ထ] (ဝါ) ရောက်ကြရပါကုန်၏။ (အဓိပ္ပါယတ္ထ)

* **ကိံ ပန မယံ တံ့ ဇီဝန္တံ အနုဇာနိဿာမ**-အနက် (ဂ-၅) ယေန ကာရဏေန၊အကြင် အကြောင်းကြောင့်။မယံ၊ငါတို့သည်။ဇီဝန္တံ၊အသက်ရှင်ဆဲသော။တံ၊သင့်ကို။အဂါရသ္မာ၊အိမ် ရာ တည်ထောင် လူတို့ဘောင်မှ။နိက္ခမိတွာ၊ထွက်၍။အနဂါရိယံ၊အိမ်ရာမထောင် ရဟန်း ဘောင်၌။ပဗ္ဗဇ္ဇာယ၊ရဟန်းပြုခြင်းငှာ။အနုဇာနိဿာမ၊ခွင့်ပြုကြကုန်လအံ့။တံ ကာရဏံ၊ထို အကြောင်းသည်။ကိံ ပန၊အဘယ်မှာ ရှိအံ့နည်း။

(ဃ-၅) မယံ၊ငါတို့သည်။ဇီဝန္တံ၊အသက်ရှင်ဆဲသော။တံ၊သင့်ကို။အဂါရသ္မာ၊မှ။နိက္ခမိ တွာ၊၍။အနဂါရိယံ၊၌။ပဗ္ဗဇ္ဇာယ၊ငှာ။ကိံ ပန ကာရဏေန၊အဘယ်အကြောင်းကြောင့်။အနု ဇာနိဿာမ၊ခွင့်ပြုနိုင်ကြပါကုန်အံ့နည်း။

➢ ၂။ (စ) **သို့/ အနုဿနေ** ။ ။ ဤသို့ (က) ဖြင့် တေ-သဒ္ဒါ၏ သာမျတ္ထ၌ ဆဋ္ဌီဝိဘတ် ၏ အဖြစ်ကို ပြတော်မူပြီး၍ ယခုအခါ၌ တေ-သဒ္ဒါ၏ သဟတ္ထ၌ ကရိုဏ်းဝိဘတ်အဖြစ် ဟူသော အတ္ထန္တရကို ပြခြင်းငှာ (ခ) မိန့်။

(ဓ)**သို့/** ဆရာသည် (က) ဖြင့် မယံ တေ-၌ တေ-သဒ္ဒါသည် တုမှ-သဒ္ဒါ၏ ကာရိယ ဖြစ်၍ သမ္ဗန်အနက်၌ဖြစ်သည်ကိုရင်း၊ မရဏေနပိ-ပုဒ် ပြန်စပ်၍ အနက်သမ္ဗန်အပ်သည်

http://www.dhammadownload.com



ကိုရင်း ဖွင့်ပြတော်မူ၏။ ထို တေ-သဒ္ဒါသည် သမ္ဗန်အနက်၌သာဖြစ်၍ မရဏေနပိ-ပုဒ်၌သာ စပ်အပ်ပါသလော။ အဘယ်အနက်၌ဖြစ်၍ အဘယ်ပုဒ်၌လည်း စပ်အပ်ပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။ **ကား**-- သဟတ္ထ၌လည်းဖြစ်၍ ဝိနာပုဒ်၌လည်း စပ်၍ အနက်သမ္ဗန်အပ်သေး၏ဟူလို။

(ဃ) သို့/ ဆရာသည် (ဂ) ဖြင့် ကိံ ပန မယံ တံ ဇီဝန္တံ အစရှိသော ပါဠိတော်ကို ယေန တံ ကာရဏံ-ဟူသော ပါဌသေသထည့်၍ အနက်သမ္ဗန်ရမည်ဟု ပြဆို၏။ ယင်း ပါဠိတော်၌ ပါဌသေသထည့်၍ အနက်သမ္ဗန်သည့် နည်းတစ်မျိုးသာ ရှိပါသလော။ မည်သို့ အနက်သမ္ဗန် နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။ **ကား**-- ပါဌသေသ မထည့်ဘဲလည်း အနက်သမ္ဗန်နိုင်ပါသေး၏ဟူလို။ (ဂဏ္ဌိသစ်)

(တစ်နည်း) ဆရာသည် (ဂ) ဖြင့် ကိံ ပန-၌ ပဌမာဝိဘတ်သည် လိင်္ဂတ္ထ၌ သက်၏ဟု ပြဆို၏။ ကိံ-ဝယ် ပဌမာဝိဘတ်သည် လိင်္ဂတ္ထ တစ်မျိုးသာ ဖြစ်နိုင်ပါသလော။ မည်သည့် အနက် ဖြစ်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။ **ကား**-- ကာရဏအနက်၌လည်း ဖြစ်နိုင်ပါသေး၏ဟူလို။ (မဏိသာရတ္ထ)

➤ ၃။ (က-ဂ-ဃ-င-စ) ပကာသနရ။ (ခ) ကား တေ-သဒ္ဒါ၏ သာမညတ္ထ၌ ဆဋ္ဌီဝိဘတ် သက်ပုံမှတစ်ပါး သဟတ္ထ၌ ကရိဏ်းဝိဘတ် သက်ပုံအဖို့တစ်ပါးကို ပြသောကြောင့် -- ပကာသနရ။ **စာစပ်** ။ ။ တေ-ကား ၏--ကြောင့် မရဏေနပိ-၌ သမ္ဗန်-သမ္ဗန္ဓီ စပ်။ (တစ်နည်း) တေ-ကား နှင့်--ကြောင့် ဝိနာ-၌ သဟာဒိယောဂ၊ သဟာဒိယောဂဝန္တ စပ်။

**တဗ္ဗောဓါတီ**-ကား သဒ္ဒပဒတ္ထကနိပါတ်ပုဒ်တည်း။ **ယတ္ထ**-ကား ၌-ကြောင့် ဌိတံ-၌ အာဓာရ+အာဓာရီ စပ်။ **ဋ္ဌိတံ**-ကား သော--ကြောင့် နံ-၌ တုလျာဓိကရဏဝိသေသန+ သျ စပ်။ နံ-ကား ကို--ကြောင့် နာနုဇာနိံသု-၌ အဝုတ္တကံ+ကမ္မ စပ်။ **မာတာပိတရော**-ကား တို့သည်--ကြောင့် နာနုဇာနိံသု-၌ ဝုတ္တကတ္တား+ကတ္တိ စပ်။ **တဗ္ဗော**ဝ ဌာနေ-ကား ၌--ကြောင့် နိပ္ပန္န-၌ အာဓာရ+အာဓာရီ စပ်။

➤ ၄။ မရိယတေ **မရဏံ**။ ဘာဝသာဓနတည်းဟူသောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ပျက်စီးခြင်းကြီးယာ ရ၏။

ဇီဝါမာတိ **ဇိဝေနာ**။ (တေသု) ဇီဝဓာတ်အရ ရုပ်ဇီဝိတ နာမ်ဇီဝိတတို့၏ ဥပါဒ်သည်မှချ။ ထိုရုပ်နာမ်တို့၌ရှိသော ရုပ်အာဟာရ နာမ်အာဟာရတို့၏ အာဟာရပစ္စယသတ္တိသည် ဖလူ။ မာနပစ္စည်းအရ ဥပ္ပါဒဝန္တဖြစ်သော အမိ အဖ-ဟု သမုတ်အပ်သော ငါတို့ရ၏။

နတ္ထိ ကာမော စေတေသန္တိ **အကာမကား** န+ကာမ-ဟူသော ဗဟုဗ္ဗီဟိ-အရ အလိုမရှိခြင်းဟူသော အဘာဝဘောဂုဏ်သည် မှချ။ထို--၏ တေအညပုဒ်အရ မိဘတို့နှင့် ဂုဏ် ဂုဏေး စပ် ဌာန။ တေ-အညပုဒ်အရ ထို--သော မိဘတို့ရ၏။

ဘူမိယာ မနုဿာနဥ္စ အန္တရေ ဓိယတိ ဝိဓိယတိ ကာရိယတီတိ အန္တရဟိတံ။

http://www.dhammadownload.com



နတ္ထိ အန္တရဟိတံ ဓတိသံ ဘူမိယန္တိ **အနန္တရဟိတာ**။ န+အန္တရဟိတ-အရ အခင်းအနှီး မရှိခြင်းသည် မုချ။ ထို-၏ မြေကြီးဖြစ်နှင့် ဂုဏ်-ဂုဏေး စပ် ဌာန္။ တေ-အရ အခင်း အနှီး မရှိသော မြေကြီးဖြစ် ရ၏။ [ထိုသို့ပင် ရပြားသော်လည်းအနန္တရဟိတ-သည် ဤ၌ ဝိသေသနပုဒ်ဖြစ်သောကြောင့် ဝိသေသနပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်ရကား အခင်းအနှီး မရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ် သည်သာလျှင် ပဓာနအားဖြင့် ရ၏။] * နတ္ထိ ဣစ္ဆာ ယေသန္တိ အနိစ္ဆကာ။ * ဇီဝသီတိ **ဇီဝန္တော**။ * အတ္တာရိယတေ(ခင်းအပ်၏) တိ **အတ္ထာရဏံ**။

➤ ၅။ (ဂ) ၌ ကိ-ကား တိလိင်၊/နပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း။ (ဃ) ၌ ကိ-ကား အလိင်၊ နိပါတ်ပုဒ်၊ ကာရဏတ္ထ။

➤ ၆။ (က) ၌ တေန မရဏေနပိ-ဖြင့် ပါဠိတော်၌ တေ-ပုဒ်ကို မရဏေန-၌ စပ် ရမည်၏--ဎင်း (သမ္ဗန္ဓ) တေ-၌ သဝိဘတ်၏ သာမျတ္တ၌ သက်--ဎင်း (ဝိဘတျတ္ထ) သိ။

အနိစ္ဆကာ-ဖြင့် အကာမကာ-သဒ္ဒါသည် အလိုမရှိခြင်း (အနိစ္ဆာ) အနက်ကို ဟော သတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ) [တနည်း] အနိစ္ဆကာ-ဖြင့် အကာမကာ-သဒ္ဒါ ကား အနိစ္ဆကာ-၏ ဝေဝုစ် စကားလှယ် ပရိယာယ်တည်းဟု သိစေသည်။(**အဘိဓေယျတ္ထ**)

န အတ္တနော ရုစိယာ-ဖြင့် အနိစ္ဆကာ-၌ အန-သဒ္ဒါ၏ နနိပါတ်၏ ကာရိယ၏-- ဎင်း (နိပါတလိင်္ဂပဒ) အကာမကာ-၌ ပထမာ ယောဝိဘတ်၏ ကြိယာဝိသေသနအနက် ၌ သက်--ဎင်း (ဝိဘတျတ္ထ) သိစေပါသည်။

(စ) ၌ တယာ-ဖြင့် တေ-သဒ္ဒါ၏ နာဝိဘတ်နှင့်တကွ တုမှ-သဒ္ဒါ၏ ကာရိယ၏-- ဎင်း (ဝိဘတ္တိပဒ) နာဝိဘတ်၏ သဟတ္ထယောဂ၏--ဎင်း (ဝိဘတျတ္ထ) တေပုဒ်ကို ဝိနာ ပုဒ်၌ စပ်ရမည်၏--ဎင်း (သမ္ဗန္ဓ) သိစေပါသည်။

ဝိယောဂံ-ဖြင့် ဝိနာ-သဒ္ဒါ၏ ဝိယောဂအနက်ဟော--ဎင်း (နိပါတလိင်္ဂတ္ထ) ယင်း ဝိနာပုဒ်၌ ဒုတိယာဝိဘတ် ကျေသည်၏--ဎင်း (ဝိဘတ္တိပဒ) သိစေပါသည်။

ပါပုဏိဿာမ-ဖြင့် ဘဝိဿာမ-၌ ဘူဓာတ်သည် ရောက်ခြင်း (ပါပုဏန) အနက် ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ) ဝါ-ဖြင့် တေ-သဒ္ဒါ ဝိနာ-သဒ္ဒါတို့၏ အနက်တစ်မျိုးကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ၌ ကိံ နာမ-ဖြင့် ကိံ-သဒ္ဒါ၏ နိပါတ်ပုဒ်၏--ဎင်း (နိပါတလိင်္ဂပဒ) ယင်း ကိံ-သဒ္ဒါ၏ ကဲ့ရဲ့ခြင်း (နိန္ဒ) ဝါ-(ဂရဟာ)အနက်ကို ဟော--ဎင်း (နိပါတလိင်္ဂတ္ထ) သိစေပါ သည်။ တံ ကာရဏံ ယေန-ဖြင့် ယင်း ပါဌသေသ နှစ်ပုဒ်ထည့်၍ အနက်ယောဇနာ ရ မည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ၌ အထ ဝါ-ဖြင့် အတ္ထန္တရကို သိစေပါသည်။ (ဘာဝတ္ထ) ကေန ပန ကာရဏေန ဖြင့် ကိံ ပန-၌ ကိံ-သဒ္ဒါ၏ သဗ္ဗနာမ်ပုဒ်၏--ဎင်း (သဗ္ဗနာမလိင်္ဂပဒ) ကိံ-သဒ္ဒါနောက်၌

http://www.dhammadownload.com



သက်သော ပဌမာဝိဘင်္ဂ၏ ဟေတွတ္ထ၌ သက်--ရှင်း (ဝိဘတျတ္တ) သိစေပါသည်။

(ဝ) ၌ ဌာနေ-ဖြင့် တတ္ထေဝ-၌ တ-သဒ္ဒါသည် နေရာ ဌာနကို စွဲသည်၏--ရှင်း (သဗ္ဗနာမလိင်္ဂတ္တ) ထ-ပစ္စည်း၏ သတ္တမျတ္ထ၌ သက်--ရှင်း (ဝိဘတျတ္တ) သိစေပါသည်။

ယတ္ထ (ပ) နာနုဇာနိသု-ဖြင့် တတ္ထေဝ-ဟူသော နိယတ်၏ အနိယတ်ကို သိစေပါသည်။ (ဘာဝတ္တ) (စ) ဖြင့် အန္တရဟိတ-ပုဒ်ကို ဘူမိယာ မနုဿာနဉ္စ အန္တရေ ဓိယတိ ဝိဓိယတိ ကရီယတီတိ အန္တရဟိတံ-ဟု ဝစနတ္ထပြု၍ အန္တရဟိတ-အရ အခင်းနှီး (အခင်း) အတ္တရဏကို ယူ--ရှင်း (အဘိဓေယျတ္တ) အနန္တရဟိတ-ပုဒ်ကို နတ္ထိ အန္တရဟိတံ ဧတိဿံ ဘူမိယန္တိ အနန္တရဟိတာ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု--ရှင်း (သမာသလိင်္ဂတ္တ) သိ။

➤ ၇။ **ဝိယောဂံ ဝါ ပါပုဏိဿာမ/ဝိယောဂံ ပါပုဏိဿာမ** ။ ။ ဧတေတိ ပဒဿ သဟတ္ထေ ကရဏဝစနတ္တာ ပိ အတ္ထံ ဒဿေတုံ ဝိယောဂံ ဝါ ပါပုဏိဿာမာတိ အတ္ထန္တရံ ဝုတ္တံ-ဟူသော ဝိမတိဝိနောဒနီဋီကာကိုထောက်၍ ဝိယောဂံ ဝါ-ဟု ဝါ-ပါသော ပါဠိသင့်သည်။

**ဝဝမေတ္တ/ဝဝမတ္တ** ။ ။ အထဝါ-ဖြင့် ရှေ့အနက်ကို ပေါင်းစည်းပြီးဖြစ်ရကား ဖပိ-အတွက် ပေါင်းစည်းစရာ အနက်မရှိသောကြောင့် ဝဝမေတ္တ-ပါဠိသာ သင့်ပါသည်။

➤ ၈။ **ကိံ ပန မယံ တေ**-၌ တ-သည် တစ်ပုဒ်တည်းဖြစ်လျက် ထိုအကြောင်းဟူသော အနက်၊ သင်ချစ်သားဟူသောအနက် ဤသို့ သတ္တိပြားသဖြင့် နှစ်နက်ရသောကြောင့် ဘိန္နသတ္တိသမဝေတနည်း။/တပုဒ်တည်းဖြစ်လျက် တံ၊ထိုအကြောင်းသည်။ကိံပန-ကိံ နာမ၊ အဘယ်မည်သောအကြောင်းနည်း။ဇီဝန္တံ၊အသက်ရှင်သော။တံ၊သင်ချစ်သားကို။ ဤသို့ များသောအနက်ကို ဟောစွမ်းနိုင်သောကြောင့် ပဒီပနည်း။

**ကိံ ပန မယံ တံ**-ကား အကြောင်းဖြစ်သော အသက်ရှင်ဆဲ ခွင့်ပြုကြောင်းကို ကဲ့ရဲ့မှုကို ဆိုသဖြင့် အကျိုးဖြစ်သော ရှင်ရဟန်းပြုခွင့် လုံးဝ မရှိခြင်းဟူသော အနက်ကိုလည်း ရသောကြောင့် ကာရဏူပစာ။ နာနန္တရိကနည်း။

**မရဏေနပိ မယံ တေ**- ၌ တေ-ကား မရဏေနပိ-သဒ္ဒါနှင့် ရှင်း၊ ဝိနာ-သဒ္ဒါနှင့်ရှင်း နှစ်ပုဒ်လုံးကို ငဲ့သောကြောင့် ကာကေလောကနနည်း။

➤ ၁၀။ **ခန္တေဇာ**-၌ ဒိသဓာတ်အရ အနက်ကို မှတ်သားကြောင်း အခြင်းအရာအားဖြင့်ဖြစ်သော မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ်၊ ဓိဝန္တံ--အရ အသက်ရှင်ဆဲဖြစ်သော သုဒိန်၏ ခန္ဓာပဉ္စကဖြစ်ဖြစ် (တစ်နည်း) ရုပ်ဇီဝိတ နာမ်ဇီဝိတ ရ၏။

## ဓိကျ [၁၂]

(က) **ဝရိစာရေယျာတိ ဂန္ဓဗ္ဗနဋ္ဌနာဋကာဒီနိ ပစ္စုပဋ္ဌာပေတွာ တတ္ထ သဟာယကေဟိ သဒ္ဓိံ ယထာသုခံ ဣန္ဒြိယာနိ စာရေဟိ သဉ္စာရေဟိ။**

(ခ) **ဣတောစိတောစ ဥပနေဟီတိ ဝုတ္တံ ဟောတိ။** (ဂ) **အထဝါ ဝရိစာရေဟီတိ**

http://www.dhammadownload.com



ဂန္ထဓုနဥပဋ္ဌာနာဠ္ဌကာဒီနိ ပစ္စုပဋ္ဌာပေတွာ တတ္ထ သဟာယကောတိ သဒ္ဒိံ လဥ္ဇ ဥပလဥ္ဇ ရမ။

(ယ) တီဠ္ဌဿုတိပိ ဝုတ္တံ ဟောတိ။ (င) **ကာမေ ပရိဘုဥ္ဇဿောတိ** အတ္တနော ပုတ္တဒါရေဟိ သဒ္ဒိံ ဘောဂေ ဘုဥ္ဇဿော။ (စ) **ပုညာနိ ကရောဟိဿောတိ** ဗုဒ္ဓဥ္စ ဓမ္မဥ္စ သံဃဥ္စ အာရဗ္ဘ ဒါနပ္ပဒါနာဒီနိ သုဂတိမဂ္ဂသောဓကာနိ ကုသလကမ္မာနိ ကရောဟိဿော။

(ဌ၁၁၇၂။မအဋ္ဌ၊တ၊၁၅။ ဘာသာဋီ၊ဒု၊ ၂၀၀။ )

➢ ၁။ (က-၅) **ပရိစာရေဟိ**-ထက်ဝန်းကျင် ထိုထို အာရုံသို့လှည့်လည်စေပါလော့ [သဒ္ဒတ္တ] (ခ-၅) ဤအာရုံ ထိုအာရုံသို့ ကပ်၍ ဆောင်ပါလော့။ [အဓိပ္ပါယ်တ္တ]

(ဂ-၅) ချမ်းသာခြင်း၏ အဆောက်အဦတို့ဖြင့် မိမိကို ပြုစုလုပ်ကျွေးစေပါလော့ [သဒ္ဒတ္တ] (ခ-၅) မြူးတူးပျော်ပါး ကစားပါလော့။ [အဓိပ္ပါယတ္တ]

➢ ၂။ (က) **သို့/ လိင်္ဂတ္ထနယ** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် သဒ္ဒတ္တကဗ္ဗ ပါဠိတော်၌ ပရိစာရေဟိ-ဟု ဟောတော်မူ၏။ အဘယ်တို့၌ လှည့်လည်ကျက်စားစေသနည်း။ အသို့ လှည့်လည် ကျက်စားစေသနည်း။ အဘယ်တို့ကို လှည့်လည်ကျက်စားစေသနည်း။ စုဒ်ကြောင့် (က) မိန့်။

(ခ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ပရိစာရေဟိ-၌ ပရိ-ကား သမန္တတ္တ၊ စရ ဓာတ်ကား ဂတိ, ဘက္ခဏ, စရဏ-တို့တွင် ဂတျတ္တ၊ ယင်းသည်လည်း ကာရိတန္တ၊ ယင်း၏ ကံကား ဣန္ဒြိယာနိ-တည်းဟု ပြဆိုပြီး၍ ယခုအခါ၌ ပိဏ္ဍတ္ထကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ခ) **သို့/** ဆရာသည် (က) ဖြင့် ပရိစာရေဟိ-ဟူသည် သီဆိုသူ စသူတို့ကိုဖြစ်စေ၍ ထိုအာရုံ၌ သူငယ်ချင်းတို့နှင့်တကွ အလိုရှိတိုင်း ဣန္ဒြေတို့ကို လှည့်လည်ခြင်းဖြစ်၏ဟု ဖွင့်ပြတော်မူ၏။ လှည့်လည်ပုံ ဥဒါဟရဏကို ပေါ်လွင်ထင်ရှားစွာ မသိအပ်သေးသည် မဟုတ်ပါလော။ အသို့လျှင် ဣန္ဒြေတို့ကို အလိုရှိတိုင်း လှည့်လည်စေပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။ [ပဒပိဏ္ဍတ္တ အကျယ်ကို မပြပြီလော။ ပဒပိဏ္ဍတ္တ အကျယ်ကား အဘယ်နည်း]

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က-ခ) တို့ဖြင့် ပရိစာရေဟိ-၌ ပရိဥပသာရ၏ ပစ္စုပဋ္ဌာနအနက် စရဓာတ်၏ လှည့်လည်ခြင်း ဂတျတ္တအနက်နှင့် ယင်း၏ကံကို ဣန္ဒြိယာနိ-ဟု ထည့်စွက်၍ အနက်သမ္ဗန်အပ်သည်ကို ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ ပရိဥပသာရ၏ ပစ္စုပဋ္ဌာနအနက် စရဓာတ်၏ လဥ္ဇတ္တကို ပြတော်မူလိုသော ဆရာသည် (ဂ) မိန့်။

➢ ၃။ (ခ) ကား ပဒပိဏ္ဍတ္တ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။/လှည့်လည်ပုံ ဥဒါဟရဏကို ပေါ်လွင်ထင်ရှားစွာ ပြသောကြောင့် တပ္ပါကဋီကရဏဝါကျ။

(ဂ) နယန္တရ ပက္ခန္တရ။ (ယ) ကား ပဒပိဏ္ဍတ္တ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။ /ကစားပုံ ဥဒါဟရဏကို ပေါ်လွင်ထင်ရှားစွာ ပြသောကြောင့် တပ္ပါကဋီကရဏဝါကျ။

(င-စ) ပက္ခန္တရ။ **တဆံ** ။ ။ ပစ္စုပဋ္ဌာပေတွာ-ကား ၍--ကြောင့် တာရေဟိ-၌ ပုဗ္ဗ

http://www.dhammadownload.com



ကာလ ကြိယာဝိသေသန၊ စာရေဟိ-ကား ပုဗ္ဗကာလကြိယာဝိသေသျ စပ်။

➤ ၄။ ယံယံ သုခံ **ယထာသုခံ**။ သုခံ အနတိက္ကမိတွာ ယထာသုခံ။

ယထာ-ဝိသေသနပုဒ်အရ ဝိစ္ဆတ္ထဘောဂုဏ်သည် မုချ။ ထို--၏ ချမ်းသာနှင့် ဂုဏ်-ဂုဏေား စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော အကြင်အကြင် ချမ်းသာရ၏။

သုခဿ အနုရူပံ **ယထာသုခံ**။ (အဗျယီဘော) သုခ- ဝိသေသနပုဒ်အရ ချမ်းသာခြင်းသည် မုချ။ ထို--၏ သင့်လျော် လျှောက်ပတ်ခြင်းနှင့် သမ္ဗန္ဓိ-သမ္ဗန္ဓိ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ချမ်းသာခြင်းအား သင့်လျော်လျှောက်ပတ်သော ဂုဏ်ရ၏။

ကုက္ကုစ္စံ ပရမိဿရိယံ ကရောန္တီတိ **ကုက္ကုစ္စာယန္တိ**။ ကုဒ်ဓာတ်အရ အစိုးရခြင်း လက္ခဏာ အစိုးရခြင်း သတ္တိကို မုချ။ ဏျုပစ္စည်းအရ အစိုးရခြင်း လက္ခဏာရှိသော သတ္တိမန္တဖြစ်သော စက္ခုန္ဒြေစသော ကုန္ဒြေတို့ ရ၏။ * ကုက္ကုစ္စံ ကရောန္တီတိ **ကုက္ကုစ္စာယန္တိ**။(ကုက္ကုစ္စ+ဏိယ)

ကုက္ကုစ္စတီတိ ကုက္ကုစ္စော။ ကုက္ကုစ္စံ ကာရေန္တီတိ **ကုက္ကုစ္စာယန္တိ**။ (ကုက္ကုစ္စ+ဏိယ၊တာရေန္တိ တဒ္ဓိတ်)

ကုက္ကုစ္စ-ဟူသော တဒ္ဓိတ်ပုဒ်အရ အစိုးရသည်၏အဖြစ်သည် မုချ။ ထို၏ စက္ခု-စသော ကုန္ဒြေနှင့် နိဿိတ နိဿယ စပ် ဌာနူ။ ဏိယပစ္စည်းအရ ထို--သော စက္ခု-စသော ကုန္ဒြေတို့ရ၏။ * ကုက္ကုစ္စတိ ပရမိဿရိယံ ကရောတီတိ **ကုက္ကုစ္စော**။ (ကုသိုလ်ကံ အကုသိုလ်ကံ ရ၏။) ကုက္ကုစ္စံ ဥပလိင်္ဂေန္တီတိ **ကုက္ကုစ္စာယန္တိ**။ (ဥပလိင်္ဂေန္တိ၊ ပြတတ် သိစေတတ်ကုန်၏။)

ကုက္ကုစ္စ-ဟူသော တဒ္ဓိတ်ပုဒ်အရကား ကုသိုလ်ကံ အကုသိုလ်ကံတို့သည် မုချ။ ထို၏ စက္ခု-စသော ကုန္ဒြေတို့နှင့် အကြောင်း အကျိုး စပ် ဌာနူ။ ဏိယပစ္စည်းအရ ထို-သော ကုန္ဒြေတို့သည် မုချအားဖြင့်ရ၏။ ကာရဏူပစာသဒ္ဒါဖြစ်သောကြောင့် အကျိုးဖြစ်သော စက္ခုဝိညာဉ်စသည်တို့သည် ကာရဏူပစာရတ္ထအားဖြင့်ရ၏။

ဘုဉ္ဇိတဗ္ဗာ ပရိဘုဉ္ဇိတဗ္ဗာတိ **ဘောဂါ**။ (ယေ ပဉ္စ ကာမဂုဏာ၊အကြင် ကာမဂုဏ် ငါးပါးတို့ကို။ပုဂ္ဂလေဟိ၊တို့သည်။ဘုဉ္ဇိတဗ္ဗာ ပရိဘုဉ္ဇိတဗ္ဗာ၊သုံးဆောင်အပ်ကုန်၏။) ဘုဇ+ဏ၊ ကမ္မသာဓန။ ဘုဇဓာတ်အရ ကတ္တုရူပကြိယာအရကား ကာမဂုဏ်ကို ခံစားသော ပုဂ္ဂိုလ်တို့၏ ကာမတဏှာပြဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မရူပကြိယာကား ထို-အားတပ်သော ကာမဂုဏ်ငါးပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဏပစ္စည်းအရကား ထို--သော ကာမဂုဏ်ငါးပါး ရ၏။

➤ ၆။ (က) ၌ ဂန္ထဗ္ဗ (ပ) သဉ္ဇာရေဟိ-ဖြင့် ပရိ ဥပသာရ၏ သမန္တအနက်ဟော-ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) စရဓာတ်သည် ဘက္ခန-စားခြင်း၊ စရဏ-ကျင့်ခြင်း အနက်တို့ကို မဟော၊ ဂတိအနက်ကိုဟော--ရင်း (ဓာတွတ္ထ) ပရိစာရေဟိ ကြိယာ၏ ကာရိုက်ကြိယာ ပုဒ်၏--ရင်း (ဘာဝတ္ထ) ယင်းကြိယာ၏ ကံကား ကုန္ဒြိယာနိ-ပင်တည်းဟူသော အဓိပ္ပါယ် ကိုရင်း (ဘာဝတ္ထ) ရှေးရှုဖြစ်စေ၍ ကုန္ဒြေတို့ကို လှည့်လည်စေ၏ဟူသည် ကချေသည် စသည်တို့၌ သူငယ်ချင်းများနှင့်အတူ ချမ်းသာအားလျော်စွာ လှည့်လည်စေခြင်းပင်ဖြစ်၏

http://www.dhammadownload.com



ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။ **သဠ္ဌာရေဟိ-ဖြင့်** စာရေဟိသည် သဠ္ဌာရေဟိ-၏ ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ခ) ဖြင့် ပရိ ဥပသာရ၏ သမန္တအနက်ဟောသည်၏အဖြစ်ကို သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ) (ဂ) ၌ အထဝါ-ဖြင့် အတ္ထန္တရကို သိစေပါသည်။ (ဘာဝတ္ထ)

**ပစ္စုပဋ္ဌာပေတွာ,** လဋ္ဌ-ဖြင့် ပရိသဒ္ဒါ၏ ရှေးရှုထင်ခြင်း=ပစ္စုပဋ္ဌာနအနက်ကို ဟော-ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) စရဓာတ်၏ စံပယ်ခြင်းအနက်ကို ဟော--ရင်း (ဓာတွတ္ထ) သိစေပါသည်။ ဥပလဋ္ဌ-ဖြင့် အနုပသဂ္ဂေပိ သဒ္ဒေါ သဥပသဂ္ဂေါဝိယ အတ္ထံ ဝဒတိ-ဟူသော ပရိဘာသာနှင့်အညီ ဥပသာရကင်းသော လဋ-သဒ္ဒါသည်လည်း ဥပသာရနှင့်တကွဖြစ်သော ဥပလဋ-သဒ္ဒါကဲ့သို့ ကစားမြူးတူးခြင်း အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ရမ-ဖြင့် ဤ၌ လဋဓာတ်သည် စံပယ်ခြင်း=ဝိလာသ အနက်ကို မဟော၊ မွေ့လျော်ခြင်းအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ) (ဃ) ဖြင့် မွေ့လျော်ခြင်းဟူသည် ကစားမြူးတူးခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

(င) ၌ ဘောဂေ-ဖြင့် ကာမေပုဒ်ကို ကာမီယန္တီတိ ကာမာ (တေ ကာမေ)ဟု ဝစနတ္ထပြု၍ ကာမေ-အရ ဝတ္ထုကာမကိုယူ (အန္ဓယ) ကိလေသာကာမကို မယူရ (ဗျတိရေက)ဟု သိစေပါသည်။(အဘိဓေယျတ္ထ) ဘုဥ္စန္တော-ဖြင့် ပရိဥပသာရသည် အနက်မဲ့(ဓာတွတ္ထာနုဝတ္တက)တည်းဟု သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ) အတ္တနော စသည်ဖြင့် ကာမဂုဏ်ကို သုံးဆောင်၏ဟူသည် မိမိ၏ သားမယာတို့နှင့်အတူ သုံးဆောင်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ ကုသလကမ္မာနိ-ဖြင့် ပုည-သဒ္ဒါကား ကုသလသဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ) (တစ်နည်း) ကုသလကမ္မာနိ-ဖြင့် ပုညာနိပုဒ်ကို ပုနေန္တိ သောဓေန္တီတိ ပုညာနိ-ဟု ဝစနတ္ထပြု၍ ပုည-အရ ကုသိုလ်ကံကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

➤ ၃။ **ဂန္ဓဗ္ဗ/ဂန္ဓဗ္ဗ** ။ ။ ဂန္ဓံ အဗ္ဗန္တိ ပရိဘုဥ္စန္တီတိ ဂန္ဓဗ္ဗာ၊ ဂန္ဓ သဒ္ဒူပပဒ အဗ္ဗဓာတ်ဖြင့် ပြီးသောကြောင့်ရင်း၊ ဂါယနံ ဝါ ဓမ္မော ဧတေသန္တိ ဂန္ဓဗ္ဗော၊ မ္ဗသ္ဃ ဗ္ဗော၊ ဂပုဒ် ဓမ္မပုဒ်၊ မ္ဗ-ကို ဗ္ဗပြု၍ ပြီးသောကြောင့်ရင်း၊ ဂန္ဓဗ္ဗာတိ ဂါယနကာ-ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့်ရင်း၊ သွားအပ်သည်ကို မယူအပ်၊ သီချင်းဆိုသူကိုသာ ဤ၌ ယူအပ်သောကြောင့်ရင်း၊ ဂန္ဓဗ္ဗ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဏ္ဍန္တြိယာနိ-ကား** အကြောင်းဖြစ်သော စက္ခုပသာဒ စသည်တို့၏ "ဣန္ဒြိယ" ဟူသော အမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဉ် စသည်တို့၌တင်-- ကာရဏူပစာ။

**ဂန္ဓဗ္ဗ-ကား** ယှဉ်ဘက်ဖြစ်သော ကချေသည် ကျွမ်းသမားတို့မှ ကြွင်းသော သီချင်းတည်းဟူသော အနက်ကိုချန်၍ သီချင်းဆိုသူဟူသော အနက်ကို ယူအပ်သောကြောင့်

http://www.dhammadownload.com



ဂေါ်ဗလိဗဒ္ဒနည်း။ အပေါင်းဖြစ်သော သီဆိုခြင်း, သီဆိုသူ, မြင်း, နတ်မျိုးတို့၏ "ဂန္ဓဗ္ဗ" ဟူသော အမည်ကို အစိတ်ဖြစ်သော သီဆိုသူ၌တင်-- ဧကဒေသျူပစာ။

**ဘောဂ**-ကား စီးပွားဥစ္စာများလည်း ဘောဂ အမည်ရကြ၏၊ သို့သော် ဤနေရာ၌ ဝိသေသဘောဂဖြစ်သော ကာမဂုဏ်ငါးပါးကို အလွန်အားဖြင့် ယူအပ်သောကြောင့် အတိသယနည်း မည်၏။ **ကာမေ ပရိဘုဉ္ဇန္တော**-၌ ကာမ-ကား အပေါင်းဖြစ်သော ဝတ္ထုကာမ ကိလေသာကာမ၏ "ကာမေ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဝတ္ထုကာမ၌တင်-- ဧကဒေသျူပစာ၊ နေယျတ္ထနည်း၊ ရုဠှီနည်း။

**ဒါနမ္ပိဒါန**- ကား အပေါင်းဖြစ်သော အမြဲလှူသောအလှူ ရံခါလှူသော အလှူ၏ "ဒါန" ဟူသောအမည်ကို အစိတ်ဖြစ်သော အမြဲလှူသောအလှူ၌တင်-- ဧကဒေသျူပစာ။ နေယျတ္ထနည်း၊ ရုဠှီနည်း။ ဤ၌ ဒါန-သဒ္ဒါသည် ဆိုလတံ့ဖြစ်သော ပဒါန-အရ ရံခါလှူသော အလှူမှကြွင်းသော အမြဲလှူသောဒါန (နိစ္စဒါန)ကို ယူရသောကြောင့် ပါရိသေသနည်း မည်၏။

➤ ၁၀။ **ပရိစာရေဟိ**-၌ ဓါတ်အရ လောဘမူစိတ္တုပ္ပါဒ်ကိုယူ။

## ဝါကျ [၁၃]

(က) **တုဏှီ အဟောသီတိ ကထာနုပ္ပဗန္ဓဝိစ္ဆေဒနတ္ထံ နိရာလာပသလ္လာပေါ အဟောသိ။**

(ခ) **အထဿ မာတာပိတရော တိက္ခတ္တုံ ဝတွာ ပဋိဝစနမ္ပိ အလဘမာနာ သဟာယကေ ပက္ကောသာပေတွာ "ဧသ ဝေါ သဟာယကော ပဗ္ဗဇိတုကာမော၊ နိဝါရေထ နံ"န္တိ အာဟံသု။ တေပိ တံ ဥပသင်္ကမိတွာ တိက္ခတ္တုံ အဝေါစုံ။ တေသမ္ပိ တုဏှီ အဟောသိ။**

(ဂ) တေန ဝုတ္တံ "**အထခေါ** (ပ) **တုဏှီ အဟောသီ**"တိ။

(၄။၁၇၂။ မအ္ဋ၊တ၊ ၁၇။ ဘာသာဋီ၊ဒု၊၂၀၁။)

➤ ၁။ **တုဏှီ**=ဆိတ်ဆိတ် (ဝါ) စကားမဆိုဘဲ။ (နိပါတ်) တုဏှီ=ဆိတ်ဆိတ်နေခြင်း ရှိသည်။ (ဝါ) မမြွက်သံချေ ဆိတ်ဆိတ်နေခြင်းရှိသည်။(တဒ္ဓိတ်) တုဏှီ=စကားမပြောခြင်း ဖြင့် တဖက်သားကို ညှဉ်းဆဲတတ်သည်။ (ကိတ်) အဟောသိ၊ဖြစ်ပြီ။

➤ ၂။ အတုံ့ပြန်၍ မဆိုမူ၍ အဘယ့်ကြောင့် ဆိတ်ဆိတ်နေသနည်း။ စုဒ်ကြောင့် (က) မိန့်။ အနုသန္ဓေကို ပြလို၍ (ခ) မိန့်။

➤ ၃။ (ခ) ပက္ခန္တရ။ ထိုတွင် တေပိ (ပ) အဝေါစုံ-ကား ဝါကျာရမ္ဘ။ ထိုကိုထောက်၍ အထဿ (ပ) အာဟံသု-ကား အာရဒ္ဓဝါကျ။ တေသမ္ပိ တုဏှီ အဟောသိ-ကား ဝါကျာရမ္ဘ။ထို--၍ တေပိ (ပ) အဝေါစုံ-ကား အာရဒ္ဓ။(ဂ) အာဂမဒဋ္ဌီကရဏ။

➤ ၄။ အာဒိမှ လာပေါ အာလာပေါ။ လပန် လာပေါ။ ပဋိလပနံ သလ္လာပေါ။ အာလာပေါစ သလ္လာပေါစ **အာလာပသလ္လာပေါ**။ နတ္ထိ အာလာပသလ္လာပေါ ဧတဿာတိ

http://www.dhammadownload.com



နိရာလာပသလ္လာပေါ။ တေသ သုဒိန္နဿ၊ထိုသုဒိန်အား၊အာလာပသလ္လာပေါ၊အစဉ်ပြောခြင်း။(ဝါ) စ၍ပြောခြင်း ပြန်၍ပြောခြင်းသည်၊နတ္ထိ၊မရှိ။ဣတိ၊ သော သုဒိန္နော၊ နိရာလာပသလ္လာပေါ။ နိပုဒ်+အာလာပသလ္လာပပုဒ်+တေပုဒ်။ နိ အာလာပသလ္လာပ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား အစဉ်ပြောခြင်း၊ (ဝါ) စ၍ပြောခြင်း ပြန်၍ပြောခြင်း၏ မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ ယင်း၏ ရှင်သုဒိန်ဖြစ်နှင့် ဂုဏ်ဂုဏေး စပ် ဌာနူ။ တေ-အညပုဒ်အရ ထို--သော ရှင်သုဒိန်ဖြစ် ရ၏။

➤ ၅။ တုဏှီ-ကား နိပါတ်ပုဒ်။ (တစ်နည်း) တုဏှပုဒ်+ဤပစ္စည်း၊ အဿတ္ထိ တဒ္ဓိတ်။ (တစ်နည်း) တုဟဓာတ်+ဏီပစ္စည်း၊ ဟ-နှင့် ဏ အက္ခရာရှေ့နောက်ပြန်၍ တုဏှီ ဟု ပြီးသည်။

➤ ၆။ (က) ၌ နိရာလာပ သလ္လာပေါ-ဖြင့် တုဏှီ-သဒ္ဒါသည် အဘာဝသနတ္ထ နိပါတ်တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ) [တစ်နည်း] နိရာလာပ သလ္လာပေါ-ဖြင့် တုဏှီ-ပုဒ်ကို တုဏှော မောနံ တေသ အတ္ထီတိ တုဏှီ-ဟု အဿတ္ထိ တဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဤပစ္စည်း၏ အဿတ္ထိအနက်၌သက်--ရင်း (ပစ္စယတ္ထ) သိစေပါသည်။ (တစ်နည်း) နိရာလာပ သလ္လာပေါ-ဖြင့် တုဏှီ-ပုဒ်ကို တောဟတီတိ တုဏှီ-ဟု ကတ္တုသာဓနေ ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏီပစ္စည်း၏ ကတ္တုသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

➤ ၇။ တုဏှီ/တုဏှီ ။ ။ တုဟ အဒနေ၊ ဏှပစ္စယော, ဟလောပေါစ၊ တုဏှော မောနမေတဿတ္ထီတိ တုဏှီ၊ တောဟတီတိ တုဏှီ၊ တုဟ အဒနေ၊ အဒနံ ဟိံသာ၊ ဏီပစ္စယော-ဟူသော အဘိဓာန်ဋီကာကို ထောက်၍ တုဟဓာတ် ဏီပစ္စည်းဖြင့်ပြီးသော ကြောင့် တုဏှီ ပါဠိသာ သင့်ပါသည်။

ထေဂျောထေဂျောထေဂျောထေဂျော

## ပါဠိ [၁၄]

(က) မာစန္ဒာတိ တုဏှော။ (ခ) ဥဒဓစ္ဆိါတိ ပီတိဝသေန အဗ္ဘုန္နတကာယစိတ္တော။

(ဂ) ကတိပါဟန္တိ ကတိပယာနိ ဒိဝသာနိ။ (ဃ) ဗလံ ဂါဟေတွာတိ ကာယဗလံ ဇနေတွာ။ (၃၊၁၇၂/၃။ မအူ၊တ၊၁၈။ ဘာသာဋီ၊ ဒု၊၂၀၂။)

➤ ၂။ (ဂ) ၌ / လည်းယင်း၌တွေ့ရသည် ။ ။ ဆရာ၊ ဥပါလိမထေရ်သည် ကတိပါဟံ-ဟု ဆွောက်၏။ ယင်း ကတိပါဟံပုဒ်ကို ကတီနိ အဟာနိ ယဿာတိ ကတိပါဟံ-ဟု ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြုရမည်လော။ ယင်းပုဒ်ကို အဘာယ်သမာသ် ဝစနတ္ထပြုရမည်နည်း စုဒ်ကြောင့် (ဂ) မိန့်။

➤ ၃။ ဥဂ္ဂတမဂ္ဂမဿာတိ ဥဒဂ္ဂေါ၊ အဿ သုဒိန္နဿ၊ထိုသုဒိန်အား၊ဥဂ္ဂတံ၊ပီတိ၏ အစွမ်းဖြင့် အထက်သို့တက်သော၊အဂ္ဂံ၊ကိုယ်စိတ်သည်၊အတ္ထိ၊၏၊ဣတိ၊ သော၊ ဥဒဂ္ဂေါ။

http://www.dhammadownload.com



ဥပုဒ်+အဂ္ဂပုဒ်+တပုဒ်၊ တဂ္ဂုဏသံဝိညာဏ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်၊ ဥ အဂ္ဂ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ပီတိ၏အစွမ်းဖြင့် အထက်သို့တက်သော ကိုယ်စိတ်သည် မုချ။ ယင်း၏ သုဒိန်ဖြစ်နှင့် ဌာနီ-ဌာန စပ် ဌာနူ။ တ-အညပုဒ်အရ ထို--သော ပီတိ၏ အစွမ်းဖြင့် အထက်သို့တက်သော ကိုယ်စိတ်ရှိသော သုဒိန်ဖြစ် ရ၏။

ဥဒတီတိ ဥဒေါ၊ ဂစ္ဆတီတိ ဂေါ၊ (အစိတ်) ဥဒေါ ဟုတွာ ဂေါ ဥဒဂ္ဂေါ။ ဥဒေါ၊ဝမ်းမြောက်သည်။ဟုတွာ၊ဖြစ်၍။ဂေါ၊ဖြစ်တတ်သည်တည်း။ ဥဒပုဒ်+ဂပုဒ်။ သမ္ဘာဝနာ ကမ္မဓာရည်းသမာသ်။ ဥဒ-ဟူသော ဝိသေသနပုဒ်အရကား ဝမ်းမြောက်ခြင်း ဥဒဂ္ဂသော ဂုဏ်သည် မုချ။ ယင်း၏ သုဒိန်ဖြစ်နှင့် ဂုဏ် ဂုဏေး စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ဝမ်းမြောက်သည်ဖြစ်၍ဖြစ်သော သုဒိန်ဖြစ်ရ၏။

ကတိနိ အဟာနိ ကတိပါဟံ။ ကတိနိ၊အနည်းငယ်မျှလောက်ကုန်သော။(ဝါ) နှစ်ရက် သုံးရက်လောက်ကုန်သော။အဟာနိ၊ရက်တို့တည်း။ကတိပုဒ်+အဟပုဒ်၊ဒိဂုသမာသ်။

ကတိ-ဟူသော ဝိသေသနပုဒ်အရကား အနည်းငယ်မျှသော သင်္ချာဘောဂုဏ် (ဝါ) နှစ်ရက် သုံးရက်-စသော သင်္ချာဘောဂုဏ်သည် မုချ။ ယင်း၏ နေ့ရက်တို့ဖြစ်နှင့် သင်္ချာ သင်္ချေယျ/ဂုဏ်-ဂုဏေး စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော အနည်းငယ်မျှသော ရက်၊ (ဝါ) နှစ်ရက် သုံးရက် ရ၏။

အဿူနိ မုခေ ဧတဿာတိ **အဿုမုခေါ**။ (တံ) ဧတဿ ဉာတိပရိဝဋ္ဋဿ၊ထိုဆွေမျိုး အဆက်၏။မုခေ၊မျက်နှာ၌။အဿူနိ၊မျက်ရည်တို့သည်။သန္တိ၊ရှိကုန်၏။ဣတိ၊ သော ဉာတိ ပရိဝဋ္ဋော၊ အဿုမုခေါ။ ဘိန္နာဓိကရဏ ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ်။ အဿုမုခ-ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား မျက်နှာ၌ရှိသော မျက်ရည်သည် မုချ။ ယင်း၏ ဆွေမျိုး အဆက်ဖြစ်နှင့် ဌာနီ ဌာန စပ် ဌာနူ။ ဧတ-အရ ထို--သော ဆွေမျိုးအဆက် ရ၏။

ဗလဉ္စ ဇီဝိတံ ကပ္ပေန္တိ ဧတေနာတိ **ဗလံ**။ (ဧတေန၊ဤကာယဗလဖြင့်။ဗလဉ္စ ဇီဝိတံ ကပ္ပေန္တိ၊အသက်မွေးတတ်ကုန်၏။ဣတိ၊ တံ၊ ဗလံ။ ကရဏသာဓန၊ ဗလဓာတ်+ အပစ္စည်း။ ဗလဓာတ်-အရ ကတ္တုဒြူကြိယာကား အသက်ရှင်သော သတ္တဝါတို့၏ ရုပ်ဇီဝိတ နာမ် ဇီဝိတပြဌာန်းသော ရုပ်နာမ်ခန္ဓာသည် မုချ။ ကရဏတ္ထအရ ထို-အားတပ်သော ဝါယော ဓာတ်ဟူသော ဗလရုပ် (ဝါ) ခွန်အား၏ သုတ္တန်နည်း ပကတူပနိဿယသတ္တိ (ဝါ) ဥပ နိဿယကောဋ္ဌိသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော ဝါယောဓာတ်ဟူသော ဗလရုပ် (ဝါ) ခွန်အားဖြစ်ရ၏။

➤ ၆။ (က) ၌ တုဋ္ဌော-ဖြင့် ဟဋ္ဌော-ကား တုဋ္ဌော-သဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ခ) ဖြင့် ဥဒဂ္ဂပုဒ်ကို ဥဂ္ဂတမဂ္ဂမဿာတိ ဥဒဂ္ဂေါ-ဟု ဝစနတ္ထပြ၍ ဥဒဂ္ဂ-အရ ပီတိ ၏ အစွမ်းဖြင့် တက်ကြွသော ကိုယ်စိတ်ရှိသော သုဒိန်ကိုယူရမည်ဟု သိစေပါသည်။

http://www.dhammadownload.com



(အဘိဓေယျတ္ထ) [တစ်နည်း] (ခ) ဖြင့် ဥဒဂ္ဂေါပုဒ်ကို ဥဒတီတိ ဥဒေါ၊ ဥဒေါ ဟုတွာ ဂစ္ဆတီတိ ဥဒဂ္ဂေါ။ (သို့မဟုတ်) ဂစ္ဆတီတိ ဂေါ၊ ဥဒေါ ဟုတွာ ဂေါ ဥဒဂ္ဂေါ-ဟု ဝစနတ္ထ ပြု၍ ဥဒဂ္ဂ-အရ ပီတိ၏ အစွမ်းဖြင့် တက်ကြွသော ကိုယ်စိတ်ရှိသော သုဒိန်ကိုယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဂ) ၌ ကတိပယာနိ ဒိဝသာနိ-ဖြင့် ကတိပါဟံ-၌ ကတိ-သဒ္ဒါ၏ ကတိပယအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) [တစ်နည်း] ကတိ-သဒ္ဒါ၏ ကတိပယ-သဒ္ဒါ၏ ပရိယာယ်၏-ရင်း (အဘိဓေယျတ္ထ) အဟ-သဒ္ဒါ၏ နေ့ရက်ဟူသော ဒိဝသအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) [တစ်နည်း] အဟ-သဒ္ဒါ၏ ဒိဝသ-သဒ္ဒါ၏ ပရိယာယ်၏--ရင်း (အဘိဓေယျတ္ထ) ကတိနှင့် အဟ-ကို ကတီနိ အဟာနိ ကတိပါဟံ-ဟု ဒိဂုသမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

(ဃ) ၌ ကာယဗလံ ဇနေတွာ-ဖြင့် အားကိုယူခြင်းမည်သည် ကာယဗလ=ကိုယ်အားကို ဖြစ်စေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) [တစ်နည်း] ကာယဗလံ ဇနေတွာ-ဖြင့် ဗလ-အရ ဉာဏဗလ-ကို မယူရ ကာယဗလကို ယူ--ရင်း (အဘိဓေယျတ္ထ) အားကို ယူခြင်းဟူသည် အားကိုဖြစ်စေခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိ။

➤ ၇။ **ဓိနုဒတ္တိယံ/ဓိနုဓိန္နံ** ။ ။ သမာသ်၌ သတ္တ-စသော သဒ္ဒါနောင် ဒိန္န-သဒ္ဒါကို အမြဲ ဒတ္တိယပြုရမည့် သဒ္ဒါစည်းကမ်းအရ ဇိနေန ဒိန္နံ-ဟု သမာသ်တွဲစပ်၍ ဒိန္န-သဒ္ဒါကို ဒတ္တိယပြုရသောကြောင့် ဇိနဒတ္တိယ-ပါဌ်သာ သင့်ပါသည်။

**ဗလံ ဂဟေတွာ/ဂါဟေတွာ** ။ ။ သုဒိန်ကိုယ်တိုင် အားရှိအောင် အားမွေးခြင်းဖြစ်၍ သူတစ်ပါးက အားမွေးစေခြင်း မဟုတ်သောကြောင့် ဂဟေတွာ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ ဗလံ-ကား အပေါင်းဖြစ်သော ကာယဗလ စိတ္တဗလ-တို့၏ "ဗလံ"ဟူသော အမည်ကို အစိတ်ဖြစ်သော ကာယဗလ-၌တင်-- ဧကဒေသူပစာ၊ နေယျတ္ထ၊ရုဠ္ဌီနည်း။

**ပါဠိ [၁၅]**

(က) ဝတ္ထုံ ပန ဌတွာ သဗ္ဗအင်္ဂကဏ္ဍာသု ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ ကထိတာ၊

(ခ) မယံ ပန ယထာဝုတ္တပါဠိဝသေနေဝ ခန္ဓကေ ကထယိဿာမ။

(ဂ) န ကေဝလဉ္စေတံ၊ အညမ္ပိ ယံ ခန္ဓကေ ဝါ ပရိဝါရေ ဝါ ကတ္တဗ္ဗံ အဋ္ဌကထာ စရိယေဟိ ဝိဘင်္ဂေ ကထိတံ၊ တံ သဗ္ဗံ တတ္ထ တတ္ထေဝ ကထယိဿာမ။

(ဃ) ဧဝဉှိ ကထိယမာနေ ပါဠိက္ကမေနေဝ ဝဏ္ဏနာ ကတာ ဟောတိ၊ တတော တေန တေန ဝိနိစ္ဆယေန အတ္ထိကာနံ ပါဠိက္ကမေနေဝ ဣမံ ဝိနယသံဝဏ္ဏနံ ဩလောကေတွာ သော သော ဝိနိစ္ဆယော သုဝိညေယျော ဘဝိဿတီတိ။

(၄၊၁၇၃။ မဇ္ဈ၊တ၊၂၀။ ဘာသာဋီ၊ဒု၊ ၂၀၃။)

http://www.dhammadownload.com



➢ ၂။ (ခ) သို့/ **မှတ်ရေတာဘောထယ္တူ့ ဓောနရာ** ။ ။ ဆရာသည် (က) ဖြင့် အလတ္တံ့ ခေါ် စသော စကားရပ်၌ ရပ်တန့်၍ ခပ်သိမ်းသော အဋ္ဌကထာတို့၌ ပဗ္ဗဇ္ဇ ဥပသမ္ပဒ အဆုံးအဖြတ်ကို ဆိုအပ်သည်၏အဖြစ်ကို ဖွင့်ပြတော်မူ၏။ အကယ်၍ ဤအရာ၌ ရပ်တန့်၍ ခပ်သိမ်းသော အဋ္ဌကထာဆရာတို့၌ ပဗ္ဗဇ္ဇ ဥပသမ္ပဒ အဆုံးအဖြတ်ကို ဆိုအပ်သည် ဖြစ်ငြားအံ့၊ ခပ်သိမ်းသော အဋ္ဌကထာဆရာတို့ကဲ့သို့ ဆရာသည်လည်း အဋ္ဌကထာဆရာ တစ်ဦးပင် ဖြစ်သောကြောင့် ပဗ္ဗဇ္ဇ ဥပသမ္ပဒ အဆုံးအဖြတ်ကို ဆရာသည်လည်း ဤ၌ ဆိုသင့်သည် မဟုတ်ပါလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်

**ကား--** ခပ်သိမ်းသော အဋ္ဌကထာဆရာတို့ကဲ့သို့ ပဗ္ဗဇ္ဇ ဥပသမ္ပဒ အဆုံးအဖြတ်ကို ငါသည်လည်း ဤ၌ ဆိုသင့်ဆိုငြားသော်လည်း ငါတို့သည် အကြင် အကြင်တည်တိုင်းသော ပါဠိ၏အစွမ်းဖြင့်သာ ပဗ္ဗဇ္ဇ ဥပသမ္ပဒကို ခန္ဓက ကျမှ ဆိုပါကုန်အံ့ဟူလို။

(ခ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် (ပ) အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ မိမိသည် ပဗ္ဗဇ္ဇ ဥပသမ္ပဒ အဆုံးအဖြတ်ကို သံဝဏ္ဏေတဗ္ဗပါဠိအားလျော်စွာ ခန္ဓကကျမှ ဖွင့်အပ် သည်၏အဖြစ်ကို (ဝါ) ခန္ဓကကျမှ ဖွင့်ပေအံ့ ဆိုပေအံ့ဟူသော ပဋိညာဉ်ကို ပြခြင်းငှာ (ခ) မိန့်။

(ဂ) သို့/ **ဓောနရာ** ။ ။ ဆရာသည် (ခ) ဖြင့် အကြင် အကြင် တည်တိုင်းသော ပါဠိ၏အစွမ်းဖြင့် ပဗ္ဗဇ္ဇ ဥပသမ္ပဒ အဆုံးအဖြတ်ကို ခန္ဓက၌ ဆိုပေအံ့ဟု ဖွင့်ဆို၏။ ခန္ဓက ၌ ပဗ္ဗဇ္ဇ ဥပသမ္ပဒ အဆုံးအဖြတ်ကိုသာ တည်တိုင်းသော ပါဠိ၏အစွမ်းဖြင့် ဆိုကုန်အံ့ လော။[အညမ္ပိ-၌ အပိ-ကြောင့်] ၎င်း စကားအလုံးစုံကို ဝိဘင်း၌လည်း ဆိုကုန်အံ့လော။ [တတ္ထ တတ္ထေဝ-၌ ဧဝ-ကြောင့်] ခန္ဓက ပရိဝါ၌ ဆိုသင့်လျက် အဋ္ဌကထာဆရာတို့ ဝိဘင်း ၌ဆိုသော စကားအလုံးစုံကို အဘယ်၌ ဆရာတို့ ဆိုကုန်အံ့နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား --** ၎င်းစကားအလုံးစုံကို ဝိဘင်း၌ ဆိုကုန်ငြားသော်လည်း ထိုအလုံးစုံကို ထိုထို ခန္ဓက ပရိဝါ၌သာလျှင် ဆိုကုန်အံ့ဟူလို။

(ဃ) သို့/ **ဓောနရာ** ။ ။ ဆရာသည် (ခ-ဂ) တို့ဖြင့် ပဗ္ဗဇ္ဇ ဥပသမ္ပဒ-စသော အဆုံး အဖြတ်များကို အကြင်အကြင်တည်တိုင်းသော ပါဠိ၏အစွမ်းဖြင့် ခန္ဓက ပရိဝါ၌ ဆိုအပ် သည်၏အဖြစ်ကို ဖွင့်ပြတော်မူ၏။ ယင်းသို့ ဆိုအပ်သည်ရှိသော် အဘယ်ဂုဏ် အကျိုးရှိ ပါသနည်း။ (ဝါ) ရအပ်သော အကျိုးထူး ဝိသေသကား အဘယ်ပါနည်း။ အကျိုးမရ နိရတ္ထကဖြစ်က ဆရာ မဆိုထိုက်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဃ) မိန့်။

**ကား--** ဤသို့ ဆိုအပ်သည်ရှိသော် ပါဠိအစဉ်ဖြင့်သာလျှင် ဤဝိနည်းကို ဖွင့်ကြောင်း ဖြစ်သော အဋ္ဌကထာကိုကြည့်၍ ထိုထိုအဆုံးအဖြတ်သည် လွယ်သဖြင့် သိအပ်သည် ဖြစ်လတ့်၊ ဤသို့ ရအပ်သော အကျိုးထူး ဝိသေသ ရှိပါ၏ဟူလို။

➢ ၃။ (က) ဝါကျာရမ္ဘ။ (ခ) အလုံးစုံသော အဋ္ဌကထာဆရာတို့ထက် ပဗ္ဗဇ္ဇ

http://www.dhammadownload.com



ဥပသမ္ပဒ အဆုံးအဖြတ်ကို ခန္ဓကဌ် ထူးခြားစွာဆိုသောကြောင့် ဝိသေသဝါကျ။/ဝါကျာ ရမ္ဘဝါကျ။ (ဂ) ၌ န ကေဝလံ-စသည်ကား ဗျတိရေက။ အညမ္ပိ စသည် အနွယဝါကျ။ ယံ-စသည် အနိယမ။ တံ သဗ္ဗံ စသည် နိယမ။ နိယမ အနိယမ အစုံရှိသောကြောင့် (ဂ) ကား ဥတ္တမဝါကျ။ (ဃ) ရအပ်သော အကျိုးထူး ဝိသေသကို ပြသောကြောင့် လဒ္ဓဂုဏ/ ကာရဏဝါကျ။

➤ ၄။ ခန္ဓာနံ သမူဟော **ခန္ဓကော**။ ခန္ဓ တဒ္ဓိတ်ပုဒ်အရ ပဗ္ဗဇ္ဇ ဥပသမ္ပဒ-စသော ဝိနည်းပညတ်သည် မုချ။ ထို--၏ အပေါင်းနှင့် သမူဟီ-သမူဟ စပ် ဌာန္။ ကဏ်ပစ္စည်း အရ ထို--သော ပဗ္ဗဇ္ဇ ဥပသမ္ပဒ-စသော ဝိနည်းပညတ် အပေါင်းရ၏။

ခန္ဓာနံ ကော **ခန္ဓကော**။ (ယောဇနာ) ခန္ဓာနံတို့ကို။ကော။ပြရာပြကြောင်းဖြစ်သော ပါဠိတည်း။ ဆဋ္ဌီတပ္ပုရိသ်။ ခန္ဓ-အရ ပဗ္ဗဇ္ဇ ဥပသမ္ပဒ-စသော ဝိနည်းပညတ်သည် မုချ။ ထို-၏ ပြရာပြကြောင်း ပါဠိနှင့် ဝါစ္စ ဝါစက စပ် ဌာန္။ ပုဒ်လုံးအရ ထို--သော ပဗ္ဗဇ္ဇ ဥပသမ္ပဒ-စသော ဝိနည်းပညတ်တို့ကို ပြရာပြကြောင်း ပါဠိရ၏။

သိဿာနံ ဟိတံ အာစရတီတိ **အာစရိယော**။ အတ္တော ကထိယတိ ဧတာယာတိ **အဋ္ဌကထာ**။ အဋ္ဌကထာယ ကတ္တာရော အာစရိယာ **အဋ္ဌကထာစရိယာ**။

အဋ္ဌကထာ-အရ အနက်ကိုဖွင့်ပြရာ ဖွင့်ပြကြောင်းဖြစ်သော သံဝဏ္ဏနာကျမ်းသည် မုချ။ ထို--၏ ဆရာနှင့် နိပ္ဖာဒေတဗ္ဗ နိပ္ဖာဒက စပ် ဌာန္။ ပုဒ်လုံးအရ အဋ္ဌကထာဆရာ ရ၏။ * ဝိနိစ္ဆိယတေတိ **ဝိနိစ္ဆယော**။ ဝိ-နိ-စိဓာတ်အရ ကတ္တုဌကား ဆုံးဖြတ်အပ်သော အနက်ကို အာရုံပြု၍ ဆုံးဖြတ်သော အခြင်းအရာအားဖြင့်ဖြစ်သော သတိ ဝီရိယ ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဌကား ဆုံးဖြတ်အပ်သော အနက်၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရ ထို--သော ဆုံးဖြတ်အပ်သော အနက်ဒြဗ် ရ၏။

အတ္တော ဧတေသံ အတ္ထီတိ **အတ္ထိကာ**။ အတ္ထ တဒ္ဓိတ်အရ အလိုဆန္ဒသည် မုချ။ ထို--၏ အလိုရှိသော ပုဂ္ဂိုလ်နှင့် နိဿိတ-နိဿ္ဂ စပ် ဌာန္။ ဣကပစ္စည်းအရ ထို--သော အလိုရှိသော ပုဂ္ဂိုလ် ရ၏။ * ဥပရိ သမ္ပဒါ ဥပသမ္ပဒါ။

➤ ၅။ **ပါဠိဏ္ဍကမေနေဝ/ပါဠိအကမေနေဝ** ။ ။ ဣ ရဿနောင် ရောက်သော ကမုဓာတ် ၏ အာဒိဗျည်းသည် ဒွေဘော်ဌာနဖြစ်သောကြောင့် ပါဠိက္ကမေနေဝ-ပါဌ် သင့်ပါသည်။

**ဥပသမ္ပဒေဘော/ဥပသမ္ပဒါတော** ။ တောပစ္စည်းနှောင်းရာ၌ ရဿပြုရသောကြောင့် ဥပသမ္ပဒတော-ပါဌ်သာ သင့်ပါသည်။ [ဓေတ္တစ ကွစာဒိ မဇ္ဈတ္တရာနံ ဒီဃရဿာ ပစ္စယေသုစာတိ တောပစ္စယေ ရဿတ္တံ။] (ရှု)

➤ ၆။ **ဝိနယသံဝဏ္ဏနံ**-ကား သုတ္တန်စသည်နှင့် ဆက်ဆံသဖြင့် မမှတ်မူ၍ သုတ္တန် စသည်နှင့် မဆက်ဆံသော ဝိနည်းစသည်ဖြင့် မှတ်၍ဆိုသောကြောင့် အသာဓာရဏနည်း

**ဝိဘင်္ဂ ဿဘိတံ**-ကား ဌာနီဖြစ်သော ပဒဘာဇနီ၏ "ဝိဘင်္ဂ"ဟူသောအမည်ကို ဌာနဖြစ်

http://www.dhammadownload.com



သော ထိုပဒဘာဇနီကို ပြဆိုသောကျမ်း၌တင်-- ဌာနျူပစာ၊ အဝိနာဘာဝနည်း။

➤ ၁၀။ ကထိတံ-၌ ဓာတ်အရ သတိ ဝီရိယပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်။

**ဟိကျ [၁၆]**

(က) **အစိရူပသမ္ပန္နောတိ** အာစိရံ ဥပသမ္ပန္နော ဟုတွာ။ (ခ) ဥပသမ္ပဒကာလတော န စိရကာလေယေဝါတိ ဝုတ္တံ ဟောတိ။ (ဂ) **စေရှမေတိ** ဖံပိမေ ဖပ်ဓာတီကော။ (ဃ) **ခုတဂုဏောတိ** ကိလေသနိဒ္ဒုနကေ ဂုဏေ။ (င) **သမာဒါယ ဝတ္တတီတိ** သမာဒိယိတွာ ဂဏှိတွာ ဝတ္တတိ စရတိ ပိတာရတိ။

(ဋ၁၇၃။ မအ္ဂျ၁၂၁။ ဘာသာဋီ၁၃၊ ၂၀၄။)

➤ ၁။ **အစိရူပသမ္ပန္နော**-မကြာမြင့်သော အခါ၌ (မကြာမြင့်မီက) မြင့်မြတ်သော ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်သော။[အာယသ္မာ သုဒိန္နော-၌ ဝိသေသန စပ်]

မကြာမြင့်သော အခါ၌ (မကြာမြင့်မီက) မြင့်မြတ်သော ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်သည်။ [ဟုတွာ-၌စပ်] (သဒ္ဒတ္ထ)

**အစိရူပသမ္ပန္နော**-မြင့်မြတ်သော ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်သည်မှ မကြာမြင့်မီ။ (ဝတ္တတိ-၌ စပ်၊ အဓိပ္ပါယတ္ထ)

➤ ၂။ (က) သို့/ ဆရာ၊ ဥပါလိမထေရ်သည် အစိရူပသမ္ပန္နော-ဟု ဟောက်၏။ အစိရူပသမ္ပန္နောပုဒ်ကို န စိရူပသမ္ပန္နော-ဟု မိဿကတပ္ပုရိသ်(ဝါ)ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရပါမည်လော။ အစိရူပသမ္ပန္နော-၌ ပဌမာဝိဘတ်သည် လိင်္ဂတ္ထ၌ပင် သက်ပါသလော။ အဘာယ်သမာသ် ဝစနတ္ထ ပြုရပါမည်နည်း၊ ပဌမာဝိဘတ်သည် အဘာယ်အနက်၌ သက်ပါသနည်း။ စုဒ်ကြောင့် (က) မိန့်။

(ခ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ဃ) ဖြင့် ခုတဂုဏောပုဒ်ကို ကိလေသေ ခုနန္တိ နိဒ္ဒုနန္တီတိ ခုတာ၊ ခုတာစ တေ ဂုဏာစာတိ ခုတဂုဏာ-ဟု ဝစနတ္ထကို ပြပြီး၍၊ ယခုအခါ၌ သမာဒါယ-၌ ယ-သဒ္ဒါသည် တွာပစ္စည်း၏ ကာရိယတည်း၊ သံရှေ့ အာရှေ့ရှိသော ဒါ-ဓာတ်သည်လည်း ဂဟဏအနက်၌ဖြစ်၏၊ ဝတုဓာတ်သည်လည်း စရဏအနက်၌ဖြစ်၏၊ ခုတင်ကျေးဇူးတို့ကိုယူ၍ ကျင့်ခြင်းဟူသည်လည်း ယင်းတို့ကိုယူ၍ နေခြင်းပင်တည်း၊ ဤအလုံးစုံကို ပြခြင်းငှာ (င) မိန့်။

(ဂ) သို့/ ဆရာသည် (ဃ) ဖြင့် ခုတဂုဏောပုဒ်ကို ကိလေသေ ခုနန္တိ နိဒ္ဒုနန္တီတိ ခုတာ၊ ခုတာစ တေ ဂုဏာစာတိ ခုတဂုဏာ-ဟု ဝစနတ္ထကို ဖွင့်ပြတော်မူ၏။ သမာဒါယ ၌ ယ-သည် အဘာယ်၏ ကာရိယ ဖြစ်ပါသနည်း။ သံ-အာ ရှေ့ရှိသော ဒါဓာတ်သည် အဘာယ်အနက်၌ ဖြစ်ပါသနည်း၊ ဝတ္တတိ-၌ ဝတုဓာတ်သည် အဘာယ်အနက်၌ ဖြစ်ပါသနည်း၊ ယ-သည် နာ-စသော ဓေဝုစ်ဝိဘတ် ငါးလုံးတို့၏ ကာရိယဖြစ်ပါသလော။ ဒါ

http://www.dhammadownload.com



စာတ်သည် ပေးခြင်းအနက်၌ ဖြစ်ပါသလော။ ဝတုစာတ်သည် ဖြစ်ခြင်းအနက်၌ ဖြစ်ပါသလော။ စုဒ်ကြောင့် (င) မိန့်။

ကား-- ယ-သည် တွာပစ္စည်း၏ ကာရိယဖြစ်၍ ဒါစာတ်သည် ဂဟဏတ္ထဖြစ်လျက် ဝတုစာတ်သည် စရဏတ္ထ၌ ဖြစ်၏ဟူလို။

➤ ၃။ (ခ) ပဒပိဏ္ဍတ္ထ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။ (ဂ-ယ-င) ပကတ္တရ။

➤ ၄။ အစိရံ ဥပသမ္ပန္နော **အစိရူပသမ္ပန္နော**။ (အစိရံ၊မကြာမြင့်သော အချိန်ကာလ၌။ (ဝါ) မကြာသေးမီက။ဥပသမ္ပန္နော၊မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော သူတည်း။) အစိရပုဒ်၊ ဥပသမ္ပန္နပုဒ်၊ သတ္တမျတ္ထ ဒုတိယ တပ္ပုရိသ်သမာသ်။ အစိရပုဒ်အရကား မကြာမြင့်သော အချိန်ကာလ (ဝါ) မကြာသေးမီ အချိန်ကာလသည် မုချ။ ယင်း၏ သုဒ္ဓိနိဒြပ်နှင့် ကာလ-ကာလဝန္တ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော မကြာမြင့်သော အချိန်ကာလ၌ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော သုဒ္ဓိနိဒြပ် ရ၏။

ထိုသို့ပင်ရငြားသော်လည်း ဝိသေသန (ဝါ) ကြိယာဝိသေသနတို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောသောကြောင့် မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်ပြီးသည်မှ မကြာမြင့်သော အချိန်ကာလ ရ၏။

ကိလေသေ ဓုနန္တိ နိဒ္ဓုနန္တီတိ **ဓုတာ**။ (ယေ ဂုဏာ၊အကြင် အကျင့်ဂုဏ်တို့သည်။ ကိလေသေ၊ကိလေသာတို့ကို။ဓုနန္တိ နိဒ္ဓုနန္တိ၊ခါတွက်တတ်ကုန်၏။ဣတိ၊ တေ ဂုဏာ၊ဓုတာ။ ကတ္တုသာဓနေ၊ ဓုစာတ်+တပစ္စည်း။ ဓုစာတ်အရကား ကိလေသာတို့ကို ခါတွက်တတ်သော အရညကင်ဓုတင်စသော အကျင့်၏ ဥပါဒ်သည် မုချ။ တ-ပစ္စည်းအရကား ဥပ္ပါဒဝန္တဖြစ်သော ကိလေသာတို့ကို ခါတွက်တတ်သော အရညကင်ဓုတင်စသော အကျင့်ရ၏။

ဓုတာစ တေ ဂုဏာစာတိ **ဓုတဂုဏာ**။ (ဓုတာစ၊ကိလေသာတို့ကို ခါတွက်တတ်ကုန်သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။တေ၊တို့ဟူသည်။ဂုဏာစ၊အကျင့်ဂုဏ်တို့သည်လည်း။ ဟောန္တိ၊ကုန်၏။) ဓုတပုဒ်+ဂုဏပုဒ်၊ ကမ္မဓာရယ်သမာသ်။ ဓုတ-အရကား ကိလေသာတို့ကို ခါတွက်ခြင်း ဓုတဘောဂုဏ်သည် မုချ။ ယင်း၏ အကျင့်ဂုဏ်ဒြပ်နှင့် ဂုဏ်-ဂုဏီ စပ် ဌာနူ။ပုဒ်လုံးအရ ထို-သော ကိလေသာတို့ကို ခါတွက်တတ်သော အကျင့်ဂုဏ်တို့ရ၏။

➤ ၆။ (က) ၌ အစိရံ ဥပသမ္ပန္နော-ဖြင့် အစိရူပသမ္ပန္နောပုဒ်ကို န စိရူပသမ္ပန္နော ဟု မိဿကတပ္ပုရိသ် (ဝါ) ကမ္မဓာရယ်သမာသ် ဝစနတ္ထ မပြုရ၊ အစိရံ ဥပသမ္ပန္နော အစိရူပသမ္ပန္နော-ဟု သတ္တမျတ္ထ ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂပဒတ္ထ) ဟုတ္ဂာ-ဖြင့် အစိရူပသမ္ပန္နော-၌ ပဌမာဝိဘတ်သည် လိင်္ဂတ္ထ၌ မသက်၊ ကြိယာ ဝိသေသနတ္ထ၌ သက်သတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

(တစ်နည်း) ဟုတ္ဂာ-ဖြင့် အစိရူပသမ္ပန္နောပုဒ်ကို ဟုတွာ ပါဌသေသ၌ စပ်ရမည်ဟု သိစေပါသည်။ (သမ္ဗန္ဓ) (ခ) ဖြင့် အစိရပုဒ်ကို န စိရံ အစိရံ-ဟု မိဿက တပ္ပုရိသ်

http://www.dhammadownload.com



သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) အစိရံ-၌ ဒုတိယာဝိဘတ်သည် ကမ္မတ္ထ၌ မသက်၊ သတ္တမျတ္ထ၌ သက်--ရင်း (ဝိဘတျတ္ထ) မကြာမြင့်သောအခါ မြင့်မြတ်သော ပဋ္ဌင်း အဖြစ်သို့ ရောက်၏ဟူသည် မြင့်မြတ်သော ရဟန်းပဋ္ဌင်းဖြစ်ပြီးသည်မှ မကြာမီ အချိန် တည်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ ဝေံဝိဓေ-ဖြင့် ဝေရူပေ-၌ ဝေ-ကား ဝေနိပါတ် မဟုတ်၊ ဝေံနိပါတ်၏--ရင်း (နိပါတလိင်္ဂပဒ) နိဂ္ဂဟီတလောပ၏--ရင်း (သန္ဓိလိင်္ဂပဒ) ရူပ-သဒ္ဒါသည် ခန္ဓ, ဘဝ-စသော အနက်တို့ကို မဟော၊ အထူးထူးအနက် (ဝိဝိဓအနက်)ဟောသည်၏--ရင်း (နာမ လိင်္ဂတ္ထ) သိစေပါသည်။ ဝေံဇာတိကေ-ဖြင့် ဝေံဝိဓေ-၌ ဝိဓ-သဒ္ဒါသည် ပကာရအနက်ကို မဟော၊ ဇာတိ (ဝါ) သဘာဝအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

(ဃ) ဖြင့် ခုတ-ပုဒ်ကို ခုနန္တိ နိဒ္ဒုနန္တိတိ ခုတာ-ဟု ကတ္တုသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) တပစ္စည်း၏ ကတ္တုသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ခါတွက်၏ဟူသည် ကိလေသာတို့ကို ခါတွက်သတည်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) ခုတနှင့် ဂုဏ ပုဒ်ကို ဒွန်သမာသ် ဝစနတ္ထ မပြုရ၊ ခုတာစ တေ ဂုဏာစာတိ ခုတဂုဏာ-ဟု ကမ္မ ဓာရယ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(င) ၌ သမာဒိယိတွာ-ဖြင့် သမာဒါယ-၌ ယ-သဒ္ဒါသည် သဝိဘတ်၏ ကာရိယ မဟုတ်၊ တွာပစ္စည်း၏ ကာရိယတည်းဟု သိစေပါသည်။ (ဒု-ပစ္စယပဒ)

ဂဏှိတွာ-ဖြင့် သမာဒိယိတွာ-၌ အာဥပသာရ၏ ဓာတွတ္ထဗာဓကေ၏--ရင်း (ဥပသဂ္ဂ လိင်္ဂတ္ထ) ဒါဓာတ်၏ ဂဟဏတ္ထကိုဟော--ရင်း (ဒု-ဓာတွတ္ထ) သံသဒ္ဒါ အနက်မရှိသည်၏ --ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။ စရတိ-ဖြင့် ဝတ္တတိ-၌ ဝတုဓာတ်သည် ပြောဆို ခြင်း (ဘာသာ) အနက်ကို မဟော၊ ဖြစ်ခြင်း (ဝါ) ကျင့်ခြင်း (စရဏ) အနက်ကို ဟော သတည်းဟု သိစေပါသည်။ (ဓာတွတ္ထ) ဝိဟရတိ-ဖြင့် ခုတင်အကျင့်ကိုယူ၍ ကျင့်၏ဟူ သည် နေထိုင်ခြင်း (ဝါ) ဣရိယာပုထ် လေးပါးလုံး မိမိသန္တာန်မှာ ဖြစ်ပေါ်စေခြင်းပင်တည်း ဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **ကိလေသနိဒ္ဒုနကော/ကိလေသနိဒ္ဓုနကော** ။ ။ ဓူဓာတ်ဖြင့်ပြီးသော်လည်း နာမ်ိ ရသော ကိယာဒီနံ-ဟု ရူပသိဒ္ဓိ၌ဆို၍ ကိယာဒိ နာပစ္စည်းနှောင်းရာ၌ ရဿပြု၍ ပြီးသောကြောင့် ကိလေသနိဒ္ဒုနကေ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ကိလေသနိဒ္ဓုနကော**-ကား အစိတ်ဖြစ်သော ကိလေသာ၏ "ကိလေသ" ဟူသော အမည်ကို အပေါင်းဖြစ်သော ကိလေသာနှင့် တံသမ္ဗန္ဓယုတ္တမွေတို့၌တင်--ဧကော သူပစာ။ ပဓာနဥပလက္ခဏနိဒ္ဒေသနည်း။ ကိလေသာဟူသော အကြောင်းကိုဆိုသဖြင့် သမ္ပယုတ္တမွေဟူသော အကျိုးကိုလည်း ရသောကြောင့် ကာရဏူပစာ၊ နာနန္တရိကနည်း။

➤ ၁၀။ **သမာဒါယ ဝတ္တတိ**--အရ ခုတင်အကျင့်ကို ကျင့်သော အရှင်သုဒိန်၏သန္တာန်၌

http://www.dhammadownload.com



သဒ္ဓါ ဝီရိယ စေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

**ပါဠိ [၁၇]**

(က) **အာရညိကော** ဟောတီတိ ဂါမန္တသေနာသနံ ပဋိက္ခိပိတွာ အာရညိကဓုတင်္ဂဝသေန အာရညဝါသိကော ဟောတိ။ (ခ) **ပိဏ္ဍပါတိကော**တိ အတိရေကလာဘပဋိက္ခေပေန စုဒ္ဒသ ဘတ္တာနိ ပဋိက္ခိပိတွာ ပိဏ္ဍပါတဓုတင်္ဂဝသေန ပိဏ္ဍပါတိကော ဟောတိ။

(ဂ) **ပံသုကူလိကော**တိ ဂဟပတိစီဝရံ ပဋိက္ခိပိတွာ ပံသုကူလိကဓုတင်္ဂဝသေန ပံသုကူလိကော ဟောတိ။ (၃၁၀၇၃။ မအ္ဋ၊၁၂၂။ ဘာသာဋီ၊ ၁၊ ၂၀၅။)

➢ ၁။ **ပိဏ္ဍပါတိကော**-ဆွမ်း (ဝါ) အမှတ်မရှိသော အာဟာရကို ရှာမှီးသော။ (သဒ္ဒတ္ထ) ဆွမ်းခံလေ့ရှိသော။ (ဝေါဟာရတ္ထ)

➢ ၂။ (က) ဒုံ/ ဆရာ၊ အရှင်ဥပါလိမထေရ်သည် ပါဠိတော်၌ အာရညိကော ဟောတိ-ဟု ဟောတော်မူ၏။ အသို့ တော၌ နေလေ့ရှိပါသနည်း။ အဘယ်၏အစွမ်းဖြင့် တော၌နေခြင်း အလေ့ရှိသနည်း။ အာရညိကော-၌ ဏိကပစ္စည်းသည် အဘယ်အနက်ကို ဟောပါသနည်း။ ထိုအလုံးစုံကို မပြဆိုပြီလော။ စုဒ်ကြောင့် (က) မိန့်။

➢ ၃။ (က-ခ-ဂ) ပက္ခန္တရ၊ **စာစပ်** ။ ။ ပဋိက္ခိပိတွာ-ကား ၍--ကြောင့် အရညဝါသိကော-ဝယ် ဝသတာတ်၌ ကြိယာဝိသေသန-ကြိယာဝိသေသျ စပ်။

➢ ၄။ ဂါမဿ အန္တော ဂါမန္တော။ ဂါမောယေဝ ဂါမန္တံ။ ဂါမန္တေ ဌိတံ သေနာသနံ ဂါမန္တသေနာသနံ။ ဂါမန္တံ တံ သေနာသနဉ္စာတိ **ဂါမန္တသေနာသနံ**။

ဂါမန္တ-အရ ရွာ၏ အနီးသည် မုချ။ ထို၏ ကျောင်းနှင့် သမိပီ-သမိပ စပ် ဌာန္။ ပုဒ်လုံးအရ ထို--သော ရွာ၏ အနီး၌တည်သော ကျောင်းရ၏။

ပိဏ္ဍိတဗ္ဗော သယ်ရိတဗ္ဗောတိ ပိဏ္ဍော။ ပိဏ္ဍောစ ပိဏ္ဍောစ ပိဏ္ဍာ။

ပတနံ ပါတော။ ပိဏ္ဍာနံ ပါတော ပိဏ္ဍပါတော။ ပိဏ္ဍပါတံ ဥဉ္ဆတိ ဂဝေသတီတိ **ပိဏ္ဍပါတိကော**။ ပိဏ္ဍပါတ-အရ ဆွမ်းတို့၏ သပိတ်၌ ကျခြင်းသည် (ဝါ) သပိတ်၌ ကျခြင်းဟုဆိုအပ်သော ဒါယကာများ လောင်းလှူအပ်သော ဆွမ်းသည် မုချ။ ထို--၏ ရှာမှီးတတ်သော သူဒိန်နှင့် ဂဝေသိတဗ္ဗ ဂဝေသက စပ် ဌာန္။ ဣကပစ္စည်းအရ ထို--သော ဆွမ်းကို ရှာမှီးတတ်သော သူဒိန်ဖြစ် ရ၏။

✻ ပိဏ္ဍပါတံ ဥဉ္ဆတီတိ **ပိဏ္ဍပါတိကော**။ (ပိဏ္ဍပါတံ၊ဆွမ်းကို။ (ဝါ) အမှတ်မရှိသော အာဟာရကို။ဥဉ္ဆတိ၊ရှာမှီးတတ်၏။ဣတိ၊ပိဏ္ဍပါတိကော၊မည်၏။ ပိဏ္ဍပါတ-ပုဒ်+ဏိက ပစ္စည်း၊ ဥဉ္ဆတိ တဒ္ဓိတ်။ ပိဏ္ဍပါတ-အရ ဆွမ်း (ဝါ) အမှတ်မရှိသော အာဟာရသည် မုချ။ ယင်း၏ ရဟန်းဖြစ်နှင့် အာရုံ အာရမ္မဏိက/ကမ္မ ကမ္မီ စပ် ဌာန္။ ဏိက-အရ ထို --သော ရဟန်းဖြစ် ရ၏။ (တစ်နည်း) ပိဏ္ဍာယ ပတိတုံ စရိတုံ ဝတ္တမေတဿာတိ ပိဏ္ဍ

http://www.dhammadownload.com



ပါတိကော။ (ဇတာသ ဘိက္ခုနော၊အား။ပိဏ္ဍာယ၊ဆွမ်းအလို့ငှာ။ပတိတုံ စရိတုံ၊လှည့်လည်ခြင်းငှာ။ဝတ္တံ၊ဝတ္တရားသည်။အတ္တိ၊၏။ဣတိ. သော၊ ပိဏ္ဍပါတိကော။ တဿီလတဒ္ဓိတ်။

ဓုတံ တံ အင်္ဂန္တိ ဓုတင်္ဂံ။ ပိဏ္ဍပါတိကဿ ဓုတင်္ဂံ ပိဏ္ဍပါတိကဓုတင်္ဂံ။

ပံသုဝိယ ကုစ္ဆိတဘာဝံ ကုလတီတိ ပံသုကူလံ။ ပံသူနံ ကူလံ ပံသုကူလံ။

ပံသုကူလဿ ဓာရဏံ ပံသုကူလံ။ ပံသုကူလံ သီလံ ယဿာတိ ပံသုကူလိကော။

ပံသုကူလ-အရ ပံသကူသက်န်းကို ဆောင်ခြင်းသည် မှချ။ ထို--၏ ဓုတင်ဆောင်ရဟန်းနှင့် နိဿိတ-နိဿျ စပ် ဌာန္။ ဣကပစ္စည်းအရ ထို--သော ပံသကူဓုတင်ဆောင်ရဟန်း ရ၏။ * ဂဟာပတီဟိ ဒိန္နံ စီဝရံ ဂဟာပတိစီဝရံ။

➢ ၆။ (က) ၌ အရညဝါသိကော-ဖြင့် အာရညိကောပုဒ်ကို အရညေ ဝသသီလေ နာတိ အာရညိကော-ဟု တဿီလတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏိကပစ္စည်း၏ တဒ္ဓိတ်၌ သက်--ရင်း (ပစ္စယတ္ထ) သိစေပါသည်။ အာရညိကဓုတင်္ဂဝသေန-ဖြင့် တော၌နေ၏ဟူသည် အာရညိကဓုတင် ဆောက်တည်ခြင်း၏ အစွမ်းဖြင့် နေ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ) ဂါမန္တ သေနာသနံ ပဋိက္ခိပိတွာ-ဖြင့် အာရညိက ဓုတင်ဆောင် ရဟန်း၏ သဘာဝကို သိစေပါသည်။ (ဘာဝတ္ထ)

➢ ၇။ အာရညိကဓုတင်္ဂဝသေန/ အရညကဓုတင်္ဂဝသေန ။ ။ ကဏ် ဓောယျ ဓောယျက ယိယ(မောဂ္ဂလာန်၄၊၂၅) သုတ်အရ အရညပုဒ်နောင် ဘဝအနက်၌ ကဏ် ပစ္စည်းသက်၍ ပြီးသောကြောင့် အရညကဓုတင်္ဂဝသေနပါဌ် သင့်ပါသည်။

ကစ္စည်း တမဓိတေ-စသော သုတ်အရ တဿီလအနက် (ဝါ) ဝသတိအနက်၌ ဏိက ပစ္စည်းသက်၍ ပြီးသောကြောင့် အာရညိကဓုတင်္ဂဝသေနပါဌ်လည်း သင့်ပါသည်။

➢ ၈။ **အာရညိကော**-၌ အရည-ကား ဌာနဖြစ်သော တော၏ "အရည"ဟူသော အမည်ကို ဌာနီဖြစ်သော တော၌နေခြင်း၌တင်-- ဌာနူပစာ။ နာနတ္တရိကနည်း။

**ဂါမန္တသေနာသနံ**-ကား အစိတ်ဖြစ်သော ရွာနီးကျောင်း၏ "ဂါမန္တသေနာသန"ဟူသော အမည်ကို အပေါင်းဖြစ်သော ဂါမတစ်ခုလုံး၌တင်-- ဧကဒေသူပစာ၊ ဥပလက္ခဏာနည်း။ ဌာနီဖြစ်သော ဂါမခေတ်၌ပါဝင်သော ကျောင်း၏ "ဂါမန္တသေနာသန"ဟူသော အမည်ကို ဌာနဖြစ်သော ဂါမကြီးတစ်ခုလုံး၌တင်-- ဌာနျူပစာ။ အဝိနာဘာဝနည်း။

## ဆိကျ [၁၈]

(က) **သပဒါနစာရိကော**တိ ဃောလုပ္ပစာရံ ပဋိက္ခိပိတွာ သပဒါနစာရိကဓုတင်္ဂဝသေန သပဒါနစာရိကော ဟောတိ။ (ခ) ဃရပဋိပါဋိယာ ဘိက္ခာယ ပဝိသတိ။

(ဂ) ဓနိုဝါမန္တိ ဝဏ္ဍိန် ဂါမံ။ (ဃ) ဝဏ္ဍိသု ဝါ ဂါမံ။ (င) **အမှာ** မဟာစ္စနာ၀တိအာဒိသု ဥပဘောဂပရိဘောဂူပကရဏမဟန္တတာယ **အမှာ**။ (စ) ယေ တိ တေသံ ဥပဘောဂါ,

http://www.dhammadownload.com



**ယာနိစ ဥပဘောဂ္ဂပကရဏာနိ၊ တာနိ မဟန္တာနိ။ (ဆ) ဗဟုလာနိ။ (ဇ) သာရကာနိတိ ဝုတ္တံ ဟောတိ။** (ဋ္ဌ။၁၇၃။ မအ္ဘ။ထ၊၂၃။ ဘာသာဋီ၊ဒု၊ ၂၀၆။)

➤ ၁။ **လောလုပ္ပစာရံ-** ကုသိုလ်ဟူသော ဘဏ္ဍာကို ပြင်းစွာ လုယူတတ်သော တဏှာဖြင့် သွားခြင်းကို။ (သဒ္ဒတ္ထ) လျှပ်ပေါ်သော သွားခြင်းကို။ (သင်္ကေတတ္ထ)

**သပဒါနစာရိကော-** ပိုင်းဖြတ်ခြင်းမှ ကင်းသည်၏အဖြစ်နှင့်တကွ အစဉ်အတိုင်း လှည့်လည်လေ့ရှိသည်။ (သဒ္ဒတ္ထ) အိမ်စဉ်မလပ် ဆွမ်းရပ်လေ့ရှိသည်။ (အဓိပ္ပါယတ္ထ)

**အဗှာ-**အတွင်းအပ အသုံးအဆောင် များမြောင်ကြွယ်ဝကုန်သော။

➤ ၂။ (စ) သို့/ ဆရာသည် (က) ဖြင့် တဏှာဖြင့် လှည့်လည်ခြင်းကို ပယ်မြစ်၍ သပဒါနစာရိက ဓုတင်၏အစွမ်းဖြင့် ပိုင်းဖြတ်ခြင်းမှ ကင်းသည်၏အဖြစ်နှင့်တကွ လှည့်လည်လေ့ရှိ၏ဟု ဖွင့်ပြ၏။ ပိုင်းဖြတ်ခြင်းမှ ကင်းသည်၏အဖြစ်နှင့်တကွ လှည့်လည်ခြင်း ဟူသည် အဘယ်ပါနည်း။ လှည့်လည်ပုံ သဘာဝတ္ထကို ပေါ်လွင်စွာ မပြဆိုပြီလော။ စုဒ် ကြောင့် (ခ) မိန့်။ **အား--** အိမ်စဉ်အားဖြင့် ဆွမ်းခံအလို့ငှာ ဝင်ခြင်းသည် ပိုင်းဖြတ်ခြင်း မှ ကင်းသည်၏အဖြစ်နှင့်တကွ လှည့်လည်ခြင်းမည်၏ဟု သဘာဝတ္ထကို ငါပြဆို၏ဟူလို

(ဃ) သို့/ **အဒ္ဓာနေ**။ ။ ဤသို့ (က) ဖြင့် ဝဋ္ဋိ-အရ ဝဋ္ဋိမင်း-တံနိဝါသီကို ယူရမည်၏ အဖြစ်ကိုရင်း၊ ဝဋ္ဋိနှင့် ဂါမကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း ပြတော်မူပြီး၍ ယခုအခါ၌ ဝဋ္ဋိ-သဒ္ဒါ၏ အရကောက် တမျိုးနှင့် ဝဋ္ဋိဂါမ-သဒ္ဒါ၏ ဝစနတ္ထ တစ်မျိုးကို ပြတော်မူလိုသော ဆရာသည် (ယ) မိန့်။

(စ-ဆ-ဇ) သို့/ ဆရာသည် (င) ဖြင့် ကြွယ်ဝသူဟူသည် ငါးပါးသော ကာမဂုဏ်၊ ထိုကာမဂုဏ်၏ အဆောက်အဦတို့ဖြင့် များကုန်သည်၏အဖြစ်ကြောင့် ကြွယ်ဝသူမည်၏ ဟု ဖွင့်ပြ၏။ ကြွယ်ဝသူဟူသည် အမှတ်မထား များပြားသော စည်းစိမ်ဥစ္စာတို့ဖြင့် ပြည့် စုံ ပေါများသူတို့ကို ဆိုရသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် ငါးပါးသော ကာမဂုဏ် ထိုကာမဂုဏ်၏ အဆောက်အဦတို့ဖြင့် များပြားသူတို့ကိုသာ ကြွယ်ဝသူဟု ထူးထူးခြား ခြား ဖွင့်ဆိုခြင်းသည် အသို့ သင့်နိုင်ပါအံ့နည်း။ သာမည ဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (စ-ဆ-ဇ) မိန့်။

**အား--** အမှတ်မထား များပြားသော စည်းစိမ်ဥစ္စာတို့ဖြင့် ပြည့်စုံ ပေါများသူတို့ကို ကြွယ်ဝသူဟု ဆိုနိုင်သော်လည်း ဤ၌ သုဒိန်၏ မိဘများသည် ငါးပါးသော ကာမဂုဏ်၊ ထိုကာမဂုဏ်၏ အဆောက်အဦတို့ဖြင့် များလည်း များကုန်၏၊ မြတ်လည်းမြတ်ကုန်၏၊ အနှစ်သာရ ပြည့်ဝကုန်၏၊ ထို့ကြောင့် ငါဆိုသော စကား သင့်သည်ဖြစ်ရကား သင်တင် သော ဝိရောဓိဒေါသ ငါ၌မရောက် ကင်းပျောက်၏ဟူလို။

➤ ၃။ (ခ) ဝိတ္ထာရ/ဝါကျာရမ္ဘ။ (ဂ-ခ-င) ပက္ခန္တရ။ (စ) ယုတ္တိဒဋ္ဌီကရဏ။ (ဆ) မဟန္တသဒ္ဒါ အနက်ငုပ်ကို ဖော်ပြသောကြောင့် ဝိတ္ထာရ။ (တစ်နည်း) မဟန္တသဒ္ဒါ ပူဇာ-

http://www.dhammadownload.com



စသော အနက်ကို ဟောသလောဟူသော စောဒနာကို ပယ်လို၍ ဆက်လက်ပြသော ကြောင့် ဝါကျာရမ္ဘ။ (ဆ) ပဒပိဏ္ဍတ္ထကို ပြသောကြောင့် ဝိတ္ထာရ။

➤ ၄။ ဒီယတေ အဝခဏ္ဍီယတေတိ ဒါနံ။ ဒါနတော အပဂတံ အပဒါနံ။

သဟ အပဒါနေန(ပိုင်းဖြတ်ခြင်းမှကင်းခြင်းနှင့်) ယော ဝတ္တတီတိ **သပဒါနော**။

သဟ အပဒါန ဗဟုဗ္ဗီဟိ-အရ ပိုင်းဖြတ်ခြင်းမှ ကင်းခြင်းနှင့်တကွ ဖြစ်ခြင်း သဟတ္ထ ဘောဂုဏ်သည် မုချ။ ထို--၏ လှည့်လည်ခြင်းနှင့် ဂုဏ်-ဂုဏော စပ် ဌာနူ။ ယ-အညပုဒ်အရ ထို--သော ပိုင်းဖြတ်ခြင်းမှ ကင်းခြင်းနှင့် တကွဖြစ်သော လှည့်လည်ခြင်းရ၏။

သပဒါနော(ပိုင်းဖြတ်ခြင်းမှကင်းခြင်းနှင့်တကွဖြစ်သော) စာရော (လှည့်လည်ခြင်း) **သပဒါနစာရော**။ သဟ အပဒါနေန စရိတုံ သီလမဿာတိ **သပဒါနစာရီ**။

သပဒါနံ စရတိ သီလေနာတိ **သပဒါနစာရိကော**။

စရဏံ စာရော။ လောလုပ္ပေန စာရော **လောလုပ္ပစာရော**။ လောလုပ္ပ-အရ တဏှာသည် မုချ။ ထို--၏ လှည့်လည်ခြင်းကြိယာနှင့် ကရိုဏ်း ကရိုဏ်းကြိယာ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော တဏှာဖြင့် လှည့်လည်ခြင်းရ၏။

ဥပဘုဉ္ဇိတဗ္ဗာတိ **ဥပဘောဂါ**။ (ယေ ပဉ္စ ကာမဂုဏာ၊အကြင် ကာမဂုဏ် ငါးပါးတို့ကို။ပုဂ္ဂလေဟိ၊တို့သည်။ဥပဘုဉ္ဇိတဗ္ဗာ၊ခံစားအပ်ကုန်၏။ဣတိ၊ တေ၊ ဥပဘောဂါ။

ကမ္မသာဓနေ၊ ဥပ-ဘုဇ+ဏ။ ဥပ-ဟူသော ဥပသာရပုဒ်အရကား ဓာတွတ္ထာနုဝတ္တက ဘောဂုဏ် ရ၏။ ဘုဇဓာတ်အရ ကတ္တုဋ္ဌကြိယာကား ကာမဂုဏ်ငါးပါးကို ခံစားသော သူတို့၏ တဏှာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌကြိယာအရကား ထို-အားတပ်သော ကာမဂုဏ်ငါးပါး၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဏ-ပစ္စည်းအရကား ထို--သော ကာမဂုဏ်ငါးပါး ရ၏။ * ပရိဘုဉ္ဇိတဗ္ဗာတိ **ပရိဘောဂါ**။ (အရကောက်တူပြီ)

ဥပဘောဂါနံ ဥပကရဏာနီတိ **ဥပဘောဂူပကရဏာနိ**။ (ဥပဘောဂါနံ၊ကာမဂုဏ်ငါးပါးတို့၏။ဥပကရဏာနိ၊အဆောက်အဦတို့တည်း။) ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ဥပဘောဂ-အရ ကာမဂုဏ်ငါးပါးသည် မုချ။ ယင်း၏ မိန်းမ၏ အဝတ်စသည်နှင့် ဌာနီ ဌာန စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ကာမဂုဏ် ငါးပါး၏ အဆောက်အဦဖြစ်သော မိန်းမ၏ အဝတ် စသည်ရ၏။

ဝဋ္ဋိနံ ဂါမော **ဝဋ္ဋိဂါမော**။ ဝဋ္ဋိ-အရ ဝဋ္ဋိမင်းတို့ဒြဗ်သည် မုချ။ ယင်း၏ ရွာဒြဗ်နှင့် ဌာနီ ဌာန စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ဝဋ္ဋိမင်းတို့၏ ရွာဒြဗ် ရ၏။

ဝဋ္ဋိသု ဂါမော **ဝဋ္ဋိဂါမော**။ ဝဋ္ဋိ-အရ ဝဋ္ဋိတိုင်းတို့ဒြဗ်သည် မုချ။ ယင်း၏ ရွာဒြဗ်နှင့် အပေါင်း အစိတ်/ အဘေဒ ဘေဒ စပ် ဌာနူ။ ပုဒ်လုံးအရ ဝဋ္ဋိတိုင်းတို့၌ ရွာဒြဗ်ရ၏။

အဗ္ဘာယန္တိ (အလွန်ကြံစည်တတ်ကုန်၏) နေန္တီတိ **အမ္ဗာ**။ ဓျေဓာတ်အရ ဥစ္စာကို ကြံစည်သော အခြင်းအရာအားဖြင့်ဖြစ်သော လောဘပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်

http://www.dhammadownload.com



သည် မုချ။ ဥစ္စာ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ အယောနိသော မနသိကာရ-စသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူ။ ဥစ္စာကို ရပြီးနောက် သိမ်းပိုက်ခြင်းစသော နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူ။ တ-အရ ကြွယ်ဝချမ်းသာသူ ရ၏။

➤ ၅။ **အဓမ္မ-ကား** အာ-ဈေဓာတ် အပစ္စည်း၊ ဈေ စိန္တာယံ။ ဈေ၌ ဓ-ကို အ-ပြု၊ ဈကို ပ- ပြု၊ ပ-ကို အ-သို့ကပ်၊ အသဒိသဒွေဘော် ၃-လာ၊ အစ၌ အာ-ကို အရဿပြု။

➤ ၆။ (က) ၌ လောလုပ္ပစာရံ-စသည်ဖြင့် တဏှာဖြင့် လှည့်လည်ခြင်းကို ပယ် မြစ်၍ သပဒါနစာရိက ဓုတင်၏အစွမ်းဖြင့် ဆွမ်းခံလှည့်လည်ခြင်းသည် သပဒါနစာရိက ဓုတင်မည်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ၌ ဝဋ္ဋိနံ ဂါမံ-ဖြင့် ဝဋ္ဋိ-အရ ဌာနီဖြစ်သော မင်း (တံနိဝါသီ) ကို ယူ--ရင်း (အဘိဓေယျတ္ထ) ဝဋ္ဋိနံ ဂါမော ဝဋ္ဋိဂါမော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။ (ဃ) ၌ ဝါ-သဒ္ဒါဖြင့် အတ္ထန္တရကို သိစေပါသည်။ (ဘာဝတ္ထ) ဝဋ္ဋိသု ဂါမော-ဖြင့် ဝဋ္ဋိ-အရ ဌာနဖြစ်သော တိုင်းကို ယူ--ရင်း (အဘိဓေယျတ္ထ) ဝဋ္ဋိသု ဂါမော ဝဋ္ဋိဂါမော-ဟု သတ္တမီ တပ္ပုရိသ်ပြု--ရင်း (သမာသလိင်္ဂတ္ထ) သိ။

(င) ၌ ဥပဘောဂပရိဘောဂူပကရဏမဟန္တတာယ-ဖြင့် အဗ္ဗာသဒ္ဒါသည် အစိတ် အဖို့-စသော အနက်ကို မဟော၊ ကြွယ်ဝချမ်းသာသူဟူသော အနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) ကြွယ်ဝချမ်းသာခြင်းဟူသည် ဥပဘောဂ ပရိဘောဂူပကရဏာတို့၏ များ ပြားကုန်သည်၏အဖြစ်ကြောင့် ကြွယ်ဝချမ်းသာသူဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ)

(စ) ၌ ယေဟိ ဥပဘောဂါ ယာနိစ ဥပဘောဂူပကရဏာနိ-ဖြင့် ဥပဘောဂနှင့် ပရိဘောဂူပကရဏပုဒ်တို့ကို ကမ္မဓာရယ်သမာသ် ဝစနတ္ထ မပြုရ၊ ဒွန်သမာသ် ဝစနတ္ထ ပြု--ရင်း (သမာသလိင်္ဂတ္ထ) ပရိဘောဂ-သဒ္ဒါ၏ ဥပဘောဂ-သဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်၏--ရင်း (အဘိဓေယျတ္ထ) သိစေပါသည်။ တာနိ မဟန္တာနိ-ဖြင့် ဥပဘောဂ ပရိဘောဂူပကရဏပုဒ်နှင့် မဟန္တပုဒ်ကို ဒွန်သမာသ် ဝစနတ္ထ မပြုရ၊ ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(ဆ) ဖြင့် မဟန္တသဒ္ဒါသည် ပူဇာ-စသော အနက်ကို မဟော၊ အများ-ပစုရအနက် ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(ဇ) ဖြင့် များကုန်၏ (ဗဟုလ)ဟူသည် အနှစ်မပါ အကာတို့များသည်ကား မဟုတ်၊ ဥစ္စာနှစ်တို့ များကုန်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **သာရဏာနိ/ပီသာလာနိ** ။ ။ သာရကာနိတိ သာရဘူတာနိ-ဟု သာရတ္ထ ၌ ဆိုသောကြောင့်ရင်း၊ အရှင်သုဒိန်၏ ဆွေမျိုးတို့သည် စည်းစိမ်လည်း ပေါ်များ၏၊ပေါ်များ သော စည်းစိမ်အားလုံးသည် အဖိုးတန်အနှစ်တို့ချည်းသာ ဖြစ်၏ဟု ယူဆနိုင်သော ကြောင့်ရင်း သာရကာနိ-ပါဌ်သာ သင့်ပါသည်။

http://www.dhammadownload.com



**မဟာန္တတာယ/မဟာဒ္ဓာယ** ။ ။ ယေဟိ-ဝါကျဖြင့် ဥပဘောဂ ပရိဘောဂူပကရဏာနိ စ တာနိ မဟန္တာနိစာတိ ဥပဘောဂပရိဘောဂူပကရဏမဟန္တာနိဟု သမာသ်တွဲစပ်ရမည်ကို ဖွင့်ပြသောကြောင့်ရင်း၊ ဥပဘောဂပရိဘောဂူပကရဏမဟန္တပုဒ်နောက် ဘာဝတဒ္ဓိတ်ဆင့်၍ ဥပဘောဂပရိဘောဂူပကရဏမဟန္တတာယ-ဟု ရုပ်ပြီးသင့်သောကြောင့်ရင်း ဥပဘောဂပရိဘောဂူပကရဏမဟန္တတာယပါဌ်သာ သင့်ပါသည်။

➤ ၈။ ဝဇ္ဇီဂါမ-ကား ဌာနီဖြစ်သော မင်းတို့၏ "ဝဇ္ဇီ"ဟူသောအမည်ကို ဌာနဖြစ်သော တိုင်း၌တင်-- ဌာနျူပစာ၊ အဝိနာဘာဝနည်း။ (တစ်နည်း) ဝဇ္ဇီတိုင်းနှင့် ရွာဖြစ်မပြားဘဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။ (တစ်နည်း) ဌာနဖြစ်သော တိုင်း၏ "ဝဇ္ဇီ"ဟူသောအမည်ကို ဌာနီဖြစ်သော ဝဇ္ဇီတိုင်းသားတို့၌တင်-- ဌာနူပစာ။ နာနန္တရိကနည်း။ **မဟဒ္ဓနာ**-ကား အဖု-အရ များသော ဥပဘောဂ ပရိဘောဂူပကရဏတို့မှ ကြွင်းသော မြေဝယ် မြှုပ်ထား များပြားသော စည်းစိမ်ကို မဟဒ္ဓနအရ ယူရသောကြောင့် ပါရိသေသနည်း၊ ကေဝလျူပစာ။

➤ ၁၀။ **လောလုပ္ပစာရော**-၌ လောလုပ္ပ-အရ တဏှာကိုယူ။

## ပါဠိ [၁၉]

(က) နိဓေတွာ ဌပိတာ ဓနမဟန္တတာယ **မဟဒ္ဓနာ**။ (ခ) **မဟာဘောဂါတိ** ဒိဝသပရိဗ္ဗယသင်္ခါတဘောဂမဟန္တတာယ **မဟာဘောဂါ**။ (ဂ) အညေတိ ဥပဘောဂေဟိ ဇာတရူပရဇတေဟိ ပဟူတတာယ **ပဟူတဇာတရူပရဇတာ**။ (ဃ) အလင်္ကာရဘူတဿ ဝိတ္တူပကရဏဿ ပီတိပါမောဇ္ဇကရဏဿ ပဟူတတာယ **ပဟူတဝိတ္တူပကရဏာ**။ (င) ဝေါဟာရဝသေန ပရိဝတ္တေန္တဿ ဓနဓညဿ ပဟူတတာယ **ပဟူတဓနဓညာတိ ဝေဒိတဗ္ဗာ**။ (၃။၁၇၃/၄။ မအ္ဋ။တ၊ ၂၃။ ဘာသာဋီ၊ဒု၊ ၂၀၇။)

➤ ၁။ **မဟဒ္ဓနာ**- မြေ၌မြှုပ်ထား များသော ဥစ္စာရှိကုန်သော။ (ဉာတိ-၌ စပ်) **မဟာဘောဂါ**-နေ့တိုင်း ရိက္ခာဟု ဆိုအပ်ကုန်သော များသော စည်းစိမ်ရှိကုန်သော။ (ဝါ) နေ့စဉ် သုံးစရိတ် ရွှေငွေဥစ္စာ များစွာရှိကုန်သော။

**ပဟူတဇာတရူပရဇတာ**- အခြား အသုံးအဆောင်တို့ထက် များစွာသော ရွှေငွေတို့ရှိကုန်သော။ **ပဟူတဝိတ္တူပကရဏာ** - များစွာ နှစ်သိမ့်ဝမ်းမြောက်ကြောင်း အဝတ်တန်ဆာရှိကုန်သော။

➤ ၂။ (စ) **သို့/ အနုသာဓ္ဓေ** ။ ။ ဤသို့ (က) ဖြင့် မဟဒ္ဓနာ၌ နေ-သဒ္ဒါသည် ဥစ္စာသာမန်ကို ဟောနိုင်ငြားသော်လည်း ဤ၌ မြှုပ်နှံ၍ထားအပ်သော ဥစ္စာကိုဟောသည်၏ အဖြစ်နှင့် "မဟန္တာနိ ဓနာနိ ယေသန္တေတိ မဟဒ္ဓနာ"ဟူသော ဝစနတ္ထကို ပြပြီး၍၊ ယခုအခါ၌ "ဘုဉ္ဇိတဗ္ဗာတိ ဘောဂါ" ဟု ဝစနတ္ထပြ၍ ဘောဂ-ဟူသည် နေ့တိုင်း နေ့တိုင်း

http://www.dhammadownload.com



သုံးဆောင်အပ်သော ဥစ္စာတို့ပင်တည်းဟူသော သရူပတ္ထနှင့် "မဟန္တာ ဘောဂါ ယေသန္တိ မဟာဘောဂါ"ဟူသော ဝစနတ္ထကို ပြခြင်းငှာ (ခ) မိန့်။

➤ ၄။ ဝိန္ဒန် ဝိတ္တိ။ ဝိန္ဒန္တိ ဧတာယာတိ ဝိတ္တိ။ ဝိတ္တိယာ ဥပကရဏံ **ဝိတ္တူပကရဏံ။** ဝိတ္တိ-အရ နှစ်သက်ခြင်း ပီတိပါမောဇ္ဇသည် မုချ။ ထို--၏ ပြုတတ်သော တန်ဆာနှင့် နိဿိတ-နိဿ/အာရုံ-အာရမ္မဏိက စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော နှစ်သက်ခြင်း ပီတိပါမောဇ္ဇကို ပြုတတ်သော တန်ဆာအထူးရ၏။

ရဉ္ဇန္တိ ဧနာ ဧတ္ထာတိ ရဇတံ။ (ရဉ္ဇဓာတ်+အတ-ပစ္စည်း) ရဉ္ဇဓာတ်၏အရ ကတ္တားဖြစ်ကား တပ်နှစ်သက်သော အခြင်းအရာအားဖြင့်ဖြစ်သော လောဘမူ အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ အဓိကရဏ္ဍကား ငွေ၏ အာရမ္မဏပစ္စယသတ္တိ (ဝါ) ပကတူပနိဿယသတ္တိသည် ဖလူ။ အတ-ပစ္စည်းအရကား ထို--သော ငွေဖြစ်ရ၏။

မမယိဒန္တိ ဓနာယိတဗ္ဗံ သဒ္ဒါယိတဗ္ဗန္တိ ဓနံ။ ယံ ဝိတ္တံ၊အကြင်ဥစ္စာကို။သာမိကေဟိ၊ ပိုင်ရှင်တို့က။ဣဒံ၊ဤဥစ္စာသည်။မမ။ငါ၏။ဝိတ္တံ၊ဥစ္စာတည်း။ဣတိ၊သို့။ဓနာယိတဗ္ဗံ သဒ္ဒါယိတဗ္ဗံ၊အသံပြုအပ် ပြောဆိုအပ်၏။ဣတိ၊ကြောင့်။တံ၊ ဓနံ။ ကမ္ဗုသာဓနေ၊ ဓနဓာတ်+အပစ္စည်း။ ဓနဓာတ်အရ ကတ္တားကြိယာကား ပိုင်ရှင်၏ တဏှာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် သည် မုချ။ ကမ္မဖြစ်ကြိယာအရကား ထို--အားတပ်သော ဥစ္စာဖြစ်၏ အာရမ္မဏပစ္စယသတ္တိ သည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော ဥစ္စာဖြစ် ရ၏။

ဓနေသ ဟိတံ ဓည်။ ဓနဥ္စ ညဥ္စ ဓနဉ္စံ။ ဓန-အရ ဥစ္စာသည် မုချ။ ထို--၏ ကောက်ပဲသီးနှံနှင့် ပေါများခြင်းဂုဏ်ကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာနူ။ ပုဒ်လုံးအရ ထို--သော ဥစ္စာကောက်ပဲသီးနှံ ရ၏။

➤ ၆။ (က) ဖြင့် မဟဒ္ဓန-၌ ဓန-အရ မြေမှာမြှုပ်ထားသော ဥစ္စာကိုယူ--ရင်း (အဘိဓေယျတ္ထ) မဟန္တ-သဒ္ဒါကို မဟပြုသည်ကိုရင်း (ဘာဝတ္ထ) မဟန္တာနိ ဓနာနိ ဧတေသံ ဉာတီနန္တိ မဟဒ္ဓနာ-ဟု ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေ။

(ခ) ၌ ဒိဝသပရိဗ္ဗယသင်္ခါတ-ဖြင့် ဘောဂ-အရ နေ့စဉ်အသုံးစရိတ် ရွှေငွေဥစ္စာကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) ဘောဂမဟန္တတာယ-ဖြင့် မဟန္တသဒ္ဒါကို မဟာပြု--ရင်း (ဘာဝတ္ထ) မဟာဘောဂါပုဒ်ကို မဟန္တာ ဘောဂါ ဧတေသံ ဉာတီနန္တိ မဟာဘောဂါ-ဟု ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ပဟူတံ ဇာတရူပရဇတံ ယေသန္တိ ပဟူတဇာတရူပရဇတာ-ဟု ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သာမန်အားဖြင့် ရွှေငွေ၏ များသည်၏အဖြစ်မဟုတ်၊ တပါးသော ဥပဘောဂဖြစ်သော ဥစ္စာတို့ထက် ရွှေငွေ၏ များသည်၏အဖြစ်ဟူသော အဓိပ္ပါယ်ကို ရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဃ) ၌ အလင်္ကာရဘူတဿ-ဖြင့် ဝိတ္တူပကရဏပုဒ်ကို ဝိတ္တိယာ ဥပကရဏံ ဝိတ္တူပ

http://www.dhammadownload.com



ကရဏံ-ဟု ဝစနတ္ထပြု၍ ဝိတ္တူပကရဏ-အရ အဝတ်တန်ဆာကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) **ပီတိပါမောဇ္ဇကရဏသ**-ဖြင့် ဝိတ္တိပုဒ်ကို ဝိန္ဒတိ သုခံ ဧတာယာတိ ဝိတ္တိ။ ဝိန္ဒနံ ဝိတ္တိ-ဟု ဝစနတ္ထပြု၍ ဝိတ္တိ-အရ ပီတိပါမောဇ္ဇ-ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) (ဃ) တစ်ဝါကျလုံးဖြင့် ပဟူတံ နာနာဝိဓာလင်္ကာရဘူတံ ဝိတ္တူပကရဏံ ဧတေသန္တိ ပဟူတဝိတ္တူပကရဏာ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(ဓ) ဖြင့် ပဟူတံ ဓနဓညံ ယေသန္တိ ပဟူတဓနဓညာ-ဟု ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

ဝေါဟာရဝသေန ပရိဝတ္တေန္တဿ-ဖြင့် ဓနဓညာ-ဟူသောပုဒ်ဝယ် ဥစ္စာစပါးဟူသည် နေ့တိုင်း နေ့တိုင်း သုံးဆောင်အပ်သော ဥစ္စာ စပါး မဟုတ်၊ ကုန်သွယ်သည်၏ အစွမ်းအားဖြင့် လဲလှယ်အပ်သော ဥစ္စာစပါးဟု သိစေပါသည်။ (ဘာဝတ္ထ)

➢ ၇။ ပဟူတ/ပဟုတ/ဗဟူတ/ဗဟုတ ॥ ॥ ပဟုဓာတ်+တပစ္စည်း၊ ဥ-လာ၍ ပဟုတ-ဟု ပြီးသည်။ (တစ်နည်း) ပပုဗ္ဗ ဟူဓာတ်၊ ဟူ၌ ဦကို ဥရဿပြု၊ တပစ္စည်းဖြင့် ပဟုတ-ဟု ပြီးသောကြောင့် ပဟုတ-သင့်ပါသည်။ သူစိ-၌ ပဟူတောပိ-ဟု ဆိုသောကြောင့် ပဟုတ/ပဟူတ နှစ်ပါဌ် သင့်ပါသည်။ [ ပဟု သတ္တိယံ တော၊ ဥကာရာဂမော။ ပပုဗ္ဗော ဟူ သတ္တာယံ ဝါ ရဿော၊ ပဟုတော၊ ပဟူတောပိ (သူစိ) ကိုထောက်၍ ၂-ပါဌ်သင့်ပါသည်။]

ပဟူတဝိတ္တူပကရဏာ/ပဟူတဝိတ္တူပကာရဏာ ॥ ॥ ဝိတ္တိံ တုဋ္ဌိံ ဝိတ္တိယာ ဥပကရဏံ ဝိတ္တူပကရဏံ၊ ပဟူတံ နာနာဝိဓာလင်္ကာရဘူတံ ဝိတ္တူပကရဏမေတေသန္တိ ပဟူတဝိတ္တူပကရဏာ။ တေနာဟ 'အလင်္ကာရဘူတဿာ"တိ အာဒိ (သာရတ္ထ) ဆိုသောကြောင့်ရင်း၊ ဤအဋ္ဌကထာ ဤနေရာ၌ပင် ဝိတ္တူပကရဏဿ-ကို ပီတိပါမောဇ္ဇ ကရဏဿ-ဟု ဖွင့်ဆိုထားသောကြောင့်ရင်း ပဟူတဝိတ္တူပကရဏာ-ပါဌ်သာ သင့်ပါသည်။

ပီတိပါမောဇ္ဇကရဏဿ/ပီတိပါမောဇ္ဇကာရဏဿ ॥ ॥ ဝိန္ဒနံ ဝိတ္တိ၊ ဝိတ္တိယာ ဥပကရဏံ ဝိတ္တူပကရဏံ-ဟု သာရတ္ထ၌ ဖွင့်သောကြောင့် ယင်း ဝိတ္တူပကရဏဿ-၌ ဥပကရဏအတွက် ကာရဏပုဒ်ကို ဖွင့်သည်၊ ဥပကရဏ အဆောက်အဦဟူသည် အကြောင်းပင်ဖြစ်၏၊ ထို့ကြောင့် ပီတိပါမောဇ္ဇ ကာရဏဿ-ပါဌ် သင့်ပါသည်။

➢ ၈။ **ပဟူတဝိတ္တူပကရဏာ** ॥ ॥ နှစ်သက်ခြင်းကိုပြုတတ်သော တန်ဆာတို့တွင် အလွန်အားဖြင့် နှစ်သက်ဖွယ်ကောင်းသော တန်ဆာကို ယူအပ်သောကြောင့် အတိသယနည်း မည်၏။ **ပဟူတဓနဓညာ**-ကား ဆိုအပ်ခဲ့ပြီးသော အဍ္ဍ မဟဒ္ဓန မဟာဘောဂ ပဟူတဇာတရူပရဇတ ပဟူတဝိတ္တူပကရဏတို့မှကြွင်းသော ဓန ဓညကို ယူရသောကြောင့် ပါရိသေသနည်း။ ဧကဒေသျူပစာ။ **ပဟူတဇာတရူပရဇတာ**-ကား ရသင့်တိုင်းကို မယူမူ၍

http://www.dhammadownload.com



တစ်ပါးသော ဥပဘောဂ ဥစ္စာတို့ထက် လွန်ကဲသော ရွှေငွေတည်းဟူသော အလွန်ကိုယူရသောကြောင့် အတိသယ နည်းမည်၏။

➢ ၁၀။ ပီတိပါမောဇ္ဇ-အရ အားကြီးသော နှစ်သက်ခြင်း အားသေးသော နှစ်သက်ခြင်းဟု ဆိုအပ်သော ပီတိ ပါမောဇ္ဇကိုယူ။

**ပါဌ် [၂၀]**

(က) **သေနာသနံ သံသာဝေတွာတိ** သေနာသနံ ပဋိသာမေတွာ။ (ခ) **ယထာ န** ဝိနဿတိ၊ **တထာ** နံ သုဂုတ္တံ ဌပေတွာတိ အတ္ထော။ (ဂ) **သင္ဃိမဝတ္ထု ထာလိပါကောတိ** ဂဏာနုပရိစ္စေဒတော သင္ဃိထာလိပါကော။ (ဃ) **ဧကမေကော ဓေတ္ထု ထာလိပါကော** ဒသန္နံ ဘိက္ခူနံ ဘတ္တံ ဂဏှာတိ၊ (င) **တံ သဗ္ဗံ ဆန္နံ ဘိက္ခုသတာနံ ဘတ္တံ ဟောတိ။**

(၄၁၇၄။ မအ္ဓ၊တ၊၂၄။ ဘာသာဋီ၊ဒု၊ ၂၀၈။)

➢ ၁။ (ခ) ယထာ၊အကြင်အခြင်းအရာအားဖြင့်။အာယသ္မန္တော သုဒိန္နော၊သည်။ နံ သေနာသနံ၊ထိုအိပ်ရာနေရာကို။သုဂုတ္တံ၊ကောင်းစွာ။ဌပေန္တော၊ထားသည်ရှိသော်။န ဝိနဿတိ မပျက်စီး။တထာ၊ထိုအခြင်းအရာအားဖြင့်။နံ သေနာသနံ၊ကို။သုဂုတ္တံ၊ကောင်းစွာ။ဌပေတွာ၊ထားခဲ့၍။ဣတိ အယံ၊ဤသည်ကား။အတ္ထော၊သေနာသနံ သံသာမေတွာပုဒ်၏အနက်တည်း

➢ ၂။ (ခ) သို့/ ဆရာသည် (က) ဖြင့် သေနာသနံ သံသာမေတွာ-၌ သံရှေ့ရှိသော သမဓာတ်၏ သိုမှီးခြင်း, သိမ်းဆည်းခြင်း အနက်ဟောသည်ကို ဖွင့်ပြတော်မူ၏။ သေနာသနကို မည်သို့မည်ပုံ သိုမှီးသိမ်းဆည်းအပ်ပါသနည်း။ သိုမှီးသိမ်းဆည်းပုံနှင့် လိုအပ်သော အတ္ထာပန္န စကားကျအနက်ကို မပြဆိုပြီလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဥပါလိထေရ်သည် သင္ဃိမဝတ္ထု ထာလိပါကေ=ထမင်းအိုးခြောက်ဆယ်ဟု လျှောက်၏။ အရှင်သုဒိန်တစ်ပါးအတွက် ဖြစ်ရကား ကွမ်းစားချက်ဖြင့် ခြောက်ကျိပ်မျှလောက်ရှိသာ မဟုတ်ပါလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) သံဝဏ္ဏနာမိန့်။ **အဓိ--** ကွမ်းစားချက်ဖြင့် ခြောက်ကျိပ်မျှလောက်ရှိသာ မဟုတ်၊ အိုးအရေအတွက်အားဖြင့် ခြောက်ဆယ်ဟူလို။

(ဃ-င) သို့/ ဆရာသည် (ဂ) ဖြင့် အိုးအရေအတွက်အားဖြင့် ခြောက်ဆယ်ရှိ၏ဟု အပိုင်းအခြားကို ဖွင့်ပြတော်မူ၏။ ကွမ်းစားအရေအတွက်အားဖြင့်ကား တစ်အိုး တစ်အိုးလျှင် အဘယ်မျှလောက်သော ရဟန်းတို့အား ဘုဉ်းပေးလောက်ပါသနည်း။ တစ်အိုး တစ်အိုးသည် တစ်ပါး တစ်ပါးစီမျှလောက်သာ ဘုဉ်းပေးနိုင်ပါသလော။ (ဃ-င) မိန့်။

(ဃ) သို့/ ဆရာသည် (ဂ) ဖြင့် အရေအတွက် အပိုင်းအခြားအားဖြင့် ထမင်းအိုးခြောက်ဆယ်တို့ဟု ဆို၏။ ယင်းထမင်းအိုးခြောက်ဆယ်တို့တွင် တလုံးတလုံးသော အိုးသည် အဘယ်မျှလောက် ရဟန်းတို့အတွက် ဆွမ်းကိုယူနိုင်ပါသနည်း။ တလုံးတလုံးသော

http://www.dhammadownload.com



အိုးသည် တပါးတပါးအတွက်သာ လောက်ပါသလော။ (ဦနစောအရာ) တလုံးတလုံးသော အိုးသည် အပါး နှစ်ဆယ်အတွက် လောက်ပါသလော။ (အဓိကစောအရာ) တလုံးတလုံးသော အိုးသည် တပါးတပါးအတွက်ကိုပင် မလောက်မင ဖြစ်ပါသလော။(အညစောအရာ)(ဃ) မိန့်။

(င) ချို့/ ဆရာ-သည် (ဃ) ဖြင့် ချက်ပြီးထမင်းအိုးတို့တွင် တစ်လုံးတစ်လုံးသော ထမင်းအိုးသည် ရဟန်းဆယ်ပါးတို့အတွက် ဆွမ်းကို မျှလောက်၏ဟု ဆိုတော်မူ၏။ အလုံးစုံသော ထမင်းအိုးခြောက်ဆယ်သည် အဘယ်မျှလောက်သော ရဟန်းတို့အတွက် လောက်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (က) ပက္ကန္တုရ။ (ခ) ဝါကျာရမ္ဘ/ဝိတ္တာရ။ (ဂ) ပက္ကန္တရ။ (ဃ-င) ဝါကျာရမ္ဘ။ -

စာစပ် ။ ။ ဧတ္ထ-ကား တို့တွင်--ကြောင့် ကေမေကော-၌ နိဒ္ဒါရဏာသမုဒါယ၊ ကေ မေကော-ကား နိဒ္ဒါရဏီယ စပ်။

➤ ၄။ သေတိ ဧတ္ထာတိ သေနံ။ အာသတိ ဧတ္ထာတိ အာသနံ။ သေနဉ္စ တံ အာသနဉ္စာတိ သေနာသနံ။ (သေနဥ္စ၊အိပ်ရာသည်လည်း။ဟောတိ၊ဟုတ်၏။တံ၊ထိုအိပ်ရာဟူသည်။အာသနဥ္စ၊နေရာသည်လည်း။ဟောတိ၊ဟုတ်၏။ဣတိ၊ သေနာသနံ။ ဝိသေသနော ဘယပဒ ကမ္မဓာရယ်၊ သေနပုဒ်+အာသနပုဒ်။ သေန အာသန-ဟူသော ဝိသေသန နှစ်ပုဒ်အရကား အိပ်ရာ၏အဖြစ် နေရာ၏အဖြစ်ဟူသော သေနာသနဘောဂုဏ်သည် မုချ။ ယင်း၏ ကျောင်းစသည်နှင့် ဂုဏ် ဂုဏီ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော အိပ်ရာ နေရာဖြစ်သော ကျောင်းဖြစ် ရ၏။

ထလတိ တိဋ္ဌတိ ဩဒနံ ဧတ္ထာတိ ထာလိယော။ ပစန္တိ ဧတ္ထာတိ ပါကာ။ ထာလိယော ဧဝ ပါကာ ထာလိပါကာ။ ထာလိပုဒ်+ပါကပုဒ် ကမ္မဓာရယ်သမာသ်။ ပါကပုဒ်အရကား ချက်ရာ၏အဖြစ်ဟူသော ပါကဌာနဘောဂုဏ်သည် မုချ။ ယင်း၏ အိုးဖြစ်နှင့် ဂုဏ် ဂုဏီ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ချက်ရာ အိုးဖြစ်ရ၏။

➤ ၆။ (က) ၌ ပဋိသာမေတွာ-ဖြင့် သံဥပသာရ၏ ဓာတွတ္ထဝိသေသက၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သမဓာတ်သည် သိုမှီးသိမ်းဆည်းခြင်း ပဋိသာမနအနက်ဟော--ရင်း (ဒု-ဓာတွတ္ထ) သိစေပါသည်။

(ခ) ၌ သဋ္ဌိထာလိပါကေ-ဖြင့် သဋ္ဌိမတ္တေ-၌ မတ္တသဒ္ဒါသည် ပမာဏ-စသော အနက်ကို မဟော၊ အနက်မရှိ ပဒါလင်္ကာရပုဒ်တည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ဂဏာနုပရိစ္ဆေဒတော-ဖြင့် ကွမ်းစားအရေအတွက်အားဖြင့် ခြောက်ဆယ်မဟုတ်၊ အိုးအရေအတွက်အားဖြင့် ခြောက်ဆယ်ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သဋ္ဌိယော ဝ မတ္တာ သဋ္ဌိမတ္တာ-ဟု တဗ္ဗာဝဝုတ္တိ ကမ္မဓာရည်းသမာသ် ဝစနတ္ထပြု--ရင်း (သမာသ လိင်္ဂတ္ထ) သိစေပါသည်။

➤ ၇။ ဌပေတွာ/ဌပေတွာ ။ ။ ဌာဓာတ် ဏာပေပစ္စည်း တွာပစ္စည်းဖြင့်ပြီးသော

http://www.dhammadownload.com



ကြောင့် ဌပေတွာ-သင့်ပါသည်။ ထပစာတ် ဏာပေပစ္စည်း တွာပစ္စည်းဖြင့်ပြီးသော ကြောင့် ထပေတွာ-ပါဌ်လည်းသင့်ပါသည်။ ထို့ကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

**ဓာလိပါက/ဓာလီပါက** ။ ။ သမာသ်အလယ်၌ရှိသော ဤကို ဣရဿပြုရမည် ဖြစ်သောကြောင့် ထာလိပါက-ပါဌ်သာ သင့်ပါသည်။

## ပါဠိတော် [၂၁]

(က) အဘိဟာရိယတိ **အဘိဟာရော**။ (ခ) ကိံ အဘိဟာရိယတိ။ (ဂ) ဘတ္တံ။

(ဃ) ဘတ္တမေဝ အဘိဟာရော ဘတ္တာဘိဟာရော။ (င) တံ ဘတ္တာဘိဟာရံ။

(စ) **အဘိဟရိံသူတိ** အဘိမုခါ ဟရိံသု။ (ဆ) တဿ သန္တိကံ ဂဟေတွာ အာဂမံသူတိ အတ္ထော။ (ဇ) ဧတဿ ကိံ ပမာဏန္တိ။ (ဈ) သဋ္ဌိ **ထာလိပါကေ**။ (ည) တေန ဝုတ္တံ "သဋ္ဌိ မတ္တေ ထာလိပါကေ ဘတ္တာဘိဟာရံ အဘိဟရိံသူ"တိ။

(၄။၁၇၄၊ မအ္ဋ၊တ၊၂၅။ ဘာသာဋီ၊ဒု၊ ၂၀၉။)

➢ ၁။ (ဆ) တဿ အာယသ္မတော သုဒိန္နဿ၊ထိုအရှင်သုဒိန်၏။သန္တိကံ၊အထံသို့။ သဋ္ဌိမတ္တေ၊ခြောက်ဆယ်အတိုင်းအရှည်ရှိကုန်သော။ထာလိပါကေ၊တစ်လုံး ဆယ်ယောက် မျှလောက်သော ဆွမ်းချက်အိုးတို့ကို။ဘတ္တာဘိဟာရံ၊ရှေးရှုဆောင်အပ်သော ဆွမ်းကို။ **(ဂဟေတွာ-၏ ကံ)**ဂဟေတွာ၊ယူကုန်၍။တေ ဉာတကာ၊ထိုဆွေမျိုးတို့သည်။ **(အာဂမံသု-၏ ကတ္တား)** အာဂမံသု၊လာကြကုန်ပြီ။ဣတိ၊အယ်၊ကား။အတ္ထော၊အဘိဟရိံသုပုဒ်၏အနက်တည်း။

➢ ၂။ (ခ-ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် အဘိဟာရပုဒ်၏ ဝစနတ္ထ ကို ပြတော်မူပြီး၍ ယခုအခါ၌ ဘတ္တာဘိဟာရံပုဒ်၏ ဝိသေသနပရ နိပါတအဖြစ်ကို ပြလို ရကား (ခ-ဂ) မိန့်၏။

(ဃ) သို့/ ဆရာသည် (ခ-ဂ) တို့ဖြင့် ဘတ္တာဘိဟာရပုဒ်ကို ဝိသေသနပရနိပါတ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု ဆို၏။ အဘိဟာရော စ ဝ ဘတ္တံ-ဟု အနက် အစဉ်အားလျော်စွာ ဝစနတ္ထပြုရမည်လော။ အဘယ်သို့ ဝစနတ္ထပြုရမည်နည်း။ စုဒ်ကြောင့် (ဃ) မိန့်။ **ကား** -- (ဃ) ဖြင့် ဝစနတ္ထပြုရာ၌ သဒ္ဒါအစဉ် ပြဌာန်းသောကြောင့် သံဝဏ္ဏော တပ္ပ သဒ္ဒါအစဉ်အတိုင်း ဘတ္တမေဝ အဘိဟာရော-ဟု ဝစနတ္ထပြုရမည်ဟူလို။

(ဆ) သို့/ ဆရာသည် (စ) ဖြင့် အဘိဟရိံသု-၌ အဘိဥပသာရသည် အဘိမုခ အနက်၌ ဖြစ်သည်ကိုရင်း၊ အဘိဟရိံသု-ဟူသည် ရှေးရှုဆောင်ယူခြင်းဖြစ်၏ဟုရင်း ဖွင့် ဆိုတော်မူ၏။ ဤ၌ ရှေးရှုဆောင်ယူခြင်းဟူသည် အဘယ်ပါနည်း။ ရှေးရှုဆောင်ယူပုံ အခြင်းအရာကို ထင်ရှားစွာ မပြဆိုပြီလော။ စုဒ်ကြောင့် (ဆ) မိန့်။

(ဇ+ဈ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ အကြင်အကြင် ဆိုအပ်ပြီးသော စကားရပ်ဖြင့် "ဘတ္တာဘိဟာရ"ဟူသောပုဒ်၏ ဝစနတ္ထကို ပြပြီး၍၊ ယခုအခါ၌ ရှေးရှုဆောင်အပ်သော

http://www.dhammadownload.com



ဆွမ်း၏ ပမာဏကို ပြခြင်းငှာ (ဇ+ဈ) မိန့်။

(ည) ဆို့/ ဆရာသည် (ဇ-ဈ) တို့ဖြင့် ရှေးရှုဆောင်ယူအပ်သော ဆွမ်းတို့သည် ခြောက်ဆယ်သော ဆွမ်းချက်အိုး ပမာဏရှိသည်ကို ဖွင့်ပြတော်မူ၏။ ယင်းသို့ ဆောင်ယူအပ်သော ဆွမ်း၏ ခြောက်ဆယ်သော ဆွမ်းချက်အိုး ပမာဏရှိသည်၏အဖြစ်ကို အဘယ့်ကြောင့် သိအပ်ပါသနည်း။ ပစ္စက္ခအားဖြင့် (ဝါ) သယမ္ဘုဉာဏ် ရ၍ သိအပ်ပါသလော။ စုဒ်ကြောင့် (ည) မိန့်။ **ကား**-- ပစ္စက္ခအားဖြင့် (ဝါ) သယမ္ဘုဉာဏ်ရ၍ သိအပ်သည် မဟုတ်၊ "သဋ္ဌိ မတ္တေ ထာလိပါကေ ဘတ္တာဘိဟာရံ အဘိဟရိံသု"ဟု ပါဠိတော်၌ အရှင်ဥပါလိ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် သိအပ်ပါ၏ဟူလို။

➢ ၃။ (ခ-ဂ) ပက္ကန္တရ။ (ဂ) ဝိသဇ္ဇနာဝါကျ။ ထိုကိုထောက်၍ ခ-ကား ပုစ္ဆာဝါကျ။ (ဃ) ဝါကျာရမ္ဘ။ ထို--၍ ခ-ဂ-ကား အာရဒ္ဓဝါကျ။ (င) ဝါကျာရမ္ဘ။ (စ) ပက္ကန္တရ။ (ဆ) စကားကျကို ဖွင့်ပြသောကြောင့် ဝိတ္ထာရ။ (ဇ) ပုစ္ဆာ။ (ဈ) ဝိသဇ္ဇနာ။ (ည) အာဂမဒဋ္ဌိ။

➢ ၄။ အဘိဟရီယတီတိ **အဘိဟာရော**။ (ဉာတိဟိ၊ဆွေမျိုးတို့သည်။ယံ ဘတ္တံ၊ အကြင်ဆွမ်းကို။အဘိဟရီယတိ၊ရှေးရှုဆောင်အပ်၏။ဣတိ၊ တံ ဘတ္တံ၊ အဘိဟာရော။ ကမ္မသာဓန၊ အဘိပုဗ္ဗ ဟရဓာတ်+ဏပစ္စည်း။ အဘိ ဥပသာရပုဒ်အရကား အဘိမုခဘောဂုဏ် ရ၏။ ဟရဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား ဆွေမျိုးတို့၏ သဒ္ဓါ မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှုချ။ ကမ္မဋ္ဌကား ထို--အားတပ်သော ဆွမ်း၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဏပစ္စည်းအရကား ထို--သော ဆွမ်းရ၏။

ဘုဥ္ဇိတဗ္ဗန္တိ ဘတ္တံ။ဘတ္တမေဝ အဘိဟာရော **ဘတ္တာဘိဟာရော**။ (ဘတ္တမေဝ၊ဆွမ်းသည်သာလျှင်။အဘိဟာရော၊ရှေးရှုဆောင်အပ်သည်တည်း။) ဘတ္တပုဒ်+အဘိဟာရပုဒ်၊ ကမ္မဓာရယ်သမာသ်။ အဘိဟာရ-ဟူသော ဝိသေသနပုဒ်အရကား ရှေးရှုဆောင်ခြင်းဟူသော အဘိဟရိတဗ္ဗ ဘောဂုဏ်သည် မှုချ။ ယင်းဂုဏ်၏ ဆွမ်းဒြပ်နှင့် ဂုဏ် ဂုဏော စပ် ဌာန္။ သမာသ်ပုဒ်လုံးအရကား ထို--သော ရှေးရှုဆောင်အပ်သော ဆွမ်းရ၏။

ထလတိ တိဋ္ဌတိ ဩဒနံ ဧတ္ထာတိ ထာလိ။ ပစန္တိ ဧတ္ထာတိ ပါကာ။ ထာလိ စေဝ ပါကာ ထာလိပါကာ။/ထာလိစ သာ ပါကာစာတိ **ထာလိပါကာ**။ (ဝိသေသနပရပဒ ကမ္မဓာရယ်) ပါက-အရ ချက်ရာဖြစ်သော ဂုဏ်သည် မှုချ။ထို-၏ ဆွမ်းအိုးဒြပ်နှင့် (ဝါ) ထမင်းအိုးဒြပ်နှင့် ဂုဏ် ဂုဏော စပ် ဌာန္။ ပုဒ်လုံးအရ ထို--သော ချက်ရာဖြစ်သော ဆွမ်းအိုးဒြပ်ရ၏။

➢ ၆။ (က) ၌ အဘိဟရီယတိ-ဖြင့် အဘိဟာရောပုဒ်ကို အဘိဟရီယတီတိ အဘိဟာရော-ဟု ကမ္မသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ ကမ္မသာဓန၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) ဣတိသဒ္ဒါ၏ ဝစနဟေတုဇောတက၏--ရင်း (ဘာဝတ္ထ) သိ။

(စ--ဂ) တို့ဖြင့် ဘတ္တာဘိဟာရောပုဒ်ကား ဝိသေသနပရနိပါတ ကမ္မဓာရယ်သမာသ်

http://www.dhammadownload.com



တည်းဟု သိစေပါသည်။ (သမာသလိင်္ဂပဒ)

(ဃ) ဖြင့် ဘတ္တမေဝ အဘိဟာရော ဘတ္တာဘိဟာရော-ဟု ဝိသေသနပရနိပါတ ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(င) ဖြင့် ရှေ့ဝါကျ၌ ဘတ္တာဘိဟာရော-ဟု ပဌမန္တအားဖြင့် ဖွင့်ဆိုသော်လည်း သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ ဘတ္တာဘိဟာရံ-ဟု ဒုတိယန္တနှင့် ရှိသတည်းဟု ဝိဘတ္တျန္တ ဒန္တ သောဓနနည်းကို သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ အဘိမုခါ-ဖြင့် အဘိဥပသာရသည် ဝိသိဋ္ဌ-စသော အနက်ကို မဟော၊ အဘိမုခအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ) (ဆ) (ဘာဝတ္ထ)

(ဇ) ဖြင့် သဋ္ဌိမတ္တေ-၌ မတ္တသဒ္ဒါသည် ပမာဏအနက်၌ ဖြစ်သည်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ)

➢ ၇။ ပမာဏ/ပမာန ။ ။ ပ ပရိနှင့်၊ မိ ဥ ညြနောက်၊ န-ငယ်ရောက်၊ မဖောက် ဏ-ကြီးပြန်လေပါ-ဟူသော နိယံ-အရ ပ-ဥပသာရနောင် ရောက်သောကြောင့် န-ငယ်ကို ဏ-ကြီးပြန်၍ ပြီးရကား ပမာဏ-ပါဌ်သာ သင့်ပါသည်။

➢ ၈။ **တာလီပါက-ကား** ဌာနဖြစ်သော ဆွမ်းအိုး အလုံး ခြောက်ဆယ်၏ "ထာလိပါက"ဟူသောအမည်ကို ဌာနီဖြစ်သော ဆွမ်း၌တင်-- ဌာနူပစာ။ မကောင်းရာဖြစ်သော ဆွမ်းအိုး အလုံးခြောက်ဆယ်ကို ဆိုသဖြင့် မကောင်းတတ်သော ဆွမ်းကိုလည်း ရသော ကြောင့် နာနန္တရိကနည်း။

ဌာနဖြစ်သော ဆွမ်းအိုးနှင့် ဌာနီဖြစ်သော ဆွမ်းကို အပြားမဲ့အားဖြင့် ဆိုသောကြောင့် အဘေဒနည်း။

**သဋ္ဌိထာလိပါကာ-ကား** ဌာနဖြစ်သော ဆွမ်းအိုးအလုံးခြောက်ဆယ်၏ "သဋ္ဌိထာလိပါက"ဟူသောအမည်ကို ဌာနီဖြစ်သော ဆွမ်း၌တင်-- ဌာနူပစာ။

မကောင်းရာဖြစ်သော ဆွမ်းအို ခြောက်ဆယ်ကိုဆိုသဖြင့် မကောင်းတတ်သော ဆွမ်းကိုလည်း ရသောကြောင့် နာ နန္တရိကနည်း။

**ဘတ္တာဘိဟာရော-ကား** ဒန္တဒွေဒနနည်း၊ ဒန္တသောဓနနည်း။

**အဘိမုခါ ဟရိံသု-ကား** အဘိမုခ-အရ ရှေးရှုသောသူတို့ဖြစ်နှင့် ဟရိံသု-အရ ဆောင်သောသူတို့ဖြစ် (ဆွေမျိုးချည်း အတူတူဖြစ်၍) မပြားဘဲ ပြားသကဲ့သို့ ဆိုသော ကြောင့် အဘေဒဘေဒူပစာ။

➢ ၁၀။ **အဘိဟရိံသု-အရ** ရှေးရှုဆောင်ယူတတ်သော ဆွေမျိုးတို့၏ လောကီခန္ဓာငါးကိုယူ။/ဆောင်ယူသော အခြင်းအရာအားဖြင့်ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်။

http://www.dhammadownload.com



**ပါဠိ [၂၂]**

(က) **ဘိက္ခူနံ့ ဝိဿဇ္ဇေတွာ** တိ သယံ ဥက္ကဋ္ဌပိဏ္ဍပါတိကတ္တာ သပဒါနစာရံ စရိတုကာမော ဘိက္ခူနံ ပရိဘောဂတ္ထာယ ပရိစ္စဇိတွာ ဒတွာ။ (ခ) အာယဋိ အာယသ္မာ "ဘိက္ခူ စ လာဘံ လစ္ဆန္တိ၊ အဟဉ္စ ပိဏ္ဍကေန န ကိလမိဿာမီ"တိ ဧတဒတ္ထမေဝ အာဂတော။

(ဂ) တသ္မာ အတ္တနော အာဂမနာနုရူပံ ကရောန္တော ဘိက္ခူနံ ဝိဿဇ္ဇေတွာ သယံ ပိဏ္ဍာယ ပါဝိသိ။ (ဋ၊ ၁၇၄။ မအ္ဋ၊ တ၊ ၂၆။ ဘာသာဋီ၊ ဒု၊ ၂၀၉။)

➤ ၁။ (က) [**ဘိက္ခူနံ-ကို တာကောကောတနည်း**] ဘိက္ခူနံ ဝိဿဇ္ဇေတွာတိ၊ကား၊သယံ၊ မိမိသည်။(ဝါ) ၏၊ဥက္ကဋ္ဌပိဏ္ဍပါတိကတ္တာ၊ဥက္ကဋ္ဌဖြစ်သော ပိဏ္ဍပါတိက၏အဖြစ်ကြောင့်။ သပဒါနစာရံ၊အိမ်တို့၏ ပြတ်ခြင်းမှကင်းသော အစဉ်နှင့်တကွဖြစ်သော လှည့်လည်ခြင်းကို။ ကတွာ၊ပြု၍၊စရိတုကာမော၊လှည့်လည်ခြင်းငှာ အလိုရှိသည်၊ဟုတွာ၊၍၊ဘိက္ခူနံ၊ရဟန်း တို့၏၊ပရိဘောဂတ္ထာယ၊သုံးဆောင်ခြင်းအကျိုးငှာ၊ဘိက္ခူနံ၊တို့အား၊ပရိစ္စဇိတွာ ဒတွာ၊ပေး ခဲ့၍။ (ဂ) * **ဝိဿဇ္ဇေတွာ—၏ ဂံထည့်** ။ ။ တသ္မာ၊ထိုသို့ လာခဲ့ပြီးသည်၏အဖြစ်ကြောင့်။ အတ္တနော၊မိမိ၏၊အာဂမနာနုရူပံ၊လာခဲ့ခြင်းအား လျော်ကပ်စွာ၊ကရောန္တော၊ပြုလျက်။ ဘိက္ခူနံ၊ရဟန်းတို့အား၊[သဋ္ဌိမတ္တေ၊ခြောက်ဆယ်အတိုင်းအရှည်ရှိကုန်သော၊ထာလိပါကေ၊ တစ်လုံး ဆယ်ယောက်မျှလောက်သော ဆွမ်းချက်အိုးတို့ကို၊ဘတ္တာဘိဟာရံ၊ရှေးရှုဆောင် အပ်သော ဆွမ်းကို။]ဝိဿဇ္ဇေတွာ၊စွန့်၍၊သယံ၊မိမိသည်၊ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ၊ပါဝိသိ၊ ဝင်ပြီ။

➤ ၂။ (က) **ဒွိ/ အဓိပ္ပါယ်နှတောအရာ** ။ ။ ဆရာ၊ ဥပါလိထေရ်သည် သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ ဘိက္ခူနံ ဝိဿဇ္ဇေတွာ-ဟု ဟောတော်မူ၏။ အဘယ်ကြောင့် ရဟန်းတို့အား စွန့်ပါသနည်း။ (ဝါ) အဘယ်အကျိုးငှာ ရဟန်းတိုပအား စွန့်ပါသနည်း။ (က) မိန့်။

**ကား**-- မိမိသည် (ဝါ) မိမိ၏ ဥက္ကဋ္ဌဖြစ်သော ပိဏ္ဍပါတ်စုတင်ကို ဆောင်သည်၏ အဖြစ်ကြောင့်ရင်း၊ အိမ်စဉ်ဖြတ်ခြင်းမှ ကင်းခြင်းနှင့်တကွ ဖြစ်သော် လှည့်လည်ခြင်းကို လှည့်လည်လိုသည်ဖြစ်၍ ရဟန်းတို့အား သုံးဆောင်ခြင်းအကျိုးငှာ စွန့်ပါ၏ဟူလို။

(ခ) **ဒွိ/** ဆရာ၊ ဥပါလိထေရ်သည် ရှင်သုဒိန်ကား ဆွမ်းအိုးခြောက်ဆယ်တို့ကို စွန့် ၍ ဆွမ်းခံဝင်သောဟု ဆို၏။ ထိုမျှလောက် ဆွမ်းရှိလျက် အဘယ့်ကြောင့် ဆွမ်းခံဝင် သနည်း။ မဟိစ္ဆ (အလိုကြီးခြင်း) ဖြစ်သောကြောင့်လော။ စုဒ်ကြောင့် (ခ) မိန့်။

(ခ-ဂ) **ဒွိ/ အာဿောဏ်ယတ္တစောဒနာ** ။ ။ ဆရာ-သည် (က) ဖြင့် ရဟန်းတို့အား စွန့်ခြင်း ၏ အကြောင်းနှင့် အကျိုးကို ပြဆိုတော်မူအပ်၏။ ရှင်သုဒိန်သည် ဆွေမျိုးတို့ထံမှ ရဟန်း ခြောက်ရာတို့ သုံးဆောင်လောက်သော ဆွမ်းကို ရအပ်သည် မဟုတ်ပါလော။ ယင်းသို့ ဖြစ်လျက် အဘယ့်ကြောင့် ဆွမ်းခံပါသနည်း။ (ဝါ) အဘယ်ကြောင့် ဆွမ်းအကျိုးငှာ ကလန္ဒ ရွာသို့ ဝင်ပါသနည်း။ စုဒ်ကြောင့် (ခ-ဂ) မိန့်။

http://www.dhammadownload.com



➤ ၃။ (ခ) ကား ကာရကာဝါကျ။ ထိုကိုထောက်၍ (က) ကား ဖလဝါကျ။ (ဂ) ကား လဒ္ဓဂုဏဝါကျ။ ထို--၍ (ခ) ကား လဒ္ဓဂုဏိယဝါကျ။

**စာစစ်** ။ ။ အယံ-ကား သည်--ကြောင့် အာဂတော-၌ အာပုဗ္ဗ ဂမုဓာတ် တ-ပစ္စည်းသည် ဟောအပ်သော ဝုတ္တကတ္တား၊ အာဂတော-ကား ထိုကတ္တားကိုဟောသော ကိတ်ကြိယာ ဝါစက။ အယံ-ကား သည်--ကြောင့် ပါဝိသိ-၌ ပပုဗ္ဗ ဝိသဓာတ် အဇ္ဈတ္တနီ ဤဝိဘတ်သည် ဟောအပ်သော ဝုတ္တကတ္တား။ ပါဝိသိ-ကား ထိုကတ္တားကိုဟောသော အာချာတ်ကြိယာ ဝါစက။

➤ ၄။ ဥက္ကဋ္ဌောစ သော ပိဏ္ဍပါတိကောစာတိ **ဥက္ကဋ္ဌပိဏ္ဍပါတိကော**။

ဥက္ကဋ္ဌပိဏ္ဍပါတိကဿ ဘာဝေါ **ဥက္ကဋ္ဌပိဏ္ဍပါတိကတ္တံ**။ ဥက္ကဋ္ဌပိဏ္ဍပါတိက-အရ ဥက္ကဋ္ဌ ပိဏ္ဍပါတ်ဓုတင်ဆောင် အရှင်သုဒိန်သည် မှချ။ ထို--၏ တ္တပစ္စည်းအရ ဥက္ကဋ္ဌ ပိဏ္ဍပါတ်ဓုတင်ဆောင်၏ ဖြစ်ကြောင်း ဖြစ်ရာ ဓုတင်ဆောက်တည်ခြင်း ကြိယာ (ဝါ) ဓုတင်ဆောင်နိုင်ခြင်း ဂုဏ်နှင့် နိဿယ-နိဿိတ စပ် ဌာန္။ တ္တပစ္စည်းအရ ထို--သော ဥက္ကဋ္ဌ ပိဏ္ဍပါတ်ဓုတင်ဆောင်၏ ဖြစ်ကြောင်းဖြစ်ရာ ဓုတင်ဆောက်တည်ခြင်းကြိယာ (ဝါ) ဓုတင်ဆောင်နိုင်ခြင်းဂုဏ်ရ၏။

➤ ၆။ (က) ၌ ပရိစ္စဇိတွာ-ဖြင့် ဝိဿဇ္ဇေတွာ-၌ ဝိဥပသာရ၏ ဓာတွတ္ထဝိသေသက ၏--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သဇ္ဇဓာတ်သည် ဤ၌ စီရင်ခြင်း သဇ္ဇနအနက်ကို မဟော၊ စွန့်ကြဲခြင်း•စာဂအနက်ကို ဟော--ရင်း (ဒု-ဓာတွတ္ထ) သိစေပါသည်။

ဒတွာ-ဖြင့် စွန့်ကြဲခြင်း•ပရိစ္စဇန-ဟူသည် ပေးလှူခြင်း ဒါနပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ပရိဘောဂတ္ထာယ-ဖြင့် ရဟန်းတို့အား စွန့်ခြင်းပဲ့ဟူသည် သိုမှီးသိမ်းထားခြင်းငှာ စွန့်သည် မဟုတ်၊ ပရိဘောဂအကျိုးငှာ စွန့်သတည်းဟု သိစေသည်။(ဘာဝတ္ထ)

**သယံ ဥက္ကဋ္ဌပိဏ္ဍပါတိကတ္တာ**-စသည်ဖြင့် ရဟန်းတို့အား စွန့်ခြင်းသည် မိမိ၏ ဥက္ကဋ္ဌဖြစ်သော ပိဏ္ဍပါတ်ဓုတင်ကို ဆောင်သည်၏အဖြစ်ကြောင့် အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လိုသည်ဖြစ်၍ ရဟန်းတို့အား စွန့်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

➤ ၇။ **ပိဿဇ္ဇေတွာ/ပိသဇ္ဇေတွာ** ။ ။ အာဒိသဒ္ဒေန သဇ ဝိဿဂ္ဂေ ဠ-ဟာနိမှိ ကိလိသ ဝိဗာဓာယန္တိ ဣစ္စာဒယေ (ရှ)နှင့် ယေ သဉော ကက္ခရဝသေန ဗာဟိရဓာတု ပါဌေ ပဌိယန္တိ (ရှုဋီ) ကိုထောက်၍ ဝိဿဇ္ဇေတွာ-ဟု ဒွေဘော်ဖြင့်ရှိသော ပါဌ်သင့်သည်။

**သပဒါနစာရံ/သာပဒါနစာရံ** ။ ။ သ+အပ-၌ အ-ကို ဒီဃပြု မပြု နှစ်မျိုးရှိသောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

➤ ၈။ **ဥက္ကဋ္ဌပိဏ္ဍပါတိကတ္တာ**-ကား အစိတ်ဖြစ်သော ဥက္ကဋ္ဌ ပိဏ္ဍပါတ်ဓုတင်ဆောင်ခြင်းကို မှတ်၍ဆိုသဖြင့် အပေါင်းဖြစ်သော သပဒါနစာရိကဓုတင် အာရညိကဓုတင် ပံသုကူလဓုတင်ကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း၊ ပဓာနနည်း။ ဧကဒေသူပစာ။

http://www.dhammadownload.com



**သဗ္ဗဒါနမောရုံ ဆိုတဲ့တော** -ကား အိမ်စဉ်မပြတ် လှည့်လည်ခြင်းနှင့် လှည့်လည်ခြင်း၌ အလိုရှိသည်ကို ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒနည်း၊ အဘေဒဘေဒူပစာ။

➢ ၁၀။ ဝိသေသစခွဏ္ဍာ-၌ ဓာတ်အရ ရှင်သုဒိန်၏သန္တာန်၌ ဒါနစေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

## ပါဌ် [၂၃]

(က) ဉာတိဒါသီတိ ဉာတကာနံ ဒါသီ။ (ခ) အာဘိဒေါသိကန္တိ ပါရိဝါသိကံ ဧကရတ္တာတိက္ကန္တံ ပူတိဘူတံ။ (ဂ-၁) တတြာယံ ပဒတ္ထော။ (ဂ-၂) ပူတိဘာဝဒေါသေန အဘိဘူတောတိ အဘိဒေါသော။ အဘိဒေါသောဝ အာဘိဒေါသိကော။

(ဃ) ဧကရတ္တာတိက္ကန္တဿ ဝါ နာမသညာ ဧသာ ယဒိဒံ အာဘိဒေါသိကောတိ။

(င) တံ အာဘိဒေါသိကံ။ (စ) ကုမ္မာသန္တိ ယဝကုမ္မာသံ။

(ဠ၁၇၄။ မအ္ဘ၊ ၂၆။ ဘာသာဋီ၊ ဒု၊၂၁၀။)

➢ ၁။ **အာဘိဒေါသိကံ**-ပုပ်သိုးသည်၏ အဖြစ်ဟုဆိုအပ်သော အပြစ်သည် နှိပ်စက်အပ်သော။ [သဒ္ဒတ္ထ] (ဝါ) တစ်ညဉ့်ကိုလွန်သော။ (ဝါ) မိုးသောက်ယံကို လွန်ပြီးသော [အဓိပ္ပါယတ္ထ] (ဝါ) ပုပ်သိုးပြီးသော။ [ဝေါဟာရတ္ထ]

➢ ၂။ (က) သို့/ ဆရာ၊ ဥပါလိမထေရ်သည် ဉာတိဒါသီ-ဟု လျှောက်ထား၏။ ဉာတိနှင့် ဒါသီပုဒ်ကို ဉာတိသဝိတာ ဒါသီ ဉာတိဒါသီ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုအပ်ပါသလော။ အဘယ်သမာသ် ဝစနတ္ထ ပြုအပ်ပါသနည်း။ စုဒ်ကြောင့် (က) မိန့်။

(ခ-ဂ) သို့/ ဆရာသည် (က) ဉာတိဒါသီပုဒ်ကို ဉာတီနံ ဒါသီ ဉာတိဒါသီ-ဟု ဆဋ္ဌီတပ္ပုရိသ် ပြုရမည်ဟု ဖွင့်ပြတော်မူ၏။ အာဘိဒေါသိကပုဒ်ကို အဘိမုခေါ် ဒေါသော အဘိဒေါသော၊ အဘိဒေါသေ နိယုတ္တော အာဘိဒေါသိကော-ဟု ဝစနတ္ထ ပြုအပ်ပါသလော။ အဘယ်ဝစနတ္ထ ပြုအပ်ပါသနည်း။ စုဒ်ကြောင့် (ခ-ဂ) မိန့်။

(ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် အာဘိဒေါသိကဟူသည် သိုးထားအပ်ပြီးသော (ဝါ) သိုးလေပြီးသော (မုယောမုန့်) တညဉ့်လွန်သော (မုယောမုန့်)ဟု အာဘိဒေါသိကပုဒ်၏ အဓိပ္ပါယတ္ထ အကျဉ်းကို ပြတော်မူပြီး၍ ယခုအခါ၌ ယင်း အာဘိဒေါသိကပုဒ်၏ သဒ္ဒတ္ထ အကျယ်ကို ဖွင့်ပြခြင်းငှာ (ဂ) မိန့်။

(ဂ-၁) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် ဝိဂ္ဂဟတ္ထကို မငဲ့မူ၍ အာဘိဒေါသိကံ သဒ္ဒါ၏ အနက်ကို ပြပြီး၍ ယခုအခါ၌ ပဒတ္ထ ဝစနတ္ထကို ပြလိုသော အဋ္ဌကထာဆရာသည် ရှေးဦးစွာ အခြေပါဒက စကားပျိုး သဝ်ေပကို ပြခြင်းငှာ (ဂ-၁) ကိုမိန့်။

(ဂ-၂) သို့/ ဆရာသည် (ဂ-၁) ဖြင့် ဤဆိုအပ်လတ္တံ့သည်ကား အာဘိဒေါသိကံ-ဟူသော ပုဒ်၏ ပဒတ္ထတည်းဟု အကျဉ်းအားဖြင့် ပြဆိုတော်မူ၏။ ပဒတ္ထအကျယ်ကား

http://www.dhammadownload.com



အဘယ်ပါနည်း။ ပဒတ္ထအကျယ်ကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဂ-၂) ကိုမိန့်။

**(ဃ) သို့/ အနုသနေ့** ။ ။ ဤသို့ (ဂ) ဖြင့် အာဘိဒေါသိကောပုဒ်ကို ဒေါသေန အဘိဘူတော အဘိဒေါသော၊ အဘိဒေါသောဝ အာဘိဒေါသိကော-ဟု အစိတ်အပေါင်း ဝစနတ္ထ ပြုရမည်ကို ပြဆိုပြီး၍ ယခုအခါ၌ အဘိဒေါသံ ဂတော ပတ္တော အတိက္ကန္တောတိ အာဘိဒေါသိကော-ပြုဟု ပြလိုရကား (ဃ) မိန့်။ (သာရတ္ထနှင့် ဝိမတိ)

(တစ်နည်း) ဤသို့ (ဂ) ဖြင့် အာဘိဒေါသိကောပုဒ်ကို ဒေါသေန အဘိဘူတော အဘိဒေါသော၊ အဘိဒေါသောဝ အာဘိဒေါသိကော-ဟု အစိတ်အပေါင်း ဝစနတ္ထ ပြုရမည်ကို ပြဆိုပြီး၍ ယခုအခါ၌ ဒေါသ-သဒ္ဒါကား ရတ္တိပရိယာယ်၊ ဒေါသေ အဘိ-ဝုတ္တော ပရိဝုတော အာဘိဒေါသိကော-ပြုဟု ပြလိုရကား (ဃ) မိန့်။ (ဂဏ္ဌိသစ်)

**(ဃ) သို့/** ဆရာသည် (ဂ) ဖြင့် အာဘိဒေါသိကပုဒ်ကို တတိယာတပ္ပုရိသ် (ဝါ) တတိယာ အဗျယီဘောသမာသ် အတွင်းဝင်သော သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုရင်း၊ အာဘိဒေါသိက-၌ အဘိ-၏ အဘိဘဝနအနက်၊ ဒေါသ-၏ အပြစ်ဒေါသအနက် ဟော သည်ကိုရင်း၊ ပြဆိုတော်မူ၏။ အာဘိဒေါသိကံပုဒ်၌ ဆိုခဲ့ပြီး ဝစနတ္ထ တစ်မျိုးသာ ဖြစ်နိုင်ပါသလော။ မည်သို့ ဝစနတ္ထ ဖြစ်နိုင်သေးသနည်း။ အဘိ-သည် အဘိဘဝန အနက် တစ်မျိုးသာ၊ ဒေါသ-သည် အပြစ်ဒေါသ အနက်တစ်မျိုးကိုသာ ဟောနိုင်ပါသလော။ အခြားမည်သည့်အနက်များကို ဟောနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

**(စ) သို့/** ဆရာ၊ ဥပါလိမထေရ်သည် ကုမ္မာသံ-ဟု လျှောက်ထား၏ ကုမ္မာသ-ဟူ သည် ပဲနောက်အစရှိသည်တို့ဖြင့် ပြုအပ်သော မုန့်လော။ အဘယ် မုန့်မျိုး ဖြစ်ပါသနည်း။

➤ ၃။ (က-ခ) ပက္ခန္တရ။ (ဂ) အာဘိဒေါသိကပုဒ်၏ သဘာဝတ္ထမှတစ်ပါး ပဒတ္ထ ဝစနတ္ထကို ပြသောကြောင့် ပက္ခန္တရ။ (တစ်နည်း) ပဒတ္ထ ဝစနတ္ထ အကျယ်ကို ပြသော ကြောင့် ဝိတ္ထာရ။ (ဂ-၁) ကား ဝိတ္ထာရ၏ အခြေခံ ပါဒကဝါကျ။ (ဃ) သည် အာဘိ ဒေါသိကပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထတစ်မျိုးကို ပြသောကြောင့် ပက္ခန္တရ။ (င) သည် ဒန္တစ္ဆေဒန၊ ပဒါဝဓိကန္တမှတစ်ပါး ဒန္တသောဓန ဝါကျာဝဓိကန္တကို ပြသောကြောင့် ပက္ခန္တရ။ (တစ်နည်း) ပါဠိတော်၌ ဆရာပြဆိုသကဲ့သို့ပင် ပဌမန္တနှင့် ရှိပါသလောဟု စောဒနာဖွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘ။ (စ) ပက္ခန္တရ။

➤ ၄။ အယံ အဇ္ဈတ္တိကောတိ ဇာနန္တိတိ **ဉာတိ**။ ဉာဓာတ်အရ အတွင်းသူ အတွင်း သား ဆွေမျိုးတည်းဟုသိသော သညာပြဓာတ်သော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ် သော စိတ္တုပ္ပါဒ်သည် ဖလူ။ နောက်နောက်၌ဖြစ်သော အကျိုးစီးပွားကို ပြီးစေသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် ကာရဏူ။ တိ-ပစ္စည်းအရကား ထို--သော ဆွေမျိုးဒြဗ် ရ၏။ (တစ်နည်း) အယံ အဇ္ဈတ္တိကောတိ ဉာယန္တိတိ **ဉာတိ**။ ဉာဓာတ်အရ ကတ္တုဠကြိယာကား ဤသူကား အတွင်းသူ အတွင်းသား ဆွေမျိုးတည်းဟုသိသော သညာ

http://www.dhammadownload.com



ပြစ်မှန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဌကား ထိုအားတပ်သော ဆွေမျိုးတို့၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ တိ-အရကား ထို--သော ဆွေမျိုးတို့ဒြပ်ရ၏။

ဉာတိ ဝေ ဉာတကာ။ (သွတ္တတဒ္ဓိတ်) သွတ္တတဒ္ဓိတ်တို့၏ သဘောသည် ပုဒ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ဆွေမျိုးတို့ ရ၏။

ဒေါသေန အဘိဘူတော **အဘိဒေါသော**။ (ဒေါသေန၊ပုပ်သိုးခြင်းဟူသော အပြစ်သည်။ အဘိဘူတော၊နှိပ်စက်အပ်သည်တည်း။) အဘိပုဒ်+ဒေါသပုဒ်၊ တတိယာ အဗျယီဘော သမာသ်။ ဒေါသ-အရကား ပုပ်သိုးခြင်း အပြစ်ဒေါသသည် မုချ။ ယင်း၏ လွှမ်းမိုးနှိပ်စက်အပ်သော ကုမ္မာသနှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ပုပ်သိုးခြင်း အပြစ်သည် လွှမ်းမိုးနှိပ်စက်အပ်သော ကုမ္မာသ ရ၏။

အဘိဒေါသံ ပစ္ဆိုသကာလံ ဂတော ပတ္တော အတိက္ကန္တောတိ **အာဘိဒေါသိကော**။ အဘိလက္ခိတော ဒေါသော အဘိဒေါသော။ အဘိဒေါသော ယဿ အတ္ထီတိ **အာဘိဒေါသိကော**။ အဘိဒေါသ-အရ မိုးသောက်ကာလသည် မုချ။ ထို--၏ လွန်ခြင်းသို့ ရောက်သော မုယောမုန့်နှင့် ကာလ ကာလဝန္တ စပ် ဌာနူ။ ဏိကပစ္စည်းအရ ထို--သော မိုးသောက်ကိုလွန်ပြီးသော မုယောမုန့်ရ၏။

ယဝေဟိ ကတော ကုမ္မာသော **ယဝကုမ္မာသော**။ (ယဝေဟိ၊မုယောတို့ဖြင့်။ကတော၊ ပြုအပ်သော။ကုမ္မာသော၊မုန့်တည်း။) ယဝပုဒ်+ကုမ္မာသပုဒ်။တတိယာ တပ္ပုရိသ်သမာသ်။ ယဝ-အရကား မုယောတို့ဒြပ်သည် မုချ။ ယင်း၏ ပြုအပ်သော မုန့်နှင့် ဝိကာရီ-ဝိကာရ၊ ပကတိ ဝိကတိ စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော မုယောတို့ဖြင့်ပြုအပ်သော မုန့် ရ၏။ * ပရိဝါသီယတေတိ ပရိဝါသော။ ပရိဝါသောယေဝ **ပါရိဝါသိကော**။ ပရိပုဗ္ဗ ဝါသဓာတ်၏ ကတ္တုဌကား ဥတုဇဖြစ်သော မုယောမုန့်၏ ဖောက်ပြန်စွာဖြစ်ခြင်း ဥပါဒ်သည် မုချ။ ကမ္မဌကား အပုပ်အနံ့၏ (ဝါ) မုယောမုန့်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော မကောင်းသောအနံ့ (ဝါ) မကောင်းသော အနံ့ရှိသော မုယောမုန့်ရ၏။

ဧကရတ္တိံ အတိက္ကန္တော **ဧကရတ္တာတိက္ကန္တော**။ ဧကရတ္တိ-အရ တစ်ညဥ့်သည် မုချ။ ထို--၏ လွန်ပြီးသော မုယောမုန့်နှင့် ကာလ ကာလဝန္တ စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော တစ်ညဥ့်ကိုလွန်ပြီးသော မုယောမုန့်ရ၏။

ပူတိ ဟုတွာ ဘူတော **ပူတိဘူတော**။ ပူတိ-အရ ပုပ်သည်၏အဖြစ်ဟူသော သဏ္ဌာဝနာ ဘောဂုဏ်သည် မုချ။ ထို-၏ ဖြစ်သော မုယောမုန့်နှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ပုပ်သည်ဖြစ်၍ဖြစ်သော မုယောမုန့်ရ၏။

ဒု ကုစ္ဆိတံ အသတိ ဘက္ခတီတိ ဒါသီ။ ဒီယန္တိ တာယာတိ ဝါ ဒါသီ။ ကုလတိ ပတ္တတိ ပတ္တရတီတိ ကုမ္မာသော။ ကုစ္ဆိတေန မသီယတိ အာမသီယတီတိ **ကုမ္မာသော**။

http://www.dhammadownload.com



➤ ၆။ (က) ဖြင့် ဉာတိဒါသီပုဒ်ကို ဉာတိဘူတာ ဒါသီ ဉာတိဒါသီ-ဟု ကမ္မဓာရယ် သမာသ် ဝိဂြဟ်ပြုရ ဉာတိနံ ဒါသီ ဉာတိဒါသီ-ဟု ဆဋ္ဌီတပ္ပုရိသ် ပြု--ရင်း (သမာသ လိင်္ဂတ္ထ) ဉာတိ-သည် ဉာတက-၏ ပရိယာယ်၏--ရင်း (ပရိယာယ်ပြု အဘိဓေယျတ္ထ) သိစေပါသည်။

(ခ) ဖြင့် အာဘိဒေါသိက-ဟူသည် ပုပ်သိုးခြင်းအဖြစ်ဖြင့် ထုံအပ်သော တစ်ညဉ့် လွန်သော ပုပ်သောအစာ အာဟာရပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ၌ ပူတိဘာဝဒေါသေန အဘိဘူတော-ဖြင့် အဘိဒေါသော-၌ အဘိ-သဒ္ဒါသည် ဝိသိဋ္ဌအနက်ကို မဟော၊ လွှမ်းမိုးနှိပ်စက်ခြင်း•အဘိဘဝနအနက်ကို ဟော--ရင်း (ဉပ သဂ္ဂလိင်္ဂတ္ထ) ဒေါသ-ဟူသည် ပုပ်သိုးခြင်း အပြစ်ဒေါသပင်တည်းဟူသော အဓိပ္ပါယ်ကို ရင်း (ဘာဝတ္ထ) ကောကိလေန အဝကုဋ္ဌ ဝနံ အဝကောကိလံကဲ့သို့ ဒေါသေန အဘိ ဘူတော အဘိဒေါသော-ဟု တတိယာ အဗျယီဘောသမာသ် ဝိဂြဟ်ပြု--ရင်း (သမာသ လိင်္ဂတ္ထ) သိစေသည်။ အဘိဒေါသော၀-ဖြင့် အာဘိဒေါသိကောပုဒ်ကို အဘိဒေါသော၀ အာဘိဒေါသိကော-ဟု သွတ္ထတဒ္ဓိတ် ဝိဂြဟ်ပြု--ရင်း (အဘိဓာနတ္ထ) ဏိကပစ္စည်း၏ သွတ္ထတဒ္ဓိတ်၌သက်--ရင်း (ပစ္စယတ္ထ) သိစေပါသည်။

(ဃ) ၌ ဧကရတ္တာတိက္ကန္တဿ-ဖြင့် အဘိဒေါသံ အတိက္ကန္တော အာဘိဒေါသိကော-ဟု အတိက္ကန္တတဒ္ဓိတ် ဝိဂြဟ်ပြု--ရင်း (အဘိဓာနတ္ထ) ဏိကပစ္စည်း၏ အတိက္ကန္တတဒ္ဓိတ် ၌သက်--ရင်း (ပစ္စယတ္ထ) အဘိဒေါသ-သဒ္ဒါ ဧကရတ္တိ•တစ်ညဉ့် (ဝါ) မိုးသောက်ယံ• ပစ္ဆူသကာလအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) သိစေပါသည်။

နာမသညာ-ဖြင့် အာဘိဒေါသိကဟူသည် တညဉ့်လွန်ပြီးသော အစားအစာ၏ နာမည်တည်း (ဝါ) ရုဋ္ဌီသညာတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(င) ဖြင့် ပါဠိတော်ဝယ် ဒုတိယာဝိဘတ်ဖြင့် နေသည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ) (စ) ဖြင့် ကုမ္မာသ-အရ မုဂ္ဂကုမ္မာသကို မယူရ ယဝကုမ္မာသ (မုယောမုန့်)ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

➤ ၇။ အဘိဒေါသိက/အာဘိဒေါသိက ။ ။ အဘိဒေါသိကော အာဘိဒေါသိ ကောတိစ ဒွေ ပါဌာ။ ကသ္မာ? ဒီဃဿ အနိစ္စတ္တာ-ဟု ပါရာဇိကာဏ် ယောဇနာ၌ ဆို ရကား ဒီဃဝုဒ္ဓိတို့၏ မမြဲသည်၏အဖြစ်ကြောင့် ဝုဒ္ဓိ မပြုလျှင် အဘိဒေါသိကော၊ ပြုလျှင် အာဘိဒေါသိကော နှစ်ပါဌ်လုံးသင့်ပါသည်။

**ဧကရတ္တာတိက္ကန္တဿ ဝါ/ဧကရတ္တာတိက္ကန္တဿ** ။ ။ ဝါ ပရော နယော-ဟု ဆိုသော ကြောင့်ရင်း၊ အဘိဒေါသံ ဝါ ပစ္ဆူသကာလံ ဂတော ပတ္တော အတိက္ကန္တောတိ အာဘိ ဒေါသိကော တေနာဟ "ဧကရတ္တာတိက္ကန္တဿ ဝါ"တိ အာဒိ (သာရတ္ထ) ကို ထောက်၍ ဧကရတ္တာတိက္ကန္တဿ ဝါ-ပါဌ်သာ သင့်ပါသည်။

http://www.dhammadownload.com



> ၈။ **ကုမ္မာသ-ကား** အပေါင်းဖြစ်သော မုဂ္ဂကုမ္မာသ ယဝကုမ္မာသတို့၏ "ကုမ္မာသ" ဟူသော အမည်ကို အစိတ်ဖြစ်သော ယဝကုမ္မာသ-၌ တင် ဧကဒေသျူပစာ။ ရုဠ္ဌီနည်း။

**ယဝကုမ္မာသံ-၌** ယဝ-ကား အကြောင်းဖြစ်သော မုယော, ကောက်စပါး၏ "ယဝ" ဟူသော အမည်ကို အကျိုးဖြစ်သော မုယောထမင်း၌တင်-- ကာရဏူပစာ၊နာနန္တရိက။

**ဉာတိဒါသိ-ကား** အတူဖြစ်သော ဆွေမျိုး၏ "ဉာတိ"ဟူသောအမည်ကို အတူရှိသော ဆွေမျိုးလိုဖြစ်နေသော အိမ်ပေါက်ကျွန်မ၌တင်-- သဒိသူပစာ။ရုဠ္ဌီနည်း။

**ဉာတကာနံ ဒါသိ-ကား** ဉာတကာနံ-ဟူသော အစိတ်ကိုမှတ်၍ဆိုသဖြင့် အပေါင်းဖြစ်သော ဉာတိဒါသီကိုလည်း ရသောကြောင့် ဥပလက္ခဏာနည်း၊ နိဒဿနနည်း။

## ပါဠိ [၂၆]

**(က) ဆဍ္ဍေတုကာမာ ဟောတီတိ ယသ္မာ အန္တမသော ဒါသကမ္မကရာနမ္ပိ ဂေါရူပါနမ္ပိ အပရိဘောဂါရဟော၊ တသ္မာ တံ ကစဝရံ ဝိယ ဗဟိ ဆဍ္ဍေတုကာမာ ဟောတိ။**

**(ခ) သစေတန္တိ သစေ ဧတံ။ (ဂ) အာဂိနီတိ အရိယဝေါဟာရေန ဉာတိဒါသိံ အာလပတိ။ (ဃ) ဆဍ္ဍနီယဓမ္မန္တိ ဆဍ္ဍေတဗ္ဗသဘာဝံ။ (င) ဣဒံ ဝုတ္တံ ဟောတိ အာဂိနိ ဧတံ သစေ ဗဟိ ဆဍ္ဍနီယဓမ္မံ နိဿဋ္ဌပရိဂ္ဂဟံ၊ တံ ဣတော မေ ပဒေထ အာဟရာတိ။**

(ဋ္ဌ၊၁၇၄။ မဒ္ဒူ၊တ၊၂၇။ ဘာသာဋီ၊ဒု၊၂၁၃။)

> ၁။ (က) [**ယောဇနာလင်္ကာရ/ဥပမာလင်္ကာရ—ယောဇနာ**] ဆဍ္ဍေတုကာမာ ဟောတီတိ၊ ဟူသည်ကား။ယသ္မာ၊အကြင်ကြောင့်။အန္တမသော၊အောက်ထစ်ဆုံးအားဖြင့်။ဒါသကမ္မကရာနမ္ပိ၊ကျွန်အမှုကိုပြုကုန်သော သူတို့အားရင်း။ဂေါရူပါနမ္ပိ၊နွားတို့၏ အပေါင်းတို့အားရင်း။အပရိဘောဂါရဟော၊စားခြင်းငှာ မထိုက်သည်၏အဖြစ်ကြောင့်။ဆဍ္ဍေတုကာမာ၊စွန့်ခြင်းငှာ အလိုရှိသည်။ဟောတိ၊ဖြစ်၏။တသ္မာ၊ထို့ကြောင့်။တံ၊ကုမ္မာသံ၊ထိုမုယောဆန်တို့ဖြင့် ပြုအပ်သော မုန့်ကို။ကစဝရံ၊အမှိုက်ကို။ဗဟိ၊အပ၌။ဆဍ္ဍေတိ ဝိယ၊စွန့်သကဲ့သို့။ဗဟိ၊အပ၌။ဆဍ္ဍေတုကာမာ၊စွန့်ခြင်းငှာ အလိုရှိသည်။ဟောတိ၊ဖြစ်၏။

> ၂။ (က) သို့/ **[illegible]** ။ ။ ဆရာ၊ ဥပါလိမထေရ်သည် ဆဍ္ဍေတုကာမာ ဟောတိ-ဟု လျှောက်၏။ အဘယ့်ကြောင့် ကုမ္မာသကို စွန့်ခြင်းငှာ အလိုရှိပါသနည်း။ (ဝါ) အဘယ်ကဲ့သို့ အဘယ်၌ စွန့်ခြင်းငှာ အလိုရှိပါသနည်း။ စွန့်ခြင်းအကြောင်းနှင့် စွန့်ပုံအခြင်းအရာ စွန့်ပုံဌာနတို့ကို မပြဆိုပြီလော။ စုဒ်ကြောင့် (က) မိန့်။

(တစ်နည်း) ဆရာ၊ ဥပါလိထေရ်သည် ဆဍ္ဍေတုကာမာ စသည်ဖြင့် ဆွေမျိုးတို့၏ ကျွန်မသည် အာဘိဒေါသိက ကုမ္မာသကို စွန့်ပစ်ခြင်းငှာ အလိုရှိသောဟု မိန့်၏။ အဘယ့်ကြောင့် ယင်းအာဘိဒေါသိကကုမ္မာသကို စွန့်ပစ်ခြင်းငှာ အလိုရှိပါသနည်း။ ယင်း အာဘိဒေါသိကကုမ္မာသကို အယုတ်သဖြင့် ကျွန်နှင့် အမှုလုပ်တို့အားရင်း နွားအပေါင်းတို့အား

http://www.dhammadownload.com



ရင်း သုံးဆောင်ထိုက်သည် မဟုတ်ပါလော။ အကယ်၍ သုံးဆောင်ထိုက်ပါလျက် စွန့်ပစ်လို၏ဟု ဆိုလျှင် အနက်နှင့်သဒ္ဒါ ဆန့်ကျင်ခြင်း အတ္ထသဒ္ဒ၊ (ဝါ) ဝါစ္စ ဝါစက ဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်ရာ၏-ဟု စောဒနာဖွယ်ရှိသောကြောင့် ယင်းစောဒနာကို မိမိကိုယ်တိုင် သောဓနာလိုရကား ယသ္မာ-စသော သံဝဏ္ဏနာကိုမိန့်။ (မစိုးရိမ် ပါဖြေ)

[ကောင်းသေးလျက် မသုံးဆောင်ထိုက်သောကြောင့် စွန့်ခြင်းငှာ အလိုရှိသလော။ စုဒ်ကြောင့် (က) မိန့်။] [ ရှိတိုင်းပင်လျှင် တံဝတ္တု သစေ ဟောတိ-ဟု ယောဇနာရမည်လော။ စုဒ်ကြောင့် (ခ) မိန့်။] (မအူနိသျ။)

(င) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ-ဂ-ဃ) တို့ဖြင့် သစေ တံ-စသောပုဒ်တို့၏ ပဒတ္ထ အကျဉ်းကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ ဝါကျပိဏ္ဍတ္ထ အကျယ်ကို ပြခြင်းငှာ (င) မိန့်

(င) သို့/ ဆရာသည် (ဃ) ဖြင့် ဆဍ္ဍနီယဓမ္မံ-၌ အနီယပစ္စည်း ကံအနက်၌ဖြစ်သည်ကိုရင်း၊ ဓမ္မ-သဒ္ဒါ၏ သဘာဝအနက် ဟောသည်ကိုရင်း ဖွင့်ပြတော်မူ၏။ ဆဍ္ဍနီယဓမ္မံ-စသော စကား၌ အရှင်သုဒိန်၏ နှလုံးသွင်း ပိဏ္ဍတ္ထ ဇုကတ္ထကို မပြဆိုပြီလော။ ပိဏ္ဍတ္ထ ဥဇုကတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (က-ခ-ဂ-ဃ) ပက္ခတ္တရ။ (င) ဝါကျပိဏ္ဍတ္ထ အကျယ်ကို ပြသောကြောင့် ဝိတ္ထာရ/ ဝါကျာရမ္ဘ။ **ဓာစပ်** ။ ။ ဝတံ-ကား သည်--ကြောင့် သစေ ဟောတိ-၌ ပကတိကတ္တား။ သစေ ဟောတိ-ကား ပကတိကတ္တား၏ ကြိယာ စပ်။

➤ ၄။ လာဘကဘာဝံ အမတိ ဂစ္ဆတီတိ အန္တော။ အန္တေ ဘဝေါ **အန္တိမော**။ (တေန အန္တမသော) အန္တ-တဒ္ဓိတ်ပုဒ်အရ ယုတ်ညံ့သော ဝတ္ထု (ဝါ) ကျွန်အမှုလုပ်သမားစသည်သည် မုချ။ ထို--၏ အပိုင်းအခြားနှင့် နိသျ-နိဿိတ စပ် ဌာနူ။ က္ကမပစ္စည်းအရ ထို--သော ယုတ်ညံ့သော ဝတ္ထု (ဝါ) ကျွန်အမှုလုပ်သမား စသည်၌ဖြစ်သော အပိုင်းအခြားရ၏။ ✱ ဂေါယေဝ ဂေါရူပါ။ ဂုန္နံ ရူပါ **ဂေါရူပါ**။ ဂေါ-အရ နွားတို့၏အဖြစ်ဟူသော တဗ္ဘာဝဝုတ္တိဘောဂုဏ်သည် မုချ။ ထို--၏ နွားတို့နှင့် ဂုဏ်-ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရကား ထို--သော နွားရ၏။ (တစ်နည်း) တဗ္ဘာဝဝုတ္တိ ကမ္မဓာရယ်သမာသ်တို့၏ သဘောသည် ရှေ့ပုဒ် နောက်ပုဒ်အရသည် အထူးမရှိသောကြောင့် ဂေါ-အရရင်း၊ ရူပ အရရင်း နွားရ၏။

ဆဍ္ဍေတဗ္ဗောတိ **ဆဍ္ဍနီယော**။ ဆဍ္ဍဓာတ်အရ ကတ္တုဌကား စွန့်ပစ်တတ်သော ကျွန်မ၏ ကာယဝိညတ္တိသမုဋ္ဌာပက စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဌကား စွန့်ပစ်အပ်သော မုယောမုန့်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ အနီယ-ပစ္စည်းအရ စွန့်ပစ်အပ်သော မုယောမုန့် ရ၏။ ✱ ဆဍ္ဍနီယော ဓမ္မော ယဿာတိ **ဆဍ္ဍနီယဓမ္မံ**။ ဆဍ္ဍနီယဓမ္မ-အရ စွန့်ပစ်ထိုက်သည်၏အဖြစ်ဟူသော ပုပ်သိုးနေခြင်းသဘောသည် မုချ။ ထို--၏ ကုမ္မာသနှင့် နိဿိတ-နိသျ စပ် ဌာနူ။ ယ-အညပုဒ်အရ ထို--သော စွန့်ပစ်ထိုက်သည်၏ အပြစ်ဟူ

http://www.dhammadownload.com



သော ပုပ်သိုးခြင်းသို့ သက်ရောက်သော ကုမ္ပာသ ရ၏။

* ဆဒ္ဒေတဗ္ဗော သဘာဝေါ ဧတဿ ဝတ္တုနောတိ **ဆဒ္ဒနီယသဘာဝံ**။ ပုဒ်လုံးအရ စွန့်အပ်သော သဘောသည် မူချ။ ထို--၏ ကုမ္ပာသနှင့် သဘာဝ-သဘာဝဝန္တ စပ် ဌာန္။ ဧတ-အညပုဒ်အရ ထို--သော စွန့်အပ်သော သဘောရှိသော ကုမ္ပာသ ရ၏။

ပူတိဘူတဘာဝေန ပရိဘောဂံ နာရဟတီတိ **အပရိဘောဂါရဟော**။ (ယော အာဘိဒေါသိကော ကုမ္ပာသော၊သည်။ပူတိဘူတဘာဝေန၊ပုပ်သည်၏အဖြစ်ဖြင့်။ (ဝါ) ပုပ်သောကြောင့်။ပရိဘောဂံ၊သုံးဆောင်ခြင်းကို။နာရဟတိ၊မထိုက်။ဣတိ၊ သော အာဘိဒေါသိကော ကုမ္ပာသော၊ အပရိဘောဂါရဟော။) ကတ္တုသာဓန ကိတန္တ အယုတ္တသမာသ်၊ နပုဒ်+ပရိဘောဂပုဒ်+အရဟဓာတ်+အ-ပစ္စည်း။ ပရိဘောဂ-ဟူသော ဝိသေသနပုဒ်အရကား သုံးဆောင်ခြင်းသည် မူချ။ယင်း၏ မထိုက်သော အာဘိဒေါသိက ကုမ္ပာသနှင့် ကမ္မ-ကမ္မီ စပ် ဌာန္။ **[သဘာသာကောက်]** * န-အရကား ပဋိသေဓဘောဂတ် ရ၏။ အရဟဓာတ်အရကား ပုပ်သိုးလေပြီးသော မုယောမုန့်ဟူသော အဌကလာပ်ရုပ် (၈) ခုတို့၏ ဥပါဒ်သည် မူချ။ အ-ပစ္စည်းအရ/ပုဒ်လုံးအရကား ဥပ္ပါဒဝန္တဖြစ်သော မသုံးဆောင်ကောင်းသော ပုပ်သိုးလေပြီးသော မုယောမုန့် ရ၏။ **[ကိတ်-ကောက်]**

(တစ်နည်း) အရဟတီတိ အရဟော။ (အရဟဓာတ်+အ) ပရိဘောဂံ အရဟော ပရိဘောဂါရဟော။ န ပရိဘောဂါရဟော **အပရိဘောဂါရဟော**။ (ပရိဘောဂါရဟော၊ သုံးဆောင်ခြင်းကိုထိုက်သည်။န၊မဟုတ်။) န-ဟူသော ဝိသေသနပုဒ်အရကား ပဋိသေဓဘောဂတ် ရ၏။ ယင်း၏ သုံးဆောင်ကောင်းသော အစာနှင့် ဂုဏ် ဂုဏော စပ် ဌာန္။ ပုဒ်လုံးအရ ထို--သော မသုံးဆောင်ကောင်းသော ပုပ်သိုးလေပြီးသော မုယောမုန့်ရ၏။

* ဒါတဗ္ဗောတိ ဒါသော။ * နာနာဝိဓေ သင်္ကာရေ ရာသိကရဏဝသေန ကစတိ ဗန္ဓတိ ဌပေနာတိ ကစော။ ကစဿ ဝရော **ကစဝရော**။ (ကစဿ၊အမှိုက်သယ်စရာကို။ ဝရော၊အလိုရှိအပ်ရာတည်း။ဣတိ၊ **ကစဝရော**) * ကစော ဧတ္ထ ဝရိတဗ္ဗော ဣစ္ဆိတဗ္ဗောတိ ကစဝရော။ * ဘဇိတဗ္ဗာတိ ဘဂိနီ။ * နိဿဋ္ဌော ပရိဂ္ဂဟော ယဿာတိ **နိဿဋ္ဌပရိဂ္ဂဟာ**။

၆။ (က) ၌ ကစဝရံ ဝိယ-ဖြင့် ပါဠိ၌ ကစဝရံ ဗဟိ ဆဍ္ဍေတုကာမာ ဝိယ ဆဍ္ဍေတုကာမာ ဟောတိ-ဟု ဥပမာလင်္ကာရ ယောဇနာရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

ယသ္မာ (ပ) တသ္မာ-ဖြင့် အန္တမသော ဒါသကမ္မကရာနမ္ပိ ဂေါရူပါနမ္ပိ အပရိဘောဂါရဟတ္တာ ဆဍ္ဍေတုကာမာ ဟောတိ-ဟု ဟေတာလင်္ကာရ ယောဇနာရမည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ၌ သစေ ဓတံ-ဖြင့် သစေတံ-ကို တံ ဝတ္ထု သစေ-ဟု အနက် မယောဇနာရ သစေ+ဓတံ-ဟု ပဒစ္ဆေဒပြု၍ အနက်ယောဇနာရမည်ဟု သိစေပါသည်။ (သန္ဓိလိင်ပဒ)

(ဂ) ဖြင့် အရိယာပုဂ္ဂိုလ်များသည် မာတုဂါမကို နှမ (ဘဂိနီ)ဟု ခေါ်လေ့ရှိသဖြင့်

http://www.dhammadownload.com



သုဒိန်ကလည်း အရိယာအသုံးအနှုန်းအားဖြင့် ဘဂိနီ-ဟု ခေါ်သည်၏--ဧင်း (ဘာဝတ္ထ) ဘဂိနီ-ပုဒ်၏ အာလုပ်ပုဒ်၏--ဧင်း (နာမလိင်္ဂပဒ) ပထမာဝိဘတ်သည် လိင်္ဂတ္ထ၌ မသက်၊ အာလုပ်အနက်၌သက်--ဧင်း (ဝိဘတျတ္ထ) ယင်းအာလုပ်သည်လည်း သဇီဝအာလုပ် ဖြစ်သည်၏--ဧင်း (ဘာဝတ္ထ) သိစေပါသည်။

(ဃ) ၌ ဆန္ဒေတဗ္ဗသဘာဝံ-ဖြင့် ဆန္ဒနီယ-၌ အနီယပစ္စည်းသည် ကရဏသာဓန၌ မသက်၊ ကမ္မသာဓန၌ သက်-ဧင်း (ဒု-ပစ္စယတ္ထ) ဆန္ဒေတဗ္ဗောတိ ဆန္ဒနီယော-ဟု ကမ္မသာဓန ဝစနတ္ထပြု--ဧင်း (အဘိဓာနတ္ထ) ဓမ္မ-သဒ္ဒါသည် ပရိယတ္တိ၊ ပညာ-စသော အနက်ကို မဟော၊ သဘာဝအနက်ကို ဟော--ဧင်း (နာမလိင်္ဂတ္ထ) ဆန္ဒနီယော ဓမ္မော ယဿာတိ ဆန္ဒနီယဓမ္မ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု-ဧင်း (သမာသလိင်္ဂတ္ထ)သိစေ။

➢ ၃။ **ဆန္ဒနီယဓမ္မ/ဆန္ဒနီယဓမ္မ/ဆန္ဒေတုကာမာ/ဆန္ဒေတုကာမာ** ॥ ॥ ဆန္ဒော၊ ဆန္ဒော၊ ဆန္ဒနေ စု။(ဓာတွတ္ထ သင်္ဂဟ) ကိုထောက်၍ ဆန္ဒဓာတ် ဆန္ဒဓာတ် နှစ်မျိုးလုံးပင် စွန့်ပစ်ခြင်းအနက်ကို ဟောနိုင်သောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

**နိဿဋ္ဌပရိဂ္ဂဟံ/နိဿဋ္ဌပရိဂ္ဂဟံ** ॥ ॥ ဓာတွတ္ထဒီပနီ နိ-ဥပသာရနောင် ရောက်၍ သဇဓာတ်၏ အာဒိဗျည်းသည် ဒွေဘော်ဌာနဖြစ်သောကြောင့် နိဿဋ္ဌပရိဂ္ဂဟံ-သင့်။

➢ ၈။ **ဂေါရူပါနံ**-ကား ဂေါ-အရ နွားနှင့် ရူပ-အရ အပေါင်းတို့ မပြားဘဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။ (တစ်နည်း) အစိတ်ဖြစ်သော နွားကို မှတ်၍ ဆိုသဖြင့် အပေါင်းဖြစ်သော အခြားသော သတ္တဝါတို့ကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း၊ ဧကဒေသူပစာ။

**ဆန္ဒနီယဓမ္မ**-၌ ဓမ္မ-ကား အပေါင်းဖြစ်သော သဘာဝ, ပရိယတ္တိ, ပညာ-စသော အနက်တို့၏ "ဓမ္မ"ဟူသော အမည်ကို အစိတ်ဖြစ်သော သဘာဝအနက်၌တင်-- ဧကဒေသူပစာ၊ ရုဠှီနည်း။ **ဘဂိနီ**-ကား အတူဖြစ်သော ညီမငယ်၏ "ဘဂိနီ"ဟူသော အမည်ကို အတူရှိသော ဉာတိဒါသီ-၌တင်-- သဒိသူပစာ။

**ဂါထာ [၂၅]**

(က) ကိံ ပန ဓရံ ဝတ္တုံ လဗ္ဘတိ၊ ပိညတ္တိ ဝါ ပယုတ္တာဝါစာ ဝါ န ဟောတိတိ?

(ခ) န ဟောတိ။ (ဂ) ကသ္မာ? နိဿဋ္ဌပရိဂ္ဂဟတ္တာ။ (ဃ) ယဋ္ဌိ ဆန္ဒနီယဓမ္မံ နိဿဋ္ဌပရိဂ္ဂဟံ၊ ယတ္ထ သာမိကာ အနာလယာ ဟောန္တိ၊ တံ သန္ဓာယ "ဒေထ, အာဟရထ, ကုမ္မ အာကိရထာ" တိ ဝတ္တုံ ဝဋ္ဋတိ။ (င) တထာ တံ အာဂ္ဂအာရိယဝံသိကော အာယသ္မာ ရဋ္ဌပါလောပိ ဆန္ဒနီယဓမ္မံ ကုမ္မာသံ "ကုမ္မ မေ ပတ္တေ အာကိရာ"တိ *အာဝစ။*

(စ) တသ္မာ ယံ ဓရဋ္ဌံ ဆန္ဒနီယဓမ္မံ၊ အညံ ဝါ အပရိဂ္ဂဟိတံ ဝနမူလ ဖလဘေသဇ္ဇာ ဒိကံ၊ တံ သန္ဓာယ ယထာသုခံ အာဟရာပေတ္ဂာ ပရိဘုဉ္ဇိတဗ္ဗံ၊ န ကုက္ကုစ္စာယိတဗ္ဗံ။

(ဌ၁၇၄။ မအဋ္ဌ၊ ၂၈။ ဘာသာဋီ၊ဒု၊ ၂၁၃။)

http://www.dhammadownload.com



➤ ၂။ (က) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ရှေ့ ဝါကျ) ဖြင့် သစေ တံ ဘဂိနိ ဆဉ္ဇနီယမေ့ စသော ပါဠိတော်၏ ယောဇနာနှင့်တကွ ပိဏ္ဍတ္ထကို ပြပြီး၍ ယခုအခါ၌ ဆဉ္ဇနီယသဘော ရှိသော်လည်း ကျွန်မ၏လက်၌ တည်သောဝတ္ထု၏ အဖြစ်ကြောင့် " ဣမ မေ ပတ္တေ အာကိရ"ဟူ၍ ဆိုအပ်သော စကားသည် အညာတကဝိညတ္တိဖြစ်ရာ၏ဟု အာသောဂဖြင့် စောဒနာခြင်းကို ပြလို၍ (ဝါ) ပြလိုသော ဆရာသည် (က) မိန့်။

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် "သစေတံ ဘဂိနိ ဆဉ္ဇနီယမေ့ ဣမ မေ ပတ္တေ အာကိရ"ဟူ၍ ပြောဆိုခြင်းငှာ ရအပ်သည်၏အဖြစ်၊ ဝိညတ်နှင့် ပယုတ္တဝါစာ မဖြစ်ခြင်း ကို ပြပြီး၍၊ ယခုအခါ၌ "သစေတံ ဘဂိနိ ဆဉ္ဇနီယမေ့ ဣမ မေ ပတ္တေ အာကိရ"ဟူ၍ ပြောဆိုခြင်းငှာ ရအပ်သည်၏အဖြစ်၊ ဝိညတ်နှင့် ပယုတ္တဝါစာ မဖြစ်ခြင်း၌ အကြောင်းကို ပြခြင်းငှာ (ဂ) မိန့်။

(ဂ) သို့/ ဆရာသည် (ခ) ဖြင့် ဝိညတ်သည်ရင်း၊ ပယုတ္တဝါစာသည်ရင်း မဖြစ်ဟု ဖွင့်ပြ၏။ အဘယ့်ကြောင့် ဝိညတ်သည်ရင်း၊ ပယုတ္တဝါစာသည်ရင်း မဖြစ်ပါသနည်း။ အာကိရ-ဟူ၍ တိုက်ရိုက် တောင်းသည် မဟုတ်ပါလော။ သစေ ဆဉ္ဇနီယမေ့-ဟူ၍ ပရိယာယ်အားဖြင့် တောင်းသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) **သို့/** ဆရာသည် (ဂ) ဖြင့် စွန့်လွှတ်အပ်သော သိမ်းပိုက်ခြင်းရှိသည်၏အဖြစ် ကြောင့် ဝိညတ်သည်ရင်း ပယုတ္တဝါစာသည်ရင်း မဖြစ်ဟု အကျိုး၏ အကြောင်းကို အကျဉ်းအားဖြင့် ဖွင့်ပြ၏။ ထိုအကြောင်းကို အဘယ်သို့လျှင် အကျယ်အားဖြင့် သိနိုင် ပါသနည်း။ အကြောင်း၏ အကျယ်ကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

(င) **သို့/ အာသောဂတ္ထ** ။ ။ ဆရာသည် (ဃ) ဖြင့် ဆဉ္ဇနီယ နိဿဋ္ဌပရိဂ္ဂဟ သာမိက အနာလယ-ဖြစ်သော ဝတ္ထုအလုံးစုံကို "ဒေထ အာဟရထ အာကိရထ"ဟူ၍ ဆိုခြင်းငှာ အပ်သည်၏အဖြစ်ကို ပြဆိုတော်မူ၏။ရဟန်းတော်တို့အား ဝစီဝိညတ်ဖြင့် တောင်းခြင်း သည်ရင်း၊ ပစ္စည်းနှင့်စပ်သော စကားသည်ရင်း ပြောဆိုခြင်းငှာ မအပ်သည် မဟုတ်ပါ လော။ ထိုသို့ဖြစ်ပါလျက် ယင်းသို့ဖြစ်ပါလျက် ဆဉ္ဇနီယမေ့, နိဿဋ္ဌ ပရိဂ္ဂဟဖြစ်သော ဝတ္ထုကို "ဒေထ အာဟရထ အာကိရထ"ဟူ၍ ဆိုခြင်းငှာ သင့်ရာပါအံ့နည်း။(င) မိန့်။

**ကား**-- ရဟန်းတို့အား ဝစီဝိညတ်ဖြင့် တောင်းခြင်းသည်ရင်း, ပစ္စည်းနှင့်စပ်သော စကားသည်ရင်း ပြောဆိုခြင်းငှာ မအပ်ငြားသော်လည်း အဂ္ဂအရိယဝံသဖြစ်သော ပဋိပတ် ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်တို့ထက် မြတ်သော အရှင်ရဋ္ဌပါလသည်လည်း စွန့်ပစ်အပ်သော သဘောရှိသော မုယောမုန့်ကို "ဣမ မေ ပတ္တေ အာကိရ"ဟူ၍ ဆိုဖူးပြီ၊ ထိုပုံကို ထောက် ဆသောအားဖြင့် ထိုစကား သင့်ပါ၏ဟူလို။

➤ ၃။ (က-ခ) သစေ တံ ဘဂိနိ ဆဉ္ဇနီယမေ့-စသော စကားရပ်နှင့် စပ်လျဉ်း၍ ဖြစ်သင့်သော စောဒနာကို ပယ်လို၍ အားထုတ်အပ်သောကြောင့် ဝါကျာရမ္ဘ။/ ပရိ

http://www.dhammadownload.com



ဟာရပက္ခမှ ဘောဒနာပက္ခကို ပြသောကြောင့် ပက္ခန္တရ။ ထိုတွင် (က) စောဒနာဝါကျ။ (ခ) ပရိဟာရ။ (ဂ) ကာရဏ။ (ဃ) ဝိတ္ထာရ။/ယုတ္တိဒဋ္ဌီကရဏ။ (င) ယုတ္တိဒဋ္ဌီ/ဉာပကဒဋ္ဌီ။ (စ) လဒ္ဓဂုဏ။

➤ ၄။ အရိယဝံသံ ပူရေန္တီတိ **အရိယဝံသိကာ**။ (အရိယဝံသံ၊အရိယဝံသအကျင့်ကို။ ပူရေန္တိ၊ဖြည့်ကျင့်ကုန်၏။) ပူရေန္တိ တဒ္ဓိတ်၊ အရိယဝံသပုဒ်+ဣကပစ္စည်း။ အရိယဝံသ-အရကား အရိယဝံသအကျင့် (အရိယာနွယ်ဝင် သူတော်စင်တို့၏အကျင့်) သည် မုချ။ ယင်း၏ ဖြည့်ကျင့်သော ပုဂ္ဂိုလ်တို့ဖြစ်မှုင့် အာရုံ- အာရမ္မဏိက/ ကမ္မ-ကမ္မိ စပ် ဌာန။ ဣကပစ္စည်းအရ ထို--သော အရိယဝံသအကျင့်ကို ကျင့်သောသူတို့ဖြစ် ရ၏။

ပကဌာဘာဝံ အဇတိ ဂစ္ဆတီတိ အဂ္ဂေါ။ သဒေဝကေန လောကေန အရဏီယာ ဥပဂန္တဗ္ဗာတိ အရိယာ။ ဝနောတိ ပတ္ထရတီတိ ဝံသော။ အရိယာနံ ဝံသော အရိယဝံသော။ (ပဋိပတ် ရ၏။) အရိယဝံသံ ပူရေန္တီတိ **အရိယဝံသိကာ**။ အရိယဝံသိကာနံ အဂ္ဂေါတိ **အဂ္ဂ အရိယဝံသိကော**။ (အရိယဝံသိကာနံ၊အရိယဝံသအကျင့်ကို ကျင့်သောသူတို့တွင်။အဂ္ဂေါ၊ မြတ်သည်တည်း။) ဒုရာဇာန(သိနိုင်ခဲသော) မဂ္ဂ ဆဋ္ဌီတပ္ပုရိသ်သမာသ်။ အရိယဝံသိက-အရကား အရိယဝံသအကျင့်ကို ကျင့်ကုန်သော ရဟန်းတို့ဖြစ်သည် မုချ။ ယင်း၏ မြတ်သော ရဋ္ဌပါလနှင့် အပေါင်း အစိတ် စပ် ဌာန။ ပုဒ်လုံးအရ ထို--သော အရိယဝံသ အကျင့်ကို ကျင့်ကုန်သော ရဟန်းတို့တွင် မြတ်သော ရဋ္ဌပါလဖြစ်ကို အပဓာနအားဖြင့် ရ၏။ ဝိသေသနဖြစ်၍ အရိယာဝံသ ပုဂ္ဂိုလ်တို့ထက် မြတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။

ဝုစ္စတေတိ ဝါစာ။ ပယောဇီယတေတိ ပယုတ္တာ။ ပယုတ္တာစ သာ ဝါစာ စာတိ **ပယုတ္တ ဝါစာ**။ ပယုတ္တ-အရ စပ်ယှဉ်အပ်သည်၏ အဖြစ်ဟူသော ဂုဏ်သည် မုချ။ ထို--၏ စကား နှင့် ဂုဏ် ဂုဏေး စပ် ဌာန။ ပုဒ်လုံးအရ စပ်ယှဉ်သော ပရိယာယ်စကား ရ၏။

နိဿဋ္ဌပရိဂ္ဂဟဿ ဘာဝေါ **နိဿဋ္ဌပရိဂ္ဂဟတ္တံ**။ နိဿပရိဂ္ဂဟ-အရ သိမ်းပိုက်အပ်သော စွန့်လွှတ်ခြင်းရှိသူသည် မုချ။ ထို--၏ သိမ်းပိုက်အပ်သော စွန့်လွှတ်ခြင်းရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ စွန့်လွှတ်ခြင်းကြိယာနှင့် နိဿယ-နိဿိတ စပ် ဌာန။ တ္တ-ပစ္စည်းအရ သိမ်းပိုက်အပ်သော စွန့်လွှတ်ခြင်းရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ စွန့်လွှတ်ခြင်းကြိယာ ရ၏။

➤ ၅။ **ဝတ္တုံ လဗ္ဘတိ-၌** ဝတ္တုံ-ကား ဝစ+တုံ/ဝဒ+တုံ။ စတုတ္ထီ ဝိဘတ်၊ သမ္ပဒါနတ္ထ (တစ်နည်း) ပဌမာဝိဘတ်၊ ကတ္တုသံသဋ္ဌလိင်္ဂတ္ထ။ ဘာဂိနီ-ဘဇ+ဏ-ဣနီ။

➤ ၆။ **ဝိညတ္တိ ဝါ ပယုတ္တဝါစာ ဝါ/ဝိညတ္တိသမ္ဗယုတ္တဝါစာ** ။ ။ အာကိရာတိ ဝုတ္တတ္တာ ဝိညတ္တိ ဝါ တိ ဝုတ္တံ သစေတံ ဆန္ဒနီယမ္ပိ တိ ပရိယာယံ အမုဥ္စိတွာ ဝုတ္တတ္တာ ပယုတ္တဝါစာတိ ဝုတ္တံ ပစ္စယပဋိသံယုတ္တာ ဝါစာ ပယုတ္တဝါစာ-ဟု သာရတ္ထ၌ ဖွင့်ဆိုသော ကြောင့် ဝိညတ္တိ ဝါ ပယုတ္တဝါစာ ဝါ-သင့်ပါသည်။

http://www.dhammadownload.com



➤ ၈။ **အဝဂ္ဂအရိယဝံသိကော**-ကား အရိယဝံသ အကျင့်ဟူသော ဌာနီဖြင့် အရှင်ရဋ္ဌပါလဟူသောဌာနကိုမှတ်၍ အရိယဝံသ အကျင့်ဟူသော မွန်မွန်မြတ်မြတ် ဖြည့်ကျင့်ခြင်းဟူသော အများကိုဆိုသဖြင့် အခြားသော အကျင့်တို့လည်း ကျင့်၏ဟူသော အနည်းငယ်ကိုလည်း ရသောကြောင့် ယေဘုယျနည်း။

**ဆဒ္ဒန္တနိယာမွံ**-ကား အစိတ်ဖြစ်သော စွန့်ပစ်ထိုက်သော သဘောရှိသော ပစ္စည်း ဝတ္ထုကို မှတ်၍ဆိုသဖြင့် အပေါင်းဖြစ်သော ဆဒ္ဒနိယဓမ္မ အပရိဂ္ဂဟိတ ဝနမူလ စသည်ကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ ကေဒေသူပစာ။

**ဝိညတ္တိ**-ကား အပေါင်းဖြစ်သော တောင်းခြင်းအားလုံးတို့၏ "ဝိညတ္တိ"ဟူသော အမည်ကို အစိတ်ဖြစ်သော တိုက်ရိုက်တောင်းခြင်း၌တင်-- ကေဒေသျူပစာ။ ဆိုအံ့လတ့်သော ပယုတ္တဝါစာ-အရ ပရိယာယ်အားဖြင့် တောင်းခြင်းမှကြွင်းသော တိုက်ရိုက်တောင်းခြင်းကို ယူရသောကြောင့် ပါရိသေသနည်း မည်၏။

➤ ၁၀။ **န ကုက္ကုစ္စာယိတဗ္ဗံ**-၌ ကုက္ကုစ္စ-အရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်၌ရှိသော ဉာဏ်ဟူသော ဝိနယကုက္ကုစ္စ။ **ဝိမ္ပဋိသာရကုက္ကုစ္စ**-ဒေါသမူစိတ္တုပ္ပါဒ်။ **အသံယတကုက္ကုစ္စ**-မောဟပြဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်။

**ပါဌ် [၂၆]**

(က) မာဏ္ဍာနဉ္စ ဒိက္ခာဂ္ဂဟာဏတ္ထံ ပတ္တံ ဥပနာမယတော မဏိဗန္ဓတော ပဘုတိ ဒ္ဓိန္နမ္ပိ ဟတ္ထာနံ။ (ခ) ပါဝါနဉ္စ နိဝါသနန္တတော ပဋ္ဌာယ ဒ္ဓိန္နမ္ပိ ပါဒါနံ။ (ဂ) သရသော ဘတိ "သစေတာ ဘဂိနီ"တီ ဝါစံ နိစ္ဆာရယတော သရဿ စ။ (ဃ) နိမိတ္တံ **အဂ္ဂဝေဟာသိတိ** ဂိဟိကာလေ သလ္လက္ခိတပုဗ္ဗံ အာကာရံ အဂ္ဂဟေသိ သဥ္ဇာနိ သလ္လက္ခေသိ။

(င) သုဒိန္နော တိ ဘဂဝတော ဒွါဒသမေ ဝဿေ ပဗ္ဗဇိတော၊ ဝီသတိမေ ဝဿေ ဉာတိကုလံ ပိဏ္ဍာယ ပဝိဋ္ဌော သယံ ပဗ္ဗဇ္ဇာယ အဋ္ဌဝဿိကော ဟုတွာ။ (စ) တေန နံ သာ ဉာတိဒါသီ ဒိသွာဝ န သဥ္ဇာနိ၊ နိမိတ္တံ ပန အဂ္ဂဟေသီတိ။

(ဌ၊ ၁၇၅၊ မအ္ဃုတ၊၃၀။ ဘာသာဋီ၊၃၊၂၁၅။)

➤ ၁။ **အဂ္ဂဟေသိ**- ယူပြီ။ [သဒ္ဒတ္ထ] ကောင်းစွာ သိပြီ။ (ဝါ) မှတ်မိပြီ။[အဓိပ္ပါယတ္ထ] **ဒိက္ခာဂ္ဂဟာဏတ္ထံ**-ဆွမ်းကိုယူခြင်းငှာ။[သဒ္ဒတ္ထ] ဆွမ်းခံခြင်းငှာ။[အဓိပ္ပါယတ္ထ]

➤ ၂။ (ခ) **ဒွိန္နံ/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် သမုဒ္ဒေါ မယာ ဒိဋ္ဌော ကဲ့သို့ ကေဒေသျူပစာအားဖြင့် ဟတ္ထ-သဒ္ဒါသည် လက်ကောက်ဝတ်မှစ၍ လက်ဖျားတိုင်အောင် လက်အစိတ်ကို ဟောသည်၏အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ ပါဒ-သဒ္ဒါသည်လည်း ၎င်း ဥပစာဖြင့်ပင် သင်းပိုင်စွန်းမှစ၍ ခြေဖျားတိုင်အောင် ခြေအစိတ်ကို ဟောသည်၏အဖြစ်ကို ပြခြင်းငှာ (ခ) မိန့်။

http://www.dhammadownload.com



(င) သို့/ **ယုတ္တာဘောဂ ဓောအရာ** ။ ။ ဆရာသည် (ဃ) ဖြင့် နိမိတ္တ-ဟူသည် ရှေး၌ မှတ်သားဖူးသော သဏ္ဌာန် အမှတ်သားပင်ဖြစ်၏၊ ထိုပုံသဏ္ဌာန် အမှတ်သားကိုသာ မှတ်မိပြီဟု ဖွင့်ပြ၏။ အဘယ့်ကြောင့် ဆွေမျိုးတို့၏ ကျွန်မသည် အရှင်သုဒိန်ကို ပုံသဏ္ဌာန် အမှတ်အသားကိုသာ မှတ်မိပါသနည်း။ (ဝါ) မြင်လျှင် မြင်ခြင်း ကောင်းစွာ မသိပါသနည်း။ အရှင်သုဒိန်သည် ကြာမြင့်စွာသော ကာလပတ်လုံး မိမိလုပ်ကျွေးဖူးသော အရှင့်သားဖြစ်သည် မဟုတ်ပါလော။/ရဟန်းဖြစ်သောကြောင့်လော။ စုဒ်ကြောင့် (င) မိန့်။

(ဃ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဂ) ဖြင့် အသံဝရကို ဒုဋ္ဌုလ္လတာ ဒုပ္ပေါသတာ-ဟု ဆိုခြင်း၌ အကြောင်းနှင့်တကွ ချဲ့ပြပြီး၍ ယခုအခါ၌ အသံဝရကို မဟိစ္ဆတာ အသန္တုဋ္ဌိတာ-ဟု ဆိုခြင်း၌ အကြောင်းနှင့်တကွ ချဲ့ပြလိုသော ဆရာသည် (ဃ) မိန့်။

(င) သို့/ ဆရာသည် (ဃ) ဖြင့် အကြောင်းဖြစ်သော အသံဝရကို မဟိစ္ဆတာဟူ၍ငြင်း၊ အသန္တုဋ္ဌိတာဟူ၍ငြင်း ဆိုအပ်၏ဟု အကြောင်းနှင့်တကွ ပြဆိုတော်မူ၏။ အသံဝရကို မဟိစ္ဆတာ အသန္တုဋ္ဌိတာ-ဟူ၍သာ ဆိုအပ်ပါသလော။ အဘယ်ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (က) စသည် ပက္ခန္တရ။ (ဂ) ကား အသံဝရကို ဒုဋ္ဌုလ္လတာ ဒုပ္ပေါသတာ-ဟု ဆိုအပ်ရာ၌ အကြောင်းနှင့်တကွ ချဲ့ပြသောကြောင့် ဝိတ္ထာရ။/ယုတ္တိဒဋ္ဌိကရဏ။ ထိုတွင် ယသ္မာ-စသည်ကား အနိယမ/ကာရဏ။ တသ္မာ-စသည်ကား နိယမ/ဖလ။

(ဃ) ကား မဟိစ္ဆတာ အသန္တုဋ္ဌိတာ-အရ အသံဝရကို ကောက်နိုင်ပုံ အကျယ်အဖွင့်တပါးကို ပြသောကြောင့် ပက္ခန္တရ။/ဝိတ္ထာရ။ (င) ကား အသံဝရကို သင်္ဂဏိကာ, ကောသဇ္ဇ-ဟူ၍လည်း ဆိုအပ်ပုံ အဖွင့်တပါးကို ပြသောကြောင့် ပက္ခန္တရ။

➤ ၄။ ဘရိတဗ္ဗောတိ ဘရော။ ဒုက္ခေန ဘရော **ဒုဗ္ဘရော**။ (ဒုက္ခေန၊ဆင်းရဲသဖြင့်။ အတ္တနောစ၊မိမိသည်ငြင်း။ပစ္စယဒါယကေဟိစ၊ပစ္စည်းလေးပါး ဒါယကာတို့သည်ငြင်း။ဘရော၊ မွေးမြူအပ်၏။ကတ္တိ၊ဒုဗ္ဘရော။) တတိယာ တပ္ပုရိသ်သမာသ်၊ ဒု+ဘရပုဒ်။ ဒု-အရ ဆင်းရဲခြင်း ဒုက္ခဘောဂုဏ်သည် မုချ။ ယင်း၏ မစောင့်စည်းခြင်း၌ တည်သောပုဂ္ဂိုလ်၏ ကိုယ်စိတ်နှင့် (ဝါ) စိတ်နှင့် (ဝါ) အတ္တဘောနှင့် ဂုဏ် ဂုဏေး/ဝိသေသန-ဝိသေသျ စပ်ဌာန။ မှစ်လုံးအရ ထို--သော မိမိသည်ငြင်း၊ ပစ္စည်းလေးပါး ဒါယကာတို့သည်ငြင်း ဆင်းရဲသဖြင့် မွေးမြူအပ်သော မစောင့်စည်းခြင်း၌ တည်သောပုဂ္ဂိုလ်၏ ကိုယ်စိတ် (ဝါ) စိတ် (ဝါ) အတ္တဘော ရ၏။

ဒုဗ္ဘရဿ ဘာဝေါ **ဒုဗ္ဘရတာ**။ (ဒုဗ္ဘရဿ၊မိမိသည်ငြင်း၊ ပစ္စည်းလေးပါး ဒါယကာတို့သည်ငြင်း ဆင်းရဲသဖြင့် မွေးမြူအပ်သော မစောင့်စည်းခြင်း၌ တည်သောပုဂ္ဂိုလ်၏။ ဘာဝေါ၊ဖြစ်ကြောင်းတည်း။ဒုဗ္ဘရတာ၊--ကြောင်း။) ဘာဝတဒ္ဓိတ်၊ ဒုဗ္ဘရပုဒ်+တာပစ္စည်း။

ဒုဗ္ဘရ-အရ မိမိသည်ငြင်း၊ ပစ္စည်းလေးပါး ဒါယကာတို့သည်ငြင်း ဆင်းရဲသဖြင့်

http://www.dhammadownload.com



မွေးမြူအပ်သော မစောင့်စည်းခြင်း၌ တည်သောပုဂ္ဂိုလ်ဖြစ်သည် မုချ။ ယင်း၏ စေတသိက ဒုက္ခနှင့် အကျိုး အကြောင်း/အပေါင်း အစိတ် စပ် ဌာန္။ တာပစ္စည်းအရ ထို--သော ဆင်းရဲသဖြင့် မွေးမြူခြင်း စေတသိကဒုက္ခ ရ၏။ ထိုသို့ပင် ရဧြားသော်လည်း ဒုဗ္ဘရတာ ပုဒ်၏ ဖလူပစာပုဒ်ဖြစ်သောကြောင့် မစောင့်စည်းခြင်း အသံဝရ ရ၏။

ပေါသေတဗ္ဗောတိ ပေါသော။ ဒုက္ခေန ပေါသော ဒုပ္ပေါသော။ ဒုပ္ပေါသဿ ဘာဝေါ **ဒုပ္ပေါသတာ**။ (နည်းတူ)

အတ္တာစ အတ္တာစ **အတ္တာ**။(အတ္တာစ၊စိတ်လည်း။အတ္တာစ၊ကိုယ်လည်း။အတ္တာ၊စိတ် ကိုယ်။) ဧကသေသတဒ္ဓိတ်၊ အတ္တာပုဒ်+အတ္တာပုဒ်။ အတ္တာ-ဟူသော တဒ္ဓိတ်ပုဒ်အရကား စိတ်ဖြစ်သည် မုချ။ ယင်း၏ ကိုယ်ဖြစ်နှင့် အာပဇ္ဇတိကြိယာကိုမှီ၍ အချင်းချင်းငဲ့သကဲ့သို့ ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာန္။ အတ္တာ-ဟူသော ပုဒ်ပြီး နိပ္ဖန္နတဒ္ဓိတ်ပုဒ် အရကား စိတ်ဖြစ် ကိုယ်ဖြစ် ရ၏။

ကုစ္ဆိတံ သီဒတီတိ **ကုသီတော**။ (ကုစ္ဆိတံ၊စက်ဆုပ်ဖွယ်ကို။သီဒတိ၊နစ်မြုပ် ဆုတ်နစ် တတ်၏။ဣတိ၊ ကုသီတော။) ကုပုဗ္ဗ သီဒဓာတ်+အ-ပစ္စည်း။ ကု-အရ ကုစ္ဆိတဘောဂဏ် ရ၏။ ယင်း၏ ပျင်းရိသောသူဖြစ်နှင့် ဂုဏ် ဂုဏော စပ် ဌာန္။ သီဒဓာတ်အရ ပျင်းရိသော သူ၏ ထိန မိဒ္ဓ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော အယောနိသောမနသိကာရ စသည်သည် ဖလူ။ နောက်နောက်၌ဖြစ်သော အကျိုးမဲ့မှုန်သမျှ သည် ကာရဏူ။ အ-ပစ္စည်းအရ ထို-သော ပျင်းရိသောသူဖြစ်ရ၏။

ထိုသို့ပင်ရငြားသော်လည်း ကုသီတ-သဒ္ဒါသည် ဘာဝလောပ ဘာဝပ္ပဓာန်ပုဒ် ဖြစ် သောကြောင့် ပျင်းရိသောသူ၏ ဖြစ်ကြောင်း ထိန မိဒ္ဓပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် သည်သာ ပဓာန်အားဖြင့် ရ၏။ * ကုသီတဿ ဝတ္ထု **ကုသီတဝတ္ထု**။

သတ္တေဟိ ကိလေသေဟိစ သင်္ဂဏန် သမောဓာန် **သင်္ဂဏိကာ**။ (ဘာဝသာဓန၊ သံ ပုဗ္ဗ ဂဏဓာတ်+ဏျ။ သံ-အရကား ဓာတွတ္ထာနုဝတ္တကဘောဂဏ် ရ၏။ ဂဏဓာတ်၏ အရကား သတ္တဝါတို့နှင့်ရင်း၊ ကိလေသာတို့နှင့်ရင်း ပေါင်းစည်း စုဝေးခြင်းဟူသော ထိန မိဒ္ဓ (ဝါ) ထိန မိဒ္ဓပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ရ၏။ ဏျပစ္စည်းအရလည်း ဘာဝ သာဓနတို့၏ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် သတ္တဝါတို့ နှင့်ရင်း၊ ကိလေသာတို့နှင့်ရင်း ပေါင်းစည်း စုဝေးခြင်းဟူသော ထိန မိဒ္ဓ (ဝါ) ထိန မိဒ္ဓ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ပင် ရ၏။ ထိုသို့ပင်ရငြားသော်လည်း သင်္ဂဏိကာသဒ္ဒါ သည် ဖလူပစာသဒ္ဒါဖြစ်သောကြောင့် အသံဝရသည်သာ ပဓာနအားဖြင့် ရ၏။

မဟန္တာနိ ဝတ္ထူနိ ဣစ္ဆတီတိ မဟိစ္ဆော။ မဟတီ ဝါ ဣစ္ဆာ အဿာတိ မဟိစ္ဆော။

မဟိစ္ဆဿ ဘာဝေါ **မဟိစ္ဆတာ**။ မဟိစ္ဆ-အရ များစွာသော ဝတ္ထုပစ္စည်းတို့ကို လိုချင်တတ်သော ပုဂ္ဂိုလ် (ဝါ) အလိုရမက်ကြီးသော ပုဂ္ဂိုလ်သည် မုချ။ ထို၏ ဖြစ်ကြောင်း

http://www.dhammadownload.com



ဖြစ်ရာ အတိလောဘ စေတသိက်နှင့် ဂုဏော ဂုဏ်/ဌာန ဌာနီ စပ် ဌာနူ။ တာ-ပစ္စည်း အရကား ထို--သော အတိလောဘ စေတသိက်ရ၏။

ထိုသို့ပင်ရငြားသော်လည်း မဟိစ္ဆတာပုဒ်သည် ဤ၌ ဖလူပစာသဒ္ဒါဖြစ်သောကြောင့် ထိုလောဘဖြစ်ခြင်း၏ အကြောင်းဖြစ်သော အသံဝရသည်သာ ပဓာနအားဖြင့် ရ၏။

ဝသတိ ဇွေ့ ဖလံ တဒါယတ္တဝုတ္တိတာယာတိ **ဇွေ့ွ**။ (ဝသ+ရတ္ထု) ဝသဓာတ်အရ ကတ္တုဌကား အကျိုးပစ္စယုပ္ပန်တရားတို့၏ ဥပ္ပါဒဘောဂုဏ်သည် မုချ။ အဓိကရဏဌကား ဟေတု, သဟဇာတ-စသော ပစ္စယသတ္တိသည် ဖလူ။ ရတ္ထုပစ္စည်းအရကား ထို--သော အကျိုးတရား၏ တည်ရာဖြစ်သော အကြောင်းတရားရ၏။

န ဝတ္ထော **အဝတ္ထော**။ န-အရ ဝိရုဒ္ဓဘောဂုဏ်သည် မုချ။ ထို-၏ ကဲ့ရဲ့ခြင်းနှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ကဲ့ရဲ့ခြင်း ရ၏။

* ဝတ္ထုံ ဟုတွာ ဘူတော **ဝတ္ထုဘူတော**။ * သိနေရူ ပမာဏံ ဧတေသန္တိ သိနေရုပ္ပမာဏာ။ * ကုတ္တိတံ သီဒတီတိ ကုသီတော။ ကုသီတဿ ဘာဝေါ ကောသဇ္ဇံ။ အနုဂ္ဂမေန ဂတော အနုဂတော။ ကောသဇ္ဇံ အနုဂတော ကောသဇ္ဇာနုဂတော။

သံဝရတီတိ **သံဝရော**။ (သံပုဗ္ဗ ဝရဓာတ်+အပစ္စည်း၊ကတ္တုသာဓန။) ဝရဓာတ် အရကား အကုသိုလ်တရားတို့ကို ပိတ်ဆို့တားမြစ်တတ်သော သတ္တိ ရ၏။ အ-ပစ္စည်းအရ သတ္တိမန္တဖြစ်သော ပါတိမောက္ခ သံဝရ-စသော တရားသည် အပဓာနအားဖြင့် ရ၏။ သံဝရတရား ငါးပါး၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရား ငါးပါးသည် ပဓာန အားဖြင့် ရ၏။

န သံဝရော **အသံဝရော**။ (မိဿကတပ္ပုရိသ်) န-အရ ဝိရုဒ္ဓဘောဂုဏ်သည် မုချ။ ထို၏ အကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော အသံဝရ အကုသိုလ်စိတ္တုပ္ပါဒ် ရ၏။

➤ **အာဟိဏ္ဍန္တာ/အာဟိဏ္ဍန္တာ** ။ ။ အာဟိဏ္ဍန္တာတိ ဝိစရန္တာ-ဟူသော သာရတ္ထ ကိုယောက်၍ ဤ၌ ဝိစာရဏတ္ထ (ဝါ) ဂဝေသနတ္ထအနက်ကို အလိုရှိအပ်သောကြောင့်ရင်း၊ ဟိဍိ-ဂတိယံ၊ ဟိဏ္ဍတိ အာဟိဏ္ဍတိ-ဟု (နီတိ-ဓာတု) ဆိုသောကြောင့်ရင်း၊ အာပုဗ္ဗ ဟိဍိဓာတ် အန္တပစ္စည်းဖြင့်ပြီးသော အာဟိဏ္ဍန္တာ-ပါဌ်သာ သင့်ပါသည်။

➤ **သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ-၌ ဒုဗ္ဗလျံ အနာဝိကတွာ**-ဟူသော နည်းသည် သိက္ခံ အပစ္စက္ခာယ-ဟု ဆိုက သိက္ခာကို မချမူ၍ ဟူသော အနက်ပြီးပြီးလျက် အလွန်အားဖြင့် ဒုဗ္ဗလျံ အနာဝိကတွာ-ဟု ဆိုသောကြောင့် ဥက္ကဋ္ဌနည်းမည်၏။

(တစ်နည်း) သိက္ခာပစ္စက္ခာန-ဟူသော အကျိုးကိုဆိုသဖြင့် ဒုဗ္ဗလျာဝိကမ္မ-ဟူသော အကြောင်းကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း။

➤ ၆။ (က) ၌ ဗဟူဟိ ကာရဏေဟိ-ဖြင့် အနေက-သဒ္ဒါသည် ဗဟု-သဒ္ဒါ၏

http://www.dhammadownload.com



ပရိယာယ်၏--ငှင်း (အဘိဓေယျတ္ထ) ပရိယာယ-သဒ္ဒါသည် ဝါရ, ဒေသနာ အနက်တို့ကို မဟော၊ ကာရဏအနက်ဟော--ငှင်း (နာမလိင်္ဂတ္ထ) အနေကာစ တေ ပရိယာယောစာတိ အနေကပရိယာယော-ဟု ကမ္မဓာရာယ်သမာသ် ဝစနတ္ထပြု--ငှင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။ ဣမေဟိ-စသည်ဖြင့် အနေကပရိယာယ-အရ အနန္တုဋ္ဌိက-စသော စကားတို့ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ခ) ၌ ဒုဋ္ဌုရတာဒီနံ (ပ) အသံဝရတာ-ဖြင့် ဒုဋ္ဌုရတာ (ပ) ကောသဇ္ဇ-ဟူသော (၆) ပုဒ်တို့အရ ဖလူပစာအားဖြင့် အသံဝရကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

နိန္ဒံ-ဖြင့် အဝဏ္ဏ-သဒ္ဒါသည် ကဲ့ရဲ့ခြင်းအနက်ကို ဟောသည်ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ) ဂရဟံ-ဖြင့် နိန္ဒ-သဒ္ဒါ ကဲ့ရဲ့ခြင်းအနက်ကို ဟောသည်ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ) [တစ်နည်း] ဂရဟံ-ဖြင့် နိန္ဒ-သဒ္ဒါသည် ဂရဟ-သဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဂ) ၌ ဂဏသင်္ဂဏိကာယစေဝ ကိလေသသင်္ဂဏိကာယစ-ဖြင့် သင်္ဂဏိကာပုဒ်ကို သတ္တေဟိ ကိလေသေဟိစ သင်္ဂဏနံ သမောဓာနံ သင်္ဂဏိကာ-ဟု ဝစနတ္ထပြု၍ သင်္ဂဏိကာ-အရ သတ္တဝါနှင့် ပေါင်းဆုံစုဝေးခြင်းကိုငှင်း၊ ကိလေသာတို့နှင့် ပေါင်းဆုံစုဝေးခြင်းကိုငှင်း ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

➤ ၃။ မဟိစ္ဆတံ/မဟိစ္ဆတာ/မဟိစ္ဆတာယ ॥ ॥ ယသ္မာ ပန ဝါကျ၌ အာပဇ္ဇတိ ကြိယာသည် သကမ္မကကြိယာဖြစ်သောကြောင့် ကံကိုငဲ့သည်။ ယင်းသို့ ကံကို ငဲ့သောကြောင့် အသန္တုဋ္ဌိတံ-ဟု ဒုတိယာ ဧကဝုစ်ဝိဘတ်နှင့်ရှိသကဲ့သို့ ဤ၌လည်း မဟိစ္ဆတံ-ဟု ဒုတိယာ ဧကဝုစ်ဝိဘတ်နှင့်ရှိသော ပါဌ်သာ သင့်ပါသည်။

ဒုဋ္ဌုရတာ/ဒုဘရတာ၊ ဒုပ္ပေါသတာ/ဒုပေါသတာ ॥ ॥ ဥ ဒု နိနောက်၊ ဒွေဘော် ရောက်၊ မဖောက်ဧကန်မြဲ-နှင့်အညီ ဒုဋ္ဌုရတာ, ဒုပ္ပေါသတာ-ဟု ဒွေဘော်နှင့်သင့်။

အဋ္ဌကုသိတာဝတ္တု/အဋ္ဌကုသိဒဝတ္ထု/အဋ္ဌကုသိတာဝတ္ထု ॥ ॥ အဋ္ဌကုသိတဝတ္ထု ပါရိပူရိယာတိ ဧတ္ထ ကုစ္ဆိတံ သီဒတီတိ ကုသီတော၊ ဒကာရဿ တကာရံ ကတွာ-ဟူသော (သာရတ္ထ) သဒဿ သီဒတ္တံ (ကစ္စည်း) ဝီရိယေနာဓိဂန္တဗ္ဗဿ အတ္ထဿ အလာဘတော ကုစ္ဆိတေနာကာရေန သီဒတီတိ ကုသီတော၊ ကုသီတောတိစေတ္ထ ဒဿ တတ္တံ၊ သုဂတောတိ ဧတ္ထ ဝိယ။ (နီတိ၊ဓာတု) တို့ကိုထောက်၍ ကုပုဗ္ဗ သီဒဓာတ် ဇ-ပစ္စည်း၊ ဒကို တ-ပြု၍ ရုပ်ပြီးသောကြောင့် ကုသီတ-ပါဌ်သာ သင့်ပါသည်။

သီနေရုပ္ပမာဏော/သီနေရုပမာဏော ॥ ॥ ဒွေဘော်ဌာနဖြစ်သောကြောင့် ဒွေဘော်နှင့်ရှိသောပါဌ်သာ သင့်ပါသည်။

ဝတ္ထုဘူတဿ/ဝတ္ထုဘူတဿ ॥ ॥ ဝတ္ထုဘူတဿာတိ ကာရဏဘူတဿ (သာရတ္ထ) ကိုထောက်၍ ဤ၌ ကာရဏအနက်ကို အလိုရှိရကား ဝတ္ထုဘူတဿ-သာ သင့်။

http://www.dhammadownload.com



➤ ၈။ ဒုဋ္ဌုရတာယ/ဒုပ္ပေါသတာယ-ကား အကျိုးဖြစ်သော မိမိသည်ရှင်း, ဒါယကာတို့သည်ရှင်း မွေးမြူနိုင်ခဲသောသူ၏ အဖြစ်တည်းဟူသော စေတသိကဒုက္ခ၏ "ဒုဋ္ဌုရတာယ/ဒုပ္ပေါသတာယ" ဟူသောအမည်ကို အကြောင်းဖြစ်သော အသံဝရ၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

အတ္တာ-ကား ဤ၌ အတ္တာ-သဒ္ဒါတစ်ခုကိုချေ၍ တစ်ခုကြွင်းပြုသောကြောင့် ဧကသေသနည်းမည်၏။

(တစ်နည်း) အတ္တာ-ဟူသော နည်းသည် အတ္တာ၊စိတ်ကိုယ်သည်။အာပဇ္ဇတိ၊ရောက်၏။ ဤသို့ အနက်ပြားလျက် အတ္တ-သဒ္ဒါချင်း တူသည်၏အဖြစ်ဖြင့် တစ်ခုတည်း ပြုသောကြောင့် သာမညနိဒ္ဒေသနည်းမည်၏။

အတ္တာ-ကား အပေါင်းဖြစ်သော ကိုယ်, စိတ် အနက်တို့၏ "အတ္တာ"ဟူသောအမည်ကို အစိတ်ဖြစ်သော စိတ်၌တင်-- ဧကဒေသျူပစာ။

မဟိစ္ဆတာ/အသန္တုဋ္ဌိတာ-ကား အကျိုးဖြစ်သော အလွန်အလိုကြီးသောသူ၏အဖြစ် (အတိလောဘ)၏ "မဟိစ္ဆတာ/အသန္တုဋ္ဌိတာ"ဟူသောအမည်ကို အကြောင်းဖြစ်သော အသံဝရ၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

ကုသီတ-ကား အကျိုးဖြစ်သော ပျင်းရိသူဖြစ်၏ "ကုသီတ"ဟူသော အမည်ကို အကြောင်းဖြစ်သော ထိန မိဒ္ဓ၊ (ဝါ) ထိန မိဒ္ဓပြဌာန်းသော စိတ္တုပ္ပါဒ်၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

သင်္ဂဏိကာ-ကား အကျိုးဖြစ်သော သတ္တဝါတို့နှင့်ရှင်း၊ ကိလေသာတို့နှင့်ရှင်း ပေါင်းစည်း စုဝေးခြင်း ထိန မိဒ္ဓ၊ (ဝါ) ထိန မိဒ္ဓ ပြဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်၏ "သင်္ဂဏိကာ"ဟူသောအမည်ကို အကြောင်းဖြစ်သော အသံဝရ၌တင်- ဖလူပစာ။အဝိနာဘာဝ

ကောသဇ္ဇ-ကား အကျိုးဖြစ်သော ပျင်းရိသောသူ၏ အဖြစ်ဟူသော ထိန မိဒ္ဓ၊ (ဝါ) ထိန မိဒ္ဓ ပြဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်၏ "ကောသဇ္ဇ"ဟူသောအမည်ကို အကြောင်းဖြစ်သော အသံဝရ၌တင်- ဖလူပစာ။အဝိနာဘာဝနည်း။

ပုဂ္ဂလဿ အတ္တာ-ကား ပုဂ္ဂလနှင့် အတ္တ သံရီရ-တို့မှာ သဘောတူပင်ဖြစ်၍ ပုဂ္ဂလဿ အတ္တာ-ဟု သမ္ဗန် သမ္ဗန္ဓိ ဆိုခြင်းသည် အဘေဒဘေဒူပစာ။ [ပုဂ္ဂိုလ်နှင့် စိတ် (ဝါ) ကိုယ်ကို အပြားမဲ့အားဖြင့် ဆိုသောကြောင့် အဘေဒဘေဒူပစာ။]

➤ ၁၀။ မဟိစ္ဆတာ-အရ အလိုရမ္မက်ကြီးသူ၏ ဖြစ်ကြောင်းဖြစ်ရာ လောဘပြဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

အသန္တုဋ္ဌိတာယ-အရ မုချအားဖြင့် လောဘ။ ဥပစာအားဖြင့် အသံဝရ-ဟုဆိုအပ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

http://www.dhammadownload.com



**ဋီကာ [ရ၁]**

(က) သုဘာရတာယ (ပ) ဝိရိယာရမ္ဘဿ ဝဏ္ဏံ ဘာသိတွာတိ သုဘာရတာဒိနံ ဝဏ္ဏံ ဘူတာယ သံဝရဿ ဝဏ္ဏံ ဘာသိတွာတိ အတ္ထော။ (ခ) ယသ္မာ ဟိ အသံဝရံ ပဟာယ သံဝရေ ဌိတဿ အတ္တာ သုဘရော ဟောတိ သုပေါသော။ (ဂ) စတူသု ပစ္စယေသု အပ္ပိစ္ဆတံ နိတ္တဏှာဘာဝံ အာပဇ္ဇတိ။ (ဃ) ဧကမေကသ္မိံ့ ပစ္စယေ ယထာလာဘ ယထာဗလ ယထာသာရုပ္ပဝသေန တိပ္ပဘေဒါယ သန္တုဋ္ဌိတာ သံဝတ္တတိ။ (င) တသ္မာ သံဝရော "သုဘရတာ စေဝ သုပေါသတာစ အပ္ပိစ္ဆတာစ သန္တုဋ္ဌိတာစာ"တိ ဝုစ္စတိ။

(စ) ယသ္မာ ပန အသံဝရံ ပဟာယ သံဝရေ ဌိတဿ အတ္တာ ကိလေသသလ္လေခန တာယ စေဝ နိဒ္ဓုနနတာယစ သံဝတ္တတိ၊ တသ္မာ သံဝရော "သလ္လေခေါစ ဓုတောစာ"တိ ဝုစ္စတိ။ (ဋ၊ ၁၈၇။ မဒ္ဒူ၊တ၊၈၄။ ဘာသာဋီ၊၃၊ ၂၈၀)

➤ ၂။ (က) သို/ **ခန္ဓသမ္ဘ** ။ ။ အကျိုးဖြစ်ကုန်သော သုဘရတာ အစရှိသည် တို့၏ အမည်ကို အကြောင်းဖြစ်သော သံဝရ-၌ တင်စား၍ ဖလူပစာရအားဖြင့် ဆိုတော် မူအပ်၏ဟူ၍ ပြလို၍ (က) မိန့်။ (မအူ)

➤ ၄။ ဘရိတဗ္ဗောတိ ဘရော၊ သုခေန ဘရော **သုဘရော**။ ပေါသေတဗ္ဗောတိ ပေါသော။ သုခေန ပေါသော **သုပေါသော**။ (ဒုဋ္ဌရတာ-နည်းမိုးကောက်)

အပ္ပါ ဣစ္ဆာ အဿာတိ **အပ္ပိစ္ဆော**။ (အဿ၊ထိုသတ္တဝါအား။အပ္ပါ၊နည်းသော။ (ဝါ) မရှိသော။ဣစ္ဆာ၊အလိုသည်။အတ္ထိ၏။ဣတိ၊ သော၊ အပ္ပိစ္ဆော။) တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိ၊ အပ္ပါ+ဣစ္ဆာ+တ-ပုဒ်။ ပုဒ်လုံးအရ နည်းသော (ဝါ) မရှိသော အလိုသည် မုချ။ (ဝါ) အလို၏ မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ ယင်း၏ အတ္တာ-နှင့် ဂုဏ် ဂုဏေး စပ် ဌာနူ။ တ-အညပုဒ်အရ ထို-သော နည်းသော အလိုရှိသော အတ္တ (ဝါ) အလိုမရှိ သော အတ္တ ရ၏။ ထိုသို့ပင် ရငြားသော်လည်း အပ္ပိစ္ဆ-သဒ္ဒါ၏ ဖလူပစာပုဒ်ဖြစ်သော ကြောင့် အကြောင်းဖြစ်သော သံဝရသည်သာ ပဓာနအားဖြင့် ရ၏။

အပ္ပိစ္ဆဿ (နည်းသော အလိုရှိသော စိတ်ကိုယ်၏။ (ဝါ) စိတ်၏။(ဝါ) အတ္တဘော ၏။ဘာဝေါ၊ဖြစ်ကြောင်းတည်း။) **အပ္ပိစ္ဆတာ**။ (တံ) ဘာဝတဒ္ဓိတ်၊ အပ္ပိစ္ဆပုဒ်+တာပစ္စည်း

အပ္ပိစ္ဆ-အရနည်းသောအလိုရှိသော (ဝါ) အလိုမရှိသော စိတ်, ကိုယ် (ဝါ) စိတ် (ဝါ) အတ္တဘော (ဝါ) သံဝရသည် မုချ။ ယင်း၏ အပ္ပိစ္ဆဘောဂုဏ်နှင့် ဂုဏေး ဂုဏ် စပ် ဌာနူ။ တာပစ္စည်းအရကား ထို-သော အပ္ပိစ္ဆတာဟူသော အလောဘရ၏။

ကိလေသေ သလ္လေခတီတိ **သလ္လေခေါ**။ (ယော အတ္တာ၊အကြင်အတ္တဘောသည်။ ကိလေသေ၊တို့ကို။သလ္လေခတိ၊ခေါင်းပါးစေတတ်၏။ဣတိ၊ သော၊ သလ္လခေါ။) ဟေတု ကတ္တုသာဓန၊ သံပုဗ္ဗ လိခ+ဏ။ သံ-အရကား ဓာတွတ္ထဝိသေသကဘောဂုဏ် ရ၏။ လိခ ဓာတ်အရ သုဒ္ဓကတ္တုဌကား ကိလေသာတို့ဖြစ်သည် မုချ။ ဟေတုကတ္တုဌကြိယာအရကား

http://www.dhammadownload.com



ထို ကိလေသာတို့အားတပ်သော သံဝရ၌တည်သော ဝတ္ထု၏ ပကတူပနိဿယသတ္တိသည် ဖလ္။ ဏပစ္စည်းအရကား ထို--သော စောင့်စည်းခြင်း၌တည်သော အတ္တ ရ၏။ ထိုသို့ပင် ရငြားသော်လည်း သလ္လေခပုဒ်သည် ဖလူပစာသဒ္ဒါဖြစ်သောကြောင့် အကြောင်းဖြစ်သော သံဝရသည်သာ ပဓာနအားဖြင့် ရ၏။

ပသာဒံ ဇနေတီတိ **ပါသာဒိကော**။ (ယော အတ္တာ၊အကြင်အတ္တဘောသည်။ပသာဒံ ကြည်ညိုခြင်းကို။ဇနေတိ၊ဖြစ်စေတတ်၏။ဣတိ၊သော၊ ပါသာဒိကော။) ဇနေတိ တဒ္ဓိတ်၊ ပသာဒပုဒ်+ဏိကပစ္စည်း။ ပသာဒ-အရ ကြည်ညိုခြင်း သဒ္ဒါတရားသည် မုချ။ ယင်း၏ စောင့်စည်းခြင်း၌တည်သောသူ၏ အတ္တနှင့် အကျိုး အကြောင်း/အာရမ္မဏိက အာရုံ စပ် ဌာနူ။ ဏိကပစ္စည်းအရ ထို-သော အတ္တ ရ၏။ (ဥပစာဆက်ကောက်)

(တစ်နည်း) ပသာဒ-အရ ကြည်ညိုခြင်း သဒ္ဒါတရားသည် မုချ။ ယင်း၏ ကာယ ဝစီသုစရိုက် ကုသိုလ်ဝိတက်သုံးခုနှင့် အကျိုး အကြောင်း စပ် ဌာနူ။ ဏိကပစ္စည်းအရ ထို-သော ကာယ ဝစီသုစရိုက် ဝိတက်သုံးခုအပေါင်း ရ၏။

သဗ္ဗကိလေသေ အပစယန္တိ ဝိဒ္ဓံသေန္တိ ဧတေနာတိ **အပစယော**။ (ဧတေန၊ထိုနိဗ္ဗာန်ဖြင့်။သဗ္ဗကိလေသေ၊တို့ကို။အရိယပုဂ္ဂလာ၊တို့သည်။အပစယန္တိ ဝိဒ္ဓံသေန္တိ၊ဖျက်ဆီးတတ်ကုန်၏။ဣတိ၊ တံ နိဗ္ဗာနံ၊ အပစယော။ ) ကရဏသာဓနေ၊ အပပုဗ္ဗ စိ+ဏ။ အပ-အရ ဓာတွတ္ထဗာဓကေဘောဂုဏ် ရ၏။ စိဓာတ်အရ အရိယာပုဂ္ဂိုလ်တို့၏ မင်ဖိုလ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကရဏတ္ထကြိယာအရကား ထို-သော နိဗ္ဗာန်၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူ။ ဏပစ္စည်းအရ ထို-သော နိဗ္ဗာန်ဖြစ်ရ၏။

➤ ၆။ (ဂ) ၌ နိတ္တဏှာဒာဝံ-ဖြင့် အပ္ပိစ္ဆတံ-၌ အပ္ပ-သဒ္ဒါ အနည်းငယ်ဟူသော အနက်ကို ဟောသော်လည်း အပ္ပါဗာဓေ့ သဥ္ဇာနာမိ-၌ အပ္ပ-သဒ္ဒါကဲ့သို့ အဘာဝအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) ဣစ္ဆာ-သဒ္ဒါ၏ တဏှာအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) တာပစ္စည်းသည် ဒေဝတာ၌ကဲ့သို့ သွတ္တ၌ မသက်၊ သင်္ဂဏိကာရာမတာ၌ကဲ့သို့ ဘာဝတဒ္ဓိတ်၌သက်--ရင်း (ပစ္စယတ္ထ) အပ္ပိစ္ဆောယေဝ အပ္ပိစ္ဆတာ-ဟု သွတ္တတဒ္ဓိတ်ဝစနတ္ထ မပြုရ၊ အပ္ပိစ္ဆဿ ဘာဝေါ အပ္ပိစ္ဆတာ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

(စ) ၌ ကိလေသသလ္လေခနတာယ-ဖြင့် သလ္လေခါပုဒ်ကို ကိလေသေ သလ္လေခတီတိ သလ္လေခေါ-ဟု ကာရိတန္တောဂဓ ကတ္တုသာဓနေ ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

နိဒ္ဓုနနတာယ- ဖြင့် ဓုတောပုဒ်ကို ကိလေသေ ဓုနာတိ နိဒ္ဓုနာတီတိ ဓုတော-ဟု ကာရိတန္တောဂဓ ကတ္တုသာဓနေ ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) တ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

http://www.dhammadownload.com



➤ ၈။ **သုဘရတာ/သုခပါသတာ**-ကား အကျိုးဖြစ်သော မိမိသည်၎င်း၊ ဒါယကာတို့သည်၎င်း လွယ်ကူသဖြင့် မွေးမြူရခြင်းဟူသော စေတသိကသုခ၏ "သုဘရတာ/သုပေါသတာ"ဟူသောအမည်ကို အကြောင်းဖြစ်သော သံဝရ၌တင်-- ဖလူပစာ။အဝိနာဘာဝနည်း။ **အပ္ပိစ္ဆတာ**-ကား အကျိုးဖြစ်သော နည်းသော အလိုရှိသော စိတ် ကိုယ်၏ (ဝါ) စိတ်၏ (ဝါ) အတ္တဘော၏အဖြစ်ဟူသော အလောဘ၏ "အပ္ပိစ္ဆတာ"ဟူသော အမည်ကို အကြောင်းဖြစ်သော သံဝရ၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

**ယထာလာဘ/ယထာဗလ/ယထာသာရုပ္ပ**-ကား ယထာလာဘ သန္တောသ၊ ယထာဗလ သန္တောသ၊ ယထာသာရုပ္ပ သန္တောသ-ဟု ဆိုလိုလျက် ယထာလာဘ၊ ယထာဗလ၊ ယထာသာရုပ္ပဟု တစိတ်အားဖြင့် ခေါ်ဝေါ်အပ်သောကြောင့် ဧကဒေသဝေါဟာရနည်း။

**သလ္လေခ**-ကား အကျိုးဖြစ်သော ကိလေသာတို့ကို ခေါင်းပါးစေတတ်သော သံဝရ၌ တည်သော အတ္တ၏ "သလ္လေခ"ဟူသောအမည်ကို အကြောင်းဖြစ်သော သံဝရ၌တင် ဖလူပစာ။ အဝိနာဘာဝနည်း။ **ဓုတ**-ကား အကျိုးဖြစ်သော ကိလေသာတို့ကို ခါတွက်စေတတ်သော သံဝရ၌ တည်သော အတ္တ၏ "ဓုတ"ဟူသောအမည်ကို အကြောင်းဖြစ်သော သံဝရ၌တင် ဖလူပစာ။ အဝိနာဘာဝနည်း။

## ပါဌ် [၅၂]

**(က) ဘိက္ခူနံ တဒနုစ္ဆဝိကံ တဒနုလောမိကန္တိ တတ္ထ သန္နိပတိတာနံ ဘိက္ခူနံ။**

**(ခ) ယံ ဣဒါနိ သိက္ခာပဒံ ပညပေဿတိ၊ တဿ အနုစ္ဆဝိကဉ္စေဝ အနုလောမိကဉ္စ**

**(ဂ) ယော ဝါ အယံ သုဘရတာဒီဟိ သံဝရော ဝုတ္တော၊ တဿ အနုစ္ဆဝိကဉ္စေဝ အနုလောမိကဉ္စ။ (ဃ) သံဝရပ္ပဟာနပဋိသံယုတ္တံ အသုတ္တန္တဝိနိဗဒ္ဓံ ပါဠိဝိနိမုတ္တံ ဩက္ကန္တိကဓမ္မဒေသနံ ကတွာတိ အတ္ထော။** (ဋ္ဌ၊၁၈၈။ မအ္ဌ၊တ၊ ၈၆။ ဘာသာဋီ၊ဒု၊၂၈၃။)

➤ ၁။ **တဒနုစ္ဆဝိကံ**-ထိုယခုပညတ်လတံ့သော သိက္ခာပုဒ်အား လျောက်ပတ်သော။ **တဒနုလောမိကံ**-ထိုယခုပညတ်လတံ့သော သိက္ခာပုဒ်အား လျော်သော။(ခ-နှင့် အညီ)

**တဒနုစ္ဆဝိကံ** - ထိုသုဘရတာ စသည်တို့ဖြင့် ဟောတော်မူအပ်ပြီးသော သံဝရအား လျောက်ပတ်သော။ **တဒနုလောမိကံ**- ထိုသုဘရတာ စသည်တို့ဖြင့် ဟောတော်မူအပ်ပြီးသော သံဝရအား လျော်သော။ (ဂ-နှင့်အညီ)

➤ ၂။ (ဃ) **သံ/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ဘိက္ခူနံ-ဟု သာမညအားဖြင့် ဟောတော်မူအပ်သော်လည်း ဘိက္ခုသံဃသန္နိပါတာပေတွာ-ဟူသော ရှေ့စကားကို ထောက်၍ ဘိက္ခူနံ-အရ စည်းဝေးစေအပ်ကုန်သော ရဟန်းတို့ကိုသာ ယူရမည်ဟု ပြပြီး၍ ယခုအခါ၌ တဒနုစ္ဆဝိကံ တဒနုလောမိကံပုဒ်တို့၌ တ-သဒ္ဒါတို့၏ ဝုစ္စမာနာပေက္ခ၏ အဖြစ်ကို၎င်း၊ တဒနုစ္ဆဝိကံ တဒနုလောမိကံပုဒ်တို့၏ စတုတ္ထီတပ္ပုရိသ်သမာသ်၏ အဖြစ်

http://www.dhammadownload.com



ကိုရင်း ပြတော်မူလိုသော ဆရာသည် (ခ) မိန့်။

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် တဒနုဓ္ဓဝိကံ တဒနုလောမိကံ၌ တ-သဒ္ဒါသည် ဝက္ခမာနာပေက္ခဟု ပြတော်မူပြီး၍ ယခုအခါ၌ ယင်း တ-သဒ္ဒါ၏ အနက်တစ်မျိုးကို ပြခြင်းငှာ (ဝါ) ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) မိန့်။

(ဂ) **သို့/** ဆရာသည် (ခ) ဖြင့် တဒနုဓ္ဓဝိကံ တဒနုလောမိကံပုဒ်တို့၌ တ-သည် ဝုစ္စမာနာပေက္ခ-ဟု ပြဆိုတော်မူ၏။ ယင်း တ-သည် ဝုစ္စမာနာပေက္ခ တစ်မျိုးသာ ဖြစ်နိုင်ပါသေလော။ မည်သည့် တ-သဒ္ဒါ ဖြစ်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား** -- ဆိုခဲ့ပြီး သံဝရကိုငဲ့သော ဝုတ္တာပေက္ခ (အတီတာပေက္ခ) ပဋ္ဋဝိသယလည်းဟု ဖြစ်နိုင်ပါသေး၏လို။

(ဃ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က-ခ-ဂ) တို့ဖြင့် တဒနုဓ္ဓဝိကံ တဒနုလောမိကံပုဒ်တို့၏ အဖွင့်ကိုပြပြီး၍ ယခုအခါ၌ ဓမ္မံ ကထံ ကတ္တာ-ပုဒ်၏ အဖွင့်ကိုပြလိုသော ဆရာသည် (ဃ) မိန့်။

➤ ၃။ (ခ) သည် ဘိက္ခုနံပုဒ်၏ အဖွင့်မှတစ်ပါး တဒနုဓ္ဓဝိကံ တဒနုလောမိကံပုဒ်တို့၏ အဖွင့်ကိုပြသောကြောင့် ပက္ခန္တရ။ (ဂ) သည် တ-သဒ္ဒါ၏ ဝုစ္စမာနာပေက္ခအနက်မှ တစ်ပါး ဝုတ္တာပေက္ခ (အတီတာပေက္ခ) အနက်တစ်မျိုးကို ပြသောကြောင့် ပက္ခန္တရ။ (ဃ) ကား ဓမ္မံ ကထံ ကတ္တာ-၏ အဖွင့်ကိုပြသောကြောင့် ပက္ခန္တရ။ ထိုကိုထောက်၍ (ခ-ဂ) တို့ကား တဒနုဓ္ဓဝိကံ တဒနုလောမိကံပုဒ်တို့၏ အဖွင့်ကိုပြသောကြောင့် ပက္ခ။

➤ ၄။ သံဝရတိ ပိဒဟတိ နိဝါရေတီတိ **သံဝရော**။ (ယော ဓမ္မောသည်။ကာယဒုစ္စရိတာဒီနိ၊တို့ကို။သံဝရတိ၊စောင့်စည်းတတ်၏။ပိဒဟတိ နိဝါရေတိ၊တားမြစ်ပိတ်ပင်တတ်၏။ဣတိ၊ သော၊ သံဝရော။) ကတ္တုသာဓန၊ သံပုဗ္ဗ ဝရ+အ။ သံ-အရကား ဓာတွတ္ထာနုဝတ္တက ဘောဂုဏ်ရ၏။ ဝရဓာတ်၏ အရကား ကာယဒုစရိုက် စသည်တို့ကို စောင့်စည်းပိတ်ပင်တတ်သော သံဝရတရား ငါးပါးတို့၏ သတ္တိ လက္ခဏာ သဘာဝ ရ၏။ အ-ပစ္စည်းအရကား သတ္တိမန္တ လက္ခဏဝန္တ သဘာဝဝန္တဖြစ်သော သံဝရတရား ငါးပါးရ၏။

ဉက္ကမနံ ဩတရဏံ ဉက္ကန္တံ။ ဉက္ကန္တေ နိယုတ္တာ ဩက္ကန္တိကာ။ ဓမ္မော ဧဝ ဒေသနာ ဓမ္မဒေသနာ။ ဩက္ကန္တိကာစ သာ ဓမ္မဒေသနာစာတိ **ဩက္ကန္တိကဓမ္မဒေသနာ**။ (ဩက္ကန္တိကာစ၊ ဉာဏ်ဖြင့် သက်ဝင်ခြင်း၌ ယှဉ်သည်လည်း။ဟောတိ၊ဟုတ်၏။သာ၊ထိုသက်ဝင်ခြင်း၌ယှဉ်၏ဟူသည်။ ဓမ္မဒေသနာစ၊တရားဟောတော်မူခြင်းသည်လည်း။ဟောတိ၊ဟုတ်၏။ ဣတိ၊ကြောင့်။) ဩက္ကန္တိက+ဓမ္မဒေသနာပုဒ်။ ဩက္ကန္တိကာ-အရကား ဉာဏ်ဖြင့်သက်ဝင်ခြင်း၌ ယှဉ်ခြင်းဂုဏ်သည် မုချ။ ယင်း၏ ဓမ္မဒေသနာဖြစ်နှင့် ဂုဏ် ဂုဏီ စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော ဉာဏ်ဖြင့် သက်ဝင်ခြင်း၌ယှဉ်သော တရားဒေသနာ ရ၏။

ဆာဒေတီတိ ဆဝိ။ ဆဝိံ အနုဂတံ အနုဓ္ဓဝိ။ အနုဓ္ဓဝိဧဝ အနုဓ္ဓဝိကာ။ တဿ

http://www.dhammadownload.com



အနုဿဝိကံ **တဒနုဿဝိကံ**။ (တဿ၊ထို ယခုပညတ်လတ့်သော သိက္ခာပုဒ်အား။အနုဿဝိကံ၊ လျော်သည်တည်း။) တပုဒ်+အနုဿဝိကပုဒ်။ တ-အရကား ထိုယခုပညတ်လတ့်သော သိက္ခာပုဒ်သည် မှချ။ ယင်း၏ လျောက်ပတ်သော တရားစကားနှင့် အကျိုး အကြောင်း စပ် ဌာန္။ ပုဒ်လုံးအရ ထို-သော ယခုပညတ်လတ့်သော သိက္ခာပုဒ်အား လျောက်ပတ်သော တရားစကား ရ၏။ * တဿ အနုလောမိကံ **တဒနုလောမိကံ**။ (နည်းတူ။)

(ဂ-နှင့်အညီ) တ-အရ သုဘရတာ စသည်ဖြင့် ဟောတော်မူအပ်ပြီးသော သံဝရ ငါးပါးသည် မှချ။ ယင်း၏ လျောက်ပတ်သော တရားစကားနှင့် သမ္ဗန္ဓါ သမ္ဗန္ဓါ စပ်။

သုတ္တန္တေသု ဝိနိဗဒ္ဓါ သုတ္တန္တဝိနိဗဒ္ဓါ။ န သုတ္တန္တဝိနိဗဒ္ဓါ **အသုတ္တန္တဝိနိဗဒ္ဓါ**။ န-အရ ပဋိသေဓဘောဂုဏ် ရ၏။ ထို၏ ပါဠိတော်၌ မတက်ရောက်သော ပကိဏ္ဏကဓမ္မဒေသနာ နှင့် (ဝါ) သုတ္တန် အဘိဓမ္မာ ပါဠိတော်သို့ မတက်ရောက်သော ဒေသနာနှင့် ဂုဏ် ဂုဏီ စပ် ဌာန္။ ပုဒ်လုံးအရ ထို-သော ပါဠိတော်၌ မတက်ရောက်သော ပကိဏ္ဏကဓမ္မဒေသနာ (ဝါ) သုတ္တန် အဘိဓမ္မာ ပါဠိတော်သို့ မတက်ရောက်သော ဒေသနာ ရ၏။* သံဝရာစ ပဟာနာနိစ သံဝရပ္ပဟာနာနိ။ တေဟိ ပဋိသံယုတ္တာ **သံဝရပ္ပဟာန ပဋိသံယုတ္တာ**။

ပါဠိတော ဝိနိမုတ္တာ **ပါဠိဝိနိမုတ္တာ**။ ပါဠိ-အရ ဝိနည်းပါဠိတော်သည် မှချ။ ထို၏ လွတ်သော (ဝါ) မတက်ရောက်သော ဒေသနာနှင့် အပါဒါန် အပါဒါနီ စပ် ဌာန္။ ပုဒ်လုံးအရ ထို-သော ဝိနည်းပါဠိတော်မှလွတ်သော ဒေသနာရ၏။

➤ ၆။ (က) ၌ တတ္ထ သန္နိပတိတာနံ-ဖြင့် ဘိက္ခူနံ-အရ ရဟန်းတို့ဟူသည် ယင်း မြတ်စွာဘုရား ကဲ့ရဲ့တော်မူရာအရပ်၌ စည်းဝေးကုန်သော ရဟန်းတို့တည်းဟု သိစေပါ သည်။ (ဘာဝတ္ထ)

(ခ) ၌ ယံ ဣဒါနိ သိက္ခာပဒံ ပညပေဿတိ-ဖြင့် တဒနုဿဝိကံ တဒနုလောမိကံ-၌ တ-သဒ္ဒါကား ဝုစ္စမာနာပေက္ခဖြစ်၍ ယခုပညတ်လတ့်သော သိက္ခာပုဒ်ကို ဖွဲ့သတည်းဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ) **တဿ အနုဿဝိကံ**-ဖြင့် တဒနုဿဝိကံပုဒ်ကို တဿ အနုဿဝိကံ တဒနုဿဝိကံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--၍င်း (သမာသလိင်္ဂတ္ထ) တ အနုဿဝိကံ ဟူလိုလျက် သမာသ်ဖြစ်၍ တ-သဒ္ဒါ၌ နိဂ္ဂဟိတ်လာခြင်း ဝဏ္ဏာဂမ၊ ယင်း နိဂ္ဂဟိတ်ကို ဒပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိဖြင့် ရုပ်ပြီးသည်၏--၍င်း (ဘာဝတ္ထ) သိစေပါ သည်။ **တဿ အနုလောမိကံ**-ဖြင့် တဒနုလောမိကံပုဒ်ကို တဿ အနုလောမိကံ တဒနု လောမိကံဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု-၍င်း (သမာသလိင်္ဂတ္ထ) တ အနုလောမိကံ ဟူလိုလျက် သမာသ်ဖြစ်၍ တ-သဒ္ဒါ၌ နိဂ္ဂဟိတ်လာခြင်း ဝဏ္ဏာဂမ၊ ယင်း နိဂ္ဂဟိတ်ကို ဒပြုခြင်း ဝဏ္ဏဝိကာရ နိရုတ္တိဖြင့် ရုပ်ပြီးသည်၏--၍င်း (ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ ဝါ-သဒ္ဒါဖြင့် တ-သဒ္ဒါသည် အနက်တမျိုးကို ဟောဆေးသည်ဟု သိစေပါ သည်။ (ဘာဝတ္ထ) ယော (ပ) ဝုတ္တော-ဖြင့် တဒနုဿဝိကံ တဒနုလောမိကံ-၌ တ-သဒ္ဒါ

http://www.dhammadownload.com



ကား အတီတာပေက္ခဖြစ်၍ သုဘရတာ စသည်တို့ဖြင့် ဟောအပ်ပြီးသော သံဝရကို စွဲ သတည်းဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

(ဂ) ၌ တဿ အန္တနုဇ္ဇာဝိကဓွေဝ အနုလောမိကဥ္စ-ဖြင့် (ခ) အတိုင်းဖော်။

(ဃ) ၌ သံဝရပ္ပဟာရပဋိသံယုတ္တံ-ဖြင့် ဓမ္မံ-၌ ဓမ္မ-အရ သံဝရ ငါးပါး ပဟာန ငါးပါး ကို ယူ--ရင်း (အဘိဓေယျတ္ထ) ဓမ္မံ-ပုဒ်ကို မှေ့န ပဋိသံယုတ္တာ ဓမ္မံ-ဟု ပဋိသံယုတ္တ တဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဤပစ္စည်း၏ ပဋိသံယုတ္တတဒ္ဓိတ်၌ သက်-ရင်း (ပစ္စယတ္ထ) သိစေပါသည်။ အသုတ္တန္တဝိနိဗဒ္ဓံ-ဖြင့် ဩက္ကန္တိကဓမ္မဒေသနာဟူသည် သုတ္တန် ပါဠိတို့၌ မဖွဲ့အပ်သော တရားတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ပါဠိဝိနိမုတ္တံ-ဖြင့် အသုတ္တန္တဝိနိဗဒ္ဓံ-ဟူသည် သုတ္တန်ပါဠိတို့၌ ပါဠိမှလွတ်သော တရား ဒေသနာတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) [တစ်နည်း] အသုတ္တန္တဝိနိဗဒ္ဓံ-ဖြင့် သုတ် အဘိဓမ္မာပါဠိသို့ မတင်အပ်သေးသော စကားတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ပါဠိဝိနိမုတ္တံ-ဖြင့် ဝိနယပါဠိသို့လည်း မတင်ရသေးသော တရားစကားတည်းဟု သိ စေပါသည်။ (ဘာဝတ္ထ)

ဩက္ကန္တိကဓမ္မ-ဖြင့် ဘုရားဟောတော်မူအပ်သော တရားဟူသည် ဒေသနာဉာဏ် ဖြင့် သက်ဝင်၍ ဟောတော်မူအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) ဒေသနံ-ဖြင့် ကထံ ၌ ကထဓာတ်၏ ကထနအနက်ဟော--ရင်း (ဒု-ဓာတွတ္ထ) အ-ပစ္စည်း၏ ကမ္မသာဓန၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) ကထီယတေ ဒေသီယတေတိ ကထာ-ဟု ကမ္မသာဓန ဝစနတ္ထ ပြု--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။ (ယ) တဝါကျလုံးဖြင့် ဓမ္မံ ကထံ-အရ သံဝရပ္ပ ဟာန ပဋိသံယုတ္တ အသုတ္တန္တဝိနိဗဒ္ဓ ပါဠိဝိနိမုတ္တဖြစ်သော ဩက္ကန္တိကဓမ္မဒေသနာကို ယူ ရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

➤ ၃။ အသုတ္တန္တဝိနိဗဒ္ဓံ/အသုတ္တန္တနိဗဒ္ဓံ ။ ။ အသုတ္တန္တနိဗဒ္ဓံ-ပါဠိတို့၌ မဖွဲ့မသီ အပ်သော (ဝါ) ပါဠိ၏အစွမ်းဖြင့် မဖွဲ့မသီ မစီမရင်အပ်သော-ဟု ဂဏ္ဌိသစ်၌ဆိုသော ကြောင့်ရင်း၊ အသုတ္တန္တနိဗဒ္ဓံ-သုံးပုံကုန်သော ပိဋကပါဠိတော်တို့၌ သင်္ဂါယနာတင်ခြင်း ဖြင့် မဖွဲ့အပ်သော-ဟု မဇ္ဈူနိဿ ဆိုသောကြောင့်ရင်း၊ အသုတ္တန္တနိဗဒ္ဓံ-ပါဠိတော်တို့၌ မဖွဲ့စပ်သော (ဝါ) သုတ္တန် အဘိဓမ္မာပါဠိတော်တို့၌ မစပ်ဖွဲ့အပ်သော-ဟု ဘာသာဋီကာ ဆိုသောကြောင့်ရင်း၊ အသုတ္တန္တဝိနိဗဒ္ဓန္တိ သုတ္တန္တေသု အနိဗဒ္ဓံ၊ ပါဠိ အနာရုဠှန္တိ အတ္ထော ဟု သာရတ္ထ ဆိုသောကြောင့်ရင်း၊ နိဗဒ္ဓ/ဝိနိဗဒ္ဓ သဒ္ဒါတို့သည် ဝိ-ဥပသာရ ပါ-မပါမျှသာ ထူး၍ ပရိယာယ်မျှဖြစ်ရကား ဖွဲ့သီခြင်းအနက်ကို ဟောနိုင်သောကြောင့်ရင်း ၂-ပါဌ်သင့်

➤ ၈။ ဘိက္ခုနံ့ ဓာနေ့စ္ဆဝိကံ-ကား အပေါင်းဖြစ်သော ရဟန်းတို့၏ "ဘိက္ခုနံ့" ဟူသော အမည်ကို အစိတ်ဖြစ်သော ကွဲရဲ့တော်မူရာအရပ်၌ စည်းဝေးကုန်သော ရဟန်း တို့၌တင်-- ကေဒေသျူပစာ၊ နေယျတ္ထ၊ ရှဋ္ဌီနည်း။

http://www.dhammadownload.com



ပါဠိဝိနိမုတ္တံ-ဟူသောနည်းသည် အသုတ္တန္တဝိနိမုတ္တံ-၌ သုတ္တန္တ-အရ ဆိုအပ်ပြီးသော သုတ် အဘိဓမ္မာပါဠိမှကြွင်းသော ဝိနယပါဠိကို ပါဠိဝိနိမုတ္တံ-၌ ပါဠိ-အရ ယူရသော ကြောင့် ပါဠိရှိသေသနည်းမည်၏။ အပေါင်းဖြစ်သော သုတ္တန် အဘိဓမ္မာ ဝိနည်းပါဠိတို့၏ "ပါဠိ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဝိနယပါဠိ၌တင်-- ကေဒေသူပစာ။

> ၁၀။ ပယာနဲ-အရ **တဏ်ထောက်**-ဝိပဿနာဉာဏ်။ **ဝိကုမ္ပိုထောက်**-ဥပစာရ သမာဓိ။ **သမုန္နေထောက်**-မဂ်လေးပါး။ **ပဋိပဿဒ္ဓိထောက်**-ဖိုလ်လေးပါး။ **နိဿရဏထောက်** - နိဗ္ဗာန်။

## ပါဠိ [၅၃]

(က) တေန ဟိတိ တေန သုဒိန္နေန အဗ္ဘာစာရေန ကာရဏဘူတေန။

(ခ) **သိက္ခာပဒန္တိ** ဧတ္ထ သိက္ခိတဗ္ဗာတိ သိက္ခာ၊ ပဇ္ဇတေ ဉာယတိ ပဒံ၊ သိက္ခာယ ပဒံ သိက္ခာပဒံ။ (ဂ) သိက္ခာယ အဓိဂမုပါယောတိ အတ္ထော။ (ဃ) အာထ ဝါ မူလံ နိဿယော ပတိဋ္ဌာတိ ဝုတ္တံ ဟောတိ။ (င) မေထုနဝိရတိယာ မေထုနသံဝရဿေတံ အဓိဝစနံ။ (စ) မေထုနသံဝရော ဟိ တဒညေသံ သိက္ခာသင်္ခါတာနံ သီလဝိပဿနာ ဈာနမဂ္ဂဓမ္မာနံ ဝုတ္တတ္ထဝသေန ပဒတ္တာ ဣဓ သိက္ခာပဒန္တိ အဓိပ္ပေတော။

(ဆ) အယဉ္စ အတ္ထော သိက္ခာပဒဝိဘင်္ဂေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

(ဇ) အပိစ တဒတ္ထဒီပိကာ ဝစနမ္ပိ သိက္ခာပဒန္တိ ဝေဒိတဗ္ဗံ။

(ဈ) ဝုတ္တမ္ပိ စေတံ "သိက္ခာပဒန္တိ ယော တတ္ထ နာမကာယော ပဒကာယော နိရုတ္တိကာယော ဗျဉ္ဇနကာယော" တိ။ (ည) အာထ ဝါ ယထာ "အနတိတ္ထာ ဓမ္မပဒ"န္တိ ဝုတ္တေ အနဘိဇ္ဈာ ဧကော ဓမ္မကောဋ္ဌာသောတိ အတ္ထော ဟောတိ။

(ဋ၁၀၈။ မဋ္ဌ၁၊ ၈၈။ ဘာသာဋီ၁၊၂၈၅။)

> ၁။ **တေန** -ထိုသုဒိန်၏ မေထုန်အကျင့်ကို လွန်ကျူးကျော်နင်း၍ ကျင့်ခြင်းဟု ဆိုအပ်သော အကြောင်းကြောင့်။ **သိက္ခာပဒံ** - သိက္ခာဟု ဆိုအပ်ကုန်သော သီလ ဝိပဿနာ ဈာန် မဂ်တရားတို့ကို ရခြင်း၏အကြောင်းဖြစ်သော မေထုနဝိရတိ မေထုန သံဝရ-ဟုဆိုအပ်သော သိက္ခာပုဒ်ကို။ **သိက္ခာပဒံ** - သိက္ခာဟု ဆိုအပ်ကုန်သော သီလ ဝိပဿနာ ဈာန် မဂ်တရားတို့၏ တည်ရာဌာနဖြစ်သော မေထုနဝိရတိ မေထုနသံဝရ သီလတည်းဟူသော သိက္ခာပုဒ်ကို။ **သိက္ခာပဒံ**-မေထုနဝိရတိ မေထုနသံဝရ သီလဟု ဆို အပ်သော အနက်ကိုပြတတ်သော ယော ပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ-စသော သဒ္ဒါတည်းဟူသော သိက္ခာပုဒ်ကို။

> ၂။ (စ) **နွှ တတိယဝါကျသို့**/ ဆရာသည် (ပ+ဒ) ဝါကျတို့ဖြင့် သိက္ခာသဒ္ဒါ ပဒ-သဒ္ဒါတို့၏ အစိတ်ဝစနတ္ထကို ဆိုတော်မူ၏။ သိက္ခာနှင့် ပဒံ-ကို သိက္ခာစ ပဒဉ္စ-ဟု ဒွန် သမာသ်၊ သိက္ခာစ သာ ပဒဉ္စာတိ-ဟု ကမ္မဓာရယ်၊ သိက္ခာ ပဒံ ဧတဿာတိ-ဟု

http://www.dhammadownload.com



ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်လော။ အဘယ်သမာသ် ဝစနတ္ထပြုရမည်နည်း။ စုဒ်ကြောင့် (ခ) ၌ တတိယဝိဂ္ဂဟကိုမိန့်။

(ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် သိက္ခာပဒံပုဒ်၏ အစိတ် အပေါင်း ဝစနတ္ထ အဘိဓာနတ္ထကို ပြဆိုပြီး၍ ယခုအခါ၌ ပဒ္ဓတေ-၏ အနက်၊ ဣမိနာ-၏ အနက်ကို ပြလို၍/ ပဒ-သဒ္ဒါ၏ ကာရဏအနက်၌ ဖြစ်ခြင်းကိုပြခြင်းငှာ/ ပဒ္ဓတေ-၌ ပဒဓာတ်သည် အဓိဂမနအနက်၌ ဖြစ်ခြင်းနှင့် ဣမိနာ-၌ ဣမ-သဒ္ဒါ၏ ဝိသယကို ပြခြင်းငှာ (ဂ) မိန့်။

(ဃ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဂ) ဖြင့် သိက္ခာပဒံ-၌ ပဒ-သဒ္ဒါ ဥပါယ ကာရဏ အနက်၌ဖြစ်၏ဟု ပြပြီး၍ ယခုအခါ၌ အခြားဖြစ်သင့်သော အနက်တစ်မျိုးကို ပြခြင်းငှာ (ဃ) မိန့်။ [တစ်နည်း] ဤသို့ (ဂ) ဖြင့် ဥပနိဿယ၏ အစွမ်းဖြင့် သိက္ခာ၏ အကြောင်း၏ အဖြစ်ကို ပြပြီး၍ ယခုအခါ၌ သမ္ပယောဂ၏အစွမ်းဖြင့်ရင်း၊ ဥပနိဿယ၏ အစွမ်းဖြင့်ရင်း သိက္ခာ၏ တည်ရာဌာန၏ အဖြစ်ကိုပြခြင်းငှာ (ဃ) မိန့်။ (ဆင်တဲဂဏ္ဌိ)

(င) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် သိက္ခာပဒံပုဒ်၏ အစိတ်အပေါင်း ဝစနတ္ထကို ပြပြီး၍ ယခုအခါ၌ အဘိဓေယျတ္ထကို ပြလို၍ (င) မိန့်။

(စ) သို့/ ဆရာသည် (ခ-ဂ-ဃ) တို့ဖြင့် သိက္ခာပဒ-သဒ္ဒါ၏ ဝစနတ္ထ ဂုဠှတ္ထ ပဒ ပိဏ္ဍတ္ထကို ဖွင့်ဆိုတော်မူ၏။ ယင်းသိက္ခာပဒ-အရ ဝိရတိ စေတနာ တံသမ္ပယုတ္တဓမ္မတို့ကို ကောက်ယူရမည်လော။ သိက္ခာပဒ-အရ အဘယ်ကို ကောက်ယူရမည်နည်း။(င)မိန့်

(စ) သို့/ ဆရာသည် (င) ဖြင့် မေထုနဝိရတိ မေထုနသံဝရသည် သိက္ခာပဒမည်သောဟု ဆို၏။ မေထုနဝိရတိ မေထုနသံဝရမှတစ်ပါး အဒိန္နာဒါနဝိရတိ အဒိန္နာဒါန သံဝရ တို့သည်လည်း သိက္ခာပဒမည်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် မေထုန ဝိရတိယာ စသည်ဖြင့်ဆိုသော ဆရာ့စကားသည် အသို့လျှင် သင့်ရာပါအံ့နည်း။ (စ)မိန့်

(ဆ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (င-စ) တို့ဖြင့် မေထုနဝိရတိ မေထုနသံဝရသည် သိက္ခာပဒမည်၏ဟု ယုတ္တိနှင့်တကွ ပြဆိုပြီး၍ ယခုအခါ၌ သိက္ခာပဒဝိဘင်း၌ ညွှန်ပြအပ်သော ဝိရတိ စေတနာ သမ္ပယုတ္တဓမ္မတို့သည်လည်း သိက္ခာပဒမည်၏ဟု ပြလိုသော ဆရာသည် (ဆ) မိန့်။

(ဆ) သို့/ ဆရာသည် (င-စ) တို့ဖြင့် မေထုနဝိရတိ မေထုနသံဝရသည် သိက္ခာပဒ မည်၏ဟု ယုတ္တိနှင့်တကွ ပြဆိုတော်မူ၏။ အဘိဓမ္မာ သိက္ခာပဒ ဝိဘင်းပါဠိတော်၌ ဆရာ ဆိုသော နည်းမှတစ်ပါး အခြားသော နည်းကိုလည်း ဆိုအပ်ပါသလော။ အဘယ်သို့ ဆို အပ်ပါသေးသနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

(ဇ) သို့/ ဆရာသည် (ဆ) ဖြင့် ဝိရတိ စေတနာ သမ္ပယုတ္တဓမ္မတို့သည် သိက္ခာပဒ မည်၏ဟု ပြဆိုတော်မူ၏။ ဝိရတီ-စသော တရားတို့သည်သာ သိက္ခာပဒမည်ပါသလော။ အဘယ်သည် သိက္ခာပဒ မည်ပါသေးသနည်း။ စုဒ်ကြောင့် (ဇ) မိန့်။

http://www.dhammadownload.com



ကား-- ယင်း ဝိရတီ-စသော အနက်ကိုပြတတ်သော ယော ပန ဘိက္ခု အစရှိသော နာမပညတ္တိသဒ္ဒါသည်လည်း သိက္ခာပဒမည်သေး၏ဟု ငါပြဆို၏ဟူလို။

(ဓ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ဆ) ဖြင့် ဝိရတီ စေတနာ တံသမ္ပယုတ္တဓမ္မတို့သည် သိက္ခာပဒမည်၏ဟု အတ္ထသိက္ခာပဒတို့ကို ပြပြီး၍ ယခုအခါ၌ ဤ သိက္ခာပဒံ-ဟူသော ပုဒ်၌ ဝိရတီ-စသော တရားတို့သည်သာ သိက္ခာပဒမည်သည်မဟုတ်၊ ယင်း ဝိရတီ-စသော အနက်ကိုပြတတ်သော ယော ပန ဘိက္ခုစသော သဒ္ဒပညတ်သည်လည်း သိက္ခာပဒမည် ၏ဟု ပြခြင်းငှာ (ဇ) မိန့်။

(ည) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ဇ) ဖြင့် သိက္ခာပဒံ-၌ ပဒ-သဒ္ဒါသည် သဒ္ဒါဟောဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ယင်း ပဒ-သဒ္ဒါ၏ အနက်တစ်မျိုးကိုပြခြင်းငှာ (ည) မိန့်။

[တစ်နည်း] ဤသို့ (ဂ+ဃ) တို့ဖြင့် သိက္ခာပဒံ-၌ ပဒ-သဒ္ဒါသည် ဥပါယအနက်, မူလအနက်တို့ကို ဟောသည်ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်း ပဒ-သဒ္ဒါ၏ အနက်တစ်မျိုး ကို ပြလိုသော အဋ္ဌကထာဆရာသည် (ည) မိန့်။

➤ ၃။ (ခ) ပက္ခန္တရ။ (ဂ) ကား ပဒ-သဒ္ဒါအနက် ငုပ်သည်ကို ဖော်ထုတ်ဖွင့်ပြ သောကြောင့် ဝိတ္ထာရ။/ဝါကျာရမ္ဘ။ (ဃ) ကား ပဒ-သဒ္ဒါ မူလဟူသော အနက်တစ်မျိုး ကို ဟောသည်ဟု ဖွင့်ပြသောကြောင့် ပက္ခန္တရ။ ထိုကိုထောက်၍ (ဂ) ကား ပဒ-သဒ္ဒါ အဓိဂမုပါယအနက်ကို ဟောသည်ဟု ဖွင့်ပြခဲ့သောကြောင့် ပက္ခ။ (င) ကား သိက္ခာပဒ-သဒ္ဒါ၏ ဝစနတ္ထမှတပါး အဘိဓေယျတ္ထကို ဆက်၍ပြသောကြောင့် ပက္ခန္တရ။/ ဝါကျာရမ္ဘ။ (စ) ယုတ္တိဒဋ္ဌီကရဏ။/သိက္ခာ-သဒ္ဒါ၏ တရားကိုယ်၊ သိက္ခာယ၌ ငုပ်နေသော ဝိဘတ် စသည်တို့ကို အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရ။ (ဆ) အတိဒေသသံဝဏ္ဏနာပြ ဝါကျာ ရမ္ဘ။ (ဇ) ကား အတ္ထဖြစ်သော သီလသည်သာ သိက္ခာပဒမည်သည်မဟုတ်၊ သီလတည်းဟူ သော အနက်ကိုပြတတ်သော ပညတ်သည်လည်း သိက္ခာပဒမည်၏ဟု သိက္ခာပဒမည်ပုံ အဖို့တပါးကိုပြသောကြောင့် ပက္ခန္တရ။ (ည) ကား ပဒ-သဒ္ဒါ၏ အနက်တစ်မျိုးကို ပြ သောကြောင့် ပက္ခန္တရ။

**စာစပ်**။ ။ မေထုနသံဝရော-ကား ကို--ကြောင့် အဓိပ္ပေတော-၌ ဝုတ္တက်/ဝုတ္တက် ၏ ကြိယာ စပ်။

➤ ၄။ သိက္ခိတဗ္ဗာတိ **သိက္ခာ**။ (သဗ္ဗူရိသေဟိ၊သူတော်ကောင်းတို့သည်။ယာ သီလ ဝိပဿနာ ဈာန မဂ္ဂဓမ္မာ၊တို့ကို။သိက္ခိတဗ္ဗာ၊ကျင့်အပ်ကုန်၏။က္ကတိ၊ သာ၊ သိက္ခာ။)

သိက္ခဓာတ်+အ-ပစ္စည်း။ က္ကတ္တိ အာ-ပစ္စည်း။ သိက္ခ-ဓာတ်အရ ကျင့်သော သူတော် ကောင်းတို့၏ သန္တာန်၌ရှိသော သတိ ဝီရိယ သမာဓိ ပညာ စသည်ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မတ္ထကား ထို-အားတပ်သော မေထုနဝိရတီမှတပါးသော သီလ ဝိပဿနာ ဈာန်မဂ်တရားတို့၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူ။

http://www.dhammadownload.com



အ-ပစ္စည်းအရ ထို-သော မေထုနဝိရတီမှတပါးသော သီလ ဝိပဿနာ ဈာန်မဂ်ရ၏။

ပဋ္ဌတေ ဣက္ကမိနာတိ **ဓမံ**။ (သပ္ပုရိသေဟိ၊တို့သည်။သိက္ခာ၊ကို။ဣက္ကမိနာ ဥပါယေန၊ဖြင့်။ ပဋ္ဌတေ၊၏။ဣက္ကတိ၊ ပဓံ။) ကရဏသာဓန၊ ပဒ+အ-ပစ္စည်း။ ပဒဓာတ်အရ သူတော်ကောင်းတို့၏ သတိ ဝီရိယ ဉာဏ်စသည်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ကရဏတ္ထကား ထို-အားတပ်သော မေထုနဝိရတီ၏ သဟဇာတာဒိပစ္စယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို--သော မေထုနဝိရတီ ရ၏။

သိက္ခာယ ပဓံ **သိက္ခာပဓံ**။ (သိက္ခာယ၊မေထုနဝိရတီမှတပါး သီလ ဝိပဿနာ ဈာန်မဂ်တရားဟု ဆိုအပ်သော သိက္ခာသုံးပါး၏။ပဓံ၊ရကြောင်း (ဝါ) အမြစ်အရင်းမှီရာတည်း) ဆဋ္ဌီတပ္ပုရိသ်၊ သိက္ခာ+ပဒပုဒ်။ သိက္ခာ-အရ မေထုနဝိရတီမှ တစ်ပါး သီလ ဝိပဿနာ ဈာန်မဂ်တရားသည် မုချ။ ယင်း၏ မေထုနဝိရတီဟူသော သိက္ခာပဒနှင့် အကျိုး အကြောင်း /နိဿိတ နိဿယ/အပေါင်း အ့စိတ် စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော မေထုနဝိရတီဟူသော သိက္ခာပဒ ရ၏။

မူလတိ ပတိဋ္ဌာတိ ဧတ္ထာတိ **မူလံ**။ (မူလဓာတ်+အပစ္စည်း) မူလဓာတ်အရ မေထုနဝိရတီမှတပါး သီလ ဝိပဿနာ ဈာန်မဂ်ဟုဆိုအပ်သော သိက္ခာသည် မုချ။ အဓိကရဏတ္ထ ကြိယာကား ထို-အားတပ်သော မေထုနဝိရတီ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို-သော မေထုနဝိရတီ ရ၏။

နိဿယတိ ဧတ္ထာတိ **နိဿယော**။ (နိပုဗ္ဗ သိဓာတ်+အ-ပစ္စည်း) မူလ-နှင့်တူ။

ပတိဋ္ဌာတိ ဧတ္ထာတိ **ပတိဋ္ဌာ**။ (ပတိပုဗ္ဗ ဌာဓာတ်+အ+ထိ-အာ) မူလနှင့်တူ။

တတော အညာ **တဒညာ**။ (တတော မေထုနသံဝရတော၊မှ။အညော၊တပါးကုန်သော သိက္ခာဟု ဆိုအပ်ကုန်သော သီလ ဝိပဿနာ ဈာန် မဂ်တရားတို့တည်း။) ပဉ္စမီ တပ္ပုရိသ်

တ-အရကား ထိုမေထုနသံဝရသည် မုချ။ ယင်း၏ မေထုနသံဝရမှတပါးသော သိက္ခာပုဒ်ဟု ဆိုအပ်ကုန်သော သီလ ဝိပဿနာ ဈာန်မဂ် တရားတို့နှင့် အကြောင်း အကျိုး/ နိဿယ နိဿိတ/အစိတ် အပေါင်း စပ် ဌာနူ။ ပုဒ်လုံးအရကား ထို-သော ထိုမေထုနသံဝရမှတပါးသော သိက္ခာပုဒ်ဟုဆိုအပ်ကုန်သော သီလ ဝိပဿနာ ဈာန်မဂ် တရားရ၏။

ဓမ္မာနံ ပဓံ **ဓမ္မပဓံ**။ (ဓမ္မာနံ၊အလောဘပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်တို့၏။ပဓံ၊အဖို့ အစုတည်း။) ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ဓမ္မ+ပဒပုဒ်။ ဓမ္မ-အရ အလောဘပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်သည် မုချ။ ယင်း၏ အဖို့အစုဟူသော အလောဘနှင့် အပေါင်းအစိတ် အကျိုး အကြောင်း စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော အလောဘပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်တို့၏ အဖို့အစုဟူသော အလောဘရ၏။

အတ္ထေ နမန္တီတိ **နာမာနိ**။ (ယာနိ ပဒါနိ၊အကြင်ပုဒ်တို့သည်။အတ္ထေ၊အနက်၌။နမန္တိ၊

J-10-A

http://www.dhammadownload.com



ညွတ်တတ်ကုန်၏။ကတ္တိ၊တာနိ၊ နာမာနိ။) သုဒ္ဓကတ္တုသာဓန၊ နမုဓာတ်+ဏပစ္စည်း။

နမုဓာတ်အရ အနက်၌ ညွတ်တတ်သော နာမ်ပုဒ်တို့၏ ဝါစကသတ္တိ ရ၏။ ဏပစ္စည်း အရကား သတ္တိမန္တဖြစ်သော နာမ်ပုဒ်တို့ဖြစ် ရ၏။

နာမာနံ ကာယော **နာမကာယော**။ (နာမာနံ၊နာမ်တို့၏၊ကာယော၊အပေါင်းတည်း။) ဆဋ္ဌီတပ္ပုရိသ်။ နာမ+ကာယပုဒ်။ နာမ-အရ နာမ်ပုဒ်တို့ဖြစ်သည် မုချ။ ယင်း၏ အပေါင်း ဖြစ်နှင့် အဘေဒ ဘေဒ စပ် ဌာန္။ ပုဒ်လုံးအရ ထို-သော နာမ်တို့၏အပေါင်းရ၏။

* ပရသမ္ပတ္တိံ အဘိမုခံ ကတွာ ဈာယတီတိ အဘိဇ္ဈာ။ (အဘိ-ဈေ+အ-အာ။)

* ဥပဂစ္ဆတိ ဧတေန ဖလန္တိ ဥပါယော။ အမိဂမဿ ဥပါယော အဓိဂမုပါယော။

➤ ၆။ (က) ၌ အဇ္ဈာစာရေန-ဖြင့် တေန-၌ တ-သဒ္ဒါသည် အဇ္ဈာစာရ-လွန်ကျူး၍ ကျင့်ခြင်းကို စွဲသတည်းဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ) သုဒိန္နဿ-ဖြင့် အဇ္ဈာစာရဟူသည် သုဒိန်၏ အဇ္ဈာစာရတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ကာရဏာဘူတေန-ဖြင့် တေန-၌ နာဝိဘတ်သည် ကတ္တားအနက် ကရိုဏ်းအနက် တို့ကို မဟော၊ ကာရဏ (ဝါ) ဟိတ်အနက်ကို ဟောသတည်းဟု သိစေ။ (ဝိဘတျတ္ထ)

သံဝဏ္ဏနာ၌ ဟိ-သဒ္ဒါကိုဖျောက်၍ ချန်လှပ်၍ဖွင့်သဖြင့် တေန ဟိ-၌ ဟိ-သဒ္ဒါ ကား အနက်မဲ့ (အနတ္ထက) တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

(ခ) ၌ သိက္ခိတဗ္ဗာဖြင့် သိက္ခာ၌ သိက္ခဓာတ်၏--ရင်း (ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ကမ္မသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) သိက္ခိတဗ္ဗာတိ သိက္ခာ-ဟု ကမ္မသာဓန ဝစနတ္ထ ပြု--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

ပဇ္ဇတေ ဉာမိနာ-ဖြင့် ပဒ-၌ အ-ပစ္စည်း၏ ကရဏသာဓန၌ သက်--ရင်း (ဒု-ပစ္စ ယတ္ထ) ပဇ္ဇတေ ဉာမိနာတိ ပဒံ-ဟု ကရဏသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ကမ္မ အန္တောဂဓ ကမ္မဂဗ္ဘကရဏသာဓန ဝစနတ္ထပြု--ရင်း (ဘာဝတ္ထ) သိစေပါသည်။

သိက္ခာယ ပဒံ-ဖြင့် သိက္ခာနှင့် ပဒကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိ စေပါသည်။ (သမာသလိင်္ဂတ္ထ)

(ဂ) ၌ အဓိဂမုပါယော-ဖြင့် ပဇ္ဇတေ-၌ ပဒဓာတ်သည် ဂတိအနက်ကို မဟော၊ ရ ခြင်း=အဓိဂမအနက်ကို ဟော--ရင်း (ဓာတွတ္ထ) ပဒံ-သဒ္ဒါသည် ပရိတ္တာဏ-စသော အနက် ကို မဟော၊ ကာရဏ (ဝါ) ဥပါယအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) သိစေပါသည်။

(ဃ) ၌ အထ ဝါ-ဖြင့် ပဒ-သဒ္ဒါ အတ္ထန္တရကို လဲလှယ်ပြသည်ဟု သိစေ။(ဘာဝတ္ထ)

မူလံ-ဖြင့် သိက္ခာပဒံ-၌ ပဒ-သဒ္ဒါသည် ကာရဏအနက်ကိုသာ ဟောသည်မဟုတ်၊ ဌာနအနက်ကိုလည်း ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

နိဿယော-ဖြင့် မူလံ-သဒ္ဒါကား နိဿယော-၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်း (ဟု) မူလ-သဒ္ဒါ၏ ဝေဝုစ် စကားလှယ် ပရိယာယ်ကား နိဿယော-တည်းဟု သိစေပါ

http://www.dhammadownload.com



သည်။ (အဘိဓေယျတ္ထ) ပတိဋ္ဌာ-ဖြင့် နိဿယော-သဒ္ဒါကား ပတိဋ္ဌာ-၏ ဝေဝုစ်စကား လှယ် ပရိယာယ်တည်း (ဝါ) နိဿယော-သဒ္ဒါ၏ ဝေဝုစ် စကားလှယ် ပရိယာယ်ကား ပတိဋ္ဌာ-တည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

[တစ်နည်း] နိဿယော-ဖြင့် မူလ်-သဒ္ဒါသည် မူလနက္ခတ်စသော အနက်ကို မဟော၊ မှီရာ-နိဿယအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ) ပတိဋ္ဌာ-ဖြင့် နိဿယ-သဒ္ဒါသည် နိဿယကျမ်းစာ၊ နိဿရည်းဆရာ စသောအနက်ကိုမဟော၊ တည်ရာဟူသောအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(င) ဖြင့် သိက္ခာပဒ-အရ ဝိရတိ, စေတနာ, တံသမ္ပယုတ္တဓမ္မ သုံးမျိုးလုံးကိုရသော်လည်း ဤ၌ ဝိရတိ (မေထုနဝိရတိ) ကိုသာ ယူရမည်ဟု သိစေပါသည်။(အဘိဓေယျတ္ထ)

(စ) ၌ မေထုနသံဝရော ဟေဝ သိက္ခာပဒန္တိ အဓိပ္ပေတော-ဖြင့် သိက္ခာပဒအရ ဝိရတိ, စေတနာ, တံသမ္ပယုတ္တဓမ္မ သုံးမျိုးလုံးကိုရသော်လည်း ဤ၌ ဝိရတိ (မေထုနဝိရတိ) ကိုသာ ယူရမည်ဟု သိစေပါသည်။(အဓိပ္ပေတတ္ထ)

တဒညေသံ သီလဝိပဿနာဈာနမဂ္ဂဓမ္မာနံ-ဖြင့် သိက္ခာသမာဒိတာနံ-၌ သိက္ခာ-အရ မေထုနဝိရတိမှတစ်ပါးသော သီလ ဝိပဿနာ ဈာန်မဂ် တရားများကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) သိက္ခာသမာဒိတာနံ ပဒတ္ထာ-ဖြင့် သိက္ခာနှင့် ပဒကို သိက္ခာနံ ပဒံ သိက္ခာပဒံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ) ဝုတ္တတ္ထဝသေန-ဖြင့် ပဒ-သဒ္ဒါ၏ အနက်ကား ဆိုခဲ့ပြီးသော ပတိဋ္ဌာ အဓိဂမုပါယ အနက်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဆ) ဖြင့် ဝိရတိစေတနာသမ္ပယုတ္တဓမ္မတို့ကိုသာ သိက္ခာပဒ ယူရသည်မဟုတ်၊ ယင်း ဝိရတိစေတနာ သမ္ပယုတ္တဓမ္မဟူသော အနက်ကိုပြတတ်သော ယော ပန ဘိက္ခု အစရှိသော သဒ္ဒါကိုလည်း ကာရဏူပစာအားဖြင့် သိက္ခာပဒ-အရ ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဉ) ၌ သိက္ခာ ကောဋ္ဌာသော-ဖြင့် သိက္ခာပဒ-၌ ပဒ-သဒ္ဒါသည် ပရိတ္တာဏ-စသော အနက်ကို မဟော၊ အဖို့အစု (ကောဋ္ဌာသ) အနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ) သိက္ခာယ ဧကော ပဒေသော-ဖြင့် သိက္ခာ ကောဋ္ဌာသော-၌ ကောဋ္ဌာသ-သဒ္ဒါသည် ကေသာ လောမာ-စသော (၃၂) ကောဋ္ဌာသ အနက်ကိုမဟော၊ အဖို့အစု ဟူသော ပဒေသအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) သိက္ခာနှင့် ကောဋ္ဌာသကို သိက္ခာ စ ကောဋ္ဌာသော စ-ဟု ဒွန်သမာသ်ဝိစနတ္ထ မပြုရ၊ သိက္ခာယ ကောဋ္ဌာသော သိက္ခာ ကောဋ္ဌာသော-ဟု တပ္ပုရိသ်သမာသ် ဝိစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေသည်။

➤ ၄။ တဒညေသံ/တမညေသံ ။ ။ တတော အညာ တဒညာ။ တ-ပုဒ်+အည ပုဒ်၊ ပဉ္စမီတပ္ပုရိသ်သမာသ်၊ ယ-တနှင့် သမာသ်စပ်ရာဝယ် ဒ္ဒ ကျေတိတ်သော်လည်း လာရ

F-18-B

http://www.dhammadownload.com



မည်၊ ဒွေဘော်သော်လည်းပြုရမည်ဟု သဒ္ဒစည်းကမ်းရှိရာ သမာသေ ဒေါ တိလိင်္ဂေ (နိတိသုတ္တ) ဖြင့် သမာသ်အရာ၌ နိဂ္ဂဟိတ်ကို ဒ-ပြု၍ပြီးသောကြောင့် တဒညေသံပါ၌ သာ သင့်ပါသည်။

**တဿတ္ထဿ ဒီပကံ/တဒတ္ထဿ ဒီပကံ/တဒတ္ထဒီပကံ** ॥ ॥ တဿတ္ထဿ-ဟုရှိက တဿ+အတ္ထဿ-ဟု ပုဒ်ဖြတ်၊ ဏွုတ္တန္တဿ တု ကမ္မတ္ထေ၊ ဆဋ္ဌီ ဘဝတိ ဧကဒါ-ဟူသော ကစ္စာယနသာရ သဒ္ဒစည်းကမ်းအရ ဒီပကံ-ဟူသော ဏွုပစ္စယန္တပုဒ်၏ ကံအနက်၌ ဆဋ္ဌီ ဝိဘတ် ဖြစ်သင့်သောကြောင့်ရင်း၊ တဿ အတ္ထဿ၊တိုမေထုနဝိရတိ မေထုနသံဝရ-ဟု ဆိုအပ်သော အနက်ကို၊ဒီပကံ၊ပြတတ်သော။ ဤသို့ အနက်ပေးရသောကြောင့် တဿ တ္ထဿ ဒီပကံ-ပါ၌ သင့်ပါသည်။

သော အတ္ထော တဒတ္ထော၊ တဒတ္ထဿ ဒီပကံ တဒတ္ထဒီပကံ-ဟု ယောဇနာဆိုသော ကြောင့်ရင်း၊ တဒတ္ထဒီပကံ၊ထိုသို့သော ဝိရတိစေတနာ တံသမ္ပယုတ္တဓမ္မ-ဟူသော အနက် ကို ပြတတ်သော-ဟု ဂဏ္ဌိသစ်၌ အနက်ပေးသောကြောင့်ရင်း၊ တဒတ္ထဒီပကံနှင့် တဒတ္ထဿ ဒီပကံ-တို့သည် သမာသ် ဝါကျမျှသာ ကွဲ၍ အနက်ထူးမရှိသောကြောင့်ရင်း တဒတ္ထဿ ဒီပကံ/တဒတ္ထဒီပကံ-ပါ၌တို့လည်း သင့်ပါသည်။

**ယိက္ခာပဒံ/ယိက္ခာပဒံ** ॥ ॥ သမာသ်အလယ်မှာ၊ ထိမြဲအာ၊ ရဿ မပြုရ-ဟူသော နိယံနှင့်အညီ သိက္ခာသဒ္ဒါသည် နိယတ ဣတ္ထိလိင်ဖြစ်၍ အာ-ကို အ-ရဿ မပြုရသော ကြောင့် သိက္ခာပဒံ-ပါ၌ သင့်ပါသည်။

ဗိရတိ/ဗိရတီ ॥ ॥ ဝိ-ရှေ့ရှိသော ရမုဓာတ် တိ-ပစ္စည်းဖြင့်ပြီးသောကြောင့် ဝိရတိ- ဟု ရဿနှင့်ရှိသော ပါ၌သာ သင့်ပါသည်။

➤ ၈။ [င-နှင့်အညီ] **သိက္ခာပဓံ**-ကား အပေါင်းဖြစ်သော ဝိရတီ စေတနာ တံ သမ္ပယုတ္တဓမ္မတို့၏ "သိက္ခာပံဒံ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဝိရတီ-၌တင်-- ဧကဒေသျူပစာ။ (တစ်နည်း) အကြောင်းပစ္စည်းဖြစ်သော ဝိရတိ၏ "သိက္ခာပဒ"ဟူ သောအမည်ကို အကျိုးပစ္စယုပ္ပန်ဖြစ်သော စေတနာ တံသမ္ပယုတ္တဓမ္မတို့၌တင်- ကာရဏူ ပစာ။ နာနန္တရိကနည်း။

(ဇ-နှင့်အညီ) အကြောင်းဖြစ်သော မေထုနဝိရတိ မေထုနသံဝရ-ဟုဆိုအပ်သော အနက်၏ "သိက္ခာပဒ"ဟူသောအမည်ကို အကျိုးဖြစ်သော ယော ပန ဘိက္ခု အစရှိသော နာမပညတ္တိသဒ္ဒါ၌တင်-- ကာရဏူပစာ။ နာနန္တရိကနည်း။

**သိက္ခာပဓံ**-၌ ပဒ-သဒ္ဒါဖြင့် မေထုနဝိရတိ မေထုနသံဝရ သီလကိုယူလတ့်ဖြစ်၍ ထို မှ တစ်ပါး ကျန်သီလ ဝိပဿနာ ဈာန် မဂ်တို့ကိုသာ သိက္ခာ-အရ ယူရသောကြောင့် ပါရိသေသနည်း။ ဂေါဗလီဗဒ္ဒနည်း။ ပုညဉာဏသမ္ဘာရနည်း။

**သိက္ခာပဓံ ပညာပေဿာမိ**-ကား အကြောင်းဖြစ်သော ဝိရတိ, စေတနာ, တံ သမ္ပ

http://www.dhammadownload.com



ယုတ္တမဖွဲ့တို့၏ "သိက္ခာပဒ"ဟူသောအမည်ကို အကျိုးဖြစ်သော ယော ပန ဘိက္ခု-စသော ပညတ္တိသဒ္ဒါ၌တင်-- ကာရဏူပစာ။ နာနတ္တရိကနည်း။

**သိက္ခာ**-ကား အပေါင်းဖြစ်သော သီလ ဝိပဿနာ ဈာန် မဂ်တရားတို့၏ "သိက္ခာ" ဟူသော အမည်ကို အစိတ်ဖြစ်သော မေထုနဝိရတိ, မေထုနသံဝရသီလမှ တစ်ပါး ကျန် သီလ ဝိပဿနာ ဈာန် မဂ်တို့၌တင်-- ဧကဒေသူပစာ။

**သီလဝိပဿနာဈာနမဂ္ဂဓမ္မာနံ**-၌ သီလ-ဟူသောနည်းသည် မေထုနသံဝရ သီလမှ တစ်ပါး ကျန်သီလကိုသာ ယူရသောကြောင့် ဧကဒေသူပစာ။ ပါရိသေသနည်း၊ ဂေါ ဗလိဗဒ္ဒနည်း။ ပုညာဏာသမ္ဘာရနည်း။

**မူလံ**-ကား အတူဖြစ်သော သစ်ပင်အမြစ်အရင်း၏ "မူလ"ဟူသောအမည်ကို အတူ ရှိသော မေထုနဝိရတိ၌တင်-- သဒိသူပစာ။ နေယျတ္ထနည်း၊ ရုဠ္ဟီနည်း။

(တစ်နည်း) အပေါင်းဖြစ်သော မူလနက္ခတ်, အနီး, အမြစ်အရင်း, အကြောင်း, တန်ဖိုး, မှီရာအနက်တို့၏ "မူလ"ဟူသောအမည်ကို အစိတ်ဖြစ်သော မှီရာအနက်၌တင်- ဧကဒေသူပစာ။

**ပဇ္ဇော**-၌ ပဒ-ကား အဓိဂမုပါယအနက်ဟော ပဒ, ပတိဋ္ဌာအနက်ဟော ပဒ-သဒ္ဒါ နှစ်ခုကို ဧကသိက်ပြုထားသောကြောင့် ဧကသေသနည်း။သာမညနိဒ္ဒေသနည်း။

**နာမကာယော**-ကား နာမ-အရ နာမ်ပုဒ်နှင့် ကာယ-အရ အပေါင်းတို့ မပြားဘဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

## ပါဠိ [၇၆]

(က) ဧသာ အတ္ထဝသေ ပဋိစ္စာတိ ဒသ ကာရဏဝသေ သိက္ခာပဒပညတ္တိဟေတု အဓိဂမနီယေ ဟိတဝိသေသေ ပဋိစ္စ အာဂမ္မ အာရဗ္ဘ၊ (ခ) ဒသန္နံ ဟိတဝိသေသာနံ နိပ္ဖတ္တိံ သမ္ပဿမာနောတိ ဝုတ္တံ ဟောတိ။ (ဂ) ဣဒါနိ တေ ဒသ အတ္ထဝသေ ဒဿေန္တော "သံဃသုဋ္ဌုတာယာ"တိ အာဒိမာဟ။ (ဃ) တတ္ထ သံဃသုဋ္ဌုတာ နာမ သံဃဿ သုဋ္ဌုဘာဝေါ။ (င) "သုဋ္ဌု ဒေဝါ"တိ အာဂတဋ္ဌာနေ ဝိယ "သုဋ္ဌု ဘန္တေ"တိ မမ ဝစနသမ္ပဋိစ္ဆနဘာဝေါ။ (စ) ယော စ တထာဂတဿ ဝစနံ သမ္ပဋိစ္ဆတိ၊ တဿ တံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ။ (ဆ) တသ္မာ သံဃဿ "သုဋ္ဌု ဘန္တေ"တိ မမ ဝစနသမ္ပဋိစ္ဆနတ္ထံ ပညပေဿာမိ အသမ္ပဋိစ္ဆနေ အာဒီနဝံ သမ္ပဋိစ္ဆနေ စ အာနိသံသံ ဒဿေတွာ၊ န ဗလက္ကာရေန အဘိဘဝိတွာတိ ဧတမတ္ထံ အာဝိကရောန္တော အာဟ "သံဃသုဋ္ဌုတာယာ"တိ။ (ဋ္ဌ၊၁၈၉။ မဇ္ဈူ၊တ၊ ၉၁။ ဘာသာဋီ၊၃၊၂၈၈။)

➤ ၁။ (က) [[illegible]] ဧသံ၊ဤသို့။ဘဂဝါ၊သည်။ဒသ အတ္ထဝသေ၊ဆယ်ပါး သော အကြောင်းထူး အကျိုးစီးပွားထူးနှင့် စပ်သည်တို့ကို။ပဋိစ္စ၊စွဲ၍။သိက္ခာပဒံ၊ကို။ ပည

http://www.dhammadownload.com



ပေသောမိတိ၊ပညတ်ပေလေအံ့ဟူ၍။ဝတွာ၊မိန့်တော်မူပြီး၍။ ဣဒါနိ၊ဤယခုအခါ၌။ဒသ၊ ကုန်သော။တေ အတ္ထဝသေ၊ထိုသိက္ခာပုဒ်ကို ပညတ်တော်မူခြင်းဟူသော အကြောင်းကြောင့် ရအပ်ကုန်သော အစီးအပွားအထူးတို့ကို။ဒဿေန္တော၊ပြတော်မူလိုသည်။ဟုတွာ၊ဖြစ်၍။ သံဃသုဋ္ဌုတာယာတိ အာဒိ၊သံဃသုဋ္ဌုတာယ-အစရှိသော။ဝစနံ၊စကားကို။အာဟ၊မူ၏။

(င) **ထည့်သွင်းသော ပါဠိများ၊ထည့်၍ ဖော်ပြထောင်များ၊အောင်အေရုပ်** ။ ။ သုဋ္ဌု ဒေဝါတိ၊သုဋ္ဌု ဒေဝ-ဟူ၍။ရာဇန္တေပုရ ပဝေသန သိက္ခာပဒေ၊ရာဇန္တေပုရ ပဝေသန သိက္ခာပုဒ်၌။အာဂတဋ္ဌာနေ၊လာရာဖြစ်သောအရာ၌။ဥပါသကဿ၊ဥပါသကာ၏။ပသေနဒီကောသလ ရညော၊ ပသေနဒီကောသလမင်း၏။ဝစနသမ္ပဋိစ္ဆနဘာဝေါဝိယ၊စကားကို ဝန်ခံသည်၏အဖြစ်ကဲ့သို့။ သုဋ္ဌု ဘန္တေတိ၊သုဋ္ဌုဘန္တေဟူ၍။သံဃဿ၊သံဃာ၏။တထာဂတဿ၊မြတ်စွာဘုရား၏။ ဝစနသမ္ပဋိစ္ဆနဘာဝေါ၊စကားတော်ကို ဝန်ခံသည်၏အဖြစ်တည်း။

**အတ္ထဝသေ**-သိက္ခာပုဒ်ကို ပညတ်ခြင်းကြောင့် ရအပ်ကုန်သော အစီးအပွားအထူးတို့ကို။ (အဋ္ဌကထာ) **အတ္ထဝသေ**- ထူးသော ကြီးပွားခြင်း အကျိုးအာနိသင်တို့ကို။ (ဝါ) ကြီးပွားခြင်း အကျိုးအာနိသင် အထူးတို့ကို။(ဋီကာ ပထမနည်း) အကြောင်းတို့ကို။ (ဋီ-ဒုတိယနည်း) မိမိနှင့်စပ်သော အကျိုးရှိသော အကြောင်းတို့ကို။ (ဋီကာ-တတိယနည်း)

**သံဃသုဋ္ဌုတာ**-သံဃာတော်၏. ကောင်းပါပြီဘုရားဟု စကားတော်ကို ဝန်ခံသည်၏ အဖြစ် အကျိုးငှာ။ (မူချတ္တ) သံဃာတော်၏ ကောင်းပါပြီဘုရားဟု စကားတော်ကို ဝန်ခံ ခြင်းကြောင့် ရအပ်သော ရှည်စွာသော နေ့ညဥ့်ပတ်လုံး အစီးအပွား ချမ်းသာအကျိုးငှာ (ဥပစာရတ္ထ)

➤ ၂။ (စ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ဒသ အတ္ထဝသေ ပဋိစ္စ-၌ အတ္ထ-ကား ကာရဏ-၏ ပရိယာယ်ဖြစ်၏၊ ဝသ-ကား ဝိသေသအနက်၌ဖြစ်၏၊ ပဋိစ္စ္စရှေ့ရှိသော ဣ- ဓာတ်သည် ဂတိအနက်၌ ဖြစ်၏ဟု ပြပြီး၍ ယခုအခါ၌ ပဒဝိဂ္ဂဟတ္ထကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က-ခ) တို့ဖြင့် ဒသ အတ္ထဝသေ ပဋိစ္စ-ပုဒ်တို့၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထကို ဖွင့်ပြပြီး၍ ယခုအခါ၌ သံဃသုဋ္ဌုတာယ-စသော ပုဒ်တို့၏ အဖွင့် သံဝဏ္ဏနာကို ပြလိုသော ဆရာသည် မပြမီ ရှေးဦးစွာ ယင်းပုဒ်တို့၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ပြလိုရကား (ဂ) မိန့်။

(ဃ) **သို့/ စောဒနာ** ။ ။ ဆရာ-သည် (ဂ) ဖြင့် သံဃသုဋ္ဌုတာယ-စသော ပါဠိ၏ သမုဒါယတ္ထကို ပြဆိုတော်မူ၏။ အဝယဝတ္ထကား အဘယ်ပါနည်း။ သမုဒါယတ္ထကိုသာ ပြ၍ အဝယဝတ္ထကို မပြသည်ရှိသော် ဆရာ၌ အဗျာပိတဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဃ) မိန့်။

(တစ်နည်း) ဌပနာတွ။ သံဃသုဋ္ဌုတာယ-၌ တာပစ္စည်းသည် အဘယ်အနက်၌ ဖြစ်

http://www.dhammadownload.com



ပါသနည်း။ ဒေဝတာ စသည်၌ကဲ့သို့ သကတ်အနက်၌ ဖြစ်လေသလော။ သံယနှင့် သုဒ္ဓ တာပုဒ်ကို အဘယ်သမာသ် တွဲစပ်အပ်ပါသနည်း။ သံယော ဧဝ သုဒ္ဓတာ သံယသုဒ္ဓတာ-ဟု ကမ္မဓာရယ်သမာသ် တွဲစပ်အပ်ပါသလော။ စုဒ်ကြောင့် (ယ) မိန့်။

(င) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ယ) ဖြင့် သံယသုဒ္ဓတာ-ကို သံယဿ သုဒ္ဓ ဘာဝေါ ဟု ဖွင့်ပြပြီး၍ ယခုအခါ၌ သုဒ္ဓဘာဝေါ-ပုဒ်၏ အနက်ကို ဥပမာဖြင့် ထင်စွာပြလိုသော (ဝါ) ချဲ့ပြလိုသော ဆရာသည် (င) မိန့်။

(င) သို့/ ဆရာသည် (ယ) ဖြင့် သံယသုဒ္ဓတာ-ဟူသောပုဒ်ဝယ် တာပစ္စည်း၏ ဘာဝအနက်၌သက်၍ ယင်းသံယသုဒ္ဓတာပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်ရမည်ကို ဖွင့်ပြတော်မူ၏။ သံယသုဒ္ဓတာ-အရ အဘယ်သို့သော သဒ္ဒပဝတ္တိနိမိတ်ကို အရကောက် ရပါမည်နည်း။ ဇာတ်ကို အရကောက်ရပါမည်လော။ စုဒ်ကြောင့် (င) မိန့်။

(စ) သို့/ ဆရာသည် (ယ-င) တို့ဖြင့် အရှင်ဘုရားကောင်းပါပြီဟူ၍ ဘုရားရှင်၏ စကားတော်ကို·ဝန်ခံသည်၏အဖြစ်သည် သုဒ္ဓဘာဝ မည်၏ဟု ပြဆိုတော်မူ၏။ ယင်းသို့ ဘုရားရှင်၏ စကားတော်ကို ဝန်ခံခြင်းကြောင့် အဘယ်အကျိုးရှိပါသနည်း။ အနတ္ထက အကျိုးမဲ့သာ မှတ်ရပါမည်လော။ စုဒ်ကြောင့် (စ) မိန့်။

➤ ၃။ (ခ) သည် ပဒပိဏ္ဍတ္ထကို ပြသောကြောင့် ဝိတ္ထာရ။ (ဂ) ပက္ခန္တရ။ (ယ) သည် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထကိုပြသောကြောင့် ပက္ခန္တရ။ /ဝိတ္ထာရ။ (င) သည် သုဒ္ဓဘာဝေါပုဒ်ကို ထင်ရှားစွာ အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရ။ /တပ္ပါကဋိကရဏ။/ဝါကျာရမ္ဘ။ (စ) သည် (ယ-င) ဝါကျတို့၏ အကျိုးကိုပြသောကြောင့် ဖလ ဝါကျ။/စကားတော်ကို လက်ခံမှုသည် အဘယ်နည်းဖြင့် ဟိတဝိသေသ ဖြစ်ပါသ နည်းဟု မေးဘွယ်ရှိ၍ ဆက်လက်အားထုတ်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဆ) လဒ္ဓဂုဏ။ ထိုတွင် သံယဿ-စသည်ကား အန္ဒယ။ န ဗလက္ကာရေန အဘိဘဝိတွာ-ကား ဗျတိရေက။

**စာစပ်** ။ ။ တသ္မာ-ကား ကြောင့်--ကြောင့် အာဟ-၌ အကြောင်း ဟိတ်၊ အာဟ-ကား အကျိုးဖိုလ် စပ်။

➤ ၄။ အသန် ဝဇ္ဇနံ အတ္တော။ ဟေတု အနုသာရေန အရိယတိ အဓိဂမိယတိ သမ္ပာပုဏိယတီတိ အတ္တော။ ဝါသေန္တိ ပရိဋ္ဌိန္ဒန္တီတိ ဝသာ။ (အစိတ်)

အတ္ထာစ တေ ဝသာစာတိ **အတ္ထဝသာ**။/ ဝသာ အတ္ထာ **အတ္ထဝသာ**။ (အပေါင်း)

(အတ္ထာ၊စ၊အကျိုးတို့သည်လည်း။ဟောန္တိ၊ဟုတ်ကုန်၏။တေ၊တို့ဟူသည်။ဝသာ၊စ၊ထူး ကုန်သည်လည်း။ဟောန္တိ၊ဟုတ်ကုန်၏။ဣတိ၊ကြောင့်။အတ္ထဝသာ၊မည်ကုန်၏။ (တနည်း:) ဝသာ၊ထူးကုန်သော။အတ္ထာ၊အကျိုးတို့တည်း။) ဝိသေသန ပရပဒကမ္မဓာရယ်၊အတ္ထပုဒ်+ ဝသပုဒ်။ ဝသ-အရ ထူးခြင်း ဝိသေသဘောဂုဏ်သည် မုချ။ ယင်း၏ အကျိုးနှင့် ဂုဏ် ဂုဏေး စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော ထူးသောအကျိုးတို့ဒြဗ်ရ၏။

http://www.dhammadownload.com



(တစ်နည်း) အတ္ထော ယေဝ **အတ္ထဝသော**။ (အတ္ထော ယေဝ၊အကြောင်းသည်သာလျှင်။ အတ္ထဝသော၊အတ္ထဝသမည်၏။) တဗ္ဘာဝဝုတ္တိကမ္မဓာရယသမာသ်၊ အတ္ထပုဒ်+ ဝသပုဒ်။ အတ္ထ-ဟူသော ဝိသေသနပုဒ်အရ အကြောင်းရ၏။ ဝသ-သဒ္ဒါအနက် အထူးမရှိသောကြောင့် အတ္ထဝသ-ဟူသော သမာသ်ပုဒ်လုံးအရလည်း ယင်းအကြောင်းပင်ရ၏။

(တစ်နည်း) အတ္ထော ဝသော ဧတဿာတိ **အတ္ထဝသော**။ (ဧတဿ၊ထိုအကြောင်းအား။ ဝသော၊ထူးသော။ အတ္ထော၊အကြောင်းသည်။ အတ္ထိ၊၏။ ဣတိ၊ကြောင့်။ အတ္ထဝသော၊မည်၏။) အတဂ္ဂုဏသံဝိညာဏ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်။ ပုဒ်လုံးအရ ထူးသော အကျိုးသည် မုချ။ ယင်း၏ အကြောင်းနှင့် အကျိုး အကြောင်း စပ် ဌာနူ။ ဧတ-အညပုဒ်အရ ထို--သော အကြောင်းတရား ရ၏။

သုဋ္ဌုတိ သမ္ပဋိစ္ဆနော **သုဋ္ဌု**။ (သုဋ္ဌုတိ၊ကောင်းပါပြီဘုရားဟူ၍။ သမ္ပဋိစ္ဆနော၊မြတ်စွာဘုရား စကားတော်ကို ဝန်ခံသော သူတည်း။) ဥတ္တရပဒလောပ ကမ္မဓာရယသမာသ်၊ သုဋ္ဌုပုဒ်+သမ္ပဋိစ္ဆနပုဒ်။ သုဋ္ဌု-အရ အရှင်ဘုရားကောင်းပါပြီဟု ဝန်ခံခြင်းသဘောသည် မုချ။ ယင်း၏ ဝန်ခံသောသူဖြစ်နှင့် ဂုဏ်ဂုဏော/ဝိသေသန ဝိသေသျ/ဌာနီ ဌာန စပ် ဌာနူ။ သုဋ္ဌု-အရ ထို-သော အရှင်ဘုရား ကောင်းပါပြီဟု မြတ်စွာဘုရား စကားတော်ကို ဝန်ခံသောသူဖြစ် ရ၏။

သုဋ္ဌု ဣတိ သမ္ပဋိစ္ဆတီတိ **သုဋ္ဌုသမ္ပဋိစ္ဆနံ**။ (သံ-ရှေ့ ပ-ရှေ့ ဣသုဓာတ်+ယုပစ္စည်း)

သုဋ္ဌု-အရ သုဋ္ဌုဘောဂုဏ်သည် မုချ။ ထို-၏ ခံခြင်းနှင့် ဝိသေသန ဝိသေသျ စပ် ဌာနူ။ ဣသုဓာတ်အရ မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဖလူ။ နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူ။ သမာသ်ပုဒ်လုံးအရနှင့် ယုပစ္စည်းအရ ထို--သော ဝန်ခံသော သံယာရ၏။

သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတီတိ **သံဃော**။ (သံပုဗ္ဗ ဟနဓာတ်+ရပစ္စည်း) သံ-ဥပသာရအရ သမဂ္ဂသုန္ဒရဘောဂုဏ် ရ၏။ ဟနဓာတ်အရ ကံလေးပါးသို့ ကပ်သော အခြင်းအရာအားဖြင့်ဖြစ်သော မဟာကုသိုလ် မဟာကြိယာ အဘိညာဉ် စိတ္တုပ္ပါဒ်သည် မုချ။ မေတ္တာကရုဏာပြဋ္ဌာန်းသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူ။ ရ-ပစ္စည်းအရ သံယာရ၏။

သုဋ္ဌု ဘာဝေါ **သုဋ္ဌုတာ**။ ဘာဝတဒ္ဓိတ်၊ သုဋ္ဌုပုဒ်+တာပစ္စည်း။ သုဋ္ဌု-အရကား အရှင်ဘုရား ကောင်းပါပြီဟု မြတ်စွာဘုရားစကားတော်ကို ဝန်ခံသောသူဖြစ်သည် မုချ။ ယင်း၏ ဝန်ခံခြင်းကြိယာနှင့် ဌာန ဌာနီ/အာကာရဝန္တ အာကာရ စပ် ဌာနူ။ တာပစ္စည်းအရ ထို-သော အရှင်ဘုရား ကောင်းပါပြီဟု မြတ်စွာဘုရားစကားတော်ကို ဝန်ခံခြင်းကြိယာ ရ၏။ * သံဃဿ သုဋ္ဌုတာ **သံဃသုဋ္ဌုတာ**။ ဆဋ္ဌီတပ္ပုရိသ်၊ သံဃ+သုဋ္ဌုတာပုဒ်။ သံဃ-အရ သံယာဖြစ်သည် မုချ။ ယင်း၏ အရှင်ဘုရား ကောင်းပါပြီဟု မြတ်စွာဘုရား စကားတော်ကို ဝန်ခံခြင်းကြိယာနှင့် ဌာန ဌာနီ/အာကာရဝန္တ အာကာရ စပ် ဌာနူ။ ပုဒ်

http://www.dhammadownload.com



လုံးအရ ထို-သော သံဃာ၏ အရှင်ဘုရား ကောင်းပါပြီဟု မြတ်စွာဘုရားစကားတော်ကို ဝန်ခံခြင်းကြိယာရ၏။ ထိုသို့ပင် ရဗြားသော်လည်း သံဃသုဋ္ဌုတာ-သဒ္ဒါ၏ ကာရဏူပစာ သဒ္ဒါ၏ အဖြစ်ကြောင့် သံဃာတော်၏ အရှင်ဘုရား ကောင်းပါပြီဟု မြတ်စွာဘုရား စကား တော်ကို ဝန်ခံခြင်းကြောင့် ရအပ်သော ဒီဃရတ္တဟိတသုခဟူသော အကျိုးသည်သာ ပဓာနအားဖြင့်ရ၏။

ဒီဃတိ ဒီဃတိ အန္တကာရော ဧတေနာတိ **ဒီဃံ**။ ဒိဗ္ဗတိ ဩဘာသတီတိ ဝါ **ဒီဃံ**။ ရာတိ ဂဏှာတိ အဗ္ဘာပါရဋ္ဌိတိန္တိ **ရတ္တိ**။ ရဇ္ဇန္တိ ဧတ္ထာတိ ရတ္တိ။ ဒီဃဉ္စ ရတ္တိဉ္စ **ရတ္တိ**။

ဒီဃာ ရတ္တိယော **ဒီဃရတ္တံ**။ (ဒီဃာ၊ရှည်ကုန်သော။ရတ္တိယော၊ညဉ့်တို့တည်း။)

ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်၊ ဒီဃပုဒ်+ရတ္တိပုဒ်။ ဒီဃ-အရ ရှည်ခြင်းဒီဃဘောဂုဏ် သည် မုချ။ ယင်း၏ ညဉ့်တို့ဖြစ်နှင့် ဂုဏ်ဂုဏီ စပ် ဌာန။ ပုဒ်လုံးအရ ထို--သော ရှည်ကုန်သော ညဉ့်တို့ဖြစ်ရ၏။ ထိုသို့ပင်ရဗြားသော်လည်း ဒီဃရတ္တသဒ္ဒါ၏ ဧကဒေသူ ပစာ-သဒ္ဒါ၏ အဖြစ်ကြောင့် ရှည်စွာသော နေ့ညဉ့် အချိန်ကာလ (ဝါ) ကြာမြင့်စွာသော အချိန်ကာလသည်သာ ပဓာနအားဖြင့်ရ၏။

အာဘုသော နိဟရိတွာ သံသတီတိ **အာနိသံသော**။ အာ-ဥပသာရအရ ဘုသတ္ထ ဘောဂုဏ် ရ၏။ နိ-ဥပသာရအရ နိဟရဏဘောဂုဏ်ရ၏။ သံသဓာတ်အရ လွန်စွာ ထုတ်ဆောင်၍ ညွှန်းဆဲတတ်သော အကျိုးတရားတို့၏ ဥပါဒ်ရ၏။ အ-ပစ္စည်းအရ ဥပ္ပါဒ ဝန္တဖြစ်သော အကျိုးတရားရ၏။

သမ္ပဋိစ္ဆတီတိ **သမ္ပဋိစ္ဆနော**။ သံရှေ့ ပဋိရှေ့ရှိသော ဣသုဓာတ်အရ စကားတော်ကို လက်ခံသော အခြင်းအရာအားဖြင့်ဖြစ်သော ကုသိုလ် ကြိယာ စိတ္တုပ္ပါဒ်သည် မုချ။ ယောနိသော မနသိကာရ-စသော ရှေ့--ဖလူ။ ဟိတသုခ-စသော နောက်--ကာရဏူ။ ယုပစ္စည်းအရ ထို--သော စကားတော်ကို လက်ခံခြင်းရ၏။

အဓိဂမိတဗ္ဗာတိ **အဓိဂမနီယာ**။ ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ **ဟိတံ**။

ဟိတာနိစ တာနိ ဝိသေသာစာတိ **ဟိတဝိသေသာ**။ ✱ အာဂစ္ဆတိ ဧတ္ထာတိ အာဂတံ အာဂတဉ္စ တံ ဌာနဉ္စာတိ **အာဂတဋ္ဌာနံ**။ ✱ ဗလိနော ကာရော **ဗလက္ကာရော**။ (အားရှိ သူ၏ ပြုခြင်း) ဗလေန ကာရော **ဗလက္ကာရော**။

➢ ၆။ (က) ၌ ဒသကာရဏဝသေ-ဖြင့် ဒသအတ္တဝသ-ဆယ်ပါးသော အကျိုး စီးပွားအထူးတို့သည်ပင်လျှင် သိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်းတည်းဟု သိစေသည်။ (ဘာဝတ္ထ) ဟိတဝိသေသေ-ဖြင့် အတ္တဝသ-၌ အတ္ထ-သဒ္ဒါသည် သဒ္ဒါဘိဓေယျ-စသော အနက်တို့ကိုမဟော၊ ဟိတအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) ဝသ-သဒ္ဒါသည် ဗလ, ဘေဒ, ပဋိဗဒ္ဓ, ဆန္ဒအနက်တို့ကို မဟော၊ ဝိသေသအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) သိစေပါသည်။ သိက္ခာပဒပညတ္တိဟေတု အဓိဂမနီယေ-ဖြင့် အစီးအပွားအထူးဟူသည်

http://www.dhammadownload.com



သိက္ခာပုဒ်ပညတ်ခြင်းကြောင့် ရအပ်သော အစီးအပွားအထူးတည်းဟု သိစေ။(ဘာဝတ္ထ)

အာဂမ္မ-ဖြင့် ပဋိစ္စ-၌ ဣတ္ထာတ်သည် ဉာဏအနက်ကို မဟော၊ ဂတိအနက်ကို ဟော သတည်းဟု သိစေပါသည်။ (ဒု-ဓာတွတ္ထ) အာရဗ္ဘ-ဖြင့် အာဂမ္မ-ရောက်၏ဟူသည် အကြောင်းပြုခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(စ) ဖြင့် အစီးအပွားအထူးတို့ကို စွဲ၍ ရောက်ခြင်းဟူသည် ဆယ်ပါးသော အစီးအပွား အထူးတို့၏ ပြီးခြင်းကို ဘုရားမြင်တော်မူခြင်းပင်တည်းဟု သိစေ။ (ဘာဝတ္ထ)

(ယ) ၌ သံဃဿ သုဋ္ဌုဘာဝေါ-ဖြင့် သံဃသုဋ္ဌုတာ-၌ တာပစ္စည်းသည် ဒေဝတာ ၌ တာပစ္စည်းကဲ့သို့ သွတ္ထတဒ္ဓိတ်၌ မသက်၊ ဘာဝတဒ္ဓိတ်၌ သက်--ၚ်း (ပစ္စယတ္ထ) သုဋ္ဌု ဧဝ သုဋ္ဌုတာ-ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထ မပြုရ၊ သုဋ္ဌု ဘာဝေါ သုဋ္ဌုတာ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြု--ၚ်း (အဘိဓာနတ္ထ) သံဃေ သုဋ္ဌုတာ-ဟု သတ္တမီတပ္ပုရိသ် ဝစနတ္ထ မပြုရ၊ သံဃဿ သုဋ္ဌုတာ သံဃသုဋ္ဌုတာ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ၚ်း (သမာသ လိင်္ဂတ္ထ) သိစေပါသည်။

(ဓ) ၌ သုဋ္ဌု ဘန္တေတိ မမ ဝစနသမ္ပဋိစ္ဆနဘာဝေါ-ဖြင့် သုဋ္ဌုဘာဝေါ-၌ သုဋ္ဌု-သဒ္ဒါ ကို သုဋ္ဌုတိ သမ္ပဋိစ္ဆနော သုဋ္ဌု-ဟု ဥတ္တရပဒလောပ သမ္ဘာဝနာ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြု--ၚ်း (သမာသလိင်္ဂတ္ထ) သမ္ပဋိစ္ဆန-ဟူသော နောက်ပုဒ်ကျေသည်၏--ၚ်း (ဘာဝတ္ထ) အရှင်ဘုရား ကောင်းပါပြီဟု စကားတော်ကို ဝန်ခံသည်၏အဖြစ်သည် သုဋ္ဌု ဘာဝမည်သည်ဟူသော အဓိပ္ပါယ်ကိုၚ်း (ဘာဝတ္ထ) သိစေပါသည်။

"သုဋ္ဌု ဒေဝါ"တိ အာဂတဋ္ဌာနေ ဝိယ-ဖြင့် ရာဇန္တေပုရ ပဝေသနသိက္ခာပုဒ်၌ သုဋ္ဌု- သဒ္ဒါသည် သုဋ္ဌုတိ သမ္ပဋိစ္ဆန=ကောင်းပါပြီဟု ဝန်ခံခြင်းအနက်ကို ဟောသကဲ့သို့ ဤ သံဃသုဋ္ဌုတာ-၌လည်း ယင်း သုဋ္ဌုတိ သမ္ပဋိစ္ဆနအနက်ကို ဟောသတည်းဟု သိစေပါ သည်။ (ဘာဝတ္ထ)

(စ) ၌ ဝစနံ သမ္ပဋိစ္ဆတိ-ဖြင့် သမ္ပဋိစ္ဆနောပုဒ်ကို သမ္ပဋိစ္ဆတီတိ သမ္ပဋိစ္ဆနော-ဟု ကတ္တုသာဓနေ ဝစနတ္ထပြု--ၚ်း (အဘိဓာနတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓနေ၌သက်--ၚ်း (ဒု-ပစ္စယတ္ထ) ဝစနဿ သမ္ပဋိစ္ဆနော ဝစနသမ္ပဋိစ္ဆနော-ဟု ကမ္မတ္ထ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ၚ်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ယော-ဖြင့် သမ္ပဋိစ္ဆတိ=ဝန်ခံ၏ဟူသည် ဓမ္မ မဟုတ်၊ ပုဂ္ဂိုလ်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) စ-သဒ္ဒါဖြင့် ဝါကျာရမ္ဘဝါကျဖြစ်ကြောင်း ထွန်းပြ သိစေပါသည်။ (ဘာဝတ္ထ)

တထာဂတဿ-ဖြင့် ဝစန-ဟူသော သမ္ဗန္ဓာပေက္ခပုဒ်၏ သမ္ဗန်ကား တထာဂတဿ တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) တဿ တံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ- ဖြင့် စကားတော်ကို ဝန်ခံသူ ရသောအကျိုးကို သိစေပါသည်။ (ဘာဝတ္ထ)

➢ ၃။ နိပ္ပတ္တိံ သမ္ပဿမာနော/နိပ္ပတ္တိံသမ္ပဿမာနော ။ ။ တဝန္တု တာဝီ၊ တဝီ

http://www.dhammadownload.com



မာန၊ အန္တ အာနာ၊ တုံ တွာ တုန၊ တွာန-သဒ္ဒါ၊ နောက်ပုဒ်ပါမူ၊ န-သဒ္ဒါမှ၊ ကြွင်းပဒနှင့် ဝါကျသာမှတ်၊ သမာသ်မဖြစ်၊ ဆိုတုံလှစ်၏-ဟူသော သဒ္ဒစည်းကမ်းအရ နိပ္ဖတ္တိ သမ္ပဿ မာနော-ဟု ဝါကျနှင့်ရှိသောပါဌ်သာ သင့်ပါသည်။

**အဓိဂမနီယေ/အဓိဂမနိယေ** ။ ။ အဓိဂမိတဗ္ဗာတိ အဓိဂမနီယာ။ အဓိပုဗ္ဗ ဂမုဓာတ် အနီယပစ္စည်းဖြင့် ပြီးသောကြောင့် အဓိဂမနီယေ-ပါဌ်သာ သင့်ပါသည်။

**အာစိကရောန္တော/အာစိတရောန္တော** ။ ။ အဗ္ဘုတဗ္ဘာဝေ ကရဿ ဘူယောဂေ ဝိကာရ စိ-သုတ်ကိုထောက်၍ အာစိတရောန္တော-ဟု ဒီယနှင့်ရှိသော ပါဌ်သင့်ပါသည်။

ယထာဂမမိကာရော အဝဏ္ဏာဘူကရေသု-သုတ်ကိုထောက်၍ အာဝိကရောန္တော-ဟု ရဿနှင့်ရှိသောပါဌ် သင့်ပါသည်။

➤ ၈။ **သံယသုဇ္ဇာတာ**-ကား သံယသုဇ္ဇဝစနသမ္ပဋိစ္ဆနတာယ-ဟု ဟူလိုလျက် ဝစန သမ္ပဋိစ္ဆနပုဒ်ကို ချေထားသောကြောင့် ဝဏ္ဏလောပနိရုတ္တိနည်း။

အကြောင်းဖြစ်သော သံယာတော်၏ ကောင်းပါပြီဘုရားဟု ဘုရားရှင်၏ စကား တော်ကို ဝန်ခံခြင်း၏ "သံယသုဇ္ဇတာ"ဟူသောအမည်ကို အကျိုးဖြစ်သော ရှည်စွာသော နေ့ ညဥ့်ပတ်လုံး အစီးအပွားချမ်းသာ၌တင်-- ကာရဏူပစာ။ နာနန္တရိကနည်း။

**ဒီဃရတ္တ**-ကား အစိတ်ဖြစ်သော ရှည်စွာသော ညဥ့်၏ "ဒီဃရတ္တ"ဟူသော အမည်ကို အပေါင်းဖြစ်သော ရှည်စွာသော နေ့ညဥ့် အချိန်ကာလ၌တင်-- ဧကဒေသူပစာ။ ဥပ လက္ခဏနည်း။ **သဿာရဏာယေ**-ကား ဆယ်ခုအရေအတွက် သင်္ချာဂုဏ်၏ "ဒသ"ဟူသော အမည်ကို သချေယျ ဂုဏောဖြစ်သော အကြောင်းအထူးဒြပ်၌တင်-ဂုဏူပစာ။

➤ ၁၀။ **ဝစနသမ္ပဋိစ္ဆနတာဝေါ**-၌ ဝစနသမ္ပဋိစ္ဆန-အရ ဘုရားရှင်၏ စကားတော် ကို ခံယူသော ပုဂ္ဂိုလ်၏ လောကီခန္ဓာငါးပါးကိုယူ။ (စ) ဝါကျကိုထောက်။

## ဝါကျ [၅၅]

**(က) သံယဓာသုံတာယာတိ သံဃဿ ဟာသုဘာဝါယ။ သဟာဝိဝိတာယ သုခ ဝိဟာရတ္ထာယာတိ အတ္ထော။ (ခ) ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယာတိ ဒုမ္မင်္ကူနာမ ဒုဿီလ ပုဂ္ဂလာ။ (ဂ) ယေ မင်္ကုတံ အာပါဒိယမာနာပိ ဒုက္ခေန အာပဇ္ဇန္တိ၊ ဝီတိက္ကမံ ကရောန္တာ ဝါ ကတွာ ဝါ န လဇ္ဇန္တိ၊ တေသံ နိဂ္ဂဟတ္ထာယ။ (ဃ) တေ ဟိ သိက္ခာပဒေ အသတိ "ကိံ တုမှေဟိ ဒိဋ္ဌံ၊ ကိံ သုတံ၊ ကိံ အမှေဟိ ကတံ၊ ကတရသ္မိံ ဝတ္ထုသ္မိံ ကတရံ အာပတ္တိံ အာရောပေတွာ အမှေ နိဂ္ဂဏှထာ"တိ သံဃံ ဝိဟေဌေဿန္တိ။**

**(င) သိက္ခာပဒေ ပန သတိ တေ သံဃော သိက္ခာပဒံ ဒဿေတွာ ဓမ္မေန ဝိနယေန သတ္ထုသာသနေန နိဂ္ဂဏှိဿတိ။ (စ) တေန ဝုတ္တံ "ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယာ"တိ။**

(ပါ၁၈၉။ မအ္ဍ၊တ၊ ၉၂။ ဘာသာဋီ၊ဒု၊ ၂၉၁။)

http://www.dhammadownload.com



**ဘုမ္မဝစနံ**-ကား အကျိုးဖြစ်သော သတ္တမီဝိဘတ်၏ "ဘုမ္မဝစနံ"ဟူသော အမည်ကို အကြောင်းဖြစ်သော သတ္တမီအနက်၌တင်-- ဖလူပစာ။

**မိဂ**-ကား အစိတ်ဖြစ်သော သမင်၏ "မိဂ"ဟူသောအမည်ကို အပေါင်းဖြစ်သော သမင်, ဒရယ်, ဂျီ, စိုင်, ဆတ်-စသည်၌တင်-- ဧကဒေသူပစာ။ ဥပလက္ခဏာနိဒဿန။

**ပဋိသေဝတိ**-ကား အပေါင်းဖြစ်သော နိစ္စပဝတ္တိဝတ္တမာန်, သမီပဝတ္တမာန်, ပဝတ္တူပရတဝတ္တမာန်, ပဝတ္တာဝိရတဝတ္တမာန်-တို့၏ "ပဋိသေဝတိ"ဟူသောအမည်ကို အစိတ်ဖြစ်သော ပဝတ္တာဝိရတဝတ္တမာန်-၌တင်-- ဧကဒေသျူပစာ။ ရုဠှီနည်း။

➤ ၁၀။ **ဥပလာဠေတွာ**-၌ ဓာတ်-အရ မျောက်မ၌ တပ်မက်သော အခြင်းအရာအားဖြင့်ဖြစ်သော ကာမရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကိုယူ။

**ပဋိသေဝတိ**-အရ ကာယဝိညတ္တိ သမုဋ္ဌာပက လောဘမူစိတ္တုပ္ပါဒ်ကိုယူ။

## ပါဠိ [၈၂]

(က) **သော ဘိက္ခူတိ သော မေထုနဓမ္မပဋိသေဝနကော ဘိက္ခု။**

(ခ) **သေနာသနစာရိကံ အာဟိဏ္ဍန္တာတိ** တေ ဘိက္ခူ အာဂန္တုကာ ဗုဒ္ဓဒဿနာယ အာဂတာ ပါတောဝ အာဂန္တုကဘတ္တာနိ လဘိတွာ ကတဘတ္တကိစ္စာ "ဘိက္ခူနံ နိဝါသနဋ္ဌာနာနိ ပဿိဿာမာ"တိ ဝိစရိံသု။

(ဂ) **ဆေပ္ပဉ္စ့ နဂ်ိဋ္ဌ။** (ဃ) **ဩဍ္ဍိတိ** အာဘိမုခံ ဌပေသိ။ (င) **နိမိတ္တမ္ပိ အကာသီတိ** ယေန နိယာမေန ယာယ ကိရိယာယ မေထုနာဓိပ္ပါယံ တေ ဇာနန္တိ၊ တံ အကာသီတိ အတ္ထော။ (စ) **သော ဘိက္ခူတိ** ယဿာယံ ပိဟာရော။ (ဆ) **ကေမန္တံ နိလီယိံသူတိ** ဧကသ္မိံ ဩကာသေ ပဋိစ္ဆန္နာ အဋ္ဌံသု။ (၃၊၁၉၂။ မဏ္ဍူ၊၁၀၉။ ဘာသာဋီ၊၁၊၃၀၃။)

➤ ၁။ **ဩဍ္ဍိ**-ရှေ့ရှုထားပြီ။ **နိမိတ္တမ္ပိ** - ရဟန်းတို့ မေထုန်၌ အလိုကိုသိကြောင်းဖြစ်သော အမှတ်အသား အမူအရာကြိယာကို။

➤ ၄။ **နိမိနန္တိ ဇာနန္တိ ဧတေနာတိ နိမိတ္တံ။** (ဧတေန၊ထိုအမြီးလှုပ်ခြင်းစသော အမှတ်အသား အမူအရာကြိယာဖြင့်။ဘိက္ခူတို့သည်။မက္ကဋိယာ၊မျောက်မ၏။မေထုနာဓိပ္ပါယံ၊မေထုန်၌ အလိုဆန္ဒကို။နိမိနန္တိ ဇာနန္တိ၊သိကုန်၏။ဣတိ၊ကြောင့်။တံ၊ နိမိတ္တံ။)

http://www.dhammadownload.com



ကရဏသာခေ၊ နိပုဗ္ဗ မိဓာတ်+တ-ပစ္စည်း။ နိ-အရကား ဓာတွတ္ထဝိသေသကဘော ဂုဏ် ရ၏။ မိဓာတ်အရ မျောက်မ၏ မေထုန်၌ အလိုဆန္ဒကိုသိသော အာဂန္တုရဟန်းတို့၏ သညာ ပညာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကရဏတ္ထကား ထိုအားတပ်သော အမြီးလှုပ်ခြင်းစသော အမူအရာ ကြိယာ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ တ-ပစ္စည်း အရ ထို-သော အမြီးလှုပ်ခြင်းစသော အမူအရာ ကြိယာရ၏။

မေထုနေ အဓိပ္ပါယော **စမေထုနာဓိပ္ပါယော**။ မေထုန+အဓိပ္ပါယပုဒ်။ မေထုန-အရ မေထုန်အမှုသည် မုချ။ ယင်း၏ အလိုဆန္ဒနှင့် အာရုံ အာရမ္မဏိက စပ် ဌာန္။ ပုဒ်လုံး အရ ထို-သော မျောက်မ၏ မေထုန်၌ အလိုဆန္ဒရ၏။

➤ ၆။ (က) ၌ မေထုနဓမ္မပဋိသေဝနကော-ဖြင့် သော-သဒ္ဒါသည် မေထုန်မှီဝဲသော ရဟန်းကို စွဲသတည်းဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

(ခ) ဖြင့် ပါဠိတော်၌ သမ္ဗဟုလာဘိက္ခူ-အရ ဘုရားဖူးကြွလာသော ရဟန်းတို့ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဂ) ဖြင့် ဆေပ္ပ-သဒ္ဒါသည် နင်္ဂုဋ္ဌအနက်ကို ဟောသတည်းဟု သိစေ။ (နာမလိင်္ဂတ္ထ)

(တနည်း) နင်္ဂုဋ္ဌ-ဖြင့် ဆုပတိ အနေနာတိ ဆေပ္ပံ-ဟု ဝစနတ္ထပြု၍ ဆေပ္ပ-အရ အမြီးကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဃ) ဖြင့် ဩဒ္ဒိ-၌ ဩသဒ္ဒါ၏ အဝ-ဥပသာရ၏ ကာရိယ၏--ငင်း (ဥပသဂ္ဂလိင်္ဂပဒ) အဝ-သဒ္ဒါသည် အဓောမုခအနက်ကို မဟော၊ အဘိမုခအနက်ကို ဟော--ငင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ဒိဓာတ်သည် ဝေဟာသဂတိ, ဂတိ, ဒိပနအနက်တို့ကို မဟော၊ ထားခြင်း-ဥဒ္ဒန (ဝါ) ဌပန အနက်ကို ဟော--ငင်း (ဓာတွတ္ထ) သိစေပါသည်။

(င) ၌ ယေန နိယာမေန ယာယ ကိရိယာယ မေထုနာဓိပ္ပါယံ တေ ဇာနန္တိ-ဖြင့် နိမိတ္တံပုဒ်ကို နိမိနန္တိ ဇာနန္တိ ဘိက္ခူ ဧတေနာတိ နိမိတ္တံ-ဟု ကတ္တုအန္တောဂဓ ကရဏသာဓ် ဝစနတ္ထပြု--ငင်း (အဘိဓာနတ္ထ) တ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်--ငင်း (ဒုပစ္စယတ္ထ) မိ-ဓာတ်သည် နှိုင်းယှဉ်ခြင်း-ပရိမာဏ အနက်ကို မဟော၊ သိခြင်း-ဉာဏ အနက်ကို ဟော--ငင်း (ဒု-ဓာတွတ္ထ) နိ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏--ငင်း (ဥပသဂ္ဂလိင်္ဂတ္ထ) နိမိတ္တ-အရ နိယာမ-အမှတ်အသား၊ ကိရိယ-အမူအရာကို ယူ-ငင်း (အဘိဓေယျတ္ထ) သိစေပါသည်။

(စ) ဖြင့် သော ဘိက္ခု-အရ အာဂန္တုကရဟန်းကို မယူရ၊ ကျောင်းရှင် အာဝါသိကရဟန်းကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဆ) ၌ ကေသို့ ဩကာသေ-ဖြင့် ကေမန္တံ-၌ ဒုတိယာဝိဘတ်သည် ဘာဝနပုံ (ဝါ) ကြိယာ ဝိသေသနအနက်ကို မဟော၊ သတ္တမီအနက်ကို ဟော--ငင်း (ဝိဘတျတ္ထ) အန္တ-အရ အစွန်အရပ်ကို ယူ--ငင်း (အဘိဓေယျတ္ထ) သိစေပါသည်။

http://www.dhammadownload.com



ပဋိစ္ဆန္နာ အဓိဋ္ဌိသု-ဖြင့် နိလီယိသု-၌ လီဓာတ်၏ သိလေသ-ငြိကပ်ခြင်း(ဝါ) ပုန်းအောင်းခြင်းအနက်ကို ဟော--ငင်း (ဓာတွတ္ထ) နိ-ဥပသာရ၏ အနတ္ထက ပဒါလင်္ကာရ၏--ငင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

➤ ၇။ **မေထုနဓမ္မ ပဋိသေဝနကော/ပဋိသေဝကော ။** ။ ဤပုဒ်စဉ်းကို အနကပြု, အကပြုသော ထူး၍ အနက်မထူးသောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

➤ ၈။ **သမ္ဗဟုလာ ဘိက္ခူ**-ကား အပေါင်းဖြစ်သော များစွာကုန်သောရဟန်းတို့၏ "သမ္ဗဟုလာ ဘိက္ခူ" ဟူသောအမည်ကို အစိတ်ဖြစ်သော ဘုရားဖူးကြွလာသော ရဟန်းတို့၌တင်-- ကေဒေသျူပစာ။ ရှင်ဦးနည်း။

**သေနာသနစာရိကံ အာဟိဏ္ဍန္တာ**-ကား ကျောင်းစဉ် လှည့်လည်ခြင်းနှင့် လှည့်လည်ခြင်း ကြိယာကို မပြားဘဲလျက် ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**နိမိတ္တံ အကာသိ**-ကား အပေါင်းဖြစ်သော အကြောင်း, အင်္ဂါဇာတ်, အမှတ်အသား, အမူအရာကြိယာ၏ "နိမိတ္တံ"ဟူသောအမည်ကို အစိတ်ဖြစ်သော အမှတ်အသား အမူအရာကြိယာ၌တင်-- ဧကဒေသျူပစာ။

**နိမိတ္တ**-ဟူသောနည်းသည် ကဋိမ္ပိ-စသည် ဆိုအပ်ပြီးသော ခါးလှုပ်ခြင်း အမြီးလှုပ်ခြင်း ခါးကို ရှေ့ရှူထားခြင်း အမူအရာမှ ကြွင်းသောအမူအရာဟူသမျှကို ယူရသောကြောင့် ပါရိသေသနည်း။ အပေါင်းဖြစ်သော မေထုနာဓိပ္ပါယ အမှတ်အသားအားလုံး၏ "နိမိတ္တ" ဟူသောအမည်ကို အစိတ်ဖြစ်သော ခါးကိုလှုပ်ခြင်း, အမြီးကိုလှုပ်ခြင်း, ခါးကို ရှေ့ရှူထားခြင်း အမှတ်အသားမှ ကြွင်းသော အခြားအမှတ်အသားတို့၌ တင်-- ကေဒေသျူပစာ။

## ပါဠိ [၈၃]

(က) **သစ္စံ အာဝုသော**တိ သဟောဍ့ဂ္ဂဟိတော စောရောဝိယ ပစ္စက္ခံ ဒိသွာ စောဒိတတ္တာ "ကိံ ဝါ မယာ ကတ"န္တိ အာဒီနိ ဝတ္တုံ အသက္ကောန္တော "သစ္စံ အာဝုသော"တိ အာဟ။ (ခ) **နနု အာဝုသော တထေဝ တံ ဟောတီ**တိ အာဝုသော ယထာ မနုဿိတ္ထိယာ နနု တိရစ္ဆာနဂတိတ္ထိယာပိ တံ သိက္ခာပဒံ တထေဝ ဟောတိ။ (ဂ) မနုဿိတ္ထိယာပိ တိဒဿနမ္ပိ ဂဟဏမ္ပိ အာမသနမ္ပိ ဖုသနမ္ပိ ဃဋ္ဋနမ္ပိ ဒုဋ္ဌုလ္လမေဝ၊ တိရစ္ဆာနဂတိတ္ထိယာပိ တံ သဗ္ဗံ ဒုဋ္ဌုလ္လမေဝ။ (ဃ) ကော ပနေတ္ထ ဝိသေသော၊ အလေသဋ္ဌာနေ တွံ လေသံ ဩဍ္ဍေသီတိ။ (ဋ၊ ၁၉၃။ မအ္ဋ၊ ၁၁၀။ ဘာသာဋီ၊၁၊ ၃၀၄။)

➤ ၂။ (က) သို့/ ဆရာ၊ ပါဠိတော်၌ တိရစ္ဆာန်မျောက်မ၌ မေထုန်ကိုမှီဝဲသော ရဟန်းသည် သစ္စံ အာဝုသော-စသော စကားကို ဆို၏။ အဘယ့်ကြောင့် ထို သစ္စံ အာဝုသော စကားကို ဆိုအပ်ပါသနည်း။ အမှန်ကို ဝန်ခံလို၍ ထိုစကားကို ဆိုအပ်ပါသလော။ စုဒ်ကြောင့် (က) မိန့်။

http://www.dhammadownload.com



(ဂ) ၁၇/ **အယုတ္တာဘောဓောအာ** ။ ။ ဆရာသည် (ခ) ဖြင့် လူမိန်းမအတွက် ဤ ပဌမ ပါရာဇိကသိက္ခာပုဒ်သည် ဖြစ်သကဲ့သို့ တိရစ္ဆာန်မျောက်မ၌လည်း ဤသိက္ခာပုဒ်သည် ဖြစ်၏ဟု လူမ, တိရစ္ဆာန်မျောက်မတို့၏ ပါရာဇိကဝတ္ထုအဖြစ်ဖြင့် တူသည်ကို ပြဆိုတော်မူ၏။ လူမ, မျောက်မတို့၏ ပါရာဇိကဝတ္ထု အဖြစ်ဖြင့် အဘယ်သို့ တူပါသနည်း။ လူဇာတ် တိရစ္ဆာန်ဇာတ် အဖြစ်ဖြင့် ကွဲပြားခြားနားသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ) မိန့်။

➤ ၃။ (က-ခ) ပကန္တရ။ (ဂ) ဝိတ္ထာရ။/လူမိန်းမ၏ တိရစ္ဆာန်မိန်းမနှင့် တူကြောင်းကို ခိုင်မြဲစွာပြသောကြောင့် ဒဠှီကရဏ။ (ဃ) ဝါကျာရမ္ဘ။

**စာစပ်** ။ ။ စောဒိတတ္တာ-ကား ၏--ကြောင့် တဿ ဘိက္ခုနော-၌ သမ္ဗန်/သမ္ဗန္ဓိ။

➤ ၄။ ဥဓေန သဟ သဟောဓံ။ သဟ အဓေန **သဓောဓော**။ အဓ-အရ ဥစ္စာသည် မှချ။ ထို-၏ အတူတကွဖြစ်ခြင်းနှင့် သဟယောဂ သဟယောဂဝန္တ စပ် ဌာန္။ ပုဒ်လုံးအရ ဥစ္စာနှင့် တကွဖြစ်ခြင်း ရ၏။

သဟောဓံ ဂဟိတော **သဓောဓဂဟိတော**။ သဟောဓ-အရ ဥစ္စာနှင့်တကွ ဖြစ်ခြင်းသည် မှချ။ ထို-၏ သူခိုးနှင့် ဂုဏ် ဂုဏော စပ် ဌာန္။ ပုဒ်လုံးအရ ထို-သော ခိုးထုပ် ခိုးထည်နှင့် တကွဖြစ်သော သူခိုးရ၏။

➤ ၆။ (ခ) ၌ တံ သိက္ခာပဒံ-ဖြင့် တ-သဒ္ဒါသည် သိက္ခာပုဒ် စွဲယူသည်ဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္တ) တထေဝ ဟောတိ-ဖြင့် တထေဝ-သဒ္ဒါသည် ဟောတိ-ကို စပ်၍ အနက် သမ္ဗန်ရမည်ကို သိစေပါသည်။ (သမ္ဗန္ဓ)

ယထာ မနုဿိတ္ထိယာ စသည်ဖြင့် ဥပမာ ဥပမေယျတို့ ပါရာဇိကဝတ္ထုအဖြစ်ဖြင့် တူကြသည်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ **သဘောဏ္ဍဂဟိတော/သဘောဓဂဟိတော** ။ ။ အဏ္ဍောပယောဇနေ သဒ္ဒါဘိဓေယျေ ဝုတ္တိယံ ဓနေ-ဟူသော ဓာန်ပါဠိကိုထောက်၍ အဏ္ဍ-သဒ္ဒါ ဓန-ဥစ္စာဟူသော အနက်ကိုဟော၏။ အဏ္ဍေန သဟ သဟောဏ္ဍံ၊ သဟောဏ္ဍံ ဂဟိတော သဟောဏ္ဍ ဂဟိတော-ဟု ဝိဂ္ဂဟပြု၊ အဏ္ဍ-၌ အ-ကို ဩပြု၊ ဘဏ္ဍာနှင့်တကွ ဖမ်းအပ်သော-ဟု အနက်ပေး။ ဤသို့ သဒ္ဒယုတ္တိ အတ္ထယုတ္တိရှိသောကြောင့် သဟောဏ္ဍဂဟိတော-ပါဌ် သင့်ပါသည်။ သဟောဓဂဟိတော-ကား သဟ+အဓ+ဂဟိတပုဒ်၊ အဓသဒ္ဒါ ဥစ္စာအနက်ဟောကြဲ။ အထက်ပါအတိုင်း ဝိဂ္ဂဟပြု၍ ရုပ်ပြီးသောကြောင့် သဟောဓဂဟိတော-သင့်။

သဟောဍ္ဍဂဟိတော-ကား သဟ+ဩဍ္ဍ+ဂဟိတ-ဟု သုံးပုဒ်ခွဲ။ ဩဍ္ဍပုဒ်ကို ဘဏ္ဍာဟောကြဲ။ ဩဍ္ဍ-အဝပူဇ္ဇ+ဒိဓာတ်။အဝဒိယတေ အဍ္ဍော ဌပီယတေတိ ဩဍ္ဍံ-ဟု ဘဏ္ဍာဟော ဝိဂ္ဂဟကြံလျှင် သဟောဍ္ဍဂဟိတော-ပါဌ်လည်း သင့်ပါသည်။

သဘဏ္ဍာဂ္ဂဟိတော-ကား သဟောဓဂဟိတောတိ သဘဏ္ဍာဂ္ဂဟိတော၊ အယမေဝ ဝါ ပါဌော (ဝိမတိ) အဖွင့်တွင် အယမေဝ ဝါ ပါဌော-ဖြင့် သဘဏ္ဍာဂ္ဂဟိတော-ဟူသော ပါဌ်

http://www.dhammadownload.com



လည်း ရှိကြောင်း ဖွင့်ပြသောကြောင့် သဘာဂ္ဂဟိတော-ပါဌ်လည်း သင့်ပါသည်။

➤ ၈။ တိရစ္ဆာနဂတိတ္ထိယာပိ-ကား အပေါင်းဖြစ်သော တိရစ္ဆာန်မအားလုံး၏ "တိရစ္ဆာနဂတိတ္ထိယာ"ဟူသောအမည်ကို အစိတ်ဖြစ်သော ပါရာဇိကဝတ္ထုလောက်သော တိရစ္ဆာန်မ၌တင်-- ကေဒေသျူပစာ။ ရုဠှီနည်း။

ဒုဿုလ္လ-ကား အကျိုးဖြစ်သော ရုန့်ရင်းကြမ်းတမ်းသော ဒသ ဂဟကာ-စသော အမှု၏ "ဒုဋ္ဌုလ္လ"ဟူသောအမည်ကို အကြောင်းဖြစ်သော ရာဂ၌တင်-- ဖလူပစာ။အဝိနာဘာဝ။

တံ သိက္ခာပဒံ-ကား အပေါင်းဖြစ်သော သိက္ခာပုဒ်အားလုံး၏ "သိက္ခာပဒ"ဟူသော အမည်ကို အစိတ်ဖြစ်သော ပထမပါရာဇိကသိက္ခာပုဒ်၌တင်--ကေဒေသျူပစာ။ ရုဠှီ။

**ဝါကျ [၈၄]**

(က) **အန္တမသော တိရစ္ဆာနဂတာယပိ ပါရာဇိကော ဟောတိ အသံဝါသောတိ** တိရစ္ဆာနဂတာယပိ မေထုနံ ဓမ္မံ ပဋိသေဝိတွာ ပါရာဇိကောယေဝ ဟောတီတိ ဒဠှတရံ သိက္ခာပဒမကာသိ။ (ခ) ဒုဝိဓဉှိ သိက္ခာပဒံ လောကဝဇ္ဇံ ပဏ္ဏတ္တိဝဇ္ဇဉ္စ။ (ဂ) တတ္ထ ယဿ သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတိ၊ တံ လောကဝဇ္ဇံ နာမ။ သေသံ ပဏ္ဏတ္တိဝဇ္ဇံ။

(ဃ) တတ္ထ လောကဝဇ္ဇေ အနုပညတ္တိ ဥပ္ပဇ္ဇမာနာ ရုန္ဓန္တီ ဒွါရံ ပိဒဟန္တီ သောတံ ပစ္ဆိန္ဒမာနာ ဂါဠှတရံ ကရောန္တီ ဥပ္ပဇ္ဇတိ။ (င) "အညတြ အဓိမာနာ, အညတြ သုပိနန္တာ" တိ အယံ ပန ဝီတိက္ကမာဘာဝါ, အဗ္ဗောဟာရိကတ္တာ စ ဝုတ္တာ။

(စ) ပဏ္ဏတ္တိဝဇ္ဇေ အကတေ ဝီတိက္ကမေ ဥပ္ပဇ္ဇမာနာ သိထိလံ ကရောန္တီ မောစေန္တီ ဒွါရံ ဒဒမာနာ အာပတ္တာပရမ္ပိ အနာပတ္တိ ကုရုမာနာ ဥပ္ပဇ္ဇတိ ဂဏဘောဇနေ ပရမ္ပရ-ဘောဇနေနာဒီသု အနုပညတ္တိယော ဟောတိ။ (ဆ) **အန္တမသော တစ်ဏိကာယပိတိ** ဧဝရူပါ ပန ကတေ ဝီတိက္ကမေ ဥပ္ပန္နတ္တာ ပညတ္တိဂတိကာဝ ဟောတိ။ (ဇ) ဣဒံ ပန ပဌမ သိက္ခာပဒံ ယသ္မာ လောကဝဇ္ဇံ န ပဏ္ဏတ္တိဝဇ္ဇံ၊ တသ္မာ အယံ အနုပညတ္တိ ရုန္ဓန္တီ ဒွါရံ ပိဒဟန္တီ သောတံ ပစ္ဆိန္ဒမာနာ ဂါဠှတရံ ကရောန္တီ ဥပ္ပဇ္ဇိ။

(ဋ္ဌ၊၁၉၃။ မအ္ဍ၊တ၊၁၁၁။ ဘာသာဋီ၊ဒု၊၃၀၅။)

➤ ၂။ (စ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် အန္တမသော တိရစ္ဆာနဂတာယပိ ပါရာဇိကော ဟောတိ-ဟူသော စကားရပ်ဖြင့် တိရစ္ဆာန်မ၌သော်လည်း မေထုန်အကျင့်ကို မှီဝဲသည်ရှိသော် ပါရာဇိကကျသည်သာ ဖြစ်၏ဟု အထူးသဖြင့် မြဲမြံစွာ သိက္ခာပုဒ်ကို ပြု၏ဟု အကျဉ်းအားဖြင့် ပြီး၍ ယခုအခါ၌ ဒဠှတရံ သိက္ခာပဒမကာသိ-ဟူသော ဤ အရာ၌ အနုပညတ်ဖြင့် သိက္ခာပုဒ်ကို မြဲမြံစွာပြုခြင်းသည်ရှင်း၊ လျော့လျော့ပြုခြင်းသည် ရှင်း၊ ပသင်္ဂအားဖြင့် ရောက်ရကား ယင်းကိုခွဲခြမ်း၍ ပြုတော်မူလိုသော ဆရာသည် [ရှေးဦးစွာ သိက္ခာပဒဘေဒကို ပြလိုရကား] (ခ) မိန့်။

http://www.dhammadownload.com



(စ) သို့/ ဆရာသည် (က) ဖြင့် အန္တမသော တိရစ္ဆာနဂတာယပိ-ဟူသော အနုပညတ်သည် ဒဠှီကရဏအနုပညတ်တည်းဟု ပြဆိုတော်မူ၏။ အနုပညတ်တိုင်းပင် ဒဠှီကရဏလော။ အနုပညတ်ဘယ်နှစ်မျိုးရှိ၍ အဘယ်အနုပညတ်သည် ဒဠှီကရဏ၊ အဘယ်အနုပညတ်သည် သိထိလ ကရဏ ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ခ) ဖြင့် သိက္ခာပုဒ်သည် လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇအားဖြင့် နှစ်ပါးအပြားရှိသည်၏အဖြစ်ကို ပြပြီး၍ ယခုအခါ၌ ယင်းသိက္ခာပုဒ်နှစ်ပါး၏ သရုပ်သဘော အကျယ်ကို ပြခြင်းငှာ (ဂ) မိန့်။

(ဂ) သို့/ ဆရာသည် (ခ) ဖြင့် သိက္ခာပုဒ်သည် လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇအားဖြင့် နှစ်ပါးအပြားရှိ၏ဟု ဆိုတော်မူ၏။ ထိုနှစ်ပါးတို့၏ အထူးကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ ထူးခြားပုံကို အကျယ်အားဖြင့် ဆရာ မပြဆိုပြီလော။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား**-- စိတ်နှင့်တကွဖြစ်သော အဖို့၌ အကုသိုလ်စိတ်ဖြင့် ရောက်နိုင်သော သိက္ခာပုဒ်သည် လောကဝဇ္ဇသိက္ခာပုဒ်ဖြစ်၍ အကုသိုလ်စိတ်နှင့်တကွ ကြွင်းသော ကုသိုလ် အဗျာကတစိတ်နှင့်လည်း သင့်ရောက်နိုင်သော ကျန်သမျှသိက္ခာပုဒ်အားလုံးသည် ပဏ္ဏတ္တိဝဇ္ဇမည်၏ဟု အထူးကို ငါပြဆို၏ဟူလို။

(ဃ) သို့/ **အနုသန္ဓေ**။ ။ ဤသို့ (ခ-ဂ) တို့ဖြင့် သိက္ခာပဒဘေဒနှင့် သရုပ်သဘော အကျယ်ကို ပြပြီး၍ ယခုအခါ၌ အနုပညတ်၏ အထူးကိုပြခြင်းငှာ (ဃ) မိန့်။

(ဃ) သို့/ ဆရာသည် (ဂ) ဖြင့် လောကဝဇ္ဇသိက္ခာပုဒ် ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်၏ သရုပ်အကျယ်ကို ဆိုတော်မူ၏။ ထိုတွင် လောကဝဇ္ဇသိက္ခာပုဒ်၌ အနုပညတ်ဖြစ်လတ်သော် သိထိလကရဏအနုပညတ်ဖြစ်ပါသလော။ လောကဝဇ္ဇသိက္ခာပုဒ်၌ အနုပညတ်ဖြစ်လတ်သော် အဘယ်သို့သော အနုပညတ်ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ **အာဒေါဏယုတ္တမာဒေ**။ ။ ဆရာသည် (ဃ) ဖြင့် လောကဝဇ္ဇသိက္ခာပုဒ်၌ အနုပညတ် ဖြစ်သည်ရှိသော် အထူးသဖြင့် မြဲမြံသည်ကို ပြုလျက်ဖြစ်၏ဟု ဆို၏။ လောကဝဇ္ဇသိက္ခာပုဒ်၌ အချို့သော အနုပညတ်ဖြစ်သည်ရှိသော် လျော့သည်ကိုပြုလျက်ဖြစ်သည်မဟုတ်ပါလော။ အဘယ်ကြောင့် ဂါဠှတရံ ကရောန္တီ ဥပ္ပဇ္ဇတိ-အထူးသဖြင့် မြဲမြံသည်ကို ပြုလျက်ဖြစ်၏ဟူ၍ ဆိုပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

(စ) သို့/ **အာဒေါဏယုတ္တမာဒေ**။ ။ ဆရာသည် (စ) ဖြင့် ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်၌ အနုပညတ်သည် ရဟန်းတို့ သိက္ခာပုဒ်ကို မလွန်ကျူးမိ ဖြစ်လတ်သော် မူလပညတ်ကို လျော့သည်ကိုလည်း ပြုလျက် အာပတ်သို့ ရောက်ခြင်းမှ လွတ်စေလျက် အာပတ်သို့ မရောက်ခြင်း၏ အဝကိုလည်း ပေးလျက် အဆက်ဆက် အာပတ်မသင့်ခြင်းကို ပြုလျက် ဖြစ်၏ဟု ဆို၏။ သဉ္စရိတ္တသိက္ခာပုဒ်၌ အနုပညတ်ဖြစ်သည်ရှိသော် အာပတ်သင့်ခြင်းကိုသာ ပြုလျက် ဖြစ်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် အနာပတ္တိ

http://www.dhammadownload.com



ကုရုမာနာ ဥပ္ပဇ္ဇတိ•အာပတ်မသင့်ခြင်းကို ပြလျက်ဖြစ်၏ဟု ဆိုပါသနည်း။ (ဆ) မိန့်။

➤ ၃။ (ခ) ဝိတ္ထာရ။ (ဂ) သည် (ခ) ကို ချဲ့ပြသောကြောင့် ဝိတ္ထာရ။ ယင်း (ဂ) ၌ သေသ် ပဏ္ဏတ္တိဝဇ္ဇ-ကား ပက္ခန္တရ။ (ဃ) သည် အနုပညတ်ထူးခြားပုံကို ပြသောကြောင့် ဝိသေသဝါကျ။ (တနည်း) (ဃ) စသည်ကား အနုပညတ်သရုပ်ကို ထုတ်၍ ချဲ့ပြသော ကြောင့် ဝိတ္ထာရ။ (င) သည် လောကဝဇ္ဇသိက္ခာပုဒ်၌ အနုပညတ်အထူးကိုပြသောကြောင့် ဝိသေသဝါကျ။/ကာရဏ။/(ဃ) ဝါကျ၌ စောဒနာဘွယ်ရှိ၍ ဆက်လက်အားထုတ်ပြ သောကြောင့် ဝါကျာရမ္ဘ။ (စ) သည် လောကဝဇ္ဇသိက္ခာပုဒ်၌ အနုပညတ်ဖြစ်ပုံမှတစ်ပါး ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်၌ အနုပညတ်ဖြစ်ပုံ အဖို့တစ်ပါးကိုပြသောကြောင့် ပက္ခန္တရ။ (ဆ) ဝိသေသ/ကာရဏ/ဝါကျာရမ္ဘ။ (ဇ) နိဂမနဝါကျ။

**စာစပ်** ။ ။ လောကဝဇ္ဇေ-ကား သော--ကြောင့် သိက္ခာပဒေ-ဟူသော ပါဌ်သေသ ၌ တုလျာဓိကရဏဝိသေသန/သျှ စပ်။ လောကဝဇ္ဇေ-ကား ၌--ကြောင့် ဥပ္ပဇ္ဇမာနာ, ဥပ္ပဇ္ဇတိ-တို့၌ အာဓာရ/အာဓာရီ စပ်။

➤ ၄။ လောကီယန္တိ ပဝတ္တန္တိ ဧတ္ထ ပုညာပုညာနိ, တဗ္ဗိပါကောစာတိ **လောကော**။

လောကဓာတ်အရ ကတ္တုဋ္ဌကား ရှုသောအခြင်းအရာအားဖြင့်ဖြစ်သော ပညာရှိတို့ သန္တာန်၌ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ အဓိကရဏဋ္ဌကား သတ္တဝါ ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ဏ-ပစ္စည်းအရကား --သတ္တဝါဖြစ်ရ၏။

လုဇ္ဇတိ ပလုဇ္ဇတီတိ ဝါ **လောကော**။ လုဇဓာတ်အရကား ရုပ်နာမ်မွေ ခန္ဓာတို့၏ ပျက်စီးခြင်း ဘင်ခဏသည် မုချ။ ကံ စိတ် ဥတု အာဟာရအကြောင်းတရားတို့၏ ပက တူပနိဿယသတ္တိသည် ဖလူ။ ဏပစ္စည်းအရ ထို-သော ရုပ်နာမ်ခန္ဓာတို့၏ ဘင်္ဂက္ခဏ သမင်္ဂီ ဟု ဆိုအပ်သော သတ္တဝါဖြစ်ရ၏။ * ကုသလာဒီနိ လာတိ, ဂဏှာတီတိ ဝါ **လောကော**။

ဝဇ္ဇိတဗ္ဗံ ဂရဟိတဗ္ဗန္တိ **ဝဇ္ဇံ**။ လောကေန **သမ္မတံ ဝဇ္ဇံ လောကဝဇ္ဇံ**။ (လောကေန၊လူအပေါင်း သည်။သမ္မတံ၊အပြစ်ရှိသည်ဟု သမုတ်အပ်သော။ဝဇ္ဇံ၊အပြစ်တည်း။) မဇ္ဈေလောပီ တတိယာ တပ္ပုရိသ်၊ လောက+ဝဇ္ဇပုဒ်။ လောက-အရ လူအပေါင်းဖြစ်သည် မုချ။ ယင်း ၏ အပြစ်ရှိသည်ဟု သမုတ်အပ်သော အပြစ်နှင့် သာမက သာချ စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော လူအပေါင်းသည် အပြစ်ရှိသည်ဟု သမုတ်အပ်သော အပြစ်ရ၏။

ထိုသို့ပင်ရခြားသော်လည်း လောကဝဇ္ဇ-သဒ္ဒါသည် ဥပစာသဒ္ဒါဖြစ်သောကြောင့် လူ အပေါင်းသည် အပြစ်ရှိသည်ဟု သမုတ်အပ်သော အပြစ်ကြောင့် ပညတ်အပ်သော သိက္ခာပုဒ်ရ၏။

လောကေ ပဝတ္တံ ဝဇ္ဇံ ယဿာတိ **လောကဝဇ္ဇံ**။ (ယဿ၊အကြင်သိက္ခာပုဒ်အား။ လောကေ၊၌။ပဝတ္တံ၊ဖြစ်သော။ဝဇ္ဇံ၊အပြစ်သည်။အတ္ထိ၊၏။တတ္ထံ၊ တံ၊ လောကဝဇ္ဇံ) တဂ္ဂုဏ သံဝိညာဏ ဘိန္နာဓိကရဏ မဇ္ဈေလောပီ စတုတ္ထီဗဟုဗ္ဗိဟိ။ ပုဒ်လုံးအရ လောက၌ ဖြစ်

http://www.dhammadownload.com



သော အပြစ်သည် မှချ။ ယင်း၏ သိက္ခာပုဒ်နှင့် အကြောင်း အကျိုး/ဂုဏ် ဂုဏော စပ် ဌာနူ။ ယ-အညပုဒ်အရ လောကဦဖြစ်သော အပြစ်ရှိသော သိက္ခာပုဒ်ရ၏။

ပဏ္ဏတ္တိယာ ဝဇ္ဇံ **ပဏ္ဏတ္တိဝဇ္ဇံ**။ ပဏ္ဏတ္တိယာ ပဝတ္တံ ဝဇ္ဇံ ယဿာတိ **ပဏ္ဏတ္တိဝဇ္ဇံ**။

ဝေါဟာရိယတေ ဝေါဟာရော။ ဝေါဟာရောယေဝ ဝေါဟာရိကော။ (ဝေါဟာရ+ဏ္ဏကပစ္စည်း၊ သွတ္ထတဒ္ဓိတ်) နတ္ထိ ဝေါဟာရိကော ဧတာယ စေတနာယာတိ **အဗ္ဗော ဟာရိကာ**။ ဗဟုဗ္ဗီဟိသမာသ်၊ န+ဝေါဟာရိက+ဧတ-ပုဒ်။) ပုဒ်လုံးအရကား အာပတ်၏ အကြောင်းဟု ခေါ်ဝေါ်ခြင်း၏ မရှိခြင်း အဘာဝဘောဂုဏ်သည် မှချ။ ယင်း၏ စေတနာနှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ဧတ-အညပုဒ်အရ ထို-သော အာပတ်၏အကြောင်းဟု ခေါ်ဝေါ်ခြင်းမရှိသော စေတနာရ၏။

အဗ္ဗောဟာရိကာယ ဘာဝေါ **အဗ္ဗောဟာရိကတ္တံ**။ တဒ္ဓိတ်ပုဒ်အရ အာပတ်၏အင်္ဂါဟု မခေါ်ထိုက်သော စေတနာသည် မှချ။ ထို-၏ သဒ္ဒပဝတ္တိနိမိတ်ဖြစ်သော မခေါ်ဝေါ်နိုင်ခြင်းကြိယာနှင့် နိဿိတ နိဿျ စပ် ဌာနူ။ တ္တ-ပစ္စည်းအရ ထို-သော မခေါ်ဝေါ်ထိုက်သည်၏ အဖြစ်ဟူသော ကြိယာရ၏။

ပညပီယိတ္ထာတိ **ပညတ္တိ**။ ပ-ပုဗ္ဗ ဉ ပဓာတ်အရ ကတ္တုဌကား ဒေသနာဉာဏ် ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။ ကမ္မဌကား အန္တမသော တိရစ္ဆာနဂတာယပိ-စသော ပါဠိ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ တိ-ပစ္စည်းအရ ထို-သော အန္တမသော တိရစ္ဆာနဂတာယပိ-စသော ပါဠိရ၏။

ပဌမပညတ္တိယာ အနုပစ္ဆာ ထပိတာ ပညတ္တိ **အနုပညတ္တိ**။ (သတ္တမီတပ္ပုရိသ်) အနု-ဟူသော ရှေ့ပုဒ်အရ ပဌမပညတ်မှနောက်ဖြစ်သော ကာလသည် မှချ။ ထို-၏ ထားအပ်သော ပညတ်နှင့် ကာလ+ကာလဝန္တ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ပဌမပညတ်မှနောက်၌ ထားအပ်သော အန္တမသော တိရစ္ဆာနဂတာယပိ-စသော အနုပညတ်ရ၏။

* သံဝိဇ္ဇတိ စိတ္တံ ဧတဿ သိက္ခာပဒဿာတိ **သစိတ္တကံ**။ သစိတ္တကာဿ ပက္ခော သစိတ္တကပက္ခော။ * ပညတ္တိယာ ဂတိ ပညတ္တိဂတိ။ ပညတ္တိဂတိ ဝိယ ဂတိ ဧဿာတိ **ပညတ္တိဂတိကာ**။ * မိထန္တိ သင်္ဂစ္ဆန္တီတိ **မိထုနာ**။ (မိထ+ဉန) မိထုနာနံ ကမ္မံ **မေထုနံ**။

* သုပန္တိ ဧတေနာတိ **သုပိနံ**။ (သုပ+ဏ္ဏန) အိပ်မက်အာရုံ ရ၏။ * သုပိနေ သုက္ကဝိဿဋ္ဌိ သုပိနေဿ။ (တဒ္ဓိတ်) သုပိနေဿ ဧဝ **သုပိနန္တော**။ (တဗ္ဘာဝဝုတ္တိကမ္မဓာရာယ်)

➤ ၆။ (ဓ) ၌ ဝိတိက္ကမာဘာဝါ-ဖြင့် အညတြ အဓိမာနာ အနုပညတ်၏ သိထိလကရဏ အနုပညတ်ဖြစ်သည်ဟု သိစေပါသည်။ (ဘာဝတ္ထ) အဗ္ဗောဟာရိကတ္တာ-ဖြင့် အညတြ သုပိနန္တာ အနုပညတ်၏ သိထိလ ကရဏ အနုပညတ်ဖြစ်သည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ အဗ္ဗောဟာရိကတ္တာ ဝါ/ အဗ္ဗောဟာရိကတ္တာဝ ။ ။ ဝါသဒ္ဒေါ **စေတ္ထ**

http://www.dhammadownload.com



သမုစ္စယတ္ထော ဒဋ္ဌဗ္ဗော။ အဗ္ဗောဟာရိကတ္တာ စာတိ ဝါ ပါဌော (ဝိမတိ) နှင့်အညီ ဝါသဒ္ဒါ သမုစ္စည်းအနက်ရှိသည်ဟု ဖွင့်ပြသဖြင့် အဗ္ဗောဟာရိကတ္တာ ဝါ-ကား မူလပါဌ်၊ အဗ္ဗောဟာရိကတ္တာစ-ဟု ပါဌ်တစ်မျိုးရှိသေးသည်ဟု ဆိုသောကြောင့်ရင်း၊ ယင်း စသဒ္ဒါကလည်း ဝါသဒ္ဒါကဲ့သို့ ယင်းသမုစ္စည်းအနက်ကို ဟောနိုင်သောကြောင့်ရင်း နှစ်ပါဌ်သင့်။

**ပဋိဉ္ဉမာနာ/ပဋိဇာနမာနာ** ။ ။ ပ+ဆိဒိ+အ+မာန။ ရူပါဒိဂိုဏ်းဆိုလျှင် ပဋိဉ္ဉမာနာ-ဟု ရုပ်ပြီးသည်။ ပ+ဆိဒိ+ယ+မာန။ ဒိဝါဒိဂိုဏ်းဆိုလျှင် ပဋိဇ္ဇမာနာ-ဟု ရုပ်ပြီးသည်။ ဤနှစ်မျိုးတွင် ဒိဝါဒိရုပ်ကား ကံကို မငဲ့၊ ရူပါဒိရုပ်သာ ကံကိုငဲ့သည်၊ ဤ၌ "သောတံ" ဟူသော ကံပုဒ်ရှိသည်ကိုထောက်၍ ကံကိုငဲ့သော ရူပါဒိရုပ် ပဋိဉ္ဉမာနာ-ပါဌ်သာ သင့်။

**ဂါဠ္ဍတရံ/ ဒဠ္ဍတရံ/ဗာဠ္ဍတရံ** ။ ။ ဇွာဒိမောဂ္ဂလာန်၌ ဂါဟိဿ ဠော၊ ဂယှတီတိ ဂါဠ္ဍံ၊ ဒဟိဿ ဠော၊ ဒဟတီတိ ဒဠ္ဍံ။ ဗဟိဿ ဠော ဒီဃောစ၊ ဗဟတိ ဝုဒ္ဓိ ဂစ္ဆတီတိ ဗာဠ္ဍံ စတေ တယော ဒဠ္ဍတ္ထာ-ဟု သုံးပုဒ်လုံးအနက်တူအဖြစ် ဆိုထားသောကြောင့် ၃-ပါဌ်သင့်

➢ ၈။ **လောကဝဇ္ဇ**-ကား အကြောင်းဖြစ်သော လူအပေါင်းသည် သမုတ်အပ်သော အပြစ်၏ "လောကဝဇ္ဇ"ဟူသော အမည်ကို အကျိုးဖြစ်သော သိက္ခာပုဒ်၌တင်-- ကာရဏူပစာ။ နာနန္တရိကနည်း။

**လောက**-ကား အပေါင်းဖြစ်သော လောကသုံးပါး၏ "လောက"ဟူသောအမည်ကို အစိတ်ဖြစ်သော သတ္တလောက၌တင်-- ဧကဒေသူပစာ။

**ပဏ္ဏတ္တိဝဇ္ဇ**-ကား အကြောင်းဖြစ်သော ပညတ်ခြင်းကြောင့်ဖြစ်သော အပြစ်၏ "ပဏ္ဏတ္တိဝဇ္ဇ"ဟူသောအမည်ကို အကျိုးဖြစ်သော သိက္ခာပုဒ်၌တင်-- ကာရဏူပစာ။ နာနန္တရိကနည်း။

**အဗ္ဗောဟာရိက**-ကား အကျိုးဖြစ်သော လှုံ့လပြုမှုကြိယာကို ဖြစ်စေတတ်သော စေတနာ၏ "အဗ္ဗောဟာရိက"ဟူသောအမည်ကို အကြောင်းဖြစ်သော ထိန မိဒ္ဓ နှိပ်စက်အပ်သော စိတ်၌တင်-- ဖလူပစာ။ အဝိနာဘာဝနည်း။

(၇) **ဝါကျ နည်း** ။ ။ အကြင် သစိတ္တကသိက္ခာ၏ စိတ်သည် အကုသိုလ်သာ၊ ထို သစိတ္တက သိက္ခာပုဒ်သည် လောကဝဇ္ဇမည်၏၊ အကြင်အစိတ္တကသိက္ခာပုဒ်၏ စိတ်သည် ဝတ္ထုဝိတိက္ကမဝိဇာနနစိတ်ဖြင့် သစိတ္တကအဘို့၌ အကုသိုလ်သာ၊ သုရာပါန-စသော ထို အစိတ္တကသိက္ခာပုဒ်သည်လည်း လောကဝဇ္ဇမည်၏ဟု ရသင့်သည်အားလျော်စွာ ယူရသောကြောင့် ယထာလာဘနည်း။

(၈) **ဋီ နည်း** ။ ။ အညတြ အဓိမာနာနှင့် ဝီတိက္ကမဘာဝ၊ အညတြ သုပိနန္တာနှင့် အဗ္ဗောဟာရိကတ္တာ၊ ဤသို့ အစဉ်အတိုင်း တွဲ၍ ယူရသောကြောင့် ယထာက္ကမနည်း။

http://www.dhammadownload.com



**ဓါကျေ [၈၅]**

(က) ကွ္ခါနိ ယံ တံ အာညမ္ပိ ဝတ္ထုံ ဥပ္ပန္နံ၊ တံ ဒဿေတုံ **"တေန ခေါ်ပန သမယေနာ"**တိ အာဒိ မာတာ။ (ခ) တတြာပိ အာယမနုတ္တာနပဒဝဏ္ဏနာ။

(ဂ) **ဝေသာလိကာတိ** ဝေသာလိဝါသိနော။ (ဃ) **ဝဇ္ဇိပုတ္တကာတိ** ဝဇ္ဇိရဋ္ဌေ ဝေသာလိယံ ကုလာနံ ပုတ္တာ။ (င) ဘာသနေ ကိရ ယော ယော ဥပဒ္ဒဝေါ အာဒီနဝေါ အဗ္ဗုဒမုပ္ပဇ္ဇိ၊ သဗ္ဗံ တံ ဝဇ္ဇိပုတ္တကေ နိဿာယ။ (စ) တထာ ဟိ ဒေဝဒတ္တောပိ ဝဇ္ဇိပုတ္တကေ ပက္ခေ လဘိတွာ သံဃံ လဘိ။ (ဆ) ဝဇ္ဇိပုတ္တကာ ဧဝ စ ဝဿသတပရိနိဗ္ဗုတေ ဘဂဝတိ ဥဒ္ဒမ္မံ ဥဗ္ဗိနယံ သတ္ထုသာသနံ ဒီပေသုံ။ (၄၁၀၄။ မအဋ္ဌ၊တ၁၁၄။ ဘာသာဋီ၊ဒု၊၃၀၈။)

(က) ၌ **ဗ္ဗုတ္တန္တသမ္ဗန္ဓေ ပါထ့ကျေး** ။ ။ ဧဝံ တေန ခေါ်ပန သမယေန (ပ) မက္ကဋိံ အာမိသေန ဥပလာပေတွာတိ အာဒိနာ မက္ကဋိဝတ္ထုံ ဒဿေတွာ။ ကွ္ခါနိ---

➢ ၁။ (က) ၌ **ဒဿေတုံ-ဧ် ကဝိုင်းကပြ** ။ ။ ကွ္ခါနိ၊ယခုအခါ၌။အညံ၊မက္ကဋိဝတ္ထုမှ တပါးသော။ယံ တံ ဝတ္ထုံ၊အကြင်ဝတ္ထုသည်။ဥပ္ပန္နံ၊ဖြစ်ပြီ။တမ္ပိ ဝတ္ထုံ၊ထိုဝတ္ထုကိုလည်း။တေန ခေါ ပန သမယေနာတိ အာဒိနာ၊--အစရှိသည်ဖြင့်။ဒဿေတုံ၊ပြခြင်းငှာ။တေန ခေါ်ပန သမယေနာတိ အာဒိ၊--အစရှိသော။ဝစနံ၊စကားကို။အာဟ၊ဟော်ဟောက်၏။

**ဓဿေတုံ**-ယူစေခြင်းငှာ။ (သဒ္ဒတ္ထ) သိစေခြင်းငှာ။ (အဓိပ္ပါယတ္ထ)

(ဆ) **[ဥ-ဥပသာ ရှေ့နောက်ပေါင်းစွဲသော]** ဥဒ္ဒမ္မံ-ဓမ္မ မဟုတ်သည်ကို။ (ဝါ) ဓမ္မမှကင်းသည်ကို။ (ဝါ) ဓမ္မ၏ ဆန့်ကျင်ဘက်ကို။ ဥဗ္ဗိနယံ- ဝိနည်း မဟုတ်သည်ကို။---

➢ ၂။ (က) သို့/ **အာဘောဝိယတ္တစောဒနာ** ။ ။ ဆရာ၊ ဥပါလိထေရ်သည် ပါဠိ၌ တေန ခေါပန သမယေန စသော စကားကို ဆို၏။ တေန ခေါပန သမယေန စသည်ဖြင့် မက္ကဋိဝတ္ထုကို ပြပြီးသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် ဤ တေန ခေါပန သမယေန အစရှိသော စကားကို ရှင်ဥပါလိမထေရ် ဆိုပြန်ပါသနည်း။ (က) မိန့်

(ခ) သို့/ ဆရာသည် (က) ဖြင့် တေန ခေါ် ပန-စသော စကား၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ဆိုတော်မူ၏။ ယင်း တေန ခေါပန-စသော စကား၌ ဤဆိုလတ့် သော အဖွင့်သည် အဘယ်အဖွင့်မျိုး ဖြစ်ပါသနည်း။ အနုပုဗ္ဗပဒအဖွင့်မျိုး, အပုဗ္ဗပဒအဖွင့် မျိုး ဖြစ်ပါသလော။ စုဒ်ကြောင့် (ခ) မိန့်။

**အား**-- (ခ) ဖြင့် ထို တေန ခေါ ပနစသည်၌ ဤဆိုလတ့်သော အဖွင့်ကား အနု ပုဗ္ဗပဒအဖွင့်မျိုး, အပုဗ္ဗပဒအဖွင့်မျိုးမဟုတ်၊ မပေါ်လွင်သောပုဒ်ကို ဖွင့်ခြင်း (အနုတ္တာန ပဒဝဏ္ဏနာ) မျိုးသာတည်းဟု ငါပြဆို၏ဟူလို။

(ဂ) သို့/ ဆရာ၊ ဥပါလိထေရ်သည် ပါဠိ၌ တေန ခေါပန သမယေန စသည်ဖြင့် ဝဇ္ဇီတိုင်းသားတို့သည် သိက္ခာမချဘဲ မေထုန်မှီဝဲကြကုန်သော်ဟု ဆို၏။ ဤဘေးရန် အပြစ်တစ်မျိုးတည်းသာ ဝဇ္ဇီတိုင်းသားရဟန်းတို့ကို မှီ၍ဖြစ်ပေါ်လာပါသလော။ အဘယ်

http://www.dhammadownload.com



ဘေးရန် အပြစ်တို့လည်း မှီ၍ ဖြစ်ပေါ်လာပါသေးသနည်း။ စုဒ်ကြောင့် (င) မိန့်။

ကား -သာသနာ၌ဖြစ်ပေါ်သည့် ဘေးရန်အပြစ်မှန်သမျှသည် ဝဋ္ဋိတိုင်းသား ရဟန်းတို့ကို မှီ၍ ဖြစ်ပေါ်လာပါ၏ဟူလို။

(စ-ဆ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (င) ဖြင့် သာသနာတော်၌ ဖြစ်ပေါ်လာသည့် ဘေးရန်အပြစ် ခိုးမှု အလုံးစုံသည် ဝဋ္ဋိတိုင်းသား ရဟန်းတို့ကိုမှီ၍ ဖြစ်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းသို့ ဝဋ္ဋိတိုင်းသား ရဟန်းတို့ကိုမှီ၍ ဘေးရန်အပြစ်ဖြစ်ပေါ်လာပုံကို ချဲ့ပြလိုသော ဆရာသည်/ယုတ္တိအားဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (စ-ဆ) မိန့်။

(စ) သို့/ ဆရာသည် (င) ဖြင့် သာသနာတော်၌ ဥပဒ္ဒဝ အာဒီနဝ အဗ္ဗုဒ-စသော အလုံးစုံသည် ဝဋ္ဋိပုတ္တကရဟန်းတို့ကို မှီ၍ ဖြစ်၏ဟု ဖွင့်ဆိုတော်မူ၏။ အဘယ်သို့လျှင် ဝဋ္ဋိပုတ္တကရဟန်းတို့ကို မှီ၍ ဥပဒ္ဒဝ-စသည် ဖြစ်ပါသနည်း။ ဝဋ္ဋိပုတ္တကရဟန်းတို့ကို မှီ၍ သာသနာတော်၌ ဥပဒ္ဒဝ-စသည် ဖြစ်ပုံကို အကျယ်အားဖြင့် မပြဆိုပြီလော။ (စ) မိန့်။

(ဆ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (စ) ဖြင့် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် ဝဋ္ဋိတိုင်းသားတို့ကိုမှီ၍ သာသနာ့ဘေးရန်ဖြစ်ပေါ်လာပုံကို ပြဆိုပြီး၍ ယခုအခါ၌ ဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် ဝဋ္ဋိတိုင်းသားတို့ကိုမှီ၍ သာသနာ့ဘေးရန် ဖြစ်ပေါ်လာပုံကို ပြလိုသော ဆရာသည် (ဆ) မိန့်။

(ဆ) သို့/ ဆရာသည် (စ) ဖြင့် ဒေဝဒတ်သည်လည်း ဝဋ္ဋိပုတ္တကရဟန်းတို့ကို အသင်းအပင်းရ၍ သံဃာအသင်းခွဲ၏ဟု ဆိုတော်မူ၏။ ထိုဝဋ္ဋိပုတ္တကရဟန်းတို့သည် ကိုယ်တိုင်မလွန်ကျူး၍ ဝဋ္ဋိပုတ္တကေ နိဿာယ-ဟု မဆိုသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် ဝဋ္ဋိပုတ္တကေ နိဿာယ-စသော စကားကို ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

➤ ၃။ (က) ပက္ခန္တရ။ ယင်း၌ အနိယမ+နိယမခွဲ။ (ခ) စသည် ပက္ခန္တရ။/ဝိတ္ထာရ (ဂ) သည် ပဋိညာမှတစ်ပါး ပဋိညာတဗ္ဗကို ပြသောကြောင့် ပက္ခန္တရ။/ဝိတ္ထာရ။ (ဃ)ပက္ခန္တရ။ (င) ဝါကျာရမ္ဘ။/ဝိတ္ထာရ။ ယင်း (င) ၌ အနိယမ+နိယမ စသည်ခွဲ။ (စ) ဝိတ္ထာရ။/ဒဋ္ဌိ။ (ဆ) ပက္ခန္တရ။/ဝါကျာရမ္ဘ။

➤ ၄။ သာသတိ ဧတေန ဧတ္ထာတိ ဝါ သာသနံ။ (ဧတေန၊ဤ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မဖြင့်။ဧတ္ထ၊၌။ဘဂဝါ၊သည်။သတ္တေ၊သတ္တဝါတို့ကို။သာသတိ၊ဆုံးမတော်မူ၏။ဣတိ၊ သာသနံ။) ကရဏသာဓန၊/အဓိကရဏသာဓန။ သာသ+ယု။

သာသဓာတ်အရ မြတ်စွာဘုရား၏ အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ဒေသနာဉာဏ်စသည်တို့သည် မုချ။ ကရဏတ္တ/အဓိကရဏတ္တကား ထို-အားတပ်သော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓသဒ္ဓမ္မတို့၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူ။ ယုပစ္စည်းအရ ထို--သော ယင်းသာသနာသုံးပါး ရ၏။

ထိုသို့ပင်ရငြားသော်လည်း ဤ၌ သာသန-သဒ္ဒါသည် ဌာနျူပစာသဒ္ဒါဖြစ်သော

http://www.dhammadownload.com



ကြောင့် ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဟူသော ၃-ပါးသော သာသနာ၏တည်ရာ ရဟန်းအပေါင်း ဟူသော ၃-ပါး သာသနာသည်သာ ပဓာနအားဖြင့်ရ၏။

ဝေသာလီ နိဝါသော ဧတေသန္တိ **ဝေသာလိကာ**။ (ဧတေသံ၊ထိုဝဇ္ဇီတိုင်းသားတို့အား။ ဝေသာလီ၊ဝေသာလီဟူသော။နိဝါသော၊နေရာသည်။အတ္ထိ၏။ဣတိ၊ကြောင့်။တေ၊ထိုဝဇ္ဇီ တိုင်းသားတို့သည်။ဝေသာလိကာ။) နိဝါသတဒ္ဓိတ်၊ ဝေသာလီပုဒ်+ဏိကပစ္စည်း။ ဝေသာလီ အရကား ဝေသာလီပြည်ဖြစ်သည် မှချ။ ယင်း၏ ဝဇ္ဇီတိုင်းသားတို့ ဖြစ်နှင့် ၃-ပါး ၃-ပါး စပ် ၃-ပါး။ ဏိကပစ္စည်းအရ ထို-သော ဝေသာလီပြည်၌ နေကြကုန်သော ဝဇ္ဇီတိုင်းသား တို့ ဖြစ်ရ၏။

ဝသန္တိ ဧတ္ထာတိ **ဝါသော**။ (ဝသ+ဏ) ဝသဓာတ်အရ ကတ္တုသဒ္ဒါကား ရုပ်နာမ်တရား တို့၏ ဥပါဒ်သည် မှချ။ အဓိကရဏသဒ္ဒါကား တဆယ့်နှစ်လဟုဆိုအပ်သော ကာလအထူး ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ဏ-ပစ္စည်းအရ ထို--သော နှစ်ရ၏။

ဝဿောစ ဝဿောစ ဝဿာ။ ဝဿာနံ သတံ ဝဿသတံ။ ပရိနိဗ္ဗုနောတိ (ချုပ်ငြိမ်း တတ်၏။) တိ **ပရိနိဗ္ဗုတော**။ (ပရိ-နိ-ဝု+တ) ဝု-ဓာတ်၏အရကား စုတိ ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏ ရ၏။ တ-ပစ္စည်းအရကား သတ္တိမန္တဖြစ်သော ဘုရားဖြစ်ရ၏။

ပရိနိဗ္ဗာယီတိ ပရိနိဗ္ဗုတော။ ဝဿသတံ ပရိနိဗ္ဗုတဿ အဿာတိ **ဝဿသတ ပရိနိဗ္ဗုတော**။ ပုဒ်လုံးအရ ပရိနိဗ္ဗာန်စံပြီး၍ အနှစ်တစ်ရာဟူသော အတိုင်းအရှည်သည် မှချ။ ထို၏ ဘုရားရှင်နှင့် ဂုဏ် ဂုဏော/ပမာဏ ပမာဏဝန္တ/ကာလ ကာလဝန္တ စပ် ၃-ပါး။ တ-အညပုဒ်အရ ထို- သော ဘုရားရှင်ရ၏။

(တနည်း) ဝဿသတ-ဟူသော သမာသ်ပုဒ်အရကား အနှစ်တစ်ရာဟူသော အရေ အတွက်သင်္ချာ ဂုဏ်သည် မှချ။ ထို၏ ပရိနိဗ္ဗာန်စံပြီးသော ဘုရားရှင်နှင့် ဂုဏ် ဂုဏော စပ် ၃-ပါး။ ပရိနိဗ္ဗုတ-ဟူသော သမာသ်ပုဒ်တစ်စိတ်နှင့် တ- ဟူသော အညပုဒ်အရကား ပရိနိဗ္ဗာန်စံပြီးသော ဘုရားရှင်ဖြစ်ရ၏။

ထိုသို့ပင်ရငြားသော်လည်း လက္ခဏာပုဒ်တို့၏သဘောသည် ဂုဏ်ကိုသာလျှင် ဟောမြဲ ဖြစ်သောကြောင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော မြတ်စွာဘုရား၏ အနှစ်တစ်ရာရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည်သာ ပဓာနအားဖြင့်ရ၏။

အာဘုသော ဒီယတိ ဧတေနာတိ အာဒီနံ။ (အာ-ဒီ+ယု) အာဒီနံ ဒုက္ခံ ဝါတိ အဓိ ဂစ္ဆတိ ဧတေနာတိ **အာဒီနဝေါ**။ (အာဒီန-ဝါ+အ) အာဒီန-အရကား ဆင်းရဲခြင်း ဒုက္ခ ဝေဒနာသည် မှချ။ ထို၏ ရကြောင်းဖြစ်သော အပြစ်နှင့် အကျိုး အကြောင်း စပ် ၃-ပါး။ ဝါဓာတ်အရ ကတ္တုသဒ္ဒါကား ဒုက္ခဝေဒနာ စိတ္တုပ္ပါဒ်သည် မှချ။ ကရဏသဒ္ဒါကား အပြစ်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရလည်းဖြစ်သော သမာသ်ပုဒ်လုံးအရကား ထို--သော အပြစ်ရ၏။ * အာဘုသော ဒီနံ ဝါယတိ ဂမယတီတိ အာဒီနဝေါ။ (ဟေတု)

http://www.dhammadownload.com



အဗ္ဗုန္တိ ဟိသန္တိတိ **အဗ္ဗုဓါ**။ (အဗ္ဗ+ဒ) အဗ္ဗဓာတ်အရ ဒေါသမူစိတ္တုပ္ပါဒ်သည် မုချ။ ရှေး--ဖလူ။ နောက်--ကာရကူ။ ဒ-ပစ္စည်းအရ ထို-သော ခိုးသူဖြစ်ရ၏။

အဗ္ဗုဒါနံ ကမ္မံ **အဗ္ဗုဓံ**။ (အဗ္ဗုဒပုဒ်+ဏ) အဗ္ဗုဒ-အရ ခိုးသူတို့ဖြစ်သည် မုချ။ထို၏ ခိုးမှုနှင့် သာဓေ သာ့ဈ စပ် ဌာနူ။ ဏ-ပစ္စည်းအရ ခိုးသူတို့၏ ခိုးမှုရ၏။

ဝဇ္ဇီစ တေ ရဋ္ဌာတိ **ဝဇ္ဇီရဋ္ဌံ**။ * ဥပဂန္တွာ ဒုနောတိတိ ဥပဒ္ဒဝေါ။/ဥပဂန္တွာ ဒဝတိ ပီဠေတီတီ ဥပဒ္ဒဝေါ။ (ဥပ-ဒု+အ) * ရဋ္ဌန္တိ ဓေတ္တ နဂရာဒယောတိ ရဋ္ဌံ။ * န ဓမ္မော ဥဒ္ဓမ္မော။ ဓမ္မတော အပဂတော ဥဒ္ဓမ္မော။ ဓမ္မဿ ပဋိပက္ခော ဥဒ္ဓမ္မော။

➤ ၆။ (ဂ) ၌ ဝေသာလိဝါသိနော-ဖြင့် ဝေသာလိကာပုဒ်ကို ဝေသာလီ ဧတေသံ သန္တိတိ ဝေသာလိကာ-ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထ မပြုရ၊ ဝေသာလီ နိဝါသော ဧတေသန္တိ ဝေသာလိကာ-ဟု နိဝါသတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဣကပစ္စည်းသည် အဿတ္ထိ တဒ္ဓိတ်၌ မသက်၊ နိဝါသတဒ္ဓိတ်၌ သက်--ရင်း (ပစ္စယတ္ထ) သိစေပါသည်။

(ဃ) ဖြင့် ဝဇ္ဇီနောပုဒ်ကို ဝဇ္ဇီသု ဝသန္တိတိ ဝဇ္ဇီနော-ဟု ဝသန္တိတဒ္ဓိတ် (ဝါ) ဝသန္တ ကျေသော သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) ဝဇ္ဇီ-အရ ဝဇ္ဇီ တိုင်း၌ နေသူတို့ကိုယူ--ရင်း (အဘိဓေယျတ္ထ) [တစ်နည်း] ဝဇ္ဇီ-အရ ဝဇ္ဇီတိုင်းဟူသော ဌာနကို မယူရ၊ ဝဇ္ဇီတိုင်းသားဟူသော ဌာနီကို ဌာနူပစာအားဖြင့် ယူ--ရင်း (အဘိဓေ ယျတ္ထ) ပုတ္တကာ-၌ ကပစ္စည်း၏ သွတ္ထတဒ္ဓိတ်၌ သက်--ရင်း (ပစ္စယတ္ထ) ပုတ္တာ ဧဝ ပုတ္တ ကာ-ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဝဇ္ဇီနော ဧဝ ပုတ္တကာ ဝဇ္ဇီပုတ္တ ကာ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

➤ ၇။ **ဝဇ္ဇိပုတ္တကာ ဓဝစ/ ဝဇ္ဇိပုတ္တကာ ဓဝ** ။ ။ ဝဇ္ဇီပုတ္တကာ ဓဝစ၊ဝဇ္ဇီတိုင်းသား တို့သည်ပင်လျှင်လည်း-ဟု ယောဇနာ၌ ဓဝ-ဖြင့် ဒေဝဒတ်ကို ကန့်။ စ-ဖြင့် အတူဖြစ်ကုန် သော ရဟန်းတို့ကိုဆည်း-ဟူ၍ မအူနိဿျ၌ ဆိုသောကြောင့်ရင်း၊ စ၊သည်သာ်မကသေး။ ဝဇ္ဇီပုတ္တကာ ဓဝ၊တို့သည်ပင်-ဟူ၍ ဘာသာဋီကာ၌ ဆိုသောကြောင့်ရင်း စ-သဒ္ဒါရှိသော ဝဇ္ဇီပုတ္တကာ ဓဝစ-ပါဌ်သာ သင့်ပါသည်။

**သတ္ထု+သာသနံ/သတ္ထုသာသနံ** ။ ။ ဝါကျ သမာသ်နှစ်မျိုးတွင် သတ္ထု၊မြတ်စွာဘုရား ၏။သာသနံ၊ကို။ (တနည်း) သတ္ထုသာသနံ၊မြတ်စွာဘုရား၏ သာသနာတော်ကို။ သမာသ် ဝါကျ နှစ်ပါဌ်သင့်ဟု ဂဏ္ဌိသစ်၌ ဆိုသောကြောင့် နှစ်ပါဌ်လုံးသင့်ပါသည်။

ဥပဒ္ဒဝေါ/ဥပ္ပဒ္ဒဝေါ ။ ။ ဥပပုဗ္ဗ ဒုဓာတ်+အပစ္စည်း၊ ဥကို ဩဝုဒ္ဓိပြု၊ ဩကို အဝပြု၊ ဝ အ-သို့ကပ်၊ ဥပ-ဥပသာရနောက်၌ ဒ-ဒွေဘော်လာ၊ ဒ ဒ-သို့ကပ်၍ ပြီးသောကြောင့် ဥပဒ္ဒဝေါ-ပါဌ် သင့်ပါသည်။

➤ ၈။ **ဝဇ္ဇိပုတ္တကာ-တား** ဌာနဖြစ်သော ဝဇ္ဇီတိုင်း၏ "ဝဇ္ဇီ"ဟူသောအမည်ကို ဌာနီ ဖြစ်သော ဝဇ္ဇီတိုင်းသားတို့၌တင် ဌာနူပစာ။ နာနတ္ထရိကနည်း။ (တစ်နည်း) ဝဇ္ဇီတိုင်းနှင့်

http://www.dhammadownload.com



ဝဋ္ဋိတိုင်းသူတို့ကို ပြားလျက် အပြားမဲ့အားဖြင့် ခေါ်ဝေါ်သောကြောင့် အဘေဒူပစာ။

(ဓ) ဝါကျအား- ဝဋ္ဋိပုတ္တကတည်းဟူသော ဌာနဖြင့် သာသနာ၌ ဘေးရန်ဖြစ်ခြင်းတည်းဟူသော ဌာနီကိုမှတ်၍ ဝဋ္ဋိပုတ္တကတို့ကို အမှီပြု၍ သာသနာ၌ ဘေးရန်ဖြစ်ခြင်းတည်းဟူသော အများကိုဆိုသဖြင့် အရိဋ္ဌ-စသော သာဝတ္ထိပြည်သား, ဥဒါယီ ထုလ္လနန္ဒာ စသော ဝေသာလီပြည်သားတို့ကို အမှီပြု၍ သာသနာ၌ ဘေးရန်ဖြစ်ခြင်းတည်းဟူသော အနည်းကိုလည်းရသောကြောင့် တဗ္ဗဟုလ္လနည်း။ ဧကဒေသူပစာ။

**ဝဋ္ဋိပုတ္တကေ နိဿာယ**-ကား ဝဋ္ဋိတိုင်းတည်းဟူသော ဌာနဖြင့် တန္နိဝါသီ ဝဋ္ဋိတိုင်းသား ရဟန်းများတည်းဟူသော ဌာနီကိုမှတ်၍ တန္နိဝါသီ ဝဋ္ဋိတိုင်းသားရဟန်းများတည်းဟူသော အများကိုဆိုသဖြင့် အရိဋ္ဌ-စသော သာဝတ္ထိပြည်သား, ဥဒါယီ ထုလ္လနန္ဒာ စသော ဝေသာလီပြည်သားတည်းဟူသော အနည်းကိုလည်းရသောကြောင့် တဗ္ဗဟုလ္လနည်း။ ယေဘုယျနည်း။ * အစိတ်ဖြစ်သော ဝဋ္ဋိတိုင်းသားရဟန်းများ၏ "ဝဋ္ဋိပုတ္တကေ"ဟူသော အမည်ကို အပေါင်းဖြစ်သော ဝဋ္ဋိတိုင်းသားရဟန်းများ, သာဝတ္ထိပြည်သား အရိဋ္ဌရဟန်း, ဝေသာလီပြည်သား ဥဒါယီ စသည်တို့၌တင်-- ဧကဒေသူပစာ။ဥပလက္ခဏာ။နိဒဿန။

**အဇ္ဈုဧ**-ကား အတူဖြစ်သော ခိုးသူတို့၏ အမှု၏ "အဇ္ဈုဒ"ဟူသောအမည်ကို အတူရှိသော ဒုဿီလပုဂ္ဂိုလ်တို့၏ ဝီတိက္ကမ၌တင်-- သဒိသူပစာ။ ရုဠှီနည်း။

➤ ၁၀။ **ခိမေသုံ**-၌ ဓာတ်အရ သံယာအသင်းခွဲသော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ကိုယူ။ **အာဓာ**—၌ ဖြုံ့ဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ။

## ပါကျ [၈၆]

(က) ဉာတိဗျသနေနပီတိ ဧတ္ထ အသနံ ဗျသနံ ဝိက္ခေပေါ ဝိဒ္ဓံသနံ ဝိနာသောတိ သဗ္ဗမေတံ ဧကတ္ထံ။ (ခ) ဉာတီနံ ဗျသနံ ဉာတိဗျသနံ။ (ဂ) တေန ဉာတိဗျသနေန။

(ဃ) ရာဇဒဏ္ဍဗျာဓိမရဏဝိပ္ပဝါသနိမိတ္တေန ဉာတိဝိနာသေနာတိ အတ္ထော။

(င) ဧသ နယော ဒုတိယပဒေပိ။ (စ) တတိယပဒေ ပန အာရောဂျဝိနာသကော ရောဂေါဧဝ ရောဂဗျသနံ။ (ဆ) သော ဟိ အာရောဂျံ ဗျသတိ ဝိက္ခိပတိ ဝိနာသေတီတိ ဗျသနံ။ (ဇ) ရောဂေါဝ ဗျသနံ ရောဂဗျသနံ။ (ဈ) တေန ရောဂဗျသနေန။

(ည) ဖုဋ္ဌာတိ အဓိပန္နာ အဘိဘူတာ။ (ဋ) သမန္နာဂတာတိ အတ္ထော။

(ဌ၊၁၉၄။ မအူ၊ တ၊၁၁၆။ ဘာသာဋီ၊ဒု၊ ၃၀၉။)

➤ ၁။ (ဋ) ဣတိ အယံဣ္ဈည်ကား။အဘိဘူတာတိပဒဿ၊အဘိဘူတ-ဟူသော ပုဒ်၏။အတ္တော၊အဓိပ္ပါယ်နက်တည်း။

**ရောဂဗျသနေန**-အနာမရှိသည်၏အဖြစ် အနာမရှိခြင်း ကျန်းမာခြင်း အာရောဂျကို

http://www.dhammadownload.com



ဖျက်ဆီးတတ်သော ရောဂါဝေဒနာသည်။ (ဖုဋ္ဌာ-၅စပ်)

➤ ၂။ (ဃ) သို့/ ဆရာသည် (ခ) ဖြင့် ဉာတိဗျသနံကို ဉာတိနံ ဗျသနံ ဉာတိဗျသနံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို ဖွင့်ပြတော်မူ၏။ ထိုဉာတိဗျသန-သည် အဘယ်လျှင် အကြောင်းရှိပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

ကား-- မင်း၏ ခနဒဏ်, ဝဓဒဏ်ဟူသော အကြောင်း ဗျာဓိအကြောင်း မရဏအကြောင်း အဝိပ္ပဝါသအကြောင်းတို့ကြောင့် ဖြစ်ဟူလို။

(ဆ) သို့/ ဆရာသည် (စ) ဖြင့် ရောဂဗျသနံ-ကို ရောဂေါဝ ဗျသနံ-ဟု အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကို ဖွင့်ပြတော်မူ၏။ ဉာတိဗျသနစသည်ကဲ့သို့ ဘိန္နတ္ထကိုသာ သိအပ်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် တုလျတ္ထကို ဆိုခြင်းသည် အသို့သင့်အံ့နည်း။ စုဒ်ကြောင့် (ဆ) မိန့်။

➤ ၃။ (ခ) သည် ဗျသနပုဒ်၏အဖွင့်မှတစ်ပါး ဉာတိနှင့် ဗျသန သမာသ်တွဲစပ်ပုံအဖို့တစ်ပါးကို ပြသောကြောင့် ပကတ္တကြ။(ဂ) ဒဏ္ဍသောခနေ, ဝါကျာဝဓိကဏ္ဍ, ဝါကျာရမ္ဘ။ (ဃ) ဝိတ္ထာရ။ (င) အတိဒေသ။/ဉာတိဗျသနဟူသော ပထမပုဒ်၌သာ ဤနည်းကို သိအပ်ပါသလောဟူသော စောဒနာကိုပယ်လို၍ ဆက်လက်အားထုတ်သောကြောင့် ဝါကျာရမ္ဘ။ (စ) ပကတ္တကြ။/ဝိသေသ။ (ဆ-ဇ) ယုတ္တိဒဋ္ဌီကရဏ။ (ဈ) ဒဏ္ဍသောခနေ, ဝါကျာဝဓိကဏ္ဍ, ဝါကျာရမ္ဘ။ (ည-ဋ) ပကတ္တကြ။ ထိုတွင် (ဋ) ဝိတ္ထာရ။

➤ ၄။ နတ္ထိ ရောဂေါ ဧတဿာတိ **အရောဂေါ**။ ဗဟုဗ္ဗိဟိ၊ န+ရောဂ+ဧတ-ပုဒ်။ ပုဒ်လုံးအရ ရောဂါ မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ ယင်း၏ ပုဂ္ဂိုလ်နှင့် ဂုဏ်ဂုဏီ စပ် ဌာနူ။ ဧတ-အညပုဒ်အရ ရောဂါမရှိသော ပုဂ္ဂိုလ်ရ၏။

အရောဂဿ ဘာဝေါ **အာရောဂျံ**။ ဘာဝတဒ္ဓိတ်၊ အာရောဂ+ဏျပစ္စည်း။

အာရောဂ-အရ အနာမရှိသော ပုဂ္ဂိုလ်သည် မုချ။ ယင်း၏ ရောဂါမရှိခြင်း အဘာဝဘောဂုဏ်နှင့် ဂုဏီ ဂုဏ် စပ် ဌာနူ။ ဏျ-အရ ရောဂါ၏ မရှိခြင်း အဘာဝဘောဂုဏ်ရ၏။ ＊ ဗျသီယတေ ဝိဒ္ဓံသီယတေ ဝိနာသီယတေ **ဗျသနံ**။ (ဝိ-အသ/အသု+ယု။) ဖျက်ဆီးခြင်းကြိယာ ရ၏။

ဉာတီနံ ဗျသနံ **ဉာတိဗျသနံ**။ ဆဋ္ဌီတပ္ပုရိသ်၊ ဉာတိ+ဗျသနပုဒ်။ ဉာတိ-အရကား ဆွေမျိုးတို့ဖြစ်သည် မုချ။ ယင်း၏ ပျက်စီးခြင်းနှင့် ဘာဝ အဘာဝ/ဂုဏီ ဂုဏ် စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော ရာဇဒဏ္ဍ စသည်ကြောင့် ဆွေမျိုးတို့၏ ပျက်စီးခြင်းရ၏။

ဒဿတိ အာဏံ ကရောတိ ဧတေနာတိ **ဒဏ္ဍော**။ ဒသိဓာတ်အရ ကတ္တုဌကား အာဏာကို ပြုသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကရဏတ္တကြိယာကား ဒုတ်၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ကပစ္စည်းအရ ထို-သော ဒုတ်ရ၏။

ရောဂေါဝ ဗျသနံ **ရောဂဗျသနံ**။ (ရောဂေါဧဝ၊ရောဂါသည်သာလျှင်။ဗျသနံ၊အာရော

http://www.dhammadownload.com



ဂျကို ဖျက်ဆီးတတ်၏။(ဝါ) ဗျသနံဖြေ၊အာရောဂျကို ဖျက်ဆီးတတ်သည်သာလျှင်ဖြစ်သော။ရောဂေါ၊အနာရောဂါ။) ရောဂ+ဗျသနပုဒ်။ ဗျသန-အရ အာရောဂျကို ဖျက်ဆီးခြင်း ဂုဏ်သည် မုချ။ ယင်း၏ အနာရောဂါနှင့် ဂုဏ် ဂုဏေး စပ် ဌာန္။ ပုဒ်လုံးအရ ထိုသော အာရောဂျကို ဖျက်ဆီးတတ်သော ရောဂါဝေဒနာရင်း။

➤ ၆။ (က) ဖြင့် အသနံ့ စသည်တို့ကား တူသောအနက်ရှိ၏။ (တနည်း) အသနံ့ စသည်တို့ကား ဝေဝုစ်စကားလှယ် ပရိယာယ်တို့တည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ/အဘိဓေယျတ္ထ)

(ခ) ဖြင့် ဉာတိဗျသနံ-ကို ဉာတိနံ့ ဗျသနံ ဉာတိဗျသနံ-ဟု ကမ္မတ္တ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) ဗျသနံပုဒ်ကို ဗျသိယတေ ဗျသနံ-ဟု ဘာဝသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ယုပစ္စည်း၏ ဘာဝသာဓန၌ သက်--ရင်း (ဒုပစ္စယတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ဉာတိနံ့ ဗျသနံ ဉာတိဗျသနံ-ဟု ပထမန္တအားဖြင့် ငါဖွင့်ဆိုသော်လည်း ပါဠိတော်၌ ဉာတိဗျသနေန-ဟု တတိယန္တနှင့် ရှိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် ဉာတိဝိနာသ=ဆွေမျိုးတို့၏ ပျက်စီးခြင်းဟူသည် မင်း၏ ဓနဒဏ်, ဝဓဒဏ်ဟူသောအကြောင်း, ဗျာဓိအကြောင်း မရဏအကြောင်း ဝိပ္ပဝါသအကြောင်းတို့ကြောင့် ဖြစ်သတည်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) ဗျသန-သဒ္ဒါ ဝိနာသအနက်ဟော--ရင်း (နာမလိင်္ဂတ္ထ) သိစေပါသည်။

(င) ဖြင့် ဘောဂါနံ့ ဗျသနံ ဘောဂဗျသနံ၊ တေန ဘောဂဗျသနေန။ ရာဇ (ပ) ဘောဂဝိနာသေန-ဟူသော ဘောဂဗျသန-သဒ္ဒါ၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထတို့ကို ညွှန်ပြဖွင့်ဆိုပါသည်။ (ဘာဝတ္ထ)

(စ) ၌ အာရောဂျဝိနာသကော ရောဂေါဖေ-ဖြင့် ဗျသနံပုဒ်ကို အာရောဂျံ ဗျသတိ ဝိနာသေတီတိ ဗျသနံ-ဟု ကတ္တုသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်--ရင်း (ဒုပစ္စယတ္ထ) ဗျသန-သဒ္ဒါ ဝိနာသကအနက်ကို ဟော-ရင်း (နာမလိင်္ဂတ္ထ) ရောဂေါဖေ ဗျသနံ ရောဂဗျသနံ-ဟု ဝိသေသန ပရနိပါတ အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဆ) ၌ ဗျသတိ-ဖြင့် ဗျသနံပုဒ်ကို ဗျသတီတိ ဗျသနံ-ဟု ကတ္တုသာဓန ဝစနတ္ထပြု-ရင်း (အဘိဓာနတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓန၌သက်--ရင်း (ဒုပစ္စယတ္ထ) သိစေသည်။

ဝိက္ခိပတိ-ဖြင့် ဗျသတိ-၌ အသဓာတ်သည် ပစ်ပယ်ခြင်း=ခိပနအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဓာတွတ္ထ) ဝိနာသေတိ-ဖြင့် အာရောဂျံ ဗျသတိ-ဟူသည် အနာမရှိသည်၏အဖြစ်ကို (ဝါ) အာရောဂျဘောဂုဏ်ကို ဖျက်ဆီးခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဓ) ဖြင့် ရောဂေါဇဝ ဗျသန် ရောဂဗျသန်-ဟု ဝိသေသန ပရနိပါတ အဝဓာရဏာ တမ္ပဓာရာယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(ဈ) ဖြင့် ရောဂေါဇဝ ဗျသန် ရောဂဗျသန်-ဟု ပထမန္တအားဖြင့် ငါဖွင့်ဆိုသော်လည်း ပါဠိတော်၌ ရောဂဗျသနေန-ဟု တတိယန္တနှင့် ရှိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ည) ၌ အဓိပန္နာ-ဖြင့် ဖုဋ္ဌာ-ဗျသနတရားနှင့် တွေ့ထိအပ်ကုန်၏ဟူသည် ယင်း ဗျသနတရားတို့သည် လွှမ်းမိုးအပ်ကုန်၏၊ ယင်းဗျသနတရားတို့၏ လွှမ်းမိုးမှုကို ခံနေရသည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

အဘိဘူတာ-ဖြင့် အဓိပန္နာ-၌ အဓိ-ဥပသာရ၏ ဓာတွတ္ထဝိသေသကဇ်--ငင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ပဒဓာတ်သည် ဂတိအနက်ကိုမဟော၊ အဘိဘဝနအနက်ကို ဟော--ငင်း (ဒု-ဓာတွတ္ထ) နှ-သဒ္ဒါ၏ တ-ပစ္စည်း၏ ကာရိယဇ်--ငင်း (ဒု-ပစ္စယပဒ) သိစေသည်။

(ဋ) ဖြင့် အဘိဘူတ-လွှမ်းမိုးနှိပ်စက်အပ်ကုန်၏ဟူသည် ဗျသနတရားနှင့် ပြည့်စုံကုန်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၈။ (စ) ကား ဉာတိဗျသနေန-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဖြတ်ထားသောကြောင့် ဒန္တစ္ဆေဒနနည်း။ အကျိုးဖြစ်သော ဆွေမျိုး၏ ပျက်စီးခြင်းကို ဆိုသဖြင့် အကြောင်းဖြစ်သော ရာဇဒဏ်စသော ဖျက်ဆီးခြင်း၏ အကြောင်းကိုလည်း သိအပ်သောကြောင့် အဝိနာဘာဝနည်းမည်၏။

**ဋီကာ [၈၇]**

(က) **န မယံ အဒ္ဓ အာနန္ဒ ပဗ္ဗာဇေယျာမာတိ** တဒ္ဓေ အာနန္ဒ မယံ န ဗုဒ္ဓံ ဂရဟာမ။

(ခ) န ဗုဒ္ဓဿ ဒေါသံ ဒေမ။ (ဂ) န ဓမ္မဂရဟိနော၊ န သံဃဂရဟိနော။

(ဃ) **အတ္တာဂရဟိနော** မယန္တိ အတ္တာနမေဝ မယံ ဂရဟာမ။ (င) အတ္တနော ဒေါသံ ဒေမ။ (စ) **အလက္ခိကာတိ** နိဿိရိကာ။ (ဆ) **အပ္ပပုညာတိ** ပရိတ္တပုညာ။

(ဇ) **ဝိယဿိတ- ကုသလာနံ ဓမ္မာနန္တိ** ယေ အဒ္ဓတိံသာရမ္မဏေသု ဝိဘတ္တာ ကုသလာ ဓမ္မာ။ တေသံ ဝိပဿိတာ။ (ဈ) တတော တတော အာရမ္မဏတော ဝုဋ္ဌာယ တေဝ ဓမ္မေ ဝိပဿိမာနာတိ အတ္ထော။ (ဋ၊ ၁၉၄။ မဇ္ဈ၊တ၊ ၁၁၆။ ဘာသာဋီ၊ဒု၊ ၃၁၀။)

➤ ၁။ **န ဗုဒ္ဓဂရဟိနော**-ဘုရားကို မကဲ့ရဲ့ပါကုန်။ (သဒ္ဒတ္ထ) ဘုရားအား အပြစ်မပေးပါကုန်။ (အဓိပ္ပါယတ္ထ) ဘုရားကို အပြစ် မတင်ပါကုန်။ (ဝေါဟာရတ္ထ)

➤ ၃။ (ခ) ကား အဓိပ္ပါယတ္ထ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။ (ဂ) ပက္ခန္တရ။ (ဃ) ပက္ခန္တရ။ (င) ကား (ဃ)ဝါကျ၏ အဓိပ္ပါယတ္ထ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။ (စ-ဆ-ဇ) ပက္ခန္တရ။ (ဈ) ဝိတ္ထာရ။

➤ ၄။ နတ္ထိ သိရီ ဧတေသံ အမှာကန္တိ နိဿိရိကာ။ ပုဒ်လုံးအရ အသရေမရှိခြင်းအဘာဝဘောဂုဏ်သည် မုချ။ ထို၏ ဝဋ္ဋိပုတ္တကရဟန်းတို့နှင့် ဂုဏ် ဂုဏော စပ် ဌာနူ။

http://www.dhammadownload.com



တ-အညပုဒ်အရ ထို-သော အသရေ မရှိကြကုန်သော ဝဇ္ဇိပုတ္တကရဟန်းများ ရ၏။

ပရိတ္တံ ပုညံ တေသန္တိ ဓရိစ္ဆာမုဒ္ဒာ။ ပုဒ်လုံးအရ နည်းသော ဘုန်းကံသည် မုချ။ ထို၏ ဝဇ္ဇိပုတ္တကရဟန်းတို့နှင့် ဂုဏ် ဂုဏေး စပ် ဌာန္။ တ-အညပုဒ်အရ ထို-သော နည်းသော ဘုန်းကံရှိကြကုန်သော ဝဇ္ဇိပုတ္တကရဟန်းများရ၏။ ဝိဝိဓံ ပဿာမာတိ **ဝိပဿကာ**။

➤ ၆။ (က) ဖြင့် ဘန္တေ အာနန္ဒ-ဟူသော အာလုပ်ပုဒ်ကို ရှေးဦးစွာ ယောဇနာ ရမည်၏--ဧင်း (သမ္ဗန္ဓ) န-နိပါတ်ပုဒ်ကို ဗုဒ္ဓဂရဟိနောပုဒ်၌ စပ်ရမည်၏--ဧင်း (သမ္ဗန္ဓ) ဂရဟိနောပုဒ်ကို ဂရဟန္တီတိ ဂရဟိနော-ဟု ကတ္တုသာဓန ဝစနတ္ထပြု--ဧင်း (အဘိဓာနတ္ထ) ဏီပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်--ဧင်း (ဒု-ပစ္စယတ္ထ) ဗုဒ္ဓနှင့် ဂရဟိနော-ကို ဗုဒ္ဓံ ဂရဟိနော ဗုဒ္ဓဂရဟိနော-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ဧင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ဖြင့် ဘုရားကို မကဲ့ရဲ့ကုန်ဟူသည် ဘုရားအား အပြစ်မပေးပါကုန်၊ (ဝါ) ဘုရားကို အပြစ် မတင်ပါကုန်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် ဂရဟိနောပုဒ်ကို ဂရဟန္တီတိ ဂရဟိနော-ဟု ကတ္တုသာဓန ဝစနတ္ထပြု--ဧင်း (အဘိဓာနတ္ထ) ဏီပစ္စည်း၏ ကတ္တုသာဓနအနက်၌သက်--ဧင်း (ဒု-ပစ္စယတ္ထ) အတ္တနှင့် ဂရဟိနော-ကို အတ္တာနံ ဂရဟိနော အတ္တဂရဟိနော-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ဧင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။ (င) ဖြင့် မိမိကိုယ်ကိုသာလျှင် အပြစ်တင်ပါကုန်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(စ) ဖြင့် အလဏ္ဍိကာ-၌ အ-သဒ္ဒါ၏ အဘာဝအနက်ကို ဟော--ဧင်း (နိပါတလိင်္ဂတ္ထ) လဏ္ဍိသဒ္ဒါ၏ ကျက်သရေဟော သိရိ-သဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်၏--ဧင်း (အဘိဓေယျတ္ထ) [တနည်း] လဏ္ဍိ-သဒ္ဒါ၏ ကျက်သရေအနက်ကို ဟော--ဧင်း (နာမလိင်္ဂတ္ထ) သိစေပါသည်။

(ဆ) ဖြင့် အပ္ပ-သဒ္ဒါသည် အနည်းငယ်ဟော ပရိတ္တ-သဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်း။ (တစ်နည်း) အပ္ပ-သဒ္ဒါ အပ္ပါဗာဓံ စသည်၌ကဲ့သို့ အဘာဝအနက်ကို မဟော၊ အနည်းဟူသော အနက်ကို ဟောသတည်းဟု သိစေပါသည်။ (အဘိဓေယျတ္ထ/နာမလိင်္ဂတ္ထ)

(ဇ) ၌ တေသံ ဝိပဿကာ-ဖြင့် ကုသလာနံ ဓမ္မာနံပုဒ်ကို ဝိပဿက-၌ စပ်ရမည်ဟု သိစေပါသည်။ (သမ္ဗန္ဓ) ယေ အဋ္ဌတိံသာရမ္မဏေသု ဝိဘတ္တာ ကုသလာ ဓမ္မာ-ဖြင့် ကုသလာနံ ဓမ္မာနံ-အရ အာလောက အာကာသကြဉ်သော ကသိုဏ်း(၃၈)ပါးကို အာရုံပြုသော ဥပစာရဈာန်နှင့်တကွ မဟဂ္ဂုတ်ကုသိုလ်တို့ကို ယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ) (ဈ) ၌ တေဝ ဓမ္မေ-ဖြင့် ကုသလာနံ ဓမ္မာနံ-၌ ဆဋ္ဌီဝိဘတ်သည် သမ္ဗန္ဓတ္ထ သာမျတ္ထတို့ကို မဟော၊ ကမ္မတ္ထကို ဟောသတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

http://www.dhammadownload.com



ဝိပဿမာနာ-ဖြင့် ဝိပဿကာပုဒ်ကို ဝိပဿန္တီတိ ဝိပဿကာ-ဟု ကတ္တုသာဓနဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏွုပစ္စည်း၏ ကတ္တုသာဓနဲ့သက်--ရင်း (ဒု-ပစ္စယတ္ထ)

## ပါဠိ [၈၈]

(က) ပုဗ္ဗရတ္တာပရရတ္တန္တိ ရတ္တိယာ ပုဗ္ဗံ ပုဗ္ဗရတ္တံ၊ ရတ္တိယာ အပရံ အပရရတ္တံ။

(ခ) ပဌမယာမဉ္စ ပစ္ဆိမယာမဉ္စာတိ ဝုတ္တံ ဟောတိ။ (ဂ) **ဗောဓိပက္ခိကာနန္တိ** ဗောဓိသပက္ခေ ဘဝါနံ။ (ဃ) အရဟတ္တမဂ္ဂဉာဏဿ ဥပကာရကာနန္တိ အတ္ထော။

(င) **ဘာဝနာနုယောဂန္တိ** ဝဍ္ဎနာနုယောဂံ။ (စ) **အနုယုတ္တာ ဝိဟရေယျာမာတိ** ဂိဟိပလိဗောဓံ အာဝါသပလိဗောဓဉ္စ ပဟာယ ဝိဝိတ္တေသု သေနာသနေသု ယုတ္တပယုတ္တာ အနုညကိစ္စာ ဝိဟရေယျာမ။ (ဋ၁၁၉၄။ မအ္ဍု၊တ၊၁၁၇။ ဘာသာဋီ၊ဒု၊၃၁၀။)

> ၁။ **ပုဗ္ဗရတ္တာပရရတ္တံ**-ညဉ့်၏ ရှေ့အဖို့ နောက်အဖို့ ကာလပတ်လုံး။ (သဒ္ဒတ္ထ) ပဌမယာမ် ပစ္ဆိမယာမ်ပတ်လုံး။(အဓိပ္ပါယတ္ထ) **ဗောဓိပက္ခိကာနံ**-သစ္စာလေးပါးကို သိတတ်သော ဗောဓိ-ဟု ဆိုအပ်သော အရဟတ္တမဂ်ဉာဏ်အဖို့၌ ဖြစ်ကုန်သော။ (ဝါ) အရဟတ္တမဂ်ဉာဏ်အား ကျေးဇူးပြုတတ်ကုန်သော။(ဝါ) ကျေးဇူးပြုတတ်သည်၏အဖြစ်ဖြင့် အရဟတ္တမဂ်ဉာဏ်၏ အဖို့၌ဖြစ်ကုန်သော။မျှောနံ-တို့ကို။ **ဘာဝနာနုယောဂံ**-ပွားခြင်းကို အဖန်ဖန်တလဲလဲ အားထုတ်ခြင်းကို။ **အနုယုတ္တာ** - ဂိဟိပလိဗောဓ စသည်မဖက် ကောင်းစွာ။ (ဝါ) အလွန် အားထုတ်ကြကုန်လျက်။**ဝိဟရေယျာမ**-နေကြကုန်ရာပါအံ့။

> ၂။ (ခ) သို့/ ဆရာသည် (က) ဖြင့် ညဉ့်၏ရှေ့အဖို့သည် ပုဗ္ဗရတ္တ၊ ညဉ့်၏နောက်အဖို့သည် အပရရတ္တ-ဟု ဖွင့်ဆို၏။ ပုဗ္ဗရတ္တာပရရတ္တံ-၌ ညဉ့်၏ ရှေ့နောက်အဖို့ကို သာမညအားဖြင့် ဆိုအပ်သောကြောင့် ညဉ့်ကိုနှစ်စု နှစ်ဖို့ခွဲ၍ ပုဗ္ဗရတ္တ၊ နောက်အဖို့ကို အပရရတ္တ-ဟု ဆိုလိုပါသလော။ အဘယ်ကို ပုဗ္ဗရတ္တ, အဘယ်ကို အပရရတ္တ-ဟု ဆိုလိုပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**ကား**-- ပုဗ္ဗရတ္တာပရရတ္တံ-ဟု ညဉ့်၏ ရှေ့အဖို့ နောက်အဖို့ကို သာမညအားဖြင့် ဆိုအပ်သော်လည်း ညဉ့်ကိုသုံးစု သုံးဖို့ခွဲ၍ ညဉ့်သုံးယာမ်တွင် ပဌမယာမ်ကို ပုဗ္ဗရတ္တ, ပစ္ဆိမယာမ်ကို အပရရတ္တ-ဟု ဆိုလိုပါ၏ဟူလို။

(ဃ) သို့/ **အာဘောဂါယတ္တဓာတုအရာ** ။ ။ ဆရာသည် (ဂ) ဖြင့် ဗောဓိပက္ခိကာနံပုဒ်ကို ပက္ခေ ဘဝါ ပက္ခိကာ၊ ဗောဓိသ ပက္ခိကာ ဗောဓိပက္ခိကာ-ဟု ဝစနတ္ထပြု၍ ဗောဓိပက္ခိကာ-ဟူသည် ဗောဓိ၏အဖို့၌ဖြစ်သော တရားပင်တည်းဟု ဖွင့်ဆို၏။ ယင်းသို့ဖြစ်လျှင် ဗောဓိ-အရ အဘယ်ကိုယူရမည်နည်း။ သဗ္ဗညုတဉာဏ်ကို ယူရပါမည်လော။ ဗောဓိ၏ အဖို့၌ ဖြစ်၏ဟူသည် အဘယ်ကို ဆိုလိုပါသနည်း။ ဆိုလိုရင်း အဓိပ္ပါယ်ကို ဆရာ မပြပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

http://www.dhammadownload.com



ကား-- ဗောဓိ-အရ အရဟတ္တမဂ်ဉာဏ်ကိုယူရမည်၊ ဗောဓိ၏ အဖို့ဲဖြစ်၏ဟူသည် ဗောဓိ-ဟု ဆိုအပ်သော အရဟတ္တမဂ်ဉာဏ်အား ကျေးဇူးပြုခြင်းပင်တည်းဟူလို။

➤ ၃။ (ခ) ဝိတ္ထာရ။ (ဂ) ပက္ခန္တ။ (ဃ) ဝိတ္ထာရ။ (င-စ) ပက္ခန္တ။

**ခာစပ်** ။ ။ အနညကိစ္စာ-ကား လျက်--ကြောင့် ဝိဟရေယျာမ-၌ ကြိယာဝိသေသန ဝိဟရေယျာမ-ကား ကြိယာဝိသေသျ စပ်။ (တစ်နည်း) ကုန်သည်--ကြောင့် ဟုတ္ဂာ-၌ ကတ္တား/ကတ္တိ စပ်။

➤ ၄။ သစ္စာနိ ဗုဇ္ဈတိ ပဋိဝိဇ္ဈတီတိ **ဗောဓိ**။ (ယံ၊အကြင် အရဟတ္တမဂ်ဉာဏ်သည် သစ္စာနိ၊တို့ကို။ဗုဇ္ဈတိ ပဋိဝိဇ္ဈတိ၊သိတတ်၏။ဣတိ၊ တံ၊ဗောဓိ) ဗုဓ+ဣ။ ဗုဓဓာတ်အရ ကား အရဟတ္တမဂ်ဉာဏ်၏ သစ္စာလေးပါးကို သိခြင်း သတ္တိ လက္ခဏာ သဘာဝရ၏။ ဣ-ပစ္စည်းအရကား သတ္တိမန္တ လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော အရဟတ္တမဂ်ဉာဏ်ရ၏။

ရတ္တိယာ ပုဗ္ဗော ဘာဂေါ ပုဗ္ဗရတ္တံ။ ရတ္တိ-အရ ညဉ့်ခြင်း (ဝါ) ညဉ့်သုံးယာမ်သည် မုချ။ ယင်း၏ ရှေ့နှင့် (ဝါ) ပထမယာမ်နှင့် အပေါင်းအစိတ် စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော ညဉ့်၏ ရှေ့ (ဝါ) ပထမယာမ်ရ၏။

ဗောဓိယာ ပက္ခော **ဗောဓိပက္ခော**။ ဗောဓိ-အရ အရဟတ္တမဂ်ဉာဏ်သည် မုချ။ ယင်း၏ အဖို့အစုနှင့် အဘေဒ ဘေဒ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော အရဟတ္တမဂ်ဉာဏ်၏ အဖို့အစု အသင်းအပင်း ရ၏။

ဗောဓိပက္ခေ ဘဝါ **ဗောဓိပက္ခိကာ**။ ဗောဓိပက္ခ-အရ အရဟတ္တမဂ်ဉာဏ်၏ အဖို့အစု အသင်းအပင်းသည် မုချ။ ယင်း၏ သတိပဋ္ဌာန်စသည် (၃၇) ပါးသော တရားနှင့် အကျိုး အကြောင်း စပ် ဌာနူ။ ဣကပစ္စည်းအရ ထို--သော သတိပဋ္ဌာန်စသော (၃၇) ပါးသော တရားတို့ရ၏။

အညဥ္စ တံ ကိစ္စဉ္စာတိ အညကိစ္စံ။ နတ္ထိ အညကိစ္စံ ဧတေသန္တိ **အနညကိစ္စာ**။

န+အညကိစ္စ-အရ တပါးသော ကိစ္စ၏ မရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ ထို ၏ ဝဋ္ဋိရဟန်းတို့နှင့် ဂုဏ် ဂုဏီ စပ် ဌာနူ။ ဧတ-အညပုဒ်အရ ထို--သော တစ်ပါးသော ကိစ္စ မရှိကြကုန်သော ဝဋ္ဋိတိုင်းသား ရဟန်းများရ၏။

စိဝရာဒိပစ္စယေ ပူဇာဝိသေသဉ္စ အရဟတီတိ အရဟံ။ အရဟာသ ဘာဝေါ **အရဟတ္တံ**။ အရဟာ-အရ ရဟန္တာပုဂ္ဂိုလ်သည် မုချ။ ထို၏ အရဟတ္တဖိုလ်နှင့် သာမိ သံ/ အကျိုး အကြောင်း စပ် ဌာနူ။ တ္တ-ပစ္စည်းအရ ထို--သော အရဟတ္တဖိုလ်ရ၏

နိဗ္ဗာနတ္ထိကေဟိ မဂ္ဂီယတီတိ **မဂ္ဂေါ**။ အရဟတ္တဿ အာဂမနဘူတော မဂ္ဂေါ **အရဟတ္တမဂ္ဂေါ**။ အရဟတ္တ-အရ အရဟတ္တဖိုလ်သည် မုချ။ ထို၏ ဖြစ်ပေါ်လာကြောင်း အရဟတ္တမဂ်နှင့် အကျိုး အကြောင်း စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော အရဟတ္တဖိုလ်၏ ဖြစ်ပေါ်လာကြောင်း အရဟတ္တမဂ်ရ၏။

http://www.dhammadownload.com



ယုဇ္ဇနံ ယောဂေါ၊ အနု ပုနပ္ပုနံ ယောဂေါ အနုယောဂေါ၊ ဝဓုနသ္သ အနုယောဂေါ ဝဓုနာနုယောဂေါ၊ * ပရိဗုန္ဓယတီတိ ပလိဗောဓော၊ ပလိဗုန္ဓတီတိ ပလိဗောဓော။

ဂိဟီနံ ပလိဗောဓော ဂိဟိပလိဗောဓော။ အာဝါသသ္သ ပလိဗောဓော အာဝါသ ပလိဗောဓော။

➤ ၆။ (က) ၌ ရတ္တိယာ ပုဗ္ဗံ-ဖြင့် ပုဗ္ဗရတ္တံ-ပုဒ်ကို ပုဗ္ဗာစ သာ ရတ္တိစာတိ ပုဗ္ဗရတ္တံ-ဟု ကမ္မဓာရယသမာသ် ဝိဂ္ဂဟမပြုရ၊ ရတ္တိယာ ပုဗ္ဗံ ပုဗ္ဗရတ္တံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြု--ဂုဏ်း (သမာသလိင်္ဂတ္တ) ရတ္တိပုဗ္ဗ-ဟု ဆိုလိုလျက် ဝိသေသနပရနိပါတ၏-- ဂုဏ်း (ဘာဝတ္တ) ပုဗ္ဗရတ္တိ-ဟု ဆိုလိုလျက် ဣကို အ-ပြု၍ ပုဗ္ဗရတ္တ-ဟု ရုပ်ပြီးသည်၏-- ဂုဏ်း (ဘာဝတ္တ) သိစေပါသည်။

ရတ္တိယာ အပရံ-ဖြင့် အပရရတ္တံ-ပုဒ်ကို ရတ္တိယာ အပရံ အပရရတ္တံ-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝိဂ္ဂဟပြု--ဂုဏ်း (သမာသလိင်္ဂတ္တ) ရတ္တိအပရ-ဟု ဆိုလိုလျက် ဝိသေသနပရ နိပါတ၏-- ဂုဏ်း (ဘာဝတ္တ) အပရရတ္တိ-ဟု ဆိုလိုလျက် ဣကို အ-ပြု၍ အပရရတ္တ-ဟု ရုပ်ပြီးသည်၏-- ဂုဏ်း (ဘာဝတ္တ) သိစေပါသည်။

(ခ) ဖြင့် ပုဗ္ဗရတ္တ-အရ ညဉ့်ကို နှစ်ပိုင်းခွဲ၍ ရှေ့ပိုင်းကိုဂုဏ်း၊ အပရရတ္တ-အရ နောက် ပိုင်းကိုဂုဏ်း မယူရ၊ ပုဗ္ဗရတ္တ-အရ ပဌမယာမ်ကို၊ အပရ ရတ္တ-အရ ပစ္ဆိမယာမ်ကို ယူ-- ဂုဏ်း (အဘိဓေယျတ္တ) မဇ္ဈိမယာမ်ကိုမူ ရဟန်းတို့အိပ်ချင်သဖြင့် ပင်ပန်းမှုကို ဖျောက်ရန် အတွက် မယူသင့်သည်ကိုဂုဏ်း (ဘာဝတ္တ) ပုဗ္ဗရတ္တာပရရတ္တံ-ပုဒ်ကို ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟမပြုရ၊ ပုဗ္ဗရတ္တဉ္စ အပရရတ္တဉ္စ ပုဗ္ဗရတ္တာပရရတ္တံ-ဟု ဒွန္ဒသမာသ် ဝိဂ္ဂဟပြု--ဂုဏ်း (သမာသလိင်္ဂတ္တ) သိစေပါသည်။

(ဂ) ဖြင့် ဗောဓိနှင့် ပက္ခကို ဗောဓိယာ ပက္ခော ဗောဓိပက္ခော-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝိဂ္ဂဟပြု--ဂုဏ်း (သမာသလိင်္ဂတ္တ) ဗောဓိပက္ခေ ဘဝါ ဗောဓိပက္ခိကာ-ဟု ဘဝတဒ္ဓိတ် ဝိဂ္ဂဟပြု--ဂုဏ်း (အဘိဓာနတ္တ) ဣကပစ္စည်း၏ ဘဝတဒ္ဓိတ်အနက်၌ သက် သည်၏--ဂုဏ်း (ပစ္စယတ္တ) သိစေပါသည်။

(ဃ) ၌ အရဟတ္တမဂ္ဂဉာဏာသ-ဖြင့် ဗောဓိ-အရ အရဟတ္တမဂ်ဉာဏ်ကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္တ) ဥပကာရာနံ-ဖြင့် အဖို့အစု အသင်းအပင်း၌ဖြစ်၏ဟူ သည် ကျေးဇူးပြုခြင်းကိုပင် ဆိုသတည်းဟု သိစေပါသည်။ (ဘာဝတ္တ)

(င) ဖြင့် ဘာဝနာသဒ္ဒါသည် ပွားများခြင်း-ဝဍ္ဍနအနက်ကို ဟောသတည်းဟု သိစေ ပါသည်။ (နာမလိင်္ဂတ္တ)

(စ) ၌ ယုတ္တပယုတ္တာ-ဖြင့် အနုယုတ္တာ-၌ အနု-သဒ္ဒါသည် ပစ္ဆာ-စသော အနက်ကို မဟော၊ အလွန်အကဲဟူသော အတိရေကအနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္တ) ကြွင်း ဘာဝတ္တဖော်။

http://www.dhammadownload.com



➤ ၇။ ဗောဓိပက္ခိကာနံ/ဗောဓိပက္ခိယာနံ ။ ။ ဗောဓိပက္ခပုဒ် ဣယ/ဣကပစ္စည်းဖြင့် ရုပ်ပြီးနိုင်သောကြောင့် နှစ်ပါဌ်လုံး သင့်ပါသည်။

ပုဗ္ဗရတ္တံ/ပုဗ္ဗရတ္တိ ။ ။ တ္တေစ ကွစိ သမာသန္တဂတာနမကာရန္တောတိ ရတ္တိသဒ္ဒန္တသအတ္တံ-ဟု ရူပသိဒ္ဓိဆိုသောကြောင့် သမာသ်အဆုံး၌ရှိသော ဣကို အ-ပြု၍ ပြီးသဖြင့် ပုဗ္ဗရတ္တံပါဌ် သင့်ပါသည်။ အပရရတ္တံ-လည်း နည်းတူ။

➤ ၈။ ပုဗ္ဗရတ္တ-ကား ညဉ့်နှင့် ရှေ့အဖို့ မပြားဘဲနှင့် ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။ အပရရတ္တံ -တူ၏။

ပုဗ္ဗရတ္တာပရရတ္တံ-ကား အပေါင်းဖြစ်သော ညဉ့်၏ ရှေ့အဖို့ ညဉ့်၏ နောက်အဖို့ဟူသော ညဉ့်သုံးယာမ်လုံး၏ "ပုဗ္ဗရတ္တာပရရတ္တံ"ဟူသောအမည်ကို အစိတ်ဖြစ်သော ပဌမယာမ် ပစ္ဆိမယာမ်၌တင်-- ကေဒေသျူပစာ။ နေယျတ္ထနည်း။ ရုဠှီနည်း။

ဗောဓိ-ကား အပေါင်းဖြစ်သော သဗ္ဗညုတဉာဏ်, အရိယာမဂ်, ဗောဓိမင်းသား, ညောင်ဗုဒ္ဓဟောပင်တို့၏ "ဗောဓိ"ဟူသောအမည်ကို အစိတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်၌တင်-- ကေဒေသျူပစာ။ နေယျတ္ထနည်း။ ရုဠှီနည်း။ အပေါင်းဖြစ်သော မဂ်ဉာဏ် ၄-ပါးလုံး၏ "ဗောဓိ"ဟူသောအမည်ကို အစိတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်၌တင်--

ဂိဟိပလိဗောဓေ့ အာဝါသပလိဗောဓေ့ - ကား အစိတ်ဖြစ်သော ဂိဟိပလိဗောဓ, အာဝါသပလိဗောဓတို့၏ "ပလိဗောဓ"ဟူသောအမည်ကို အပေါင်းဖြစ်သော အလုံးစုံသော ပလိဗောဓ၌တင်-- ကေဒေသူပစာ။ ပဓာနနည်း၊ ဥပလက္ခဏနည်း၊ နိဒဿနနည်း။

ဖြတ်ခြင်းငှာ အလွန်ခဲရင်းသည်၏အဖြစ်ကြောင့် ရသင့်တိုင်းသော ပလိဗောဓကို မယူမူ၍ ပလိဗောဓ နှစ်ပါးကိုသာ ယူရသောကြောင့် အတိသယနည်း မည်၏။

အရဟတ္တမဂ္ဂဉာဏဿ-ကား အစိတ်ဖြစ်သော အရဟတ္တမဂ်ဉာဏ်၏ "အရဟတ္တမဂ္ဂဉာဏဿ"ဟူသောအမည်ကို အပေါင်းဖြစ်သော အရဟတ္တမဂ်စိတ္တုပ္ပါဒ်၌တင်-ကေဒေသူ။

➤ ၁၀။ ဗောဓိ-အရ အရဟတ္တမဂ်ဉာဏ်ကိုယူ။

(ခ) ဝါကျ-အရ ဝီရိယပြဌာန်းသော ဘာဝနာမယကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

### ဝါကျ [၈၉]

(က) အဗ္ဘာနုမောဒတိ အနုဝဒာသောတိ ဥဘယမ္ပေတံ ကာရဏာပဋိတ္တေပစ္စနံ။

(ခ) ကာရဏာဂ္ဂိ ယသ္မာ တတ္ထ တဒါယတ္တာဝုတ္တိဘာဝေန ဖလံ တိဋ္ဌတိ။ ယသ္မာ စသ်တံ ဩကာသော ဟောတိ တဒါယတ္တဝုတ္တိဘာဝေန၊ တသ္မာ "ဌာနဉ္စ အဝကာသောစာ"တိ ဝုစ္စတိ။ (ဂ) တံ ပဋိက္ခိပန္တော အာဟ "အဗ္ဘာနမေတံ အာနန္ဒ အနဝကာသော"တိ။

(ဃ) ဧတံ ဌာနံ ဝါ ဩကာသော ဝါ နတ္ထိ။

(ဋ္ဌ၊၁၉၅။ မဇ္ဈ၊တ၊ ၁၁၈။ ဘာသာဋီ၊၃၊၃၁၁။)

http://www.dhammadownload.com



➤ ၂။ (စ) သို့/ ဆရာသည် (က) ဖြင့် အဌာန် အနဝကာသော -သဒ္ဒါနှစ်ခုသည် အကြောင်းကိုပယ်သော သဒ္ဒါ (စကား)တည်းဟု ဆို၏။ အကြောင်းကိုပယ်သော စကား ကို အဘယ်ကြောင့် အဌာန အနဝကာသ-ဟု ဆိုပါသနည်း။ ထိုသဒ္ဒါတို့သည် အကြောင်း ကို ဟောတတ်သော ဝါစကသတ္တိ ရှိပါအံ့လော။ စုဒ်ကြောင့် (ခ) မိန့်။

(စ) စသည်သို့/ (ဌပနာတူ) အဌာန်-၌ ဌာန, အနဝကာသ-၌ အဝကာသ-သဒ္ဒါ, အဌာနသဒ္ဒါ, အနဝကာသသဒ္ဒါ၏ ဝစနတ္ထ သကတ္ထ အကျယ်ကို မပြဆိုပြီလော။ ယင်း တို့၏ အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ-ဂ-ဃ) မိန့်။

➤ ၃။ (ခ-ဂ-ဃ) ဝိတ္ထာရ။ (ခ) တွင် ယသ္မာ (ပ) တသ္မာ-ကား ကာရဏာဝါကျ။ ဌာနန္တိ (ပ) ဝုစ္စတိ-ကား ဖလဝါကျ။ (အနိယတ် နိယတ်ခွဲ) (ဂ) ကား အဌာန အနဝ ကာသပုဒ်ကို ဆက်လက်ဖွင့်ပြသောကြောင့် ဝါကျာရမ္ဘ။ (ဃ) ကား အဌာန်-အကြောင်း မဟုတ်၊ အနဝကာသော-အခွင့်မဟုတ် ဆိုသောစကား အဓိပ္ပါယ်ကို ဆက်လက် ဖွင့်ပြ သောကြောင့် ဝါကျာရမ္ဘ။

➤ ၄။ တိဋ္ဌတိ ဖလံ ဧတ္ထာတိ ဌာနံ။ (ဧတ္ထ၊ဤအကြောင်း၌။ဖလံ၊အကျိုးသည်။ တိဋ္ဌတိ၊တည်တတ်၏။ဣတိ၊ကြောင့်။တံ၊ထိုအကြောင်းသည်။ဌာနံ။) ဌာ+ယုပစ္စည်း။

ဌာဓာတ်အရကား အကျိုးတရား၏ ဥပါဒ်သည် မုချ။ အဓိကရဏတ္ထကား ထို-အား တပ်သော အကြောင်း၏ သဟဇာတာဒိသတ္တိသည် ဖလူ။ ယု-အရ ထို-သော အကြောင်း တရား ရ၏။ * အဝကာသတိ ပတိဋ္ဌာတိ ဧတ္ထာတိ **အဝကာသော**။ (တူပြီ)

ပဋိက္ခိပန္တောတိ ပဋိက္ခေပေါ။ (သပဒဝိဂ္ဂဟ) ပဋိက္ခိပတီတိ **ပဋိက္ခေပေါ**။

ယော ဘဂဝါ၊သည်။ကာရဏံ၊ဝဋ္ဋိတိုင်းသားတို့ လျှောက်ထားသောကြောင့် ပညတ်ပြီး သော ပါရာဇိကသိက္ခာပုဒ်ကို ပယ်နုတ်ခြင်းတည်းဟူသော အကြောင်းကို။ပဋိက္ခိပတိ၊ ပယ်တော်မူတတ်၏။ဣတိ၊သော၊ ပဋိက္ခိပန္တော။ ကတ္တုသာဓန၊ ပဋိ-ခိပ+အန္တပစ္စည်း။

ပဋိ-အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ ခိပဓာတ်အရကား အကြောင်းကို ပယ်တော်မူလိုသော မြတ်စွာဘုရား၏ မဟာကရုဏာ-ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ် စသည်တို့သည် ဖလူ။ နောက်နောက် ၌ဖြစ်သော အဌာနမေတံ အနဝကာသော-စသော သဝိညတ္တိက ဝစီဘေဒသဒ္ဒါ၊ ယင်းကို အကြောင်းပြု၍ ဝေနေယျတို့၏ ဟိတသုခတို့သည် ကာရဏူ။ အန္တ-ပစ္စည်းအရကား ထို သော မဟာကရုဏာဂုဏ်တို့ဖြင့် ထုံအပ်သော မြတ်စွာဘုရားဒြဗ်ရ၏။

ကာရဏံ ပဋိက္ခေပေါ **ကာရဏပဋိက္ခေပေါ**။ ကာရဏ-အရ ဝဋ္ဋိတိုင်းသားတို့ လျှောက်ထားသောကြောင့် ပညတ်ပြီးသော ပါရာဇိကသိက္ခာပုဒ်ကို ပယ်နုတ်ခြင်းတည်း ဟူသော အကြောင်းသည် မုချ။ ယင်း၏ ပယ်တော်မူသော မြတ်စွာဘုရားနှင့် အာရုံ- အာရမ္မဏိက/ ကမ္မ ကမ္မိ/ပဟာတဗ္ဗ ပဟာယက စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော

http://www.dhammadownload.com



ဝဋ္ဋိတိုင်းသားတို့ လျှောက်ထားသောကြောင့် ပညတ်ပြီးသော ပါရာဇိကသိက္ခာပုဒ်ကို ပယ်နုတ်ခြင်းတည်းဟူသော အကြောင်းကို ပယ်တော်မူသော မြတ်စွာဘုရား ရ၏။

ကာရဏပဋိက္ခေပသာ ဝစနံ **ကာရဏပဋိက္ခေပဝစနံ**။ ဆဋ္ဌီတပ္ပုရိသ်၊ ကာရဏပဋိက္ခေပ ပုဒ်+ဝစနပုဒ်။ ကာရဏပဋိက္ခေပ-အရ ဝဋ္ဋိတိုင်းသားတို့ လျှောက်ထားသောကြောင့် ပညတ်ပြီးသော ပါရာဇိကသိက္ခာပုဒ်ကို ပယ်နုတ်ခြင်းတည်းဟူသော အကြောင်းကို ပယ်တော်မူသော မြတ်စွာဘုရားဖြစ်သည် မှချ။ ယင်း၏ အဌာနမေတံ-စသော စကားတော်နှင့် ဒေသက ဒေသေတဗ္ဗ စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော ဝဋ္ဋိ (ပ) စကားတော်ရ၏။

➤ ၆။ (က) ဖြင့် အဌာနံ-၌ ဌာန-သဒ္ဒါ၏ ကာရဏအနက်ကို ဟော--ရင်း (နာမလိင်္ဂတ္ထ) အ-သဒ္ဒါ ပဋိက္ခေပအနက်ဟော--ရင်း (နိပါတလိင်္ဂတ္ထ) အနဝကာသော-၌ ဩကာသ-သဒ္ဒါ ဌာနအနက်ဟော--ရင်း (နာမလိင်္ဂတ္ထ) အ-သဒ္ဒါ၏ ပဋိက္ခေပအနက် ဟော--ရင်း (နိပါတလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ ကာရဏံ ဌာနဥ္စ အဝကာသောစာတိ ဝုစ္စတိ-ဖြင့် ဌာနသဒ္ဒါ အဝကာသ-သဒ္ဒါသည် အသီးသီး ကာရဏအနက်ကို ဟောသတည်းဟု သိစေသည်။(နာမလိင်္ဂတ္ထ)

တတ္ထ ဖလံ တိဋ္ဌတိ-ဖြင့် တိဋ္ဌတိ ဖလံ ဧတ္ထာတိ ဌာနံ-ဟု အဓိကရဏသာဓနဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ယုပစ္စည်း၏ အဓိကရဏသာဓန၌သက်--ရင်း (ဒုပစ္စယတ္ထ) တိဋ္ဌတိ-၏ ကတ္တားကား ဖလ-တည်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေသည်။

တံ ဩကာသော ဟောတိ-ဖြင့် အဝကာသပုဒ်ကို အဝကာသတိ ပတိဋ္ဌာတိ ဧတ္ထာတိ အဝကာသော-ဟု ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ အဓိကရဏသာဓန၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

(ဂ) ၌ တံ ပဋိက္ခိပန္တော-ဖြင့် ပဋိက္ခေပပုဒ်ကို ပဋိက္ခိပန္တောတိ ပဋိက္ခေပေါ (သပဒ) ပဋိက္ခိပတီတိ ပဋိက္ခေပေါ (အသပဒ) ဟု ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ ကတ္တုသာဓန၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ကာရဏနှင့် ပဋိက္ခေပကို ကာရဏံ ပဋိက္ခေပေါ ကာရဏပဋိက္ခေပေါ-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဃ) ၌ ဧတံ ဌာနံ-ဖြင့် အဌာနမေတံ-ကို အဌာနံ+ဧတံ-ဟု ပဒစ္ဆေဒပြု--ရင်း (သန္ဓိလိင်္ဂပဒ) အဌာနံ-၌ အ-သဒ္ဒါ၏ န-သဒ္ဒါ၏ ကာရိယ၏--ရင်း (နိပါတလိင်္ဂပဒ) န ဌာနံ အဌာနံ-ဟု တပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) န-သဒ္ဒါ ပဋိသေဓ အနက် ဟော--ရင်း (နိပါတလိင်္ဂတ္ထ) အနဝကာသော-၌ အန-သဒ္ဒါ န-သဒ္ဒါ၏ ကာရိယ ၏--ရင်း (နိပါတလိင်္ဂပဒ) န အဝကာသော အနဝကာသော-ဟု တပ္ပုရိသ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) န-သဒ္ဒါ၏ ပဋိသေဓ အနက် ဟော--ရင်း (နိပါတလိင်္ဂတ္ထ) သိစေပါသည်။

http://www.dhammadownload.com



➢ ၃။ **တဒါယတ္တဝုတ္တိ/တမာယတ္တဝုတ္တိ** ။ ။ တ-ပုဒ်နှင့် အာယတ္တပုဒ်တို့ သမာသ်စပ်ရာဝယ် သမာသ်ပြီးသောအခါ တ-ထက်၌ နိဂ္ဂဟိတ်လာ၊ သမာသေ ဒေါ တိလိင်ေ (နီတိ-သုတ္တ) ဖြင့် နိဂ္ဂဟိတ်ကို ဒ-ပြု၍ ပြီးသောကြောင့် တဒါယတ္တဝုတ္တိ-ပါဌ်သင့်၏။

**တဒါယတ္တဘာဝေန/တဒါယတ္တဝုတ္တိဘာဝေန** ။ ။ ယောဇနာ-၌ တဒါယတ္တဘာဝေနာတိ တေန ကာရဏေန ပဋိဗဒ္ဓဘာဝေန-ဟု ရှိသောကြောင့်ရင်း၊ တဒါယတ္တဘာဝေန၊ ထိုအကြောင်းနှင့် စပ်သည်၏အဖြစ်ကြောင့်-ဟု အနက်ပေးရသောကြောင့်ရင်း တဒါယတ္တဘာဝေန-ပါဌ် သင့်ပါသည်။

တဒါယတ္တဝုတ္တိဘာဝေန-ဟု ရှိလျှင် ထိုအကြောင်းနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်-ဟု အနက်ပေးရသောကြောင့်ရင်း၊ တေန အာယတ္တာ တဒါယတ္တာ။ တဒါယတ္တာ ဝုတ္တိ ဧတဿ ဖလဿာတိ တဒါယတ္တဝုတ္တိ။ တဒါယတ္တဝုတ္တိနော ဘာဝေါ တဒါယတ္တဝုတ္တိဘာဝေါ-ဟု ဝစနတ္ထပြုရသောကြောင့်ရင်း တဒါယတ္တဝုတ္တိဘာဝေန-ပါဌ်လည်းသင့်၏။

➢ ၈။ **ဋ္ဌာန-ကား** အပေါင်းဖြစ်သော ဣဿရိယ, ဩကာသ, ဟေတု, ဌိတိ အနက်တို့၏ "ဌာန"ဟူသောအမည်ကို အစိတ်ဖြစ်သော အကြောင်းဟော ဟေတု- အနက်၌တင်-- ဧကဒေသျူပစာ။ နေယျတ္ထနည်း၊ ရုဠ္ဟီနည်း။

## ဓါကျ [၉၈]

(က) **ယံ တထာဂတောတိ** ယေန တထာဂတော ဝဏ္ဏိနိ ဝါ (ပ) သမ္ဗန္ဓေနယျ၊ **တံ** ကာရဏံ နတ္ထီတိ အတ္ထော။ (ခ) ယဒိ ဟိ ဘဂဝါ ဧတေသံ "လဘေယျာမ ဥပသမ္ပဒ"န္တိ ယာစန္တာနံ ဥပသမ္ပဒံ ဒဒေယျ၊ ဧဝံ သန္တေ "ပါရာဇိကော ဟောတိ အသံဝါသော"တိ ပညတ္တံ သမုဟနေယျ။ (ဂ) ယသ္မာ ပနေတံ သမုဟနတိ၊ တသ္မာ "အဋ္ဌာနမေတ"န္တိ အာဒိ မာဟ။ (ဃ) **သော တထာဂတော န ဥပသမ္ပာဒေတဗ္ဗောတိ** ယဒိ ဟိ ဧဝံ အာဂတော ဥပသမ္ပဒံ လဘေယျ၊ သာသနေ အဂါရဝေါ ဘဝေယျ။ (င) သာမဏေရဘူမိယံ ပန ဌိတော သဂါရဝေါစ ဘဝိဿတိ၊ အတ္တတ္ထဉ္စ ကရိဿတီတိ ဉတွာ အနုကမ္ပမာနော ဘဂဝါ အာဟ "သော အာဂတော န ဥပသမ္ပာဒေတဗ္ဗော"တိ။

(ဋ္ဌ၊၁၉၅။ မအ္ဃ၊တ၊၁၁၉။ ဘာသာဋီ၊၃၊၃၁၂။)

➢ ၁။ **ဥပသမ္ပဒံ**-လောကီ စည်းစိမ် ချမ်းသာတို့ထက် အဆင့်မြင့်မြတ်သော ချမ်းသာကို။ (သဒ္ဒတ္ထ) ရဟန်းအဖြစ်ကို။ (အဓိပ္ပါယတ္ထ/ဝေါဟာရတ္ထ)

➢ ၂။ (ခ) **သို့/ အာဘောဂါယတ္တအဆာ** ။ ။ ဆရာသည် (က) ဖြင့် ဝဇ္ဇီတိုင်းသားတို့၏ရင်း၊ ဝဇ္ဇီတိုင်း ဝေသာလီပြည်သားတို့၏ရင်း ရဟန်းပြုခွင့်တောင်းခြင်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်ပြီးသော သိက္ခာပုဒ်ကို ပယ်နှုတ်စရာ အကြောင်းမရှိဟု ဆို၏။ ထိုအမျိုးသားတို့သည် ပဉ္စင်းအဖြစ်ကိုသာ ခွင့်တောင်းကြကုန်သည် မဟုတ်ပါလော

http://www.dhammadownload.com



(အန္ဝယ) ပညတ်တော်မူအပ်ပြီးသော သိက္ခာပုဒ်ကို နုတ်ခြင်းကို ခွင့်မတောင်းကြကုန်သည် မဟုတ်ပါလော။ (ဇှုတိရေက) အဘယ်သို့လျှင် ပဌင်းအဖြစ်ကို ခွင့်ပြုတော်မူခြင်းဖြင့် သိက္ခာပုဒ်ကို ပယ်နုတ်ခြင်းမည်သည် ဖြစ်ရာသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(စ) ၌ **ဧဝံသန္တေ-ဝါကျသို့/** ဆရာသည် (ခ) ၌ ယဒိ ဟိ (ပ) ဒဒေယျ-ဝါကျဖြင့် ဘုရားရှင်သည် "လဘေယျာမ ဥပသမ္ပဒံ"ဟု ရဟန်းပြုခွင့်တောင်းပန်ကြကုန်သော ဝဇ္ဇိပုတ္တကရဟန်းတို့အား ရဟန်းပဌင်းအဖြစ်ကို အကယ်၍ ပေးခြားအံ့-ဟု(ပရိကပ္ပ) အယုတ္တိစကားကို ဆို၏။ ယင်းသို့ ရဟန်းပြုခွင့်ကို ပေးလိုက်လျှင် အဘယ်အပြစ်ဒေါသကို ရအပ်ရနိုင်ပါသနည်း။ ရအပ်သော အပြစ်ဒေါသကို ဆရာ မပြေပြီလော။ စုဒ်ကြောင့် ဧဝံ သန္တေ (ပ) သမူဟနေယျ-ဝါကျကိုမိန့်။

(ဂ) **သို့/ အနုသန္ဓေ**။ ။ ဤသို့ (ခ) ဖြင့် ရဟန်းပြုခွင့် ပေးလိုက်လျှင် ပညတ်တော်မူအပ်ပြီးသော သိက္ခာပုဒ်ကို ပယ်နုတ်သည်မည်ရာ၏ဟု ဇှုတိရေကကို ပြပြီး၍ ယခုအခါ၌ အန္ဝယကို ပြလိုသော ဆရာသည် (ဂ) မိန့်။

(ဃ) **သို့/ သံဗန္ဓာနုသန္ဓေ**။ ။ ဆရာ၊ မြတ်စွာဘုရားသည် သော အာဂတော န ဥပသမ္ပာဒေတဗ္ဗော-ဟု မိန့်တော်မူ၏။ အဘယ်ကြောင့် ယင်းသို့ မိန့်တော်မူပါသနည်း။ ယင်းသို့ မိန့်တော်မူခြင်း၏ အကြောင်းကို မဆိုပြီလော။ စုဒ်ကြောင့် ယဒိ ဟိ-စသည်မိန့်။

(င) **သို့/ အနုသန္ဓေ**။ ။ ဤသို့ (ဃ) ဖြင့် သိက္ခာ မချဘဲ မေထုန်မှီဝဲလာသောသူသည် ရဟန်းအဖြစ်ကို အကယ်၍ရခဲ့အံ့၊ သာသနာတော်၌ မရှိသေခြင်းဖြစ်ရာ၏ဟု ဇှုတိရေက အနက်အဓိပ္ပါယ်ကို ပြပြီး၍ ယခုအခါ၌ "သော အာဂတော န ဥပသမ္ပာဒေတဗ္ဗော" ဟူ၍ ဟောတော်မူသောကြောင့် စကားကျအားဖြင့် သာမဏေဘုံ၌ ခွင့်ပြုတော်မူ၏ ဟူသော အန္ဝယအဓိပ္ပါယ်ကို ပြတော်မူလိုသော ဆရာသည် (င) မိန့်။

➤ ၃။ (ခ) သည် ယုတ္တိဒဋ္ဌိကရဏ။/အဋ္ဌာနဖြစ်ပုံကို ထင်ရှားပြသောကြောင့် တပ္ပါကဋ္ဌိကရဏ။ ထိုတွင် ယဒိ ဟိ-စသည်ကား အယုတ္တိဝါကျ။ ဧဝံ သန္တေ-စသည်ကား လဒ္ဓဒေါသဝါကျ။ (ဂ) အန္ဝယ။ ယင်း၌ ကာရဏ-ဖလ/အနိယမ-နိယမခွဲ။ (ဃ) ပက္ခန္တရ ယုတ္တိဒဋ္ဌိကရဏ။ (င) ဇှုတိရေကမှတစ်ပါး အန္ဝယကိုပြသောကြောင့် ပက္ခန္တရ။

➤ ၄။ လောကိယသမ္ပဒါဟိ ဥပရိဘူတာ သေဋ္ဌဘူတာ သမ္ပဒါတိ **ဥပသမ္ပဒါ**။

(လောကိယသမ္ပဒါဟိ၊လောကီစည်းစိမ်ချမ်းသာတို့ထက်။ဥပရိဘူတာ၊အဆင့်မြင့်သည်ဖြစ်၍ဖြစ်သော။သေဋ္ဌဘူတာ၊မြတ်သည်ဖြစ်၍ဖြစ်သော။သမ္ပဒါ၊စည်းစိမ်ချမ်းသာတည်း။) ဝိသေသနပုဗ္ဗပဒကမ္မဓာရယ်၊ ဥပပုဒ်+သမ္ပဒါပုဒ်။ ဥပ-ဟူသော ဝိသေသနပုဒ်အရ-လောကီစည်းစိမ်တို့ထက် အဆင့်မြင့်ခြင်း ဥပရိဘောဂုဏ်၊ မြတ်ခြင်းသေဋ္ဌဘောဂုဏ် သည် မှချ။ ယင်း၏ စည်းစိမ်နှင့် ဂုဏ် ဂုဏေး စပ် ဌာနူ။ ပုဒ်လုံးအရကား ထို-သော လောကီစည်းစိမ် ချမ်းသာတို့ထက် အဆင့်မြင့်မြတ်သော စည်းစိမ် (ဝါ) ရဟန်းဘဝ ရ၏။(ဝိမတိ)

http://www.dhammadownload.com



ဥပရိဘူတာ အဂ္ဂဘူတာ သမ္ပဒါ **ဥပသမ္ပဒါ**။ (သာရတ္ထ) ဥပ-အရ မြင့်မြတ်သော ဂုဏ်သည် မုချ။ ထို၏ ပြည့်စုံခြင်း အနုသာသနသမ္ပတ္တိ စသည်နှင့် (ဝါ) ရဟန်း၏အဖြစ် နှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော အနုသာသနသမ္ပတ္တိ စသည်ဟု ဆို အပ်သော ရဟန်း၏အဖြစ် ရ၏။ * အတ္တနော အတ္ထော **အတ္တနတ္ထော**။

သမ္ပဇ္ဇနံ သမ္ပဒါ။ သမ္ပဇ္ဇတိ **တောယာတိ** ဝါ **သမ္ပဒါ**။ သံ-ဥပသာရပုဒ်အရ ဓာတွတ္ထ ဝိသေသကဘောဂုဏ် ရ၏။ ပဒဓာတ်အရ ကတ္တုဠကား သီလ သမာဓိ ပညာသည် မုချ။ ကရဏဠကား အနုသာသနသမ္ပတ္တိ စသည်၏ ပကတ္ယပနိသျှသတ္တိသည် ဖလူ။ အ-အရ အနုသာသနသမ္ပတ္တိ စသည်ရ၏။ (ဝါ) ရဟန်း၏အဖြစ်ရ၏။

နတ္ထိ ဂါရဝေါ တဿာတိ **အဂါရဝေါ**။ * သမဏဿ အပစ္စံ **သာမဏေရော**။ သာမဏေရဿ ဘူမိ **သာမဏေရဘူမိ**။ * သံဝိဇ္ဇတိ ဂါရဝေါ တဿာတိ **သဂါရဝေါ**။

➢ ၆။ (က) ၌ ယေန-ဖြင့် ယံတထာဂတော-၌ ယံ-သဒ္ဒါကား ကာရဏတ္ထနိပါတ် တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂပဒ/နိပါတလိင်္ဂတ္ထ)

(တနည်း) ယေန-ဖြင့် ယံ-၌ ပထမာဝိဘတ်သည် လိင်္ဂတ္ထ၌ မသက်၊ ကာရဏ (ဟိတ်) အနက်၌ သက်သတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

တံ ကာရဏံ နတ္ထိ-ဖြင့် ယံ တထာဂတော-၌ ယံ-ဟူသော အနိယတ်ကား တံ-ဟူသော နိယတ်ကို ငဲ့သတည်း။ (ဝါ) ယံ-ဟူသော အနိယတ်၏ နိယတ်ဝါကျကား တံ ကာရဏံ နတ္ထိ-တည်းဟု သိစေပါသည်။ (သမ္ဗန္ဓ/ဘာဝတ္ထ)

➢ ၇။ **သမ္မုဟနတိ/သမုဟနတိ၊ သမ္မုဟနေယျ/သမုဟနေယျ**

မဗ္ဗေ ဝိပရီတော သမ္မုဟတော ဣစ္စာဒိ-ဟူသော (နီတိ-သုတ္တ) တဗ္ဗိပရီတူပပဒေ ဗျဥ္ဇနေစ (ကစ္စည်း) ဟန-ဟိံသာယံ (ပ) သမ္မုဟတော အဝိပ္ပဝါသော သမ္မုဟတော သီမာ (နိရုတ္တိဒီပနီ) တို့ကိုထောက်၍ သမ္မုဟနတိ-ကား သံရှေ့ အဝရှေ့ရှိသော ဟနဓာတ်၊ အ ပစ္စည်း၊ တိဝိဘတ်၊ ဟနတိပုဒ်၏ အနီး၌တည်သော အဝ-ကို ဩ-၏ ဝိပရိတ် ဥပြု၊ သံ- အထက်၌ နိဂ္ဂဟိတ်ကို မ-ပြု၊ မ-ကို ဥ-သို့ကပ်လျှင် သမုဟနတိ-ဟု ပြီးသည်၊ ဥ-ကို ဦ ဒီဃပြုလျှင် သမ္မူဟနတိ-ဟု ပြီးသည်။ ထို့ကြောင့် နှစ်ပါဌ်လုံး သင့်ပါသည်။

**ဥတ္တမတ္ထံ/ဥတ္တာမတ္ထံ** ။ ။ သာရတ္ထဋီကာ၌ ဥတ္တမတ္ထန္တိ အရဟတ္တံ၊ နိဗ္ဗာန မေဝ ဝါ-ဟု ဖွင့်သောကြောင့်ရင်း၊ ဥတ္တမော အတ္ထော ဥတ္တမတ္ထော-ဟု ဝိဂ္ဂဟပြု၍ ဥတ္တမတ္ထ-အရ အရဟတ္တဖိုလ် နိဗ္ဗာန် နှစ်မျိုးလုံးကို အရကောက်နိုင်သောကြောင့်ရင်း ဥတ္တမတ္ထံ-သင့်။

➢ ၈။ **ဥတ္တမတ္ထ**-ကား အပေါင်းဖြစ်သော မြတ်သောအကျိုးမှန်သမျှ၏ "ဥတ္တမတ္ထ" ဟူသောအမည်ကို အစိတ်ဖြစ်သော အရဟတ္တဖိုလ် နိဗ္ဗာန်၌တင်-- ဧကဒေသူပစာ။

**သော အာဂတော န ဥပသမ္ပာဒေတဗ္ဗော**-ဟူသောနည်းသည် ရဟန်းခံ မပေးအပ် ဟူသော ဗျတိရေကကိုဆိုသဖြင့် သာမဏေမှုကား ပြုပေးအပ်၏ဟူသော အနက်ရောက်

http://www.dhammadownload.com



သော အားဖြင့် ယူရသောကြောင့် အတ္တာပန္နနည်း မည်၏။

**အာသန္န အာဂါရဝ**-ကား အကျိုး-မကောင်းတတ်သော သာသန အဂါရဝကို ဆိုသဖြင့် အကြောင်း မကောင်းရာဖြစ်သော ဝိပ္ပန္နသီလကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း။ ဖလူပစာ။

➤ ၁၀။ ဥဇ္ဇုမဇ္ဈ-အရ အရဟတ္တဖိုလ် (ဝါ) နိဗ္ဗာန်ကိုယူ။

**ပါဌ် [၉၁]**

**(က) ဣဒါနိဿ အတ္ထံ ဝိဘဇန္တော "ယော ပနာတိ ယော ယာဒိသော"တိ အာဒိမာဟ။**

**(ခ) တသ္မိံ ပန သိက္ခာပဒေစ သိက္ခာပဒဝိဘင်္ဂေစ သကလေစ ဝိနယဝိနိစ္ဆယေ ကောသလ္လံ ပတ္ထယန္တေန စတ္တာရော ဝိနယာ ဇာနိတဗ္ဗာ။**

**(ဂ) စတ္တာရော ဟိ ဝိနယေ၊ မဟာထေရာ မဟိဒ္ဓိကာ။ နီဟရိတွာ ပကာသေသုံ၊ ဓမ္မသင်္ဂါဟကာ ပုရာ။ (ဃ) ကတမေ စတ္တာရော? သုတ္တံ သုတ္တာနုလောမံ အာစရိယဝါဒံ အတ္တနောမတိံ။ (င) ယံ သန္ဓာယ ဝုတ္တံ "အာဟစ္စပဒေန ရသေန အာစရိယဝံသေန အဓိပ္ပါယာ"တိ။ (စ) ဧတ္ထ ဟိ အာဟစ္စပဒန္တိ သုတ္တံ အဓိပ္ပေတံ။ ရသောတိ သုတ္တာနုလောမံ၊ အာစရိယဝံသောတိ အာစရိယဝါဒေါ၊ အဓိပ္ပါယောတိ အတ္တနောမတိ။**

**(ဆ) တတ္ထ သုတ္တံ နာမ သကလေ ဝိနယပိဋကေ ပါဠိ။ (ဇ) သုတ္တာနုလောမံ နာမ စတ္တာရော မဟာပဒေသာ။ (ဈ) အာစရိယဝါဒေါ နာမ ဓမ္မသင်္ဂါဟကေဟိ ပဉ္စဟိ အရဟန္တသတေဟိ ဌပိတာ ပါဠိဝိနိမုတ္တာ ဩက္ကန္တဝိနိစ္ဆယပ္ပဝတ္တာ အဋ္ဌကထာတန္တိ။**

(ဋ္ဌ၊ ၁၉၅။ မအ္ဂ၊ တ၊ ၁၂၀။ ဘာသာဋီ၊ ၁၊ ၃၁၄။)

➤ ၂။ (ခ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ယော ပနာတိ ယော ယာဒိသော စသော ပါဠိတော်၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ပြပြီး၍ ယခုအခါ၌ စကားချပ်ကို ပြလိုသော ဆရာသည် (ခ) မိန့်၏။

(ခ) သို့/ ဆရာသည် (က) ဖြင့် ယော ပနာတိ ယော ယာဒိသော စသော ပါဠိတော်၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ပြဆိုတော်မူ၏။ သိက္ခာပုဒ် စသည်၌ လိမ္မာသောသူ၏ အဖြစ်ကို တောင့်တသော ပုဂ္ဂိုလ်သည် အဘယ်ကို သိအပ်ပါသနည်း။ (ခ) မိန့်၏။

(ဂ) သို့/ **အယုတ္တာဟောဇအော** ။ ။ ဆရာသည် (ခ) ဖြင့် လေးပါးအပြားရှိသော ဝိနည်းကို သိအပ်၏ဟု ဆိုတော်မူ၏။ ထိုစကား အသို့သင့်ရာပါအံ့နည်း။ ဝိနည်းသည် သာမညလက္ခဏာအားဖြင့် တစ်ပါးသော အဘို့ရှိသည် မဟုတ်ပါလော။ (ဝါ) ဝိနည်း သိက္ခာပုဒ်၏ အစွမ်းဖြင့် လေးပါးမက များစွာသော အပြားရှိသည် မဟုတ်ပါလော။

(ဃ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် လေးပါးအပြားရှိသော ဝိနည်းကို ပြပြီး၍ (ဝါ) (ဂ) ဖြင့် ရှေးအခါ သင်္ဂါယနာတင်ထေရ်တို့သည် **ဝိနည်း၏** လေးပါးအပြားရှိသည်

http://www.dhammadownload.com



၏ အဖြစ်ကို အာဂမအားဖြင့် မိမိစကားကို မြဲမြံစွာပြပြီး၍ ယခုအခါ၌ စတုဗ္ဗိဓ ဝိနယ သရုပ်ကို ကထေတုကမျတာပုစ္ဆာနှင့်တကွ ပြခြင်းငှာ (ဃ) မိန့်။

**(စ) သို့/ အာ[illegible]** ။ ။ ဆရာသည် (င) ဖြင့် သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, **အတ္တ**နောမတိ-ဟု ဝိနည်းလေးပါး အပြားရှိ၏ဟု ဆိုခဲ့သော သာဓျစကားကို အာဟ**စ္စပ**ဒေန, ရသေန, အာစရိယဝံသေန, အဓိပ္ပါယာ-ဟူသော မိလိန္ဒပဥှာပါဠိတော်ဖြင့် **သာဓက**ပြ၍ ဖွင့်ဆိုတော်မူ၏။ သုတ္တ, သုတ္တာနုလောမ-စသော သာဓျစကားနှင့် **အာဟစ္စ**ပဒေန ရသေန-အစရှိသော မိလိန္ဒပဥှာ ပါဠိတော် သာဓကစကားတို့သည် မတူညီဘဲ ကွဲပြားနေကြသည် မဟုတ်ပါလော။ ဆရာစကားသည် အသို့လျှင် သင့်ရာပါအံ့နည်း။ စုဒ်ကြောင့် (စ) မိန့်။

**ဖြေ**-သာဓျနှင့် သာဓကသည် မတူညီကြသော်လည်း အာဟစ္စပဒဟူသည် သုတ္တ၊ ရသဟူသည် သုတ္တာနုလောမ၊ အာစရိယဝံသဟူသည် အာစရိယဝါဒ၊ အဓိပ္ပါယဟူသည် အတ္တနောမတိ-ပင်ဖြစ်၍ အနက်အရကောက်အားဖြင့် တူညီသောကြောင့် ငါ့စကား သင့်ပါ၏ဟူလို။

**(ဆ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဃ-င-စ) တို့ဖြင့် သုတ္တ သုတ္တာနုလောမ စသည်ဖြင့် ဝိနည်းလေးပါးရှိကြောင်းကို ယုတ္တိနှင့်တကွ အကျဉ်းပြဆိုပြီး၍ ယခုအခါ၌ ဤအရာ၏ ဝိနည်းအဆုံးအဖြတ်၏ အရာဖြစ်သောကြောင့် ဝိနည်းအဆုံးအဖြတ်အား လျော်သည် သာလျှင်ဖြစ်သော သုတ္တ-အရကို အကျယ်ချဲ့ပြလိုသော ဆရာသည် (ဆ) မိန့်။

➤ ၃။ (ခ) ဝါကျာရမ္ဘ။/ပကဏ္ဍ္ဍရ။ (ဂ) ယုတ္တိဒဋ္ဌိကရဏ။/ဝိတ္ထာရ။ (ဃ) ကား စတုဗ္ဗိဓ ဝိနယကို အကျယ်ပြသောကြောင့် ဝိတ္ထာရ။ (င) အာဂမဒဋ္ဌိကရဏ။ (စ) ယုတ္တိဒဋ္ဌိကရဏ။/ဝါကျာရမ္ဘ။ (ဆ) သုတ္တ-အရကို အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရ။

➤ ၄။ မဟန္တာ ပဒေသာ **မဟာပဒေသာ**။ (မဟန္တာ၊ကြီးစွာကုန်သော။ (ဝါ) အရေးကြီး အရေးပါကုန်သော။ပဒေသာ၊ဝိနည်းကိုတည်တန့် စေကုန်ရာတို့တည်း။) မဟန္တပုဒ်+ ပဒေသပုဒ်။ မဟန္တ-အရ ကြီးခြင်း (ဝါ) အရေးကြီး အရေးပါခြင်း မဟန္တဘောဂုဏ်သည် မုချ။ ယင်း၏ ဝိနည်းကိုတည်စေရာနှင့် (တနည်း) ယင်း၏ ဝိနည်းကို ဆုံးဖြတ်ခြင်း၏ အကြောင်းနှင့် ဂုဏ်ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော ကြီးကုန် (ဝါ) အရေးကြီး အရေးပါကုန်သော ဝိနည်းကိုတည်စေကုန်ရာ (တနည်း) ဝိနည်းကို ဆုံးဖြတ်ခြင်း၏ အကြောင်းတို့ရ၏။

ပဒ္ဓတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။ ဘဂဝတော ကဏ္ဌာဒိဝဏ္ဏုပ္ပဝတ္တိဋ္ဌာနံ အာဟစ္စ ဝိသေသေတွာ ဘာသိတံ ပဒံ **အာဟစ္စပဒံ**။ (သာရတ္ထ)

အာဟစ္စ ဘာသိတံ ပဒံ **အာဟစ္စပဒံ**။ (အာဟစ္စ၊မြတ်စွာဘုရားသည် လည်ချောင်း အစရှိသော အက္ခရာတို့၏ ဖြစ်ရာအရပ်ကို အထူးပြု၍။ဘာသိတံ၊ဟောတော်မူအပ်သော

http://www.dhammadownload.com



ပဒံ၊ပုဒ်တည်း။) မဇ္ဈေလောပီ ပထမာတပ္ပုရိသ်၊ အာဟစ္စ+ပဒ။ အာဟစ္စ-အရ မြတ်စွာဘုရားသည် လည်ချောင်း အစရှိသော အက္ခရာတို့၏ ဖြစ်ရာအရပ်ကို အထူးပြု၍ ဟောတော်မူခြင်း အာဟစ္စဘောဂုဏ်သည် မှုချ။ ယင်း၏ ဟောအပ်သော ပုဒ်နှင့် ဂုဏ်ဂုဏီး စပ် ဌာန္။ ပုဒ်လုံးအရ ထို-သော မြတ်စွာဘုရားသည် လည်ချောင်းအစရှိသော အက္ခရာတို့၏ ဖြစ်ရာအရပ်ကို အထူးပြု၍ ဟောတော်မူအပ်သော ပုဒ်ရ၏။

အာစရိယာ ဝဒန္တိ သံဝဏ္ဏေန္တိ ပါဠိံ ဧတေနာတိ **အာစရိယဝါဒေါ**။ (သာရတ္ထ)

အာဘုသော စရန္တီတိ **အာစရိယာ**။ * မဟန္တိ ဣဒ္ဓိ ဧတေသန္တိ **မဟိဒ္ဓိကာ**။

ဝဒန္တိ သံဝဏ္ဏေန္တိ ပါဠိံ ဧတေနာတိ **ဝါဒေါ**။ (ဧတေန၊ဤပကိဏ္ဏကဒေသနာဟူသော အဌကထာအစဉ်ဖြင့်။ပါဠိံ၊ပါဠိကို။အာစရိယာ၊သင်္ဂီတိကာရက မထေရ်ဟူသော ဆရာတို့သည်။ဝဒန္တိ သံဝဏ္ဏေန္တိ၊ဖွင့်ဆိုကုန်၏။ဣတိ၊ကြောင့်။သော၊ထိုပကိဏ္ဏကဒေသနာဟူသော အဌကထာအစဉ်သည်။ဝါဒေါ၊ဝါဒမည်၏။) ကရဏသာဓနေ၊ ဝဒ+ဏ။

ဝဒဓာတ်အရ ကတ္တုဌ ကြိယာကား သင်္ဂီတိကာရကမထေရ်တို့၏ သတိ ဝီရိယ ဉာဏ်စသည်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် မှုချ။ ကရဏဌကား ထိုအားတပ်သော ပကိဏ္ဏကဒေသနာဟူသော အဌကထာ ပါဠိ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ဏပစ္စည်း-အရ ပကိဏ္ဏကဒေသနာ ဟူသော အဌကထာပါဠိ ရ၏။

အာစရိယာနံ ဝါဒေါ **အာစရိယဝါဒေါ**။ အာစရိယ-အရ သင်္ဂီတိကာရကဖြစ်ကြကုန်သော ထေရ်ဆရာတို့သည် မှုချ။ ထို၏ ပကိဏ္ဏကဒေသနာဟူသော အဌကထာပါဠိနှင့် ဒေသက ဒေသေတဗ္ဗ/သာမေ သာမျ စပ် ဌာန္။ ပုဒ်လုံးအရ သင်္ဂီတိကာရကဖြစ်ကြကုန်သော ထေရ်ဆရာတို့၏ ပကိဏ္ဏကဒေသနာဟူသော အဌကထာပါဠိရ၏။

ပူဇာ မဟန္တိ ဝဍ္ဎန္တီတိ **မဟန္တာ**။ မဟဓာတ်အရ ဝဍ္ဎောဝုဍ္ဎိဘာဝ ရ၏။ အန္တပစ္စည်းအရ မထေရ်ရ၏။ * မဟီယန္တေ ပူဇီယန္တေတိ **မဟိတာ**။ မဟဓာတ်အရ ကတ္တုဌကား ပူဇော်သောအခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဓါ မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှုချ။ ကမ္မဌကား ဆရာ၏ ပကတူပနိဿယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရ ဆရာဖြစ်ရ၏။

ထိရန္တိ ဒဠှံ ဘဝန္တီတိ ထိရာ။ ထိရန္တိ သီလာဒိ ဂုဏေဟီတိ **ထေရာ**။ ထိရ-ဓာတ်အရ သီလ သမာဓိ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှုချ။ ဏပစ္စည်းအရ အရှင်မဟာကဿပ-စသော သင်္ဂါယနာတင် ထေရ်တို့ရ၏။

ထိရာ ဧတေ အတ္ထီတိ **ထေရာ**။ ထိရ-အရ သီလ-စသောဂုဏ်သည် မှုချ။ ထို-၏ မထေရ်နှင့် ဂုဏ် ဂုဏီး စပ် ဌာန္။ ဏပစ္စည်းအရ ထို-သော မထေရ်ဖြစ်ရ၏။

မဟန္တာ ထေရာ **မဟာထေရာ**။ မဟန္တ-အရ ကြီးသော ဂုဏ်သည် မှုချ။ ထို-၏ မထေရ်ဖြစ်နှင့် ဂုဏ် ဂုဏီး စပ် ဌာန္။ ပုဒ်လုံးအရ ထို-သော မဟာထေရ်ဖြစ်ရ၏။

တေ ပိဋကော ပန ပါဠိဓမ္မော သကတ္ထပရတ္ထာဒိဘေဒေ အတ္ထေ ဓာရေတီတိ **ဓမ္မော**။

http://www.dhammadownload.com



(ရေ+ရမ္ဘပစ္စည်း) ရေဓာတ်အရကား သကတ္တ ပရတ္တ စသည်တို့ကို ဆောင်တတ်သော သတ္တိသည် မူချ။ ရမ္ဘပစ္စည်းအရကား သတ္တိမန္တဖြစ်သော တရား ရ၏။

သင်္ဂဏှန္တိ ဓမ္မံ သမောဓာနေတွာ ဂဏှန္တီတိ **သင်္ဂါဟကာ**။ (သံပုဗ္ဗ ဂဟ+ဏွု)

သံ-ဥပသာရပုဒ်အရ သမောဓာနဘောဂုဏ်ရ၏။ ဂဟဓာတ်၏အရကား ပေါင်း၍ယူအပ် ရွတ်ဆိုသောအခြင်းအရာအားဖြင့်ဖြစ်သော သတိ ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မူချ။ ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူ။ နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူ။ ဏွုပစ္စည်းအရ -- ပေါင်း၍ယူအပ် ရွတ်ဆိုအပ်သော မဟာထေရ် ဖြစ် ရ၏။

ဓမ္မဿ သင်္ဂါဟကာ **ဓမ္မသင်္ဂါဟကာ**။ ဓမ္မ-အရ ပရိယတ်တရားသည် မူချ။ ထို-၏ ပေါင်း၍ ရွတ်ဆိုခြင်းနှင့် ကမ္မ ကမ္မီ စပ် ဌာနူ။ ပုဒ်လုံးအရ ပရိယတ္တိဓမ္မကို သင်္ဂါယနာတင်ကြကုန်သော မထေရ်တို့ဖြစ်ရ၏။ ✱ အတ္တနော သဿ မတိ **အတ္တနောမတိ**။

အာဟန္ဒာ ဘာသိတန္တိ အာဟစ္စ။ အာဟနတီတိ ဝါ **အာဟစ္စ**။ ဟနဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မူချ။ ရှေးရှေးသော ဉာဏ်သည် ဖလူ။ နောက်နောက်သော ဉာဏ်သည် ကာရဏူ။ တွာပစ္စည်းအရ ထို-သော ဘုရားဖြစ်ရ၏။

ပဇ္ဇတေ အနေနာတိ ပဒံ။ အာဟစ္စ ဝိသေသေတွာ ဘာသိတံ ပဒံ **အာဟစ္စပဒံ**။

အာဟစ္စ-အရ အထူးပြု၍ ဟောအပ်သော ဂုဏ်သည် မူချ။ ထို-၏ ဝိနည်းပါဠိနှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော အထူးပြု၍ ဟောအပ်သော ဝိနည်းပါဠိတော် ရ၏။

သုတ္တဿ အနုလောမံ **သုတ္တာနုလောမံ**။(သုတ္တဿ၊အလုံးစုံသော ဝိနည်းပိဋကပါဠိအား။ အနုလောမံ၊လျော်သည်တည်း။) သုတ္တ-အရ အလုံးစုံသော ဝိနယပိဋကပါဠိသည် မူချ။ ယင်း၏ လျော်သော မဟာပဒေသနှင့် အနုလောမဝန္တ အနုလောမ စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော အလုံးစုံသော ဝိနယပိဋကပါဠိအားလျော်သော မဟာပဒေသ ၄-ပါး ရ၏။

➢ ၆။ (စ) ၌ သုတ္တံ အဓိပ္ပေတံ-ဖြင့် အာဟစ္စပဒ-အရ သုတ်ကို အလိုရှိအပ်၏။ (ဝါ) သုတ်ကို ယူရမည်ဟု သိစေပါသည်။ (အဓိပ္ပေတတ္ထ (ဝါ) အဘိဓေယျတ္ထ)

သုတ္တာနုလောမံ-ဖြင့် ရသ-အရ သာမညလက္ခဏာရှိသော သုတ္တာနုလောမကို အလိုရှိအပ်၏။ (ဝါ) ယင်းကို ယူရမည်ဟု သိစေပါသည်။ (အဓိပ္ပေတတ္ထ (ဝါ) အဘိဓေယျတ္ထ)

အာစရိယဝါဒေါ-ဖြင့် အာစရိယဝံသဟူသည် သင်္ဂါယနာတင်အပ်သော မထေရ်တို့မှ စ၍ ဆရာအဆက်ဆက်ဆောင်အပ်သော အဋ္ဌကထာပါဠိကို အလိုရှိအပ်၏။ (ဝါ) အဋ္ဌကထာပါဠိကို ယူရမည်ဟု သိစေပါသည်။ (အဓိပ္ပေတတ္ထ (ဝါ) အဘိဓေယျတ္ထ)

အတ္တနောမတိ-ဖြင့် အဓိပ္ပါယ-အရ အတ္တနောမတိကို အလိုရှိအပ်၏။ (ဝါ) **အတ္တနောမတိကို ယူရမည်ဟု** သိစေပါသည်။ (အဓိပ္ပေတတ္ထ (ဝါ) အဘိဓေယျတ္ထ)

**(ဆ)** ဖြင့် **သုတ္တ-အရ ဝိနည်း**ကို ဆုံးဖြတ်ရာဖြစ်သောကြောင့် ယင်းအဆုံးအဖြတ်

http://www.dhammadownload.com



အားလျော်သော ဝိနည်းပိဋကပါဠိကို ယူရမည်။ (အန္ဓယ) သုတ္တန် အဘိဓမ္မာပိဋကပါဠိကို မယူရ (ဗျတိရေက) ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(ဓ) ဖြင့် သုတ္တာနုလောမ-အရ မဟာပဒေသ ၄-ပါးကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ) (၅) ဖြင့် အာစရိယ-အရ သင်္ဂီတိကာရက ရဟန္တာငါးရာကို ယူ--ရင်း (အဘိဓေယျတ္ထ) အာစရိယဝါဒေါပုဒ်ကို အာစရိယာနံ ဝါဒေါ အာစရိယဝါဒေါ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိစနတ္တပြု--ရင်း (သမာသလိင်္ဂတ္ထ) [တစ်နည်း] အာစရိယေဟိ ဌပိတော ဝါဒေါ အာစရိယဝါဒေါ-ဟု မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု ရမည်၏--ရင်း (သမာသလိင်္ဂတ္ထ) အာစရိယဝါဒ-အရ ပကိဏ္ဏကဒေသနာဟူသော အဋ္ဌကထာတန္တိကို ယူ--ရင်း (အဘိဓေယျတ္ထ) သိစေပါသည်။

➤ ၇။ **အာစရိယဝံသေန အဓိပ္ပါယာ/အာစရိယဝံသတာ အဓိပ္ပါယော** ။ ။ မိလိန္ဒပဉှ ပါဠိတော်၌ ပဉ္စဝိဓေဟိ မဟာရာဇ ကာရဏေဟိ အတ္ထော သမ္ဘဋ္ဋိတ္တဗ္ဗော၊ အာဟစ္စပဒေန ရသေန အာစရိယဝံသေန အဓိပ္ပါယာ ကာရဏုတ္တရိယတာယ-ဟု တတိယန္တပုဒ်တို့ဖြင့် ဟောတော်မူသည်ဖြစ်၍ အာစရိယဝံသေန-ဟု တတိယန္တနှင့်ရင်း, နာဝိဘတ်ကို အာပြု၍ အဓိပ္ပါယာ-ဟု တတိယန္တနှင့်ရင်း ပြီးသင့်သောကြောင့် "အာစရိယဝံသေန အဓိပ္ပါယာ" ပါဌ်သာ သင့်ပါသည်။ **နိဂ္ဂဟိတွာ/နိဂ္ဂဟိတွာ** ။ ။ နိဂ္ဂဟရဏေ နိဂ္ဂဟရတိ-ဟု ရှုပသိဒ္ဓိ ဆိုသောကြောင့် နိဂ္ဂဟိတွာ-ပါဌ်သာ သင့်ပါသည်။

➤ ၈။ (ယ) **သုတ္တံ**-ကား အပေါင်းဖြစ်သော သုတ်, အဘိဓမ္မာ, ဝိနည်း ပါဠိတို့၏ "သုတ္တ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဝိနည်းပါဠိ၌တင်-- ကေဒေသျူပစာ။ ရူဠှီ။

(ဆ) **သကလေ ဝိနယပိဋကေ**-ကား အစိတ်ဖြစ်သော ဝိနည်းပိဋကကို မှတ်၍ ဆိုသဖြင့် အပေါင်းဖြစ်သော သုံးပုံသော ပိဋကကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း နိဒဿနနည်း။ ကေဒေသူပစာ။ **သကလေစ ဝိနယဝိနိစ္ဆယေ** နည်းတူ။

**အတ္တနောမတိ**-ကား အကြောင်းဖြစ်သော မိမိ၏အလို (ဝါ) အသိဉာဏ်၏ "အတ္တနောမတိ"ဟူသောအမည်ကို အကျိုးဖြစ်သော မိမိအလိုဖြင့်ဆိုခြင်း မိမိအသိဉာဏ်ဖြင့် ဆိုခြင်း၌ (ဝါ) မိမိ၏အလို မိမိ၏အသိဉာဏ်ဖြင့် ဆိုအပ်သော စကား၌တင်-- ကာရဏူပစာ။ နာနန္တရိကနည်း။

**အာစရိယဝါဒ**-ကား အပေါင်းဖြစ်သော ဆရာအားလုံး၏ "အာစရိယ"ဟူသော အမည်ကို အစိတ်ဖြစ်သော သင်္ဂီတိကာရကထေရ် ငါးရာ၌တင်-- ကေဒေသျူပစာ။

➤ ၁၀။ **ပကာသေသုံ**-၌ ဓာတ်အရ သင်္ဂီတိကာရကမထေရ်တို့၏ သန္တာန်၌ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ။

**အနိုတ္တာစရိယ**-၌ ဓာတ်အရ စတုဗ္ဗိဓ ဝိနယကို သိသောဉာဏ်ကိုယူ။ ထို၏ ပဒဌာန်ကား စိန္တာမယဉာဏ်တည်း။ စသည်။

D-77-J

http://www.dhammadownload.com



## ဝါကျ [၉၂]

(က) **အတ္တနောမတိ** နာမ သုတ္တသုတ္တာနုလောမအာစရိယဝါဒေ မုဉ္စိတွာ အနုမာနေန အတ္တနော အနုဗုဒ္ဓိယာ နယဂ္ဂါဟေန ဥပဋ္ဌိတာကာရကထနံ။ (ခ) အပိစ သုတ္တန္တာဘိဓမ္မ ဝိနယဋ္ဌကထာသု အာဂတော သဗ္ဗောပိ ထေရဝါဒေါ အတ္တနောမတိ နာမ။ (ဂ) တံ ပန အတ္တနောမတိံ ဂဟေတွာ ကထေန္တေန န ဒဠှဂ္ဂါဟံ ဂဟေတွာ ဝေါဟရိတဗ္ဗံ။

(၃၊၁၉၆။ မဒ္ဒူ၊တ၊ ၁၂၃။ ဘာသာဋီ၊ဒု၊ ၃၁၇။)

➤ ၂။ (ခ) သို့/ **အနုသာသနေ** ။ ။ ဤသို့ (က) ဖြင့် အတ္တနောမတိကို သာမညအား ဖြင့် ရှေးဦးစွာ ပြပြီး၍ ယခုအခါ၌ ယင်းအတ္တနောမတိကို အထူးပြု၍ (ဝါ) အတ္တနောမတိ အထူးကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ဂ) သို့/ **အနုသာသနေ** ။ ။ ဤသို့ (က-ခ) တို့ဖြင့် အတ္တနောမတိကို သာမညအားဖြင့် ရင်း၊ ဝိသေသအားဖြင့်ရင်း ဖွင့်ပြပြီး၍ ယခုအခါ၌ ယင်းအတ္တနောမတိ-ဝယ် ကျင့်သင့် ကျင့်ထိုက်သော အခြင်းအရာကို ပြတော်မူလိုသော ဆရာသည် (ဂ) မိန့်။

(ဂ) သို့/ ဆရာသည် (က-ခ) တို့ဖြင့် အတ္တနောမတိကို သာမညအားဖြင့်ရင်း၊ ဝိသေသအားဖြင့်ရင်း ဖွင့်ပြတော်မူ၏။ အတ္တနောမတိကို ယူ၍ ဆိုသောရဟန်းသည် အဘယ်သို့လျှင် ကျင့်အပ်ပါသနည်း။ မြဲမြံစွာယူခြင်းကို ပြု၍ စကားကို ပြောဆိုအပ်ပါ သလော။ စုဒ်ကြောင့် (ဂ) မိန့်။

➤ ၃။ (ခ) ကား အတ္တနောမတိ အထူးကိုပြသောကြောင့် ဝိသေသ/အတ္တနော မတိကို သာမညအားဖြင့် ပြပြီးသည်မှတစ်ပါး ဝိသေသအားဖြင့် ပြသောကြောင့် ပက္ခန္တရ။ ထိုကိုထောက်၍ (က) ကား အတ္တနောမတိ သာမညကို ပြသောကြောင့် သာမညဝါကျ။ ပက္ခဝါကျ။ (ဂ) ကား အတ္တနောမတိ၌ ကျင့်အပ်သော အခြင်းအရာကို ဆက်လက်ပြ သောကြောင့် ဝါကျာရမ္ဘ။

➤ ၄။ အတ္တနော ဧဝ မတိ **အတ္တနောမတိ**။ (အတ္တနော ဧဝ၊မိမိ၏သာလျှင်။မတိ၊ အသိဉာဏ်တည်း။ (ဝါ) အလိုတည်း။) အလုတ္တဆဋ္ဌီတပ္ပုရိသ်သမာသ်။ အတ္တ+မတိပုဒ်။ အတ္တ-အရကား မိမိဖြစ်သည် မုချ။ ယင်း၏ အသိဉာဏ်နှင့် (ဝါ) အလိုနှင့် ဌာန ဌာနီ စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော မိမိ၏ အသိဉာဏ် (ဝါ) မိမိ၏အလိုရ၏။

ထိုသို့ပင်ရငြားသော်လည်း အတ္တနောမတိ-သဒ္ဒါသည် ဥပစာသဒ္ဒါဖြစ်သောကြောင့် မိမိ၏အသိဉာဏ် (ဝါ) အလိုကြောင့်ဖြစ်ပေါ်လာတတ်သော ပြောဆိုခြင်း (ဝါ) စကား ဖြစ်သည်သာ ပဓာနအားဖြင့် ရ၏။

➤ ၆။ (က) ၌ အတ္တနော အနုဗုဒ္ဓိယာ နယဂ္ဂါဟေန ဥပဋ္ဌိတာကာရကထနံ-ဖြင့် အတ္တနောမတိ-၌ မတိပုဒ်ကို မနနံ အနုဗုဇ္ဈနံ မတိ-ဟု ဘာဝသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) တိပစ္စည်း၏ ဘာဝသာဓန၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) မနဓာတ်၏ အနု

http://www.dhammadownload.com



ဝုဍ္ဎနအနက်ကို ဟော--၎င်း (ဒု-ဓာတွတ္ထ) အတ္တနော ဧဝ မတိ အတ္တနောမတိ-ဟု အလုတ္တ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--၎င်း (သမာသလိင်္ဂတ္ထ) အတ္တနောမတိ-အရ မိမိ၏ အသိဉာဏ် (ဝါ) မိမိအလိုအားလျော်စွာဆိုခြင်း (ဝါ) ဆိုသော စကားကို တင်စား၍ ယူရမည်၏--၎င်း (အဘိဓေယျတ္ထ) သိစေပါသည်။

## ပါဌ် [၉၃]

(က) အထ ပနာယံ "ကပ္ပိယ"န္တိ ဂဟေတွာ ကထေတိ၊ ပရော "အကပ္ပိယ"န္တိ။ သုတ္တေ စ သုတ္တာနုလောမေ စ ဩတာရေတဗ္ဗံ။ (ခ) သစေ ကပ္ပိယံ ဟောတိ၊ ကပ္ပိယေ ဌာတဗ္ဗံ၊ သစေ အကပ္ပိယံ၊ အကပ္ပိယေ ဌာတဗ္ဗံ။ (ဂ) အထာယံ တဿ ကပ္ပိယဘာဝသာဓကံ သုတ္တတော ဗဟုံ ကာရဏဉ္စ ဝိနိစ္ဆယဉ္စ ဒဿေတိ၊ ပရော ကာရဏံ န ဝိန္ဒတိ။ ကပ္ပိယေဝ ဌာတဗ္ဗံ။ အထ ပရော တဿ အကပ္ပိယဘာဝသာဓကံ သုတ္တတော ဗဟုံ ကာရဏဉ္စ ဝိနိစ္ဆယဉ္စ ဒဿေတိ၊ အနေန အတ္တနော ဂဟဏန္တိ ကတွာ ဒဠှံ အာဒါယ န ဌာတဗ္ဗံ၊ "သာဓူ"တိ သမ္ပဋိစ္ဆိတွာ အကပ္ပိယေဝ ဌာတဗ္ဗံ။ (ဃ) အထ ဒွိန္နမ္ပိ ကာရဏစ္ဆာယာ ဒိဿတိ၊ ပဋိက္ခိတ္တဘာဝေါယေဝ သာဓု၊ အကပ္ပိယေ ဌာတဗ္ဗံ။ (င) ဝိနယဉှိ ပတွာ ကပ္ပိယာကပ္ပိယဝိစာရဏမာဂမ္မ ရုန္ဓိတဗ္ဗံ ဂါဠှံ ကတ္တဗ္ဗံ၊ သောတံ ပစ္ဆိန္ဒိတဗ္ဗံ၊ ဂရုကဘာဝေ ယေဝ ဌာတဗ္ဗံ။ (ဋ္ဌ၁၁၉၈၊ မအ္ဋ္ဌ၁၂၈။ ဘာသာဋီ၁၊ ၃၂၃။)

➢ ၂။ (က) စသည်သို့/ **အနုယောဇနာ** ။ ။ ဤသို့ သကဝါဒီ ပရဝါဒီတို့၏ သုတ္တ, သုတ္တာနုလောမ စသည်တို့ကို စွဲ၍ ဝိဝါဒဖြစ်သောအခါ ၎င်းဝိဝါဒ၌ ကျင့်သင့် သိသင့်သော အစီအရင်ကို ပြပြီး၍။ ယခုအခါ၌ ၎င်းတို့၏ ကပ္ပိယ အကပ္ပိယ စသည်၏အဖြစ်ကိုစွဲ၍ ဝိဝါဒဖြစ်သောအခါ ၎င်းဝိဝါဒ၌ သိသင့် ကျင့်သင့်သော အစီအရင်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (က) စသည်မိန့်။

(ဂ) သို့/ ဆရာသည် (ခ) ဖြင့် သကဝါဒီ ပရဝါဒီတို့၏ ကပ္ပိယ အကပ္ပိယ စသည်၏အဖြစ်ကိုစွဲ၍ ဝိဝါဒဖြစ်သောအခါ ၎င်းဝိဝါဒ၌ တစ်ဖန် ကျင့်သင့် သိသင့်သော အစီအရင်ကို ပြတော်မူ၏။ သကဝါဒီ ပရဝါဒီ ပုဂ္ဂိုလ်နှစ်ယောက်တို့တွင် တစ်ယောက်သော ပုဂ္ဂိုလ်ကသာ ပါဠိမှ များစွာသော ကာရဏနှင့် ဝိနိစ္ဆယကိုဆောင်၍ ပြနိုင်ခဲ့သော် အဘယ်၌ တည်ရာပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာသည် (ဂ) ဖြင့် သကဝါဒီ ပရဝါဒီ ပုဂ္ဂိုလ်နှစ်ယောက်တို့တွင် တစ်ယောက်သော ပုဂ္ဂိုလ်ကသာ ပါဠိမှ များစွာသော ကာရဏနှင့် ဝိနိစ္ဆယတို့ကို ပြနိုင်၍ ပဋိပတ္တိတပ္ပကို ပြဆိုတော်မူ၏။ သကဝါဒီ ပရဝါဒီ ပုဂ္ဂိုလ်နှစ်ယောက်တို့အား အကြောင်း၏ အရိပ်ထင်ခဲ့သော် အဘယ်၌ရပါသနည်း။ သကဝါဒီသည် ပဂ္ဂဟဖြစ်၍ ၎င်း၏ ထင်မြင် ယူဆချက် ကပ္ပိယ၌ တည်ပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

http://www.dhammadownload.com



(င) သို့/ ဆရာသည် (ဃ) ဖြင့် သကဝါဒီ ပရဝါဒီ ပုဂ္ဂိုလ်နှစ်ယောက်တို့အား အကြောင်းအရိပ်ထင်ရာ၌ ပဋိပန္နိတဗ္ဗဝိဓိကို ပြဆိုတော်မူ၏။ အကပ္ပိယ၌ တည်သင့်ခြင်း၏ အကြောင်းကို မပြဆိုပြီလော။ အကပ္ပိယ၌ တည်သင့်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င) မိန့်။

➢ ၃။ (က) စသည် ပက္ခန္တရ။ ထိုတွင် (ခ) ဝါကျာရမ္ဘ။ (ဂ-ဃ-င) ဝါကျာရမ္ဘ။ ထိုတွင် (ဃ) ပက္ခန္တရ။ (င) ကာရဏ။/ဒဋ္ဌီကရဏ။

➢ ၄။ ကပ္ပိယဝါဒံ သာဓေတီတိ **သာဓကံ**။ သာဓဓာတ်အရ သုဒ္ဓကတ္တာ၌ကား ကပ္ပိယဘောဂဏ်သည် မုချ။ ဟေတုကတ္တာ၌ကား ကာရဏဝိနိစ္ဆယတို့၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ဏျုပစ္စည်းအရကား ကရဏဝိနိစ္ဆယ ရ၏။

ကရောတိ အတ္တနော ဖလန္တိ **ကာရဏံ**။ ကရဓာတ်အရ မိမိ၏ အကျိုးကိုပြီးစေတတ်သော ယထာရဟ ဇနက ဥပထမ္ဘက သတ္တိရ၏။ ယုပစ္စည်းအရ သတ္တိမန္တဖြစ်သော အကြောင်းရ၏။

ဝိနိစ္ဆိယတေတိ **ဝိနိစ္ဆယော**။ စိဓာတ်အရ ကတ္တာ၌ကား အရှင်မဟာကဿပ-စသော မထေရ်တို့၏ သန္တာန်၌ဖြစ်သော သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မ၌ကား အဋ္ဌကထာ၏ အာရမ္မဏပစ္စယသတ္တိ ပကတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား ထို-သော အဋ္ဌကထာရ၏။

**ဋီကာ [၉၆]**

(က) ဣမဥ္စ ပန စတုဗ္ဗိဓံ ဝိနယံ ဥတ္တာပိ ဝိနယဓရေန ပုဂ္ဂလေန တိလက္ခဏသမန္နာဂတေန ဘဝိတဗ္ဗံ။ (ခ) တီဏိ ဟိ ဝိနယဓရဿ လက္ခဏာနိ ဣစ္ဆိတဗ္ဗာနိ။

(ဂ) ကတမာနိ တီဏိ? (ဃ) "သုတ္တဉ္စဿ သွာဂတံ ဟောတိ သုပ္ပဝတ္တိ သုဝိနိစ္ဆိတံ သုတ္တတော အနုဗျဉ္ဇနတော"တိ ဣဒမေကံ လက္ခဏံ။ (င) "ဝိနယေ ခေါ ပန ဌိတော အသံဟီရော"တိ ဣဒံ ဒုတိယံ၊ (စ) "အာစရိယပရမ္ပရာ ခေါ ပနဿ သုဂ္ဂဟိတာ ဟောတိ သုမနသိကတာ သူပဓာရိတာ"တိ ဣဒံ တတိယံ။

(ဆ) တတ္ထ သုတ္တံ နာမ သကလံ ဝိနယပိဋကံ။ (ဇ) တဉ္စဿ သွာဂတံ ဟောတီတိ သုဋ္ဌု အာဂတံ။ (ဈ) သုပ္ပဝတ္တီတိ သုဋ္ဌု ပဝတ္တံ ပဂုဏံ ဝါစုဂ္ဂတံ။ (ည) သုဝိနိစ္ဆိတံ သုတ္တတော အနုဗျဉ္ဇနတောတိ ပါဠိတော စ ပရိပုစ္ဆတော စ အဋ္ဌကထာတော စ သုဝိနိစ္ဆိတံ ဟောတိ ကင်္ခစ္ဆေဒံ ကတွာ ဥဂ္ဂဟိတံ။ (ဋ၊ ၁၉၉။ မအူ၊တ၊ ၁၃၁။ ဘာဋီ၊ဒု၊ ၃၂၅)

➢ ၂။ (စ) သို့/ **အာဓောဂါယတ္တာဓောဒ္ဓာ** ။ ဆရာသည် (က) ဖြင့် ဝိနည်းမိုရ်ပုဂ္ဂိုလ်သည် သုံးပါးသော လက္ခဏာနှင့် ပြည့်စုံသည်ဖြစ်ရာ၏ဟု ဆိုတော်မူ၏။ ပရိဝါပါဠိတော်၌ သုံးပါးမက များစွာသော လက္ခဏာကို မြတ်စွာဘုရား ဟောတော်မူအပ်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်ပါလျက် ဆရာဆိုသော တိလက္ခဏ သမန္နာဂတေန-ဟူသော စကား

http://www.dhammadownload.com



သည် အသို့ သင့်ရာပါအံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(စ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ [နိဒ္ဒေသန] (က) ဝါကျဖြင့် [ကရဏ] ဝိနည်းမိုရ်ပုဂ္ဂိုလ်သည် သုံးပါးသော လက္ခဏာနှင့် ပြည့်စုံရမည်ကို [ကမ္မ] ဖွင့်ပြတော်မူပြီး၍ [ကြိယာဝိသေသန] ယခုအခါ၌ [အာဓာရ] ယင်းဝိနည်းမိုရ်ပုဂ္ဂိုလ်၏ တိလက္ခဏာ သမန္နာဂတကို [ကမ္မ] အကျယ်ချဲ့၍ ပြတော်မူခြင်းငှာ [သမ္ပဒါန်] (ဝါ) ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) စသော ဝါကျတို့ကိုမိန့်။

(ဂ) **သို့/** ဆရာသည် (ခ) ဖြင့် ဝိနည်းမိုရ်ပုဂ္ဂိုလ်သည် သုံးပါးသော လက္ခဏာတို့ကို အလိုရှိအပ်သောဟု ဆိုတော်မူ၏။ ယင်း ဝိနည်းမိုရ်ပုဂ္ဂိုလ်၏ လက္ခဏာ သုံးပါးကို မပြဆိုတော့ပြီလော။ ပြဆိုပုံကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) စသည်ကိုမိန့်။

(ဃ) **စသည်သို့/** ဆရာသည် (ဂ) ဖြင့် ကထေတုကမျတာပုစ္ဆာကို ပြဆိုတော်မူ၏။ ပုစ္ဆာသည် ဝိသဇ္ဇနာနှင့် မကင်းကောင်းရာသည် မဟုတ်ပါလော။ ပုစ္ဆာ၏ ဝိသဇ္ဇနာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ) စသည်ကိုမိန့်။

(ဈ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဇ) ဖြင့် သွာဂတံ-ကို သု+အာဂတံ-ဟု ပဒစ္ဆေဒပြုရမည်ကိုဒင်း၊ သု-၏ သုဋ္ဌုအနက်ဟောသည်၏အဖြစ်ကိုဒင်း၊ သုဋ္ဌု အာဂတံ သွာဂတံ-ဟု ဝစနတ္ထပြုရမည်ကိုဒင်း ပြဆိုပြီး၍ ယခုအခါ၌ သုပ္ပဝတ္တိ-ပုဒ်ကို သုဋ္ဌု ပဝတ္တိ ဧတဿာတိ သုပ္ပဝတ္တိ၊ သုဋ္ဌု ပဝတ္တတိ သီလေနာတိ ဝါ သုပ္ပဝတ္တိ-ဟု ဝစနတ္ထပြုရမည်ဟု ပြတော်မူလိုသော ဆရာသည် (ဈ) မိန့်။

➤ ၃။ (ခ) စသော ဝါကျတို့ကား ဝိနည်းမိုရ်ပုဂ္ဂိုလ်၏ လက္ခဏာသုံးပါးကို အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရ။ ထိုတွင် (ဂ) ကား ပုစ္ဆာဝါကျ။ (ဃ-င-စ) ဝါကျတို့ကား ဝိသဇ္ဇနာ။ ထိုတွင် (ဃ) ကား ဝိနည်းမိုရ်ပုဂ္ဂိုလ်၏ လက္ခဏာကို ဆက်၍ပြသောကြောင့် ဝါကျာရမ္ဘ။ (င) ကား ဝိနည်းမိုရ်ပုဂ္ဂိုလ်၏ ပထမလက္ခဏာမှ တပါး ဒုတိယလက္ခဏာ အဖို့တပါးကိုပြသောကြောင့် ပက္ခန္တရ။ (စ) ကား ဝိနည်းမိုရ် ပုဂ္ဂိုလ်၏ ဒုတိယလက္ခဏာမှ တပါး တတိယလက္ခဏာ အဖို့တပါးကိုပြသောကြောင့် ပက္ခန္တရ။

**စာစပ်** ။ ။ ဝိနယဓရဿ-ကား သော--ကြောင့် ပုဂ္ဂလဿ-ဟူသော ပါဌ်သေသ၌ တုလျာဓိကရဝိသေသန/သျှ စပ်။ ဝိနယဓရဿ-ကား ၏--ကြောင့် လက္ခဏာနိ-၌ သမ္ဗန်/သမ္ဗန္ဓ စပ်။

➤ ၄။ ဣစ္ဆိတဗ္ဗာနီတိ ဣစ္ဆိတဗ္ဗာနိ။ ဣသုဓာတ်အရ ကတ္တုဋ္ဌကား သမ္မာဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဋ္ဌကား သုံးပါးသော ဝိနည်းမိုရ်လက္ခဏာ၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ တဗ္ဗပစ္စည်းအရ သုံးပါးသော ဝိနည်းမိုရ်လက္ခဏာ ရင်း။

ဇာနာတိ အဇာနီတိ ဉ ဏ္ဍာ။ (ကတ္တုသာဓန) ဉာဓာတ်အရ လေးပါးအပြားရှိသော ဝိနည်းကိုသိသော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ စိန္တာမယဉာဏ်ပြဋ္ဌာန်းသော

http://www.dhammadownload.com



စိတ္တုပ္ပါဒ်သည် ဖလ္မႈ အဓိကရဏ်းကို ဆုံးဖြတ်နိုင်ခြင်းစသော အကျိုးသည် ကာရဏ္မႈ တွာပစ္စည်းအရ ထို--သော ဝိနည်းမိုရ်ပုဂ္ဂိုလ်ဒြဗ်သည် အပဓာနအားဖြင့် ရ၏။ ကြိယာ ဝါစကဖြစ်သောကြောင့် ကြိယာဝါစကပုဒ်တို့၏သဘောသည် ကြိယာကိုသာ ပဓာနအား ဖြင့် ဟောမြဲဖြစ်၍ ဓာတွတ္ထကြိယာသည်သာ ပဓာနအားဖြင့်ရ၏။

သုဋ္ဌု အာဂတံ **သွာဂတံ**။ သု-အရ ကောင်းခြင်း သုဋ္ဌုဘောဂုဏ်သည် မုချ။ ယင်း၏ လာသော ဝိနည်းပါဠိနှင့် ဂုဏ် ဂုဏီ စပ် ဌာန္မႈ ပုဒ်လုံးအရ ထို--သော ကောင်းစွာ လာသော ဝိနည်းပိဋကတ်ရ၏။

သုဋ္ဌု ပဝတ္တိ ဧတဿာတိ **သုပ္ပဝတ္တိ**။ (ဧတဿ၊ထိုဝိနည်းပါဠိအား။သုဋ္ဌု၊ကောင်းစွာ။ ပဝတ္တိ၊ဖြစ်ခြင်းသည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။သုတ္တံ၊ဝိနည်းပါဠိသည်။သုပ္ပဝတ္တိ၊မည်၏။) တဂ္ဂုဏသံဝိညာဏ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်၊ သု+ပဝတ္တိ+ဧတ-ပုဒ်။ ပုဒ်လုံးအရကား ကောင်းစွာဖြစ်ခြင်း ဂုဏ်သည် မုချ။ ယင်း၏ ဝိနည်းပါဠိနှင့် ဂုဏ်ဂုဏီ စပ် ဌာန္မႈ ဧတ အညပုဒ်အရ ထို-သော ကောင်းစွာဖြစ်ခြင်းရှိသော ဝိနည်းပါဠိရ၏။

သုဋ္ဌု ပဝတ္တတိ သီလေနာတိ **သုပ္ပဝတ္တိ**။ (ယံ သုတ္တံ၊အကြင်ဝိနည်းပါဠိသည်။သီလေန၊ အလေ့အားဖြင့်။သုဋ္ဌု၊ကောင်းစွာ။ပဝတ္တတိ၊ဖြစ်တတ်၏။ဣတိ၊ကြောင့်။တံ၊ထိုဝိနည်းပါဠိ သည်။သုပ္ပဝတ္တိ၊မည်၏။) ကတ္တုသာဓနေ၊ သုပုဗ္ဗ ဝတုဓာတ်၊ တိပစ္စည်း။

သု-အရကား သုဋ္ဌုဘောဂုဏ်ရ၏။ ဝတုဓာတ်အရကား ဝိနည်းပါဠိဟူသော ပညတ္တိ သဒ္ဒါ၏ ဝါစကသတ္တိသည် မုချ။ အစိတ် ပရမတ္ထသဒ္ဒါတို့၏ ပကတူပနိဿယသတ္တိသည် ဖလူ။ တိပစ္စည်းအရကား ထို--သော ဝိနည်းပါဠိရ၏။

ပါဠိ အနုဂန္ဓာ အတ္ထံ ဗျဉ္ဇေတိ ပကာသေတီတိ **အနုဗျဉ္ဇနံ**။ (ယာ ပရိပုစ္ဆာစ၊အကြင် ထေရဝါဒသည်၎င်း။ယာ အဋ္ဌကထာစ၊သည်၎င်း။ပါဠိံ၊သို့။အနုဂန္ဓာ၊အစဉ်လိုက်၍။အတ္ထံ၊ အနက်ကို။ဗျဉ္ဇေတိ ပကာသေတိ၊ပြတတ်၏။ဣတိ၊ကြောင့်။သာ၊ အနုဗျဉ္ဇနံ၊မည်၏။)

ကတ္တုသာဓနေ၊ အနု-ဝိ-အဉ္ဇ+ယု။ အနု-ဥပသာရပုဒ်အရကား ပါဠိသို့ အစဉ်လိုက် ခြင်း အနုဂမနဘောဂုဏ် ရ၏။ ဝိ-အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ အဉ္ဇ- ဓာတ်အရကား ထေရဝါဒ-ဟူသော ပရိပုစ္ဆာနှင့် အဋ္ဌကထာဟူသော ပညတ္တိသဒ္ဒါတို့၏ ဝါစကသတ္တိသည် မုချ။ အစိတ်ပရမတ္ထသဒ္ဒါတို့၏ ပကတူပနိဿယသတ္တိသည် ဖလူ။ ယု- ပစ္စည်းအရကား ထို-သော ထေရဝါဒဟူသော ပရိပုစ္ဆာနှင့် အဋ္ဌကထာ ရ၏။

ဝါစာယ ဥဂ္ဂတံ **ဝါစုဂ္ဂတံ**။ (ဝါစာယ၊နှုတ်ဖြင့်။ဥဂ္ဂတံ၊တက်သည်တည်း။) သတ္တမီတပ္ပုရိသ် ဝါစာ+ဥဂ္ဂတ-ပုဒ်။ ဝါစာ-အရ နှုတ်ဒြဗ်သည် မုချ။ ယင်း၏ ဝိနည်းပိဋကဒြဗ်နှင့် ဝိသေသန ဝိသေသျ စပ် ဌာန္မႈ ပုဒ်လုံးအရကား ထို-သော နှုတ်၌တက်သော ဝိနည်းပါဠိ (ဝါ) နှုတ် ဖြင့် ကောင်းစွာ ဆောင်အပ်သော ဝိနည်းပါဠိရ၏။

➤ ၆။ (ဆ) ဖြင့် သုတ္တ-အရ ဝိနည်းကို ဆုံးဖြတ်ရာဖြစ်သောကြောင့် ယင်းအဆုံး

http://www.dhammadownload.com



အဖြတ်အားလျော်သော ဝိနည်းပိဋကပါဠိကို ယူရမည်။ (နှ) သုတ္တန် အဘိဓမ္မာပိဋကပါဠိကို မယူရ (ဗျ) ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(၈) ဖြင့် သွာဂတံပုဒ်ကို သု+အာဂတံ-ဟု ပဒစ္ဆေဒပြု--ရင်း (သန္ဓိလိင်ပဒ) သု-သဒ္ဒါ၏ သုဋ္ဌုအနက်ကိုဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သုဋ္ဌု အာဂတံ သွာဂတံ-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သုအာဂတံ-ဟုရှိရာ၌ ဥ-ကို ဝ-အပြု စီရင်ခြင်း ပဒသန္ဓိဖြင့် သွာဂတံ-ဟု ဖြစ်လာသည်ကိုရင်း (သန္ဓိလိင်ပဒ) သိ။

(၈) ၌ သုဋ္ဌု ပဝတ္တံ-ဖြင့် သုပ္ပဝတ္တိ-၌ သု-သဒ္ဒါ၏ သုဋ္ဌုအနက်ကို ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သုပ္ပဝတ္တိ-ပုဒ်ကို သုဋ္ဌု ပဝတ္တိ ဧတဿာတိ သုပ္ပဝတ္တိ-ဟု ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) [တစ်နည်း] သုဋ္ဌု ပဝတ္တတိ သီလေနာတိ သုပ္ပဝတ္တိ-ဟု ကတ္တုသာဓန ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) တိ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်-ရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။ ပဂုဏံ ဝါစုဂ္ဂတံ-ဖြင့် သုပ္ပဝတ္တိ ပဂုဏ ဝါစုဂ္ဂတ သဒ္ဒါ သုံးခုတို့၏ အချင်းချင်း ဝေဝုစ်စကားလှယ် ပရိယာယ်၏ အဖြစ်ကို သိစေသည်။ (အဘိဓေယျတ္ထ) [တစ်နည်း] သုပ္ပဝတ္တိ-ကောင်းစွာ ဖြစ်ခြင်းရှိ၏ဟူသည် လေ့လာခြင်းပင်တည်း။ လေ့လာ၏ဟူသည် နှုတ်၌တက်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေ။ (ဘာဝတ္ထ)

(ည) ၌ ပါဠိတော-ဖြင့် သုတ္တတော-၌ သုတ္တ-အရ (သုတ္တဝိဘင်္ဂ-၌ သုတ္တ-အရ ဝိနည်းပိဋကကို ယူပြီးဖြစ်၍) ဝိနည်းပိဋကပါဠိမှတစ်ပါးသော ဝိနည်းပိဋကပါဠိ၏ အနက်ကို ပြတတ်သော ပါဠိကို ယူရမည်။ (နှ) ဝိနည်းပိဋကပါဠိကို မယူရ-ဟု သိစေသည်။ (အဘိဓေယျတ္ထ) ပရိပုစ္ဆတောစ အဋ္ဌကထာတောစ-ဖြင့် အနုဗျဉ္ဇနပုဒ်ကို ပါဠိ အနုဂန္တွာ အတ္ထံ ဗျဉ္ဇေတိ ပကာသေတီတိ အနုဗျဉ္ဇနံ-ဟု ဝိဂ္ဂဟပြု၍ အနုဗျဉ္ဇန-အရ ပရိပုစ္ဆာ-ဟူသော ထေရဝါဒနှင့် အဋ္ဌကထာကို ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

ကစ်စ္ဆေဒံ ကတွာ ဥဂ္ဂဟိတံ-ဖြင့် သုဝိနိစ္ဆိတံ-၌ ကောင်းစွာဆုံးဖြတ်၏ဟူသည် ယုံမှားခြင်းကို ဖြတ်၍ ကောင်းစွာသင်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ၇။ အသံဟီရော/အသံဟိရော ။ ။ သံပုဗ္ဗ ဟရဓာတ် အပစ္စည်း၊ ဟ-၌ အ-ကို ဤပြု၍ပြီးသောကြောင့် ဒီဃနှင့် အသံဟီရ-ပါဌ်သာ သင့်ပါသည်။

တဒ္ဓသာ/တဒဿ ။ ။ ဝိနည်းမိုရ်လက္ခဏာ အကျဉ်းပြရာ၌ သုတ္တဥ္စသာ သွာဂတံ-ဟု ရှိသောကြောင့် အကျယ်ပြဆိုရာ၌လည်း တဥ္စဿ-ဟုသာ ရှိသင့်သောကြောင့်ရင်း၊ မဒ္ဒနိသျ ဘာသာဋီကာတို့၌လည်း တဥ္စဿ-ပါဌ်ကိုသာ ယောဇနာကြသောကြောင့်ရင်း "တဥ္စဿ"ပါဌ် သင့်ပါသည်။ သို့ရာတွင် ပါရာဇိကကဏ်ယောဇနာ၌ တဒဿာတိ တံ သုတ္တံ၊ အဿ ဝိနယဓရဿ-ဟု ဆိုထားရကား ယောဇနာအလို တဒဿ-ဟု ရှိသော ပါဌ်လည်း သင့်ပါသည်။ ➤ ဓါရိ/ဓါလိ ။ ။ (ပဌမအုပ် ဝေရဥ္စကဏ္ဍ-ကြည့်)

➤ ၈။ သုတ္တတော-ကား အပေါင်းဖြစ်သော အလုံးစုံသော ဝိနည်းပိဋက၏ "သုတ္တ"

http://www.dhammadownload.com



ဟူသော အမည်ကို အစိတ်ဖြစ်သော ဝိနည်းပိဋကမှတစ်ပါး ဝိနည်းပိဋက၏ အနက်ကို ပြတတ်သော ပါဠိ၌တင်-- ဧကဒေသျူပစာ။ **သုတ္တဓော**-ဟူသော နည်းသည် သုတ္တဝိဘင်္ဂ၌ ဆိုခဲ့ပြီးသော သုတ္တ-အရ ဝိနည်းပိဋကမှကြွင်းသော ဝိနည်းပိဋက၏ အနက်ကိုပြတတ်သော ပါဠိကိုယူရသောကြောင့် ပါရိသေသနည်း မည်၏။

**ပါဠိတော** -ဟူသော နည်းသည် သုတ္တဝိဘင်္ဂ၌ ဆိုခဲ့ပြီးသော သုတ္တ-အရ ဝိနည်းပိဋကမှကြွင်းသော သုတ်အဘိဓမ္မာပိဋက ပါဠိကိုသာယူရသောကြောင့် ပါရိသေသနည်း မည်၏။ ဧကဒေသျူပစာ။

**ပရိပုစ္ဆတော**-ကား အပေါင်းဖြစ်သော ထေရဝါဒ အဋ္ဌကထာတို့၏ "ပရိပုစ္ဆာ"ဟူသော အမည်ကို အစိတ်ဖြစ်သော ထေရဝါဒ၌တင်-- ဧကဒေသျူပစာ။ ပရိပုစ္ဆတော-ဟူသော နည်းသည် အဋ္ဌကထာတော-ဟု ဆိုလတံ့ဖြစ်သော အဋ္ဌကထာမှကြွင်းသော ထေရဝါဒကို ယူရသောကြောင့် ပါရိသေသနည်းမည်၏။

(ခ) **သုတ္တံ နာမ**-ကား အပေါင်းဖြစ်သော သုတ် အဘိဓမ္မာ ဝိနည်း ပါဠိတို့၏ "သုတ္တ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဝိနည်းပါဠိ၌တင်-- ဧကဒေသျူပစာ။ ဆိုလတံ့သော သုတ္တတော (ဝါ) ပါဠိတော-အရ သုတ် အဘိဓမ္မာ ပါဠိမှကြွင်းသော ဝိနည်းပိဋကပါဠိကိုသာ ယူရသောကြောင့် ပါရိသေသနည်း မည်၏။

**အနုဗုဒ္ဓနတော**-ကား အနုဗုဒ္ဓနဉ္စ အနုဗုဒ္ဓနဉ္စ အနုဗုဒ္ဓနံ-ဟု တစ်ခုကြွင်းပြု၍ ဆိုထားသောကြောင့် ဧကသေသနည်း။ (တစ်နည်း) ပရိပုစ္ဆာအနက် အဋ္ဌကထာအနက် ဤသို့အနက်ပြားလျက် အနုဗုဒ္ဓနသဒ္ဒါချင်း တူ၍ တစ်ခုကြွင်းပြုသောကြောင့် သာမညနိဒ္ဒေသနည်းမည်၏။

**ဝိနယေ ဓေါ် ပန ဋ္ဌိတော**-၌ ဝိနယေ-ဟူသော နည်းသည် ဝိနည်းအကျင့်၌ လဇ္ဇီအဖြစ်ဖြင့် တည်၏ဟု ဆိုသဖြင့် အလဇ္ဇီအဖြစ်ဖြင့် ဝိနည်းအကျင့်၌ မတည်ဟု အပြန်အားဖြင့် သိရသောကြောင့် ဗျတိရေကနည်း။ အနက်ရောက်ရာသောအားဖြင့် ယူရသောကြောင့် အတ္ထာပတ္တိနည်းမည်၏။ ✱ ဌာန နိဿယဖြစ်သော ဝိနည်းပိဋက၏ "ဝိနယ" ဟူသောအမည်ကို ဌာနီ နိဿိတ ဖြစ်သော ဝိနည်းအကျင့်၌တင်--ဌာနူပစာ။ နာနတ္တရိကနည်း။ (တစ်နည်း) အကြောင်းဖြစ်သော ဝိနည်း၏ "ဝိနယ"ဟူသော အမည်ကို အကျိုးဖြစ်သော အကျင့်၌တင်-- ကာရဏူပစာ။

## ဝါကျ [၉၅]

**(က) ဝိနယေ ခေါ ပန ဋ္ဌိတော ဟောတီတိ ဝိနယေ လဇ္ဇိဘာဝေန ပတိဋ္ဌိတော ဟောတိ။ (ခ) အလဇ္ဇီ ဟိ ဗဟုဿုတောပိ သမာနော လာဘဂရုတာယ တန္တိံ ဝိသံဝါဒေတွာ ဥဒ္ဓမ္မံ ဥဗ္ဗိနယံ သတ္ထုသာသနံ ဒီပေတွာ သာသနေ မဟန္တံ ဥပဒ္ဒဝံ ကရောတိ၊**

http://www.dhammadownload.com



**သံဃဘေဒမ္ပိ သံဃရာဇိမ္ပိ ဥပ္ပါဒေတိ။ (ဂ) လဇ္ဇီ ပန ကုက္ကုစ္စကော သိက္ခာကာမော ဇီဝိတ ဟေတုပိ တန္တိ အဝီသံဝါဒေတွာ ဓမ္မမေဝ ဝိနယမေဝ စ ဒီပေတိ၊ သတ္ထုသာသနံ ဂရုံ ကတွာ ဌပေတိ။ (ဃ) တထာ ဟိ ပုဗ္ဗေ မဟာထေရာ တိက္ခတ္တုံ ဝါစံ နိစ္ဆာရေသုံ "အနာဂတေ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတီ"တိ။**

**(င) ဇဝံ ယော လဇ္ဇီ၊ သော ဝိနယံ အဝိဇဟန္တော အဝေါက္ကမန္တော လဇ္ဇိတာဝေန ဝိနယေ ဌိတော ဟောတိ သုဋ္ဌိတိဋ္ဌိတောတိ။**

(ဌ၊ ၁၉၉။ မအူ၊တ၊ ၁၃၂။ ဘာသာဋီ၊ဒု၊ ၃၂၅။)

➤ ၂။ (စ) သို့/ **အဘောဓါယတ္တဓောအရ** ။ ။ ဆရာသည် (က) ဖြင့် ဝိနယေ ခေါ ပန ဋ္ဌိတော ဟောတိ-ဟူသော ဒုတိယဝိနယဓရလက္ခဏာကို ဖွင့်ဆိုရာ၌ လဇ္ဇီဘာဝေန-ဟူသော သဒ္ဒါပိုထည့်၍ ဖွင့်ပြဆို၏။ ဝိနယဓရလက္ခဏာကို ပြဆိုရာ၌ ဝိနယေ ခေါ ပန ဋ္ဌိတော ဟောတိ-ဟု သာမညအားဖြင့် ပါဠိရှိသည်မဟုတ်ပါလော။ (တစ်နည်း) အလဇ္ဇီ ပုဂ္ဂိုလ်သည်လည်း ဗဟုသုတနှင့်ပြည့်စုံက ဝိနည်းမိုရ်ဖြစ်ထိုက်သည် မဟုတ်ပါလော။ ဤ လဇ္ဇီဘာဝေန-ဟူသော သဒ္ဒါကို ထည့်ဖွင့်ဆိုသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ (ခ) မိန့်။

(ဂ) သို့/ ဆရာသည် (ခ) ဖြင့် အလဇ္ဇီပုဂ္ဂိုလ်သည် ဗဟုသုတရှိသော်လည်း လာဘ်၌ အလေးပြုသည်၏ အဖြစ်ကြောင့် သာသနာတော်၌ ကြီးစွာသော ဘေးရန်ကို ပြုတတ်၏၊ သံဃာကွဲပြားခြင်းကိုရင်း၊ သံဃာ၏ အရေးကိုရင်း ဖြစ်စေ၏ဟု ဆိုတော်မူ၏။ လဇ္ဇီ ပုဂ္ဂိုလ်သည်လည်း ထိုအတိုင်းပင် ပြုလုပ်တတ်ပါသလော။ လဇ္ဇီပုဂ္ဂိုလ်၏ သဘော လက္ခဏာကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာသည် (ဂ) ဖြင့် လဇ္ဇီပုဂ္ဂိုလ်သည် ဝိနယကုက္ကုစ္စရှိသည် သိက္ခာ သုံးပါးကို အလိုရှိသည်ဖြစ်၍ အသက်ဟူသော အကြောင်းကြောင့်လည်း ပါဠိကို မချွတ် ယွင်း စေမူ၍ ဓမ္မကိုသာလျှင်ရင်း၊ ဝိနည်းကိုသာလျှင်ရင်း ပြ၏ဟု ဆိုတော်မူ၏။ လဇ္ဇီ ပုဂ္ဂိုလ်၏ ဘုရားသာသနာတော်ကို အလေးပြု၍ ထားတတ်သည်၏အဖြစ်ကို အဘယ့် ကြောင့် ဆရာ သိရပါသနည်း။ သယမ္ဘူဉာဏ်ရ၍ သိပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က-ခ-ဂ-ဃ) တို့ဖြင့် ဒုတိယဝိနယဓရကို (ဝါ) ဒုတိယ ဝိနယဓရလက္ခဏာ၌ "ဝိနယေ ခေါ ပန ဋ္ဌိတော ဟောတိ"ဟူသော ပါဌ်၏ အကျယ်ကို ပြပြီး၍၊ ယခုအခါ၌ ဆိုအပ်ပြီးသော အနက်ကို တကွ ပေါင်းရာ သွင်းရာ နိဂုံးကို ပြခြင်းငှာ (ဝါ) ပြဆိုအပ်ပြီးသော အနက်ကိုပင် နိဂုံးအုပ်သည်၏အစွမ်းအားဖြင့် အကျဉ်းကို ပြခြင်းငှာ (င) မိန့်။

➤ ၃။ (က) စသော ဝါကျများသည် ပဌမဝိနယဓရလက္ခဏာပြ သံဝဏ္ဏေတဗ္ဗပါဠိ အဖွင့်မှတစ်ပါး ဒုတိယဝိနယဓရ လက္ခဏာပြ သံဝဏ္ဏေတဗ္ဗပါဠိ၏ အဖွင့်ကိုပြသော ကြောင့် ပက္ခန္တရ။ ထိုတွင် (ခ-ဂ) ဝါကျတို့သည် လဇ္ဇီဘာဝေနပုဒ် ထည့်ဖွင့်ခြင်း၏ အကျိုးကို

http://www.dhammadownload.com



ပြသောကြောင့် ဖလဝိကျ။ (တစ်နည်း) အန္တယ ဗျတိရေကဖြင့် ချဲ့ပြသောကြောင့် ဝိတ္ထာရ။ /ယုတ္တိဒင်္ဂကရဏ။ ထိုတွင် (ဂ) သည် ဗျတိရေကမှတစ်ပါး အန္တယကို ပြသောကြောင့် ပက္ခန္တရ။ (ဃ) ကား မထေရ်တိုစကားကို ကိုးကားထုတ်ပြကာ ခိုင်မြဲစေသောကြောင့် အာဂမဒင်္ဂကရဏ။ (င) နိဂမန။

➤ ၄။ လဇ္ဇနံ လဇ္ဇာ။ လဇ္ဇာ အဿ အတ္ထီတိ **လဇ္ဇီ**။ လဇ္ဇာ-တဒ္ဓိတ်အရ ဟိရိစေတသိက်သည် မုချ။ ထို-၏ ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ် ဂုဏော/ဌာနီ ဌာန စပ် ဌာနူ။ ဤ-ပစ္စည်းအရ ပေသလ သိက္ခာကာမပုဂ္ဂိုလ်ဒြဗ် ရ၏။

လဇ္ဇတိ သီလေနာတိ **လဇ္ဇီ**။ လဇ္ဇ-ဓာတ်အရကား ဟိရိပြဋ္ဌာန်းသော (ဝါ) ဟိရိ၊ ဩတ္တပ္ပပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူ။ နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူ။ ဏီ-ပစ္စည်းအရ ထို--သော ပေသလသိက္ခာကာမ ပုဂ္ဂိုလ် ဒြဗ်ရ၏။

န လဇ္ဇီ **အလဇ္ဇီ**။ န-ဝိသေသနပုဒ်အရ ဝိရုဒ္ဓဘောဂုဏ်သည် မုချ။ ထို-၏ အလဇ္ဇီပုဂ္ဂိုလ်နှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော အလဇ္ဇီမည်သော ဒုဿီလပုဂ္ဂိုလ် ဒြဗ် ရ၏။ ✱ လဇ္ဇာနံ လဇ္ဇာ။ လဇ္ဇံ တာယာတိ **လဇ္ဇာ**။ လဇ္ဇဓာတ်အရ ကတ္တုဌကား ဟိရိ စေတသိက်နှင့် ယှဉ်သော စိတ်သည် မုချ။ ကရဏဌကား ဟိရိစေတသိက်၏ သဟဇာတပစ္စယသတ္တိသည် ဖလူ။ ဏ/အ-ပစ္စည်းအရ ထို-သော ဟိရိစေတသိက်ရ၏။

သကတ္တ ပရတ္တာဒိဘေဒေ အတ္တေ ဓာရေတီတိ **ဓမ္မော**။ န ဓမ္မော **ဥဒ္ဓမ္မော**။န-အရ ဝိရုဒ္ဓဘောဂုဏ်သည် မုချ။ ထို-၏ အဓမ္မနှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော သုတ္တန် အဘိဓမ္မာတရား နှစ်ပါး၏ ဆန့်ကျင်ဘက်ဖြစ်သော တရား ရ၏။

လဘိတဗ္ဗောတိ လာဘော။ လာဘေ ဂရု **လာဘဂရု**။ (လာဘေ၊သက်နီးစသော လာဘ်လာဘ၌။ဂရုအလေးပြုသောသူတည်း။) သတ္တမီတပ္ပုရိသ်၊ လာဘ+ဂရုပုဒ်။

လာဘ- အရကား သက်နီးစသော လာဘ်သည် မုချ။ ယင်း၏ အလေးပြုသော ပုဂ္ဂိုလ်နှင့် အာရုံ အာရမ္မဏိက စပ် ဌာနူ။ ပုဒ်လုံးအရ ထို-သော လာဘ်၌အလေးပြုသော သူ ရ၏။ ✱ ရာဇတိ ပဝတ္တတီတိ ရာဇိ။ သံဃဘေဒဿ ပုဗ္ဗဘာဂေ ပဝတ္တာ ရာဇိ **သံဃရာဇိ**။ (သံဃဘေဒဿ၊သံဃာကွဲပြားခြင်း၏။ပုဗ္ဗေ၊ရှေး၌။ပဝတ္တာ၊ဖြစ်သော။ရာဇိ၊ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်းဟူသော အရေးအကြောင်း။) မဇ္ဈေလောပီ ဆဋ္ဌီတပ္ပုရိသ်၊ သံဃ+ရာဇိ။

သံဃ-အရကား သံဃာကွဲပြားခြင်း သံဃာသင်းကွဲခြင်းသည် မုချ။ ယင်း၏ ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်းဟူသော အရေးအကြောင်းနှင့် အကြောင်း အကျိုး စပ် ဌာနူ။ ပုဒ်လုံးအရကား ထို-သော သံဃာကွဲပြားခြင်း သံဃာသင်းကွဲခြင်း၏ ရှေ့အဖို့၌ဖြစ်သော ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်းဟူသော အရေးအကြောင်း ရ၏။

ကရီယတေတိ ကတံ၊ ကုစ္ဆိတံ ကတံ ကုကတံ။ ကုကတမေဝ ကုက္ကုစ္စံ၊ ကုက္ကုစ္စံ

http://www.dhammadownload.com



ဥပ္ပါဒေတီတိ ကုက္ကုစ္စကော။ (ဥပ္ပါဒေတိတန္တိတ်) ကုက္ကုစ္စံ အဿ အတ္ထီတိ ကုက္ကုစ္စကော၊ အဿတ္ထိတန္ဒိတ်၊ ကုက္ကုစ္စ တန္ဒိတ်ပုဒ်အရ ဝိနယ ကုက္ကုစ္စသည် မုချ။ ထို-၏ လဇ္ဇီပုဂ္ဂိုလ်နှင့် ဂုဏ် ဇော စပ် ဌာနူ။ ဏာပစ္စည်းအရ လဇ္ဇီပုဂ္ဂိုလ်ဖြစ်သည် အပဓာနအားဖြင့် ရ၏။ ဝိကတိ ကတ္တားပုဒ်ဖြစ်၍-- ကြောင့် ကုက္ကုစ္စရှိသည်၏အဖြစ်ဟုဆိုအပ်သော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။ * တနိယတိ ဝိတ္ထာရိယတီတိ ထန္တိ။

➤ ၆။ (က) ၌ ဝိနယေ လဇ္ဇိဘာဝေန-ဟု ခေါ် ပန-ကို ချန်လှပ်၍ ဖွင့်သဖြင့် ခေါ် ပန-ကား အနက်မဲ့တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ) ပတိဋ္ဌိတော-ဖြင့် ဋ္ဌိတသဒ္ဒါကား ပတိဋ္ဌိတ-သဒ္ဒါ၏ ပရိယာယ်၏ --ဝင်း (အဘိဓေယျတ္ထ) ဝိနည်း၌ တည်၏ဟူသည် အလဇ္ဇီ၏အဖြစ်ဖြင့် တည်သည်မဟုတ်၊ လဇ္ဇီအဖြစ်ဖြင့် တည်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုဝင်း (ဘာဝတ္ထ) သိစေပါသည်။

(င) ၌ ဝိနယံ အဝိဇဟန္တော အဝီတိက္ကမန္တော-ဖြင့် ဝိနယ-အရ မုချအားဖြင့် ဝိနည်းပိဋကကို မယူရ၊ ဥပစာအားဖြင့် ဝိနည်းအကျင့်ကို ယူရမည်ဟု သိ။ (အဘိဓေယျတ္ထ)

➤ ၇။ ဗဟုဿုတ/ဗဟုသုတ ။ ။ ဗဟူနိ သုတာနိ ဗဟုဿုတောဟု ဝစနတ္ထပြု၊ ဗဟုပုဒ်+သုတပုဒ်၊ ဗဟု-၌ ဟု-ဟူသော ရဿ အက္ခရာနောက် သုတာတ်၌ ဒွေဘော်လာရမည်ဟူသော သဒ္ဒါစည်းမျဉ်းအရ (အပ္ပဿုတော ဝိဿုတော-စသော ပြယုဂ်တို့ကဲ့သို့) သ-ဒွေဘော်လာ၍ ပြီးသောကြောင့် ဗဟုဿုတော-ပါဌ်သာ သင့်ပါသည်။

➤ ၈။ **ဝိနယေ ခေါ ပန/ဝိနယေ လဇ္ဇိဘာဝေန**-၌ ဝိနယေ-ဟူသော နည်းသည် ဝိနည်းတည်းဟူသော မကင်းရာကိုဆိုသဖြင့် ဝိနည်းအကျင့်တည်းဟူသော မကင်းတတ်သည်ကိုလည်း ရသောကြောင့် နာနန္တရိကနည်း မည်၏။

အကြောင်း (ဌာန) ဖြစ်သော ဝိနည်း (ဝိဋက) ၏ "ဝိနယေ"ဟူသောအမည်ကို အကျိုး (ဌာနီ) ဖြစ်သော ဝိနည်းအကျင့်၌တင်--ကာရဏူပစာ။ (ဌာနူပစာ)

**ဧကေကလောမံ သဏ္ဍာသေန**-ကား အပေါင်းဖြစ်သော အမွေး၏ "လောမ"ဟူသော အမည်ကို အစိတ်ဖြစ်သော ဆံပင်ဖြူ၌တင်-- ဧကဒေသျူပစာ။ နေယျတ္ထ၊ ရုဋ္ဌီနည်း။

## ပါဠိ [၉၆]

**(က) အာဧနိုယပဋ္ဌာရာ ခေါ ပနာ သုက္ခလိတာ ဟောတီတိ** ဓောရပရမ္မရာ, ဝံသပရမ္မရာ စဿ သုဋ္ဌု ဂဟိတာ ဟောတိ။ **(ခ) သုဓနသိကတာ တီ** သုဋ္ဌု မနသိကတာ၊ (ဂ) အာဝဇ္ဇိတမတ္တေ ဥဇ္ဇလိတပဒီပေါ ဝိယ ဟောတိ။ **(ဃ) သူပဓာရိတာ တီ** သုဋ္ဌု ဥပဓာရိတာ ပုဗ္ဗာပရာနုသန္ဓိတော, အတ္ထတော, ကာရဏတော စ ဥပဓာရိတာ။

(ဋ္ဌ၊၂၀၀။ မအ္ဃ၊တ၊ ၁၃၄။ ဘာသာဋီ၊ဒု၊ ၃၂၉။)

➤ ၁။ (က-ခ) ပက္ခန္တရ။ (ဂ) တပ္ပါကဋီကရဏ။ (ဃ) ပက္ခန္တရ။

http://www.dhammadownload.com



➤ ၄။ ပုဗ္ဗဉ္စ အပရဉ္စ အနုသန္ဓိဉ္စ ပုဗ္ဗာပရာနုသန္ဓိ။ (ပုဗ္ဗဉ္စ၊ရှေ့စကားရင်း။အပရဉ္စ၊ နောက်စကားရင်း။အနုသန္ဓိဉ္စ၊အနုသန္ဓေရင်း။ပုဗ္ဗာပရာနုသန္ဓိ၊ရှေ့စကား နောက်စကား အနုသန္ဓေ။ ဒွန်သမာသ်) [သံာရတ္ထ-အလို]

အပရေန အနုသန္ဓိ အပရာနုသန္ဓိ။ (အပရေန၊နောက်စကားနှင့် တကွ။အနုသန္ဓိ၊ အနက်စပ်ခြင်းကို သိခြင်း။အပရာနုသန္ဓိ၊နောက်စကားနှင့်တကွ အနက်စပ်ခြင်းကို သိခြင်း။ တတိယာ တပ္ပုရိသ်၊) ပုဗ္ဗဿ အပရာနုသန္ဓိ ပုဗ္ဗာပရာနုသန္ဓိ။ ပုဗ္ဗဿ၊ရှေ့စကားကို။ အပရာနုသန္ဓိ၊နောက်စကားနှင့် တကွ အနက်စပ်ခြင်းကို သိခြင်း။ပုဗ္ဗာပရာနုသန္ဓိ၊ရှေ့ စကားကို နောက်စကားနှင့် အနက်စပ်ခြင်းကို သိခြင်း။ ကမ္မဆဋ္ဌီ တပ္ပုရိသ်။) ဝိမတိ။

စိတ္တံ လဟု သီဃပရိဝတ္တိ ဧတေသန္တိ စိတ္တလဟုကာ။ (ဧတေသံ၊ထို အဒိန္နာဒါန မနုဿဝိဂ္ဂဟ ဝိတိက္ကမပုဂ္ဂိုလ်တို့အား။လဟု သီဃပရိဝတ္တိ၊လျှင်စွာဖြစ်သော။စိတ္တံ၊သည်။ အတ္ထိ၊၏။) ပုဒ်လုံးအရ လျှင်စွာဖြစ်သော စိတ်သည် မှချ။ ထို-၏ အဒိန္နာဒါန မနုဿဝိဂ္ဂဟ ဝိတိက္ကမပုဂ္ဂိုလ်တို့နှင့် အကြောင်း အကျိုး စပ် ဌာန။ ဧတ-အညပုဒ်အရ ထို--သော လျှင်စွာဖြစ်သော စိတ်ရှိသော အဒိန္နာဒါန မနုဿဝိဂ္ဂဟ ဝိတိက္ကမပုဂ္ဂိုလ်တို့ရ၏။

စိတ္တံ ဝိယ လဟုကာ စိတ္တလဟုကာ။ (စိတ္တံ ဝိယ၊စိတ်ကဲ့သို့။လဟုကာ၊လျှင်မြန် ကုန်သည်တည်း။) ဥပမာပုဗ္ဗပဒကမ္မဓာရယ်။ သဒိသ သဒိသီ/ဥပမာန-ဥပမေယျ စပ်။

တေ အဒိန္နာဒါန မနုဿဝိဂ္ဂဟဝိတိက္ကမဝတ္ထု အဓိဋ္ဌာနံ ကာရဏာ မေတဿာတိ တံ ဝတ္ထုကံ။ (တေဿ၊ထိုကုဏ္ဍလစွအား။တေ အဒိန္နာဒါန မနုဿဝိဂ္ဂဟဝိတိက္ကမာ၊ထိုအဒိန္နာဒါန ကို လွန်ကျူးမှု မနုဿဝိဂ္ဂဟကို လွန်ကျူးမှုဟူကုန်သော၊ဝတ္ထု အဓိဋ္ဌာနံ ကာရဏံ၊အကြောင်း သည်။အတ္ထိ၊ရှိ၏။) အကြောင်း အကျိုး စပ်။

➤ ၆။ (က) ၌ ထေရပရမ္ပရာ ဝံသပရမ္ပရာ-ဖြင့် အာစရိယပရမ္ပရာ-၌ အာစရိယ ဟူသည် ဆရာထေရ်၊ အဆက်ဆက် ဆရာအနွယ် အဆက်ဆက်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) သုဋ္ဌု ဂဟိတာ-ဖြင့် သုဂ္ဂဟိတာ-၌ သု-သဒ္ဒါ၏ သုဋ္ဌုအနက်ကို ဟော--ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သုဋ္ဌု ဂဟိတာ သုဂ္ဂဟိတာ-ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ဖြင့် သုမနသိကတာ၌ သု-သဒ္ဒါ၏ သုဋ္ဌုအနက်ကို ဟော-ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သုဋ္ဌု မနသိကတာ သုမနသိကတာ-ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြု-- ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဃ) ၌ သုဋ္ဌု ဥပဓာရိတာ-ဖြင့် သူပဓာရိတာ-၌ သု-သဒ္ဒါ၏ သုဋ္ဌုအနက်ကို ဟော- ရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သုဋ္ဌု ဥပဓာရိတာ သူပဓာရိတာ-ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။ (ကြွင်း ဘာဝတ္ထ)

➤ ၇။ **သူပဓာရိတာ/သုပဓာရိတာ** ။ သု+ဥပဓာရိတာ-ဟု ပုဒ်ဖြတ်၊ ဒီဃသုတ်ဖြင့်

http://www.dhammadownload.com



ဉ-ကို ဦဒီယပြု၍ သူပစာရိတာ-ဟု ရုပ်ပြီးသောကြောင့် ဒီယနှင့် သူပစာရိတာ-သင့်။

**တံဝဏ္ဏကံ/တဗ္ဗဏ္ဏကံ** ။ ။ တပုဒ်+ဝဏ္ဏပုဒ်+ကပစ္စည်း၊ သမာသ်အရာ၌ တ-ထက် နိဂ္ဂဟိတ်လာ၊ တံသမုဋ္ဌာနာနဍ္စကဲ့သို့ တံဝဏ္ဏက-ဟု ရုပ်ပြီးသည်။ ယင်းသမာသ်အရာ၌ နိဂ္ဂဟိတ်မလာဘဲ တဝဏ္ဏက-ဟု ရှိရာတွင် ဝ-ကို ဗပြု၊ ဗ-ဒွေဘော်လာလျှင် တဗ္ဗဏ္ဏကာ တဏှာပါဌ်ကဲ့သို့ တဗ္ဗဏ္ဏကံ-ဟု ရုပ်ပြီးပြန်သည်။ ပါဌ်နှစ်မျိုးလုံးပင် သဒ္ဒယုတ္တိ အတ္ထယုတ္တိ ရှိသောကြောင့် သင့်ပါသည်။

**တတော/တဓါ ဒုလ္လဘတရော** ။ ။ ယတော ပဏီတတရော ဝါ-ဟု တရပစ္စည်း အယှဉ်၌ ယတော-ဟု ဝိဘတ္တအပါဒါန်ဖြစ်သကဲ့သို့ ဒုလ္လဘတရာ-၌ တရပစ္စည်းအယှဉ် ဝယ် တတော-ဟု အပါဒါန်ရှိသော ပါဌ်သာ သင့်ပါသည်။

➢ ၈။ **အာစရိယပရမ္ပရာ**-ကား ဌာနဖြစ်သော ဆရာ အဆက်ဆက်၏ "အာစရိယ ပရမ္ပရာ"ဟူသောအမည်ကို ဌာနီဖြစ်သော ဆရာတို့၏ အဆုံးအဖြတ် အဆက်ဆက်၌ တင်-- ဌာနူပစာ။ နာနန္တရိကနည်း။

**ဝံသပရမ္ပရာ**-ကား ဌာနဖြစ်သော အမျိုးအနွယ်အဆက်ဆက်၏ "ဝံသပရမ္ပရာ"ဟူ သော အမည်ကို ဌာနီဖြစ်သော အမျိုးအနွယ်ရှိသူ အဆက်ဆက်၌တင်--ဌာနူပစာ။

## ဓါကျ [၉၇]

(က) အထ ဒတာရဿာပိ ပါရာဇိကဏ္ဍာယာဝ ဥပဋ္ဌာတိ၊ တေနာပိ "ပါရာဇိကောသိ" တိ န ဝတ္တဗ္ဗော။ (ခ) ဒုလ္လဘော ဟိ ဗုဒ္ဓုပ္ပါဒေါ၊ တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ။ (ဂ) ဧဝံ ပန ဝတ္တဗ္ဗော "ဝိဝိတ္တံ ဩကာသံ သမ္မဇ္ဇိတွာ ဒိဝါဝိဟာရံ နိသီဒိတွာ သီလာနိ သောဓေတွာ ဒွတ္တိံသာကာရံ တာဝ မနသိ ကရောဟီ" တိ။

(ဃ) သစေ တဿ အရောဂံ သီလံ, ကမ္မဋ္ဌာနံ ဃဋယတိ, သင်္ခါရာ ပါကဋာ ဟုတွာ ဥပဋ္ဌဟန္တိ၊ ဥပစာရပ္ပနာပ္ပတ္တံ ဝိယ စိတ္တမ္ပိ ဧကဂ္ဂံ ဟောတိ၊ ဒိဝသံ အတိက္ကန္တမ္ပိ န ဇာနာတိ။ သော ဒိဝသာတိက္ကမေ ဥပဋ္ဌာနံ အာဂတော ဧဝံ ဝတ္တဗ္ဗော "ကီဒိသာ တေ စိတ္တပ္ပဝတ္တီ" တိ။

(င) အာရောစိတာယ စိတ္တပ္ပဝတ္တိယာ ဝတ္တဗ္ဗော "ပဗ္ဗဇ္ဇာ နာမ စိတ္တဝိသုဒ္ဓတ္ထာယ၊ အပ္ပမတ္တော သမဏဓမ္မံ ကရောဟီ" တိ။ (ဋ၂၀၂/၃။ မဇ္ဈ၊တ၊၁၄၁။ ဘာဋီ၊ဒု၊၁၃၆)

➢ ၂။ (ခ) သို့/ **အထ္ထ ဒတာ ရော ဝါ ရော** ။ ။ ဆရာသည် (က) ဖြင့် "ပါရာဇိကောသိ"ဟု မဆိုအပ်ဟု ဆိုတော်မူ၏။ အဘယ့်ကြောင့် ယင်းသို့ မဆိုအပ်ပါသနည်း။ ပဋ္ဌင်းငယ်အား ပါရာဇိက အရိပ်ထင်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။

(ခ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ပဋ္ဌင်းငယ်အား ပါရာဇိကအရိပ် ထင်သည် ရှိသော် ရှင်းပဋ္ဌင်းငယ်သည် "ပါရာဇိကောသိ"ဟု မဆိုသင့်ခြင်းကို ပြပြီး၍၊ ယခုအခါ၌ "ပါရာဇိကောသိ"ဟု မဆိုသင့်ခြင်း၌ အကြောင်းကို ပြခြင်းငှာ (ခ) မိန့်။

http://www.dhammadownload.com



(ဂ) သို့/ ယုတ္တအောဒ ။ ။ ဆရာသည် (က) ဖြင့် ပဠင်းငယ်အား ပါရာဇိက အရိပ် ထင်လာသည်ရှိသော် ၎င်းပဠင်းငယ်သည် "ပါရာဇိကောသိ"ဟု မဆိုအပ်ဟု ဆိုတော်မူ၏။ အကယ်၍ "ပါရာဇိကောသိ"ဟု မဆိုသင့်ငြားအံ့၊ ယင်းသို့ မဆိုသင့်သည်ရှိသော် အသို့ ဆိုသင့်ပါသနည်း။ ဆိတ်ဆိတ်နေသင့်ပါသလော။ စုဒ်ကြောင့် (ဂ) မိန့်။

➤ ၃။ (က-ခ-ဃ-င) ဝါကျာရမ္မ။ ထိုတွင် (ခ) ကာရကာ။ (ဂ) အနွယ။

➤ ၄။ ပရာဇိယတေတိ ပါရာဇိကော။ ဇိဓာတ်အရ ပေတုကတ္တုဌကား လင်္ဂီ ပေသလ သိက္ခာကာမ ပကတတ်ရဟန်းတို့သန္တာန်၌ ဘုရားရှင် ဝိနည်းအာဏာတော်ကို လိုက်နာကျင့်သုံးသော သဒ္ဓါ သတိ ဝီရိယ အစိမောက္ခ ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ် သည် မုချ။ ပေတုကမ္မဌကား ပါရာဇိက သိက္ခာပုဒ်ကို လွန်ကျူးသော ပုဂ္ဂိုလ်၏ အာ ရမ္မဏ ပစ္စယသတ္တိ၊ ပကတူပနိဿယသတ္တိသည် ဖလူ။ တ-ပစ္စည်းအရ ထို--သော ပါရာဇိက သိက္ခာပုဒ်ကို လွန်ကျူးသော ပုဂ္ဂိုလ်ရ၏။

သဗ္ဗေမွေ ဗုဒ္ဓန္တိတိ ဗုဒ္ဓါ။ ဥပ္ပန္နတိ ဇွော နဝမခဏောတိ ဥပ္ပါဒေါ။/ဥပ္ပဇ္ဇန္တိ ဇွောတိ ဥပ္ပါဒေါ။ ဥပုဗ္ဗ ပဒ-ဓာတ်အရ ကတ္တုဌကား မြတ်စွာဘုရားသန္တာန်၌ဖြစ်သော အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတဉာဏ်သည် မုချ။ အဓိကရဏတ္တကား နဝမခဏ၏ ပကတူပနိဿယသတ္တိ သည် ဖလူ။ ဏ/အ-ပစ္စည်းအရ ထို--သော နဝမခဏရ၏။

ဗုဒ္ဓါနံ ဥပ္ပါဒေါ ဗုဒ္ဓုပ္ပါဒေါ။ ဗုဒ္ဓ-အရ ဘုရားရှင်တို့သည် မုချ။ ထို-၏ နဝမခဏနှင့် နိဿိတ နိဿ/ခဏ ခဏဝန္တ စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ဘုရားပွင့်တော်မူရာ နဝမခဏရ၏။

ယောဂိနာ ကတ္တဗ္ဗန္တိ ကမ္မံ။ (ကရ+ရမ္မ) ကရဓာတ်အရ ကတ္တုဌကား ယောဂီပုဂ္ဂိုလ် ၏ သန္တာန်၌ ဝီရိယပြဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မဌကား ဘာဝနာ၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ ရမ္မ-ပစ္စည်းအရ ထို--သော ဘာဝနာရ၏။

တိဋ္ဌန္တိ ဇွောတိ ဌာနံ။ ဌာဓာတ်အရ ကတ္တုဌကား သမထ ဝိပဿနာဟု ဆိုအပ် သော သမာဓိ ပညာတို့၏ ဥပါဒ်သည် မုချ။ အဓိကရဏဌကား ကသိုဏ်းစသောအာရုံ ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ ယုပစ္စည်းအရ ထို--သော ကသိုဏ်းစသော အာရုံ ရ၏။ * ကမ္မဿ ဌာနံ ကမ္မဋ္ဌာနံ။ ကမ္မ-အရ သမထ, ဝိပဿနာ ဘာဝနာနှစ်ပါးသည် မုချ။ ထို၏ ကသိုဏ်းစသော အာရုံနှင့် အာရမ္မဏိက အာရုံ စပ် ဌာနူ။ ပုဒ်လုံးအရ ကသိုဏ်းစသော အာရုံရ၏။ * ကမ္မဥ္စ တံ ဌာနဥ္စာတိ ကမ္မဋ္ဌာနံ။ ဌာန-အရ အကြောင်း ၏ အဖြစ်ဟုဆိုအပ်သော အာရုံသည် မုချ။ ထို-၏ သမထဝိပဿနာ ဘာဝနာနှစ်ပါးနှင့် ဂုဏ် ဂုဏော စပ် ဌာနူ။ ပုဒ်လုံးအရ ထို--သော ယောဂီပုဂ္ဂိုလ်၏ ချမ်းသာအထူး၏ အကြောင်းဖြစ်သော သမထ ဝိပဿနာ ဘာဝနာ နှစ်ပါးရ၏။

➤ ၅။ ထေရဝါဒင်္ဂ/ထေရဝါဒင်္ဂ ။ ။ ထေရဝါဒင်္ဂန္တိ ဇွော ဝါရသဒ္ဒေါ ပဋိပါဋိ

http://www.dhammadownload.com



ဝါစကော-ဟူသော ယောဇနာကိုယောက်၍ ထေရဝါရင်္ဂ-မထေရ်တို့၏ အဆုံးအဖြတ် အစဉ်တည်းဟူသော အကြောင်းအရာကို-ဟု အနက်ပေးရသောကြောင့် ယောဇနာအလို ထေရဝါရင်္ဂ-ပါဌ် သင့်ပါသည်။

ထေရဝါဒင်္ဂ ထေရဝါဒ ပဋိပါဋိ၊ တေသံ ဝိနိစ္ဆယ ပဋိပါဋိ အတ္ထော-ဟု ဝိမတိ-၌ အင်္ဂ-၏ အနက်ကို ပဋိပါဋိ-ဟု ဖွင့်၍ ဝါဒ-၏ အနက်ကို ဝိနိစ္ဆယ-ဟု ဖွင့်သောကြောင့် ဝိမတိ-အလို ထေရဝါဒင်္ဂ-ပါဌ် သင့်ပါသည်။

➤ ၈။ ဒွတ္တိံသာကာရံ- ကား အစိတ်ဖြစ်သော (၃၂) ကောဋ္ဌာသ ကမ္မဋ္ဌာန်း၏ "ဒွတ္တိံသာကာရံ" ဟူသော အမည်ကို အပေါင်းဖြစ်သော ကမ္မဋ္ဌာန်းအားလုံး၌တင်-- ဧကဒေသူပစာ။ ဥပလက္ခဏာနည်း။ ဓိဝါဝိဟာရံ နိသီဒိတွာ-ကား နေ့နေခြင်းနှင့် နေခြင်း ကြိယာကို မပြားဘဲလျက် ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

ဋီကာ [၉၈]

(က) ဣဒါနိ သိက္ခာပဒဝိဘင်္ဂဿ အတ္ထံ ဝဏ္ဏယိဿာမ။

(ခ) ယံ ဝုတ္တံ "ယောပနာတိ ယော ယာဒိသော"တိ အာဒိ။ ဧတ္ထ ယော ပနာတိ ဝိဘဇိတဗ္ဗပဒံ၊ "ယော ယာဒိသော"တိ အာဒီနိ တဿ ဝိဘဇနပဒါနိ။

(ဂ) ဧတ္ထ စ ယသ္မာ ပနာတိ နိပါတမတ္တံ၊ ယောတိ အတ္ထပဒံ၊ တဉ္စ အနိယမေန ပုဂ္ဂလံ ဒီပေတိ၊ တသ္မာ တဿ အတ္ထံ ဒဿေန္တော အနိယမေန ပုဂ္ဂလဒီပကံ ယော-သဒ္ဒမေဝ အာဟ။ (ဃ) တသ္မာ ဧတ္ထ ဧဝမတ္ထော ဝေဒိတဗ္ဗော-- ယော ပနာတိ ယော၊ ယော ကောစီတိ ဝုတ္တံ ဟောတိ။ (င) ယသ္မာ ပန ယော ယောကောစိနာမ၊ သော အဝဿံ လိင်္ဂယုတ္တဇာတိနာမဂေါတ္တသီလဝိဟာရဂေါစရဝယေသု ဧကေနာကာရေန ပညာယတိ၊ တသ္မာ တံ တထာ ဉာပေတုံ တံ ပဘေဒံ ပကာသေန္တော "ယာဒိသော"တိ အာဒိမာဟ။ (စ) ယာဒိသော ယေန ဝါ တေန ဝါ ယုတ္တော ဟောတု။ (ဆ) နဝကမ္မယုတ္တော ဝါ ဥဒ္ဒေသယုတ္တော ဝါ ဝါသဓုရယုတ္တော ဝါတိ အတ္ထော။

(၁၂၀၃။ မအ္ဋ၊ ၁၄၄။ ဘာသာဋီ၊ ၃၊ ၃၃၉။)

➤ ၂။ (က) သို့/ အနုသန္ဓေ ။ ။ ဤသို့ ဣဒါနိဿ အတ္ထံ ဝိဘဇန္တော စသည်ဖြင့် အနုသန္ဓေကို ပြပြီး၍ ယခုအခါ၌ ပဋိညာဉ်ကို ပြလို၍ (က) မိန့်။

(ခ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် သိက္ခာပဒဝိဘင်း၏ အနက်ကိုဖွင့်ကုန်အံ့ဟု ပဋိညာဉ်ကို ပြပြီး၍ ယခုအခါ၌ ပဋိညာတဗ္ဗကို ပြလိုသော ဆရာသည် (ခ) မိန့်။

(ဂ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (ခ) တွင် ယော ပနာတိ-စသော စကားဖြင့် ယော ပန ပုဒ်၏ ဝိဘဇိတဗ္ဗပုဒ်၏အဖြစ်နှင့် ယော ယာဒိသော-စသော ပုဒ်တို့၏ ဝိဘဇနပုဒ်၏ အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ အနိယမအားဖြင့် ပုဂ္ဂိုလ်ကိုပြတတ်သော ယော-သဒ္ဒါကိုသာ

http://www.dhammadownload.com



ဟောခြင်း၌ အကြောင်းကို ပြခြင်းငှာ (ဂ) မိန့်။

**(ဂ) ၁၀၀/ အာဘောဂါယုတ္တာအေဒါ** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ပဒဘာဇနီပါဠိတော်၌ ယောပနာတိ ယော ယာဒိသော စသည်ဖြင့် ဝေဘန်ဟောတော်မူ၏။ ဝိဘင်္ဂတွင်ပုဒ်များ၌ ယောပန-ဟု ရှိသည်မဟုတ်ပါလော။ အဘယ့်ကြောင့် ဝိဘဇနပုဒ်၌ ပန-သဒ္ဒါကို မဟောဘဲ ယော-သဒ္ဒါကိုသာ ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ) ၁၀၀/ အနုသန္ဓေ** ။ ။ ဤသို့ (ဂ) ဖြင့် ယော-ဟူသော ပုဒ်၏အနက်ကို ပြလိုသည်ဖြစ်၍ အနိယမအားဖြင့် ပုဂ္ဂိုလ်ကိုပြတတ်သော ယော-သဒ္ဒါကိုသာ ဟောတော်မူ၏ဟု ပြဆိုပြီး၍ ယခုအခါ၌ အကျိုးလဒ္ဓဂုဏ်ကို ပြလိုသော ဆရာသည် (ဃ) မိန့်။

**(ဃ) ဒုတိယဝါကျသို့/ အနုသန္ဓေ** ။ ။ ယခုအခါ၌ ပန-သဒ္ဒါ၏ နိပါတ်မျှ၏အဖြစ်ကြောင့် ယော-သဒ္ဒါ၏သာလျှင် အနက်ကို ထင်ရှားပြလိုသော ဆရာသည် (ဒု-ဝါကျ) မိန့်

(င) ၁၀၀/ ဆရာသည် (ဃ) ဖြင့် ယော-သဒ္ဒါသည် ယော ကောဝိအနက်၌ ဖြစ်၏ဟု ဖွင့်ဆို၏။ ယင်းသို့ ယော-သဒ္ဒါသည် ယော ကောစိအနက်၌ဖြစ်လျှင် အဘယ်ကြောင့် ပဒဘာဇနီ၌ ယော ယာဒိသော စသည်ကို ဟောတော်မူပြန်ပါသနည်း။ ယောကောစိ-ဟု ဖွင့်ဆိုသော ဆရာ့စကားသည် ယော ယာဒိသော စသော ပဒဘာဇနီနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော။ စုဒ်ကြောင့် (င) မိန့်။

➤ ၃။ (ခ) စသည် ပက္ခန္တရ၊/ဝိတ္ထာရ၊ ထိုတွင် (ဂ)သည် ဝါကျာရမ္ဘ၊/ပန-သဒ္ဒါကို မဖွင့်ဘဲ ယော-သဒ္ဒါကိုသာ ဖွင့်ဆိုရခြင်း၏ အကြောင်းကိုပြသောကြောင့် ကာရဏ။ (ဃ) လဒ္ဓဂုဏ။ (င) ဝါကျာရမ္ဘ၊/ယာဒိသော စသည်ကို ဖွင့်ဆိုရခြင်း၏ အကြောင်းကို ပြသောကြောင့် ကာရဏ။/ယာဒိသော-စသော ပုဒ်တို့၏ အနုသန္ဓေကိုပြသောကြောင့် အနုသန္ဓေဝါကျ။

➤ ၄။ အရိယတော ဉာယတေတိ အတ္ထော။ သဒ္ဒါနုရူပံ အသတိ ဘ၀တီတိ ဝါ အတ္ထော။ ပဋ္ဌတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။ အတ္ထဿ ဝါစကံ ပဒံ **အတ္ထပဒံ**။ အတ္ထ-အရ အနက်ဖြစ်သည် မုချ။ ထို၏ ဟောတတ်သော ယောပုဒ်နှင့် ဝါစ္စ ဝါစက စပ် ဌာန။ ပုဒ်လုံးအရ ထို--သော အနက်ကိုဟောတတ်သော ယော-ဟူသောပုဒ် ရ၏။

ဝိဘဇီယန္တိ ဧတေဟီတိ **ဝိဘဇနာနိ**။ ဝိပုဗ္ဗ ဘဇဓာတ်အရ ကတ္တုရှေကား ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကရဏရှေကား ထိုအားတပ်သော ဝေဘန်အပ်ကြောင်းဖြစ်သော ယော ယာဒိသော-စသော ပုဒ်တို့၏ အာရမ္မဏ/ပကတူပနိဿယသတ္တိသည် ဖလူ။ ယုပစ္စည်းအရကား ဝေဘန်အပ်ကြောင်းဖြစ်သော ယော ယာဒိသော-စသော ပုဒ်တို့ရ၏

ဝစီယိတ္တာတိ **ဗျဉ္ဇနံ**။ ဝစဓာတ်အရ ကတ္တုရှေကား ယော ပနာတိ ယော ယာဒိသော စသော ဝစီဘေဒသဒ္ဒကို ဖြစ်စေတတ်သော ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မရှေကား ယော ပနာတိ ယော ယာဒိသော-စသော ဝစီဘေဒသဒ္ဒ၏ ဥပါဒ်သည်

http://www.dhammadownload.com



ကာရဏ္ဍ။ တ-ပစ္စည်းအရကား ယောပနာတိ ယောယာဒိသော-စသော ဝစီဘေဒသဒ္ဒ ဖြစ်သည် အပဓာနအားဖြင့် ရ၏။ ကြိယာတို့၏ သဘောသည် ---ကြောင့် ဓာတွတ္ထ ကြိယာသည်သာ ပဓာနအားဖြင့်ရ၏။

**ဒီပေတိ** ။ ။ ဒီပေတိ-ကား အာချာတ်ပုဒ်ဖြစ်၍ ဝိဂြိုဟ် မပြုကောင်း။ (ဒီပ+ဏေ ပစ္စည်း+တိဝိဘတ်) ဒီပ-ဓာတ်အရ ယော-ဟူသောပုဒ်၏ ဝါစကသတ္တိ (ဝါ) ယော-ဟူ သော ပုဒ်၏ ပြတတ်သော သတ္တိရ၏။ ဏေပစ္စည်းအရ စုရာဒိဂဏိက ရှုပသိဒ္ဓိမတ္တ ပဒ သိလိဋ္ဌတာဟုဆိုအပ်သော ဘောဂုဏ် ရ၏။ တိ-ဝိဘတ်အရ သတ္တိမန္တဖြစ်သော ပြတတ် သော ယော-ပုဒ်ဟုဆိုအပ်သော ကတ္တားဖြစ်သည် အပဓာနအားဖြင့်ရ၏။ ကြိယာတို့၏ သဘောသည် ကြိယာကိုသာလျှင် ပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ ပြီးသော ဓာတွတ္ထကြိယာသည်သာ ပဓာနအားဖြင့်ရ၏။

ယေန ဝါ တေန ဝါ ယုတ္တော **ယထာယုတ္တော**။ တတိယာတပ္ပုရိသ်။ ယထာ-အရ နဝကမ္မစသည် ဟူးဟူးခြားခြားသော တရားသည် မုချ။ ယင်း၏ ယှဉ်သောသူနှင့် ဂုဏ် ဂုဏော စပ် ဌာန။ ပုဒ်လုံးအရ နဝကမ္မစသည် ဟူးဟူးခြားခြားသော တရားနှင့် ယှဉ်သော သူ ရ၏။ * ဝိဘဇနာနိစ တာနိ ပဒါနိစာတိ ဝိဘဇနပဒါနိ။ ဝိဘင်္ဂိယတီတိ **ဝိဘင်္ဂဲ**။ ဝိဘင်္ဂိတဗ္ဗဉ္စ တံ ပဒဉ္စာတိ ဝိဘင်္ဂိတဗ္ဗပဒံ။ * နိယမနံ နိယမော။ န နိယမော အနိယမော။ * ပုဂ္ဂလဿ ဒီပကော ပုဂ္ဂဒီပကော။ ယော ဝိယ ဒိဿတီတိ ယာဒိသော။

**အာဟ** ။ ။ ဗြူဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေး ရှေးသော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဖလူ။ နောက်နောက်သော ဉာဏ်ပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်သည် ကာရဏ္ဍ။ (ဝါ) ဝိဘဇိတဗ္ဗပုဒ်၏ အနက်ကိုသိခြင်း ပဋိပတ္တိနည်း ကို သိခြင်းစသော အကျိုးသည် ကာရဏ္ဍ။ အ-ဝိဘတ်အရ ဟောတတ်သော ကတ္တားဟု ဆိုအပ်သော ဘုရားဖြစ်သည် အပဓာနအားဖြင့်ရ၏။(ပဓာန-ဒီပေတိ-နှင့် တူ၏။)

**ယော** ။ ။ ယော-ကား သဗ္ဗနာမ်ပုဒ်ဖြစ်၍ ဝိဂြိုဟ်မဆိုရ။ ယ-ဟူသော သဗ္ဗနာမ် ပုဒ်အရ ရဟန်းဖြစ်၏ အနိယမသာမညာကာရဂုဏ်သည် ပဓာနအားဖြင့်ရ၏။ အနိယမ ဖြစ်သော ရဟန်းဖြစ်သည် အပဓာနအားဖြင့် ရ၏။

➤ ၆။ (ဓ) ၌ ဝိဘင်္ဂိတဗ္ဗပဒံ-ဖြင့် ယော ပန-သည် ဝိဘဇနပုဒ်မဟုတ်၊ ဝိဘဇိတဗ္ဗ ပုဒ်၏ အဖြစ်ကို သိစေပါသည်။ (ပဒသံဝဏ္ဏနာ) တဿ ဝိဘဇနပဒါနိ-ဖြင့် ယော ယာ ဒိသော-စသော ပုဒ်တို့သည် ဝိဘဇိတဗ္ဗပုဒ်ပုဒ်မဟုတ်၊ ဝိဘဇနပုဒ်တို့ပင်တည်းဟု သိစေ ပါသည်။ (ပဒသံဝဏ္ဏနာ)

(ဓ) ၌ နိပါတမတ္တံ-ဖြင့် ပန-သဒ္ဒါ၏ နိပါတ်၏--ဧင်း (နိပါတလိင်္ဂပဒ) ယင်း ပန- နိပါတ်၏ အနက်မဲ့-အနတ္ထက ပဒါလင်္ကာရ၏--ဧင်း (နိပါတလိင်္ဂတ္ထ) သိစေပါသည်။

အတ္ထပဒံ-ဖြင့် ယော ပန-၌ ယောကား အနက်မဲ့-အနတ္ထကပဒါလင်္ကာရ မဟုတ်၊

http://www.dhammadownload.com



အနက်ကိုဟောသော အတ္တဝါစကပဒတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

တတ္ထ အနိယမေန ပုဂ္ဂလံ ဒီပေတိ-ဖြင့် ယော-၌ ယ-ကား သဗ္ဗနာမ်ဖြစ်သောကြောင့် အနိယမဘောဂုဏ်ကိုသာ မုချဟောတတ်သည်။ ယင်းဂုဏ်ရှိသော ပုဂ္ဂိုလ်ဒြဗ်ကိုကား ဂုဏူပစာအားဖြင့် ဟော၏ဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

(ဃ) ၌ ယော ပနာတိ ယော-ဖြင့် ယော ပန-၌ ပန-ကား အနတ္ထကနိပါတ်တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ) ယော ကောစိ-ဖြင့် ယော-သဒ္ဒါသည် အမှတ်မထား တပါးပါးဟူသော အနက်ကို ဟော၏ဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

(စ) ၌ ယေန ဝါ တေန ဝါ ယုတ္တော-ဖြင့် ယထာ-သဒ္ဒါ၏ ယံသဒ္ဒါ၏အနက် (အနိယမအနက်) ကို ဟော--ရင်း (နိပါတလိင်္ဂတ္ထ) ယထာနိပါတ်နောက်၌ တတိယာဧကဝုစ်နာဝိဘတ်ကျေသည်၏--ရင်း (ဝိဘတ္တိပဒ) ယထာယုတ္တောပုဒ်ကို အဗျယီဘောသမာသ် ဝစနတ္ထ မပြုရ၊ ယေန ဝါ တေန ဝါ ယုတ္တော ယထာယုတ္တော-ဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြု--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဆ) ဖြင့် ယေန ဝါ တေန ဝါ-၌ ယ တ-သဗ္ဗနာမ်ပုဒ်တို့သည် နဝကမ္မ, ဥဒ္ဒေသ, ဝါသဓုရ-စသည် ဟုတ်ဟုတ်ငြားငြားသော တရားကို စွဲသတည်းဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

➤ ၃။ **ယော ကောစိ နာမ၊ သော/ယောကောစိနာမေသော ။ ။** သော, ဧသော သဒ္ဒါနှစ်ခုလုံးသည် ယော-၏ နိယတ်ပင်ဖြစ်ကြသောကြောင့်ရင်း၊ မဏိမဉ္ဇူ ဘာသာဋီကာ တို့၌ သော-ဟုရှိသော ပါဌ်ကို ယောဇနာကြသောကြောင့်ရင်း၊ ယောဇနာ၌ကား ဧသော ပုဂ္ဂလော ယသ္မာ ပညာယတိ-ဟု ဆိုသောကြောင့်ရင်း၊ သော/ဧသော နှစ်ပါဌ်လုံးသင့်။

(ဃ) **ယောပနာတိ ယော/ယောတိ ယော ။ ။** အချို့ပေ၌ ယောပနာတိ-ဟု ပနနှင့်တကွ ဥလ္လိင်္ဂပုဒ်ရှိ၏။ အဋ္ဌကထာ စာသွားနှင့်လည်းမညီ၊ ပါဠိ၌လည်း ဝိဘင်္ဂပုဒ် တွင် ယောယာဒီသော-ဟုသာရှိသောကြောင့် ပန-သဒ္ဒါ မရှိသင့်။ သာရတ္ထဒီပနီ၌လည်း ပနသဒ္ဒဿ နိပါတမတ္တတ္တာ ယော-သဒ္ဒဿေဝ အတ္ထံ ပကာသေန္တော (ပ) အာဟ-ဟု အနုသန္ဓေကို မဆိုသင့်။ ယင်းသို့ဆိုသော် "ဓတ္တာတိ ဣမဿ ယောသဒ္ဒေ"ဟု ဓတ္တ အစွဲကို မိမိပြုသည်နှင့်ရင်း၊ ဣဒါနိ သိက္ခာပဒဝိဘင်္ဂဿ အတ္ထံ ဝဏ္ဏယိဿာမ-ဟူသော အဋ္ဌကထာနှင့်ရင်း၊ မတန်၊ ဤသို့ ဂဏ္ဌိသစ်ဆိုသောကြောင့် ယောတိ ယော-ပါဌ်သင့်။

➤ ၈။ **ယာတိ အတ္ထဖဒ်-** ကား (မကောင်းတတ်သော) အနိယမဘောဂုဏ်၏ "ယော" ဟူသော အမည်ကို (မကောင်းရာဖြစ်သော) ဂုဏေးဖြစ်သော ပုဂ္ဂိုလ်ဒြဗ်၌တင်- ဂုဏူပစာ။ အဝိနာဘာဝနည်း။

➤ ၁၀။ (ဂ) ဝါကျ **ဓသောစန္တော-**၌ ဒိသဓာတ်အရ ကရုဏာ ပုဗ္ဗင်္ဂမဉာဏ်ပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်ကိုယူ။

http://www.dhammadownload.com



**ဓါတ်ရော ၊ [၆၉]**

